
www.burmeseclassic.com



စာပေဗိမာန်စာမူဆုရ

နုနုရည် (သတိုး)

# လှိုင်းလေကြားက ပန်းရွှေကြာ

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၈ ခုနှစ်၊ စာပေဗိမာန်စာမူဆု
ဝတ္ထုရှည် တတိယဆုရ

# ဖျိုင်းလေကြားက ပန်းရှေကြာ

နီနီနိုင် (သထုံ)

စီစဉ်တည်းဖြတ်သူ - ဒေါ်တင်မွှေး (မွှေးငယ်ငယ်)
စာတည်း
မျက်နှာဖုံးပန်းချီ - မမွှေး

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၀ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၁၀၀၀

တန်ဖိုး ( ၇၀၀ ) ကျပ်

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်
စာတည်းမှူးချုပ်က မှတ်ပုံတင်အမှတ် (၀၇၄၉၂) ဖြင့်
ရိုက်နှိပ်၍ မှတ်ပုံတင်အမှတ် (၀၃၉၁၁) ဖြင့် ထုတ်ဝေသည်။

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

# လှိုင်းလေကြားက "မန်းရွှေကြာ"

## အပိုင်း (၁)

နီနီနိုင် (သထုံ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

အရှေ့တောင်ဆီမှ မိုးသားမိုးရိပ်များ ပြိုတော့မယောင် အုပ်ဆိုင်းလာသည်။ မိုးသည် ကျောင်းလွှတ်ချိန်ကိုမှ ရွေး၍ရွာလေသလားဟု ထင်မှတ်ရအောင် အချိန်မှန်လို့နေတော့သည်။ မြသပိတ်တောင်တော်ကိုကြည့်လိုက်တော့ စေတီဖွေးဖွေးကိုပင် မမြင်ရလောက်အောင် သဲသဲမဲမဲ ရွာသွန်းနေပြီ။

ကျောင်းလွှတ်လိုက်သည့်အချိန်တွင် မိုးမရွာသေးသော်လည်း သည်မိုးကို လွတ်အောင်မရှောင်နိုင်မှန်း ကြာညိုသိသည်။ အုပ်ဆိုင်းညို့မှိုင်းနေသောမိုးသည် ရွာလျှင် လေရောမိုးပါ သဲသဲမဲမဲ ရွာတတ်ပါ၏။

"ချစ်ထွေး . . . မြန်မြန်နင်းပါဟဲ့။ တော်ကြာ လေရော မိုးပါလာတော့မယ်။ နင် ကညာစစ်နေတာနဲ့ မိုးမိတော့မယ်"

ကြာညိုက စက်ဘီးကို တရှိတ်သဲချိုင်းရှေ့ကဖြတ်ပြီး အသားကုန်နင်းလာသည်။ လမ်းက မြေနီဂဝံလမ်းမို့ စက်ဘီးနင်းရသည်က မလွယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကြာညို . . . ဖြည်းဖြည်းပေါ့။ တို့ရွာဘက်မှာ နေရောင်နဲ့ လင်းနေတာ၊ မိုးက ကွက်ကြားရွာတာပါ"

"ဟာ . . . ချစ်ထွေး . . . နင်ကလည်း မိန်းမလျှာ ကျနေတာပဲ။ တုံ့နှေး တုံ့နှေးနဲ့ လမ်းကဆိုးလွန်းလို့ မင်းလမ်း ရောက်အောင် မြန်မြန်နင်းပါ"

ကြာညို စိတ်လောပေမယ့်၊ ချစ်ထွေးသည် ကြာညို့နောက်မှ မှန်မှန်သာလိုက်လာသည်မို့ ကြာညို စိတ်မရှည်ချင်တော့။

"ငါ နင့်ရှေ့ကနင်းလို့ ဘယ်ဖြစ်မလဲ၊ နင့်သက်တော်စောင့်ဆိုတော့ နောက်ကလိုက်မှဖြစ်မှာ၊ နင် တစ်ခုခုဖြစ်ရင် အဘွားနဲ့ ဒေါ်ကြီးက ငါ့ကို ဆူမှာပေါ့"

"ဒါတော့ ဒါပေါ့ဟဲ့။ မိုးမိရင် ငါက ဖျားတတ်တယ်။ တို့ရွာက အဝေးကြီးနင်းရဦးမှာ။ ပြီးတော့ **"လိပ်အင်းတုန်း"** အတက်ကျရင် ငါက ဆင်းတွန်းရဦးမှာ . . . မြန်မြန်နင်းပါဟာ"

ကြာညိုက မောဟိုက်နေပြီး မိုးလွတ်ပါ့မလားဟု တွေးပူနေမိသည်။ ရွာရောက်ဖို့ တော်တော်နင်းရဦးမည်။ ကြာညိုတို့ရွာက **"ပေါ်တော်မူ"** ရွာလေးဖြစ်သည်။ မွန်ပြည်နယ်၊ စစ်တောင်းမြို့မှ မော်လမြိုင်သွားရာလမ်းမ၊ သထုံမြို့၏အဝင်မှာဖြစ်သည်။ ကျောင်းနှင့်အိမ်သည် သုံးမိုင်ခန့်ဝေးသည်။ တချို့ကျောင်းသား၊ ကျောင်းသူများက နောင်ကုလား၊ နောင်ဘိုမှပင် ကျောင်းလာတက်ကြသူများ ရှိသည်။ ကြာညိုနှင့်ချစ်ထွေး လိပ်အင်းအထွက်တံတားပေါ်ရောက်



တော့ မိုးက ရွာမလိုလိုနှင့်မရွာသေး။ ဖွဲဖွဲလေးသာ ကျသေးသည်။ မြို့ထဲမှာတော့ သဲသဲမဲမဲ ရွာချနေပြီ။

"ဟော့ . . . ငါးပိ။ ဖြည်းဖြည်းနင်းပါဟ။ တို့ကိုလည်း စောင့်ပါဦး"

နောက်မှအော်သံကြားလိုက်ကတည်းက မြေနီကုန်းရွာမှ သောင်းညွန့်တို့အုပ်စုမှန်း ကြာညိုအတတ်သိလိုက်သည်။ သောင်းညွန့်သည် ကြာညိုတို့မိသားစုပိုင် ရေကျိုငါးပိ၊ ငံပြာရည်၊ ငါးခြောက်လုပ်ငန်းကို ရည်ညွှန်းပြီး ကြာညိုကို "ငါးပိ" ဟူသော အမည်ဖြင့် ခေါ်ဝေါ်သုံးစွဲကာ မကြာခဏ စတတ်၊ နောက်တတ်သည်။ ကြာညိုက သောင်းညွန့်ကို ကြည့်မရ။ "ငါးပိ" ဆိုသော နာမည်ခေါ်သည်ကိုလည်း နည်းနည်းမှ မကြိုက်ပေ။ မောဟိုက်နေသည့်ကြားမှ နောက်ပြောင်ခြင်းခံရသဖြင့် စိတ်တိုသွားသည့်အတွက် ကြာညို ပညာပေးဖို့ ဆုံးဖြတ်လိုက်သည်နှင့်တစ်ပြိုင်နက် စက်ဘီးကို တုံ့ခနဲရပ်လိုက်သည်။ ချစ်ထွေးကလည်း စက်ဘီးရပ်လိုက်သလို၊ အဌမတန်းကျောင်းသားနှင့်မလိုက်အောင် အသက်အရွယ်လွန်နေသည့်ဖြစ်သော သောင်းညွန့်ရှေ့တွင် ရပ်လိုက်သည်။ ကြာညိုက မပြောမဆို လမ်းဘေးက ဂဝံကျောက်ကို ရုတ်ခြည်းကောက်ယူပြီး သောင်းညွန့်၏ စက်ဘီးမီးလုံးကို အားစိုက် ထုချေလိုက်တော့သည်။ စက်ဘီးမီးသီးလေးမှာ အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားတော့သည်။ နောက်ကြည့်မှန်ကိုလည်း ထပ်မံထုလိုက်သည်။

www.burmeseclassic.com



"ကြာညို . . . ဘယ်လိုလုပ်လိုက်တာလဲ"

ချစ်ထွေးက သောင်းညွန့်တို့နှင့်ပြဿနာဖြစ်မှာစိုးရိမ်သဖြင့် တားသော်လည်း နောက်ကျခဲ့လေပြီ။ သောင်းညွန့်အပါအဝင် ဟန်ထွန်း၊ အောင်ချမ်းသာတို့ကလည်း မှင်တက်မိနေကြသည်။ သောင်းညွန့်မျက်နှာသည် ရွာတော့မည်မိုးနှင့်အပြိုင် ပုပ်သိုးသွားရတော့သည်။

"နင် . . . ဒါ ဘာလုပ်တာလဲ ကြာညို၊ ငါ့စက်ဘီးမီးသီး ကွဲသွားပြီ"

"ကွဲပစေ၊ အလျော်လိုချင်ရင် အိမ်လိုက်ခဲ့၊ ငါတို့အိမ်မှာ ငါးပိရောင်းတာနဲ့ နင် ငါ့ကို လူကြားထဲမှာ ငါးပိ၊ ငါးပိနဲ့ ခဏခဏနှိမ်ခေါ်တယ်။ ငါးပိရောင်းတာ သူများပစ္စည်းခိုးစားတာမဟုတ်ဘူး။ နင်ကရော ကွမ်းသည်မသားပဲ၊ နင့်ကိုငါ ကွမ်းသည်လို့ခေါ်ရင် နင် ကြိုက်မလား။ အချိန်တန်တော့ တို့အိမ်ကငါးပိကို နင်တို့ စားနေကြတာပဲမဟုတ်လား"

ပြောပြောဆိုဆို ကြာညိုက စက်ဘီးကို တအားနင်းပြေးလိုက်သည်။ သောင်းညွန့်၏ မေတ္တာပို့သံများက နောက်တွင် ဆူညံလျက်-

"ကြာညို . . . နင်ကလည်းဟာ စွာလိုက်တာ။ သူများမှာ မရှိရတဲ့အထဲ နင်ကဖျက်ဆီးလိုက်ပြီ။ သောင်းညွန့်တို့က ဆင်းရဲပါတယ်ဟာ မအေကလည်း မုဆိုးမ"

"ဟ . . . ချစ်ထွေး၊ နင်က ငါ့ဘက်ကမနေဘဲ၊ နင့်ယောက်ဖ ဘက်က နေရလား။ တော်ပြီ . . . နင့်လိုကြောက်နဲ့ အပေါင်း



အသင်းမလုပ်တာ ကောင်းတယ်။ ဒါနဲ့များ ငါ့ကို စောင့်ရှောက်မယ် လေး ဘာလေးနဲ့၊ နင် ပျော့စိစိလုပ်နေ၊ ငါ ဒေါ်ငယ်နဲ့ပြန်တိုင်မယ်"

ချစ်ထွေးက ဒေါ်ငယ်နှင့်ပြန်တိုင်မည်ဆိုသည့်စကားကြောင့် လန့်ဖျပ်သွားမည်ကို ကြာညိုသိသည်။ ချစ်ထွေးက ကြာညိုတို့နှင့် တစ်ခြံတည်းနေသူဖြစ်သည်။ ကြာညို့အဒေါ်၏ခင်ပွန်း ဦးလေး ဖိုးမောင်၏တူဖြစ်သည်။ မိဘများကွယ်လွန်သည့်အချိန်မှစ၍ မြို့ပေါ်မှာကျောင်းတက်ဖို့ ဒေါ်ငယ်တို့က ခေါ်ထားခြင်းဖြစ်သည်။ အဘွားနှင့်အမေတို့ကလည်း ကြာညိုနှင့်အဖော်ရသဖြင့် သဘောကျသည်။ ထိုစဉ်မှစ၍ ချစ်ထွေးနှင့်ကြာညိုတို့ ကစားဖော်ဖြစ်သလို ကျောင်းတက်လည်း အတူတူဖြစ်သည်။ ချစ်ထွေးကလည်း ကြာညို ဆိုးနွဲ့သမျှ သည်းခံခွင့်လွှတ်တတ်သည်။ ကြာညို ဘာလုပ်လုပ် အလိုက်သင့်နေသူလည်းဖြစ်၏။

ပေါ်တော်မူရွာတွင် ကြာညို့အဖေ ဦးကြည်နှင့်ဒေါ်ခင်လေးကြည်တို့သည် အချမ်းသာဆုံးဖြစ်သည်။ အဘွား၏ပြောပြချက်အရ အဖေနှင့်အမေအကြောင်းပါပြီးကတည်းက လယ်ဧကေ ငါးဆယ် ကျော်နှင့် အဘွားတို့ လက်ငုတ်လက်ရင်းငါးပိလုပ်ငန်းကို တစိုက်မတ်မတ် လုပ်ကိုင်ခဲ့၍ စီးပွားဖြစ်ထွန်းခဲ့သည်ဟု သိရပါသည်၊ အဖေက ရွာစဉ်လှည့်၍ ငါးပိလုပ်ရန် ငါးကောက်ခြင်း၊ လယ်ယာ လုပ်ကိုင်ခြင်းဖြင့် စီးပွားရှာခဲ့သလို၊ အဘွားနှင့်အမေက [illegible]ငါးပိ လုပ်ကိုင်ခြင်း၊ ငါးငံပြာရည်လုပ်ခြင်း၊ ရံဖန်ရံခါ ငါးခြောက်လုပ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် စီးပွားဖြစ်တွန်းလာရသည်။ အမေ့ရေကျိုငါးပိသည် သထုံမြို့မှာ နာမည်ကြီးလှသည်။ အမေ့ငါးပိရည်ပါမှ ထမင်းပွဲပြည့်စုံသည်ဟု ထင်ရသည်။ စီးပွားတက်သည်နှင့်အမျှ အဖေသည် အနီးအနား တစ်ဝိုက်ရှိ ခြံများကိုဝယ်ယူပြီး ခြံအကျယ်ကြီးဖြစ်အောင် လုပ်ခဲ့သည်။ ခြံထဲတွင် ကြာညိုတို့ နှစ်ထပ်တိုက်ခံအိမ်အပြင် ခြံအနောက်ဘက်ချောင်းစပ်တွင် ငါးများလာသွင်းလျှင် ဝယ်ယူထားသိုရန် တဲအကြီးတစ်လုံးရှိသည်။ ထိုတဲကြီးသည် ငါးပွဲရုံသဖွယ် ဖြစ်နေသည်။ တဲ၏မနီးမဝေးတွင် ဦးလေးဖိုးမောင်နှင့် အမေ့ညီမ ဝမ်းကွဲ ဒေါ်သန်းရီတို့မိသားစု နေထိုင်ကြသည်။ ကြာညိုတို့အိမ်၏ မြောက်ဘက်တွင် ငါးပိအိုးများထားသည့်ဂိုဒေါင်နှင့် ငါးလှန်းရန်စင် များက တစ်ခြံလုံးအပြည့်။ ငွေကြေးပြည့်စုံသော်လည်း ကြာညိုတို့ ခြံသည် ငါးပိ၊ ငါးခြောက်၊ ငံပြာရည်အနံ့ဖြင့် လှိုင်လှိုင်ထနေသည်။ အိမ်နှင့်မလှမ်းမကမ်းမှာတော့ စပါးကျီနှစ်လုံးက ကြာညိုတို့ကြွယ်ဝမှုကို ပြနေသလိုရှိသည်။ ထို့ကြောင့်လည်း ကြာညို့အဖေက ပတ်ဝန်းကျင်အနံ့အသက်ကင်းဝေးစေရန် ခြံများ တစ်ခြံပြီးတစ်ခြံ ဝယ်နေခြင်းဖြစ်သည်။ ကြာညို အရွယ်တန်းရောက်ချိန်တွင် ကြာညိုတို့ခြံသည် ပေလေးရာပတ်လည်လောက် ရှိနေပေပြီ။ ငါးပိမြုလုပ်သည့်အခါ ငါးများနေလှန်းရန် တစ်ခြံလုံးရှိအပင်များ ခုတ်ထွင်ထားရသည်။ အိမ်အနောက်ဘက်တွင် သစ်ပင်ကြီးဆို၍ ချစ်ထွေးတို့နေသည့်အိမ်နှင့်ကပ်လျက်တွင် သစ်တိုပင်တစ်ပင်၊ တညင်းပင်တစ်ပင်နှင့် မရမ်းပင်တစ်ပင်သာ ရှိတော့သည်။



တစ်ဦးတည်းသောသမီး ကြာညိုကို မိဘများက ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင်အောင် ထားသည်။ ငါးပိမြုလုပ်ရာသို့ ကြာညို လာသည်ဆိုလျှင်ပင် အမေက နံစော်မည်စိုးရိမ်သဖြင့် နှင်လွှတ်သည်က များသည်။

"ဟော . . . မြေးလေးပြန်လာပြီ။ မိုးမိလာသေးလား သမီး"

"နည်းနည်းပဲစိုတယ်။ ကြာညိုတို့ဆီမှာ မိုးသိပ်မရွာဘူးနော် အဘွား၊ မြို့ထဲမှာ အရမ်းရွာတာ၊ အမေရောဟင်"

"ထုံးစံအတိုင်း အလုပ်သမားခငွေ ချေနေတာပေါ့။ ကဲ . . . မြေးလေး ရေချိုးလိုက်။ အဘွား သမီးကြိုက်တဲ့ ငါးရံ့အူချက်ထားတယ်။ သီးစုံဟင်းလည်းချက်တယ်။ ဟဲ့ . . ဘုတို . . . ငါ့မြေးလေးအတွက် ထမင်းပြင်ထားပါကွယ်။ ကျောင်းကပြန်လာရင် ဆာတတ်ပါရဲ့"

ကြာညို ထမင်းစားပြီးသောအခါ အမေက အလုပ်သိမ်းပြီး၊ အိမ်ကြီးပေါ်ရောက်လာသည်။ ကြာညိုတို့ခြံထဲမှာ အဖေ့အလုပ်သမားနှင့် အမေ့အလုပ်သမားပါ အယောက်ငါးဆယ်လောက်ရှိမည်။ ငါးခုံးမငါးပိလုပ်ရာတွင် ငါးခုံးမများကို ဗိုက်ဖောက်၊ ခေါင်းချိုးသည့် အလုပ်သမားများရှိသလို ငါးကြီးငါးပိလုပ်ရာတွင် ငါးရံ့၊ ငါးခူ၊ ငါးဖယ်၊ ငါးပြေမ စသည့်ငါးမျိုးစုံကို အကြေးထိုး၊ ဗိုက်ဖောက်လှီးရသည့် အလုပ်သမားများလည်းရှိသည်။ ရေကျိုငါးပိကို သုံးမျိုးမြုလုပ်သည်။ ငါးအစုံပါသော ငါးကြီးငါးပိ၊ ငါးခုံးမငါးပိ၊ ငါးစင်ရိုင်းငါးပိ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သန့်စင်ပြီးသောငါးများကို လှန်းသည့်အလုပ်သမားများက အမျိုးသားများဖြစ်သလို ငါးပိထောင်းရသည့် အလုပ်သမားများကလည်း အမျိုးသားများဖြစ်သည်။ အမေ့ငါးပိ နာမည်ကြီးရခြင်းမှာ သန့်ရှင်းစွာပြုလုပ်ခြင်း၊ ဗိုက်ဖောက်၊ သည်းခြေအိတ်များထုတ်ပြီးမှ ငါးအပုပ်ခံခြင်း၊ ဆားမင်ခြင်း၊ အရောအနှောမပါခြင်း၊ ပိုးလောက်လန်းများကင်းစင်၍ အချိန်ကြာမြင့်စွာထားကာ "နပ်" ပြီး မွှေးကြိုင်မှ အမေက ထုတ်ရောင်းသဖြင့် အမေ့ရေကျိုငါးပိကို လူကြိုက်များရခြင်းဖြစ်သည်။

ကောက်စိုက်ချိန်မို့ အဖေက နှစ်ရက်မှတစ်ခါ အိမ်ပြန်လာသဖြင့် ကြာညို အဖေ့ကို မျှော်မိသည်။

"အမေ . . . အဖေက ဦးလေးဖိုးမောင်ရှိရဲ့သားနဲ့ လယ်ထဲမှာ ဘာလို့ အိပ်ရတာလဲ"

"သမီးရယ် ကောက်စိုက်ချိန်ဆိုတာ ငွေလက်ငင်းရှင်းရမယ့်လူတွေရှိတယ်လေ။ ပြီးတော့ ဒီအချိန်က ငါးရစ်တက်ချိန်ဆိုတော့ သမီးအဖေက ငါးရှာတဲ့သူတွေကို ငွေကြိုပေးရမှာ။ ဒါမှ အမေတို့ ငါးများများရမှာပေါ့"

ကြာညိုက ထမင်းစားပြီးပြီဖြစ်၍ စာကျက်ရန် မှန်အိမ်လေးထွန်းလိုက်သည်။ ကြာညိုတို့ရွာတွင် လမ်းမီးတိုင်များရှိသော်လည်း အိမ်သုံးမီးတာများ မရရှိသေးသောကြောင့် အောက်လင်းမီးအိမ်ကိုသာ အသုံးပြုရသည်။ ကြာညိုက အောက်လင်းမီးအိမ်၏ အလင်းရောင်ကိုကြိုက်သော်လည်း မျက်စိစူးခြင်း၊ တရှဲရှဲအသံမြည်



ခြင်း၊ ထွန်းညှိရခက်ခြင်း၊ လေပေါင်ထိုးရသည့်အတွက် မှန်အိမ်ကိုသာ အသုံးပြုသည်။ အောက်ထပ်တွင်မူ အောက်လင်းမီးအိမ်ထွန်းပြီး ညဘက်အလုပ်ရှိသည့်အချိန်တွင်လည်း အောက်လင်းမီးအိမ်ထွန်းတတ်သည်။ ထိုအခိုက် အိမ်ရှေ့မှ ခွေးဟောင်သံကြားသဖြင့် ခြံဝသို့လှမ်းကြည့်လိုက်ရင်း ကြာညိုအမေက ပြောလိုက်သည်။

"ဟဲ့ . . . သမီး။ ဟိုမှာ ဧည့်သည်တွေထင်တယ်၊ ကြည့်စမ်း"

ကြာညိုကြည့်လိုက်သည့်အခါမှာတော့ သောင်းညွန့်တို့သားအမိကိုမြင်လိုက်ရသဖြင့် ရင်တုန်ပန်းတုန် ဖြစ်သွားရသည်။ သောင်းညွန့်ကို မကြောက်ပေမယ့် အဘွားနှင့်အမေဆူမှာကိုတော့ ကြောက်မိသည်။

"ဟဲ့ မအုံးရီသားအမိပါလား ငါးပိလာဝယ်တာလား။ မိုးပဲချုပ်တော့မယ်၊ ဟဲ့လာ ထိုင်ကြဦး"

"ငါးပိဝယ်ဖို့မဟုတ်ပါဘူး မခင်လေးကြည်ရယ်၊ ဟောဒီကောင်ပေါ့။ သူ့စက်ဘီး မီးသီးကွဲပြီး နောက်ကြည့်မှန်လည်းကွဲလာလို့"

ကြာညိုက သောင်းညွန့်တို့သားအမိ လာရခြင်းအကြောင်းကို သိပေမယ့် ဟန်ကိုယ့်ဖို့လုပ်နေလိုက်ရသည်။

"ဩော် ဒီကလေးဘယ်မှာမှောက်လဲ လာသလဲကွယ်"

အရေးထဲ အဘွားက ဘုမသိ၊ ဘမသိ ဝင်ပြောပြန်သည်။

"လဲတာမဟုတ်ဘူးအဘွားရဲ့။ ဟို ဟို ကြာညို ခဲနဲ့ထုလိုက်လို့တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

အမေ အံ့သြသွားပါသည်။ ပြီးမှ တစ်ဆက်တည်း ချစ်ထွေး ကိုပါ ခေါ်ခိုင်းသည်။

"ကြာညို နင် ခဲနဲ့ထုလို့ဆို ဟုတ်လား။ ဘာဖြစ်လို့ ထုရတာလဲ"

"ကြာညို့အပြစ်မဟုတ်ပါဘူး မခင်လေးကြည်ရယ်၊ ကျွန်မသား သောင်းညွန့်ပေါ့။ ကြာညို့ကို လိုက်စလို့ ဟိုက ကောက်ထုလိုက်တာပေါ့။ ပြီးတော့ ကြာညိုက အလျော်ပေးမယ်ဆိုလို့ လာတာပါ။ ကလေးကို မဆူပါနဲ့နော်၊ ကျွန်မသားကိုက မလိမ္မာတာပါ။ မျက်နှာပိုးကို မသေဘူး။ ပြောင်စပ်စပ်နဲ့"

"ဒီလောက်တောင်ပဲလားဟယ်။ ဟဲ့ . . . ချစ်ထွေး နင် မတားဘူးလား။ နင်က ကြာညို့ထက်ကြီးတယ်လေ။ နည်းနည်းပါးပါး ဖျောင်းဖျမှပေါ့"

ချစ်ထွေးက အမေနဲ့အဘွားကိုကြောက်ပြီး ခွေးအ လှည်းနင်းမိသလို ဖြစ်နေတော့သည်။ အပြစ်တစ်ခုကို ခံယူဖို့ အသင့်အနေအထား။

"ချစ်ထွေးအပြစ်မဟုတ်ဘူးအမေ။ ဒီကောင် သမီးကို ငါးပိ . . . ငါးပိလို့ခေါ်လို့ အမြင်ကတ်ပြီး လုပ်လိုက်တာ"

"မိုက်လိုက်တာမြေးလေးရယ် . . . သူတို့မှာလည်း ရှိတာမဟုတ်ဘူး။ ကဲ . . . သမီး အလျော်ပေးလိုက်ပါ။ နောက် ဒါမျိုး မလုပ်နဲ့နော် မြေးလေး။ နောက်တစ်ခါဆိုရင် အရိုက်ခံရမယ် . . . ဟုတ်လား"



"ကဲ . . . ဒီလိုလုပ် . . . မောင်သောင်းညွန့် မနက်ဖြန် ကျောင်းကုန်းက ကိုချစ်ဆိုင်မှာ စက်ဘီးဝင်အပ်သွား၊ ကျသင့်ငွေကို ဒေါ်ကြီးသွားရှင်းပေးမယ်။ ညနေ ဝင်လာယူပေါ့ ဟုတ်လား"

"ကျေးဇူးပါပဲ မခင်လေးကြည်ရယ်၊ ကျွန်မမှာလည်း ပြင်ပေးစရာမရှိလို့ လာပြောတာပါ။ စိတ်မဆိုးပါနဲ့နော်၊ ကဲ . . . မိုးလည်း ချုပ်ပြီ။ ကျွန်မတို့ ပြန်လိုက်ပါဦးမယ်နော်"

အလျော်လိုချင်လို့လာပြီးတော့မှ အလျော်မလိုချင်ပါဘူးတဲ့၊ ရယ်ဖို့ကောင်းသေးတော့သည်။

"သြော် . . . နေပါဦး၊ ဟဲ့ . . . ဘုတို ငါးကြီးငါးပိ တစ်ပိဿာ ထုပ်ပြီး မအုံးရီကို ပေးလိုက်စမ်း။ ပြီးတော့ ငါးခြောက်တစ်ထုပ် လည်း ပေးလိုက်"

ဒေါ်အုံးရီက ငါးပိထုပ်နှင့်ငါးခြောက်ထုပ်များရသဖြင့် ဝမ်းသာအားရဖြစ်နေသည်။

"ကျေးဇူးတင်ပါတယ် မခင်လေးကြည်ရယ် . . . သွားမယ်နော်"

"အေး . . . အေး နေဦး။ နင်ယူထားတဲ့ ငါးပိအကြွေးတွေ လည်း မပေးနဲ့တော့ သိလား"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ယနေ့အဖို့ သောင်းညွန့်တို့သားအမိ ပွဲပေါက်တိုးသွားလေပြီ။ ကြာညိုကတော့ မကျေနပ်။

www.burmeseclassic.com

www.burmeseclassic.com



"အမေကလည်း ဘာမှန်းလည်းမသိဘူး။ အလျှော်ပေးရင် ပြီးတဲ့ဟာ၊ အဆစ်ပါထည့်ပေးရသေးတယ်"

"အောင်မာ နင် ဘာသိလို့လဲ၊ ယောကျ်ားလေးနဲ့မိန်းကလေး ရန်ဖြစ်ရင် နင်ပဲနာမှာ။ ဟိုက နင့်ကို ရိုက်မသွားတာဘဲ တော်လှပြီ။ ချစ်ထွေး နင်လည်း ဒီကောင်မလေးလုပ်သမျှ အဟုတ်မှတ်ပြီး လက်ပိုက်ကြည့်မနေနဲ့။ နည်းနည်းပါးပါး ဆုံးမမှပေါ့"

ချစ်ထွေးက ဘာမှ ဝင်မပြောရဲဘဲ မျက်နှာကြီးငုံ့ထားသည်။

"တော်သေးတာပေါ့။ နင်တို့ဦးကြီးမရှိလို့၊ နို့မို့ဆိုရင် နှစ်ယောက်စလုံး အရိုက်ခံရမယ်၊ ကဲ သွား စာသွားကျက်တော့။ နောက်ဒါမျိုး မဖြစ်စေနဲ့နော်။ ကြာညို မိန်းကလေးဟာ မိန်းကလေးလိုနေ၊ သိပ် မစွာနဲ့ ကြားလား"

ကြာညို ခေါင်းလေးပုကာ စာကြည့်ခန်းသို့ ဝင်လိုက်သည်။ ပြီး နံရံရှိ ရွက်ဆုတ်ပြက္ခဒိန်မှ ၁၉၇၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက် စာရွက်လေးကို ဆုတ်ဖြဲလိုက်သည်။

**　　**　　**　　**　　**

## အခန်း (၂)

ချစ်ထွေးတစ်ယောက် ဘယ်လောက်စိတ်ညစ်သွားသည်မသိ၊ ပြတင်းပေါက်က လှမ်းကြည့်တော့ သူတို့အိမ်လေးထဲမှာ စာမကြည့်ဘဲ ငုတ်တုတ်ထိုင်နေသည်ကို တွေ့ရသည်။ ချစ်ထွေးက ကျောင်း တစ်နှစ်နောက်ကျ၍ ကြာညိုနှင့်အတန်းတူသော်လည်း ကြာညို့ ထက် တစ်နှစ်ကျော်ကျော်ကြီးသည်။ ကျောင်းစာလည်း ကြာညို့ ထက် ပို၍တော်သည်။ ကြာညိုက "A" တန်းမှာတက်ရပြီး ချစ်ထွေးက သောင်းညွန့်တို့နဲ့အခန်းတူ "B" အခန်းမှာဖြစ်သည်။ ချစ်ထွေးက စာတော်ပေမယ့် အိမ်မှာက အလုပ်အများသား၊ ကျောင်းကပြန်ရောက်သည်နှင့် ဒေါ်ငယ့်ကလေးနှစ်ယောက်ကို ရေချိုးပေး၊ ရေခပ်၊ ဒေါ်ငယ်က အမေနှင့်အလုပ်များ၍ ထမင်း မချက်ရသေးလျှင် သူပဲ ညမနက် ချက်ရသည်။ သည်ကြားထဲ ဘုတ်ကို သနား၍ဆိုကာ ရေချိုးခန်းထဲရှိ ရာဝင်အိုး သုံးလုံးပြည့် အောင် ရေခပ်ပေးသေးသည်။ အလုပ်လည်း ကြိုးစား၊ စာလည်း ကြိုးစားရသည့်ချစ်ထွေးကို တစ်ခါတစ်ရံ သနားစိတ်ဝင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြာညို့အနိုင်လည်းခံရသဖြင့် ကြာညိုစိတ်မကောင်းဖြစ်မိသော်လည်း ချစ်ထွေးက ဒါကိုပင် ကြည်နူးနေပုံရပါ၏။ ဩော် ... သူလည်း ကြာညိုအတွက် ဝင့်ကြွားဆပ်နေပါပေါ့လား။

"အဘွား ... သူများ အိပ်တော့မယ်။ နှိပ်ပေးလေ"

"လာပြန်ပြီလား။ ဒီ သူများ ... သူများလို့ မပြောပါနဲ့ဆိုတာ မရဘူး။ ကြာညို့ကို နှိပ်ပေးပါလို့ ပြောပါလား"

ကြာညိုက ငယ်ငယ်ကတည်းက အပေါ်ထပ်ရှိ အဘွားခုတင်ကြီးမှာ အဘွားနဲ့အတူ အိပ်သူဖြစ်သည်။ အပေါ်ထပ်မှာ အဖေနှင့်အမေက ကစ်ခန်း၊ ခြေရင်းဘက်မှာတော့ ဘုတိုမတစ်ခန်း အိပ်သည်။ ကြာညိုတို့အိပ်သည့်အခါ ဘုတိုက အဘွားကို နှိပ်ပေးသလို၊ ကြာညိုအိပ်ရာဝင်တိုင်း အဘွားက ပုံပြောသိပ်၊ သီချင်းဆိုသိပ်၊ နှိပ်ပေးသည့်အလုပ်တွေကြောင့် ညတိုင်း အဘွားတစ်ခုခုလုပ်ပေးမှ ကြာညိုအိပ်တတ်သည့်အကျင့်ဖြစ်နေသည်။

"ဟုတ်ကဲ့ပါ ဘွားဘွားကြီးရယ်။ နှိပ်ပေးပါ့မယ်တော်"

အဘွားက ကြာညို့ကို နှိပ်ပေးရင်း ရောက်တတ်ရာရာ သီချင်းဆိုတတ်သည်။

"အဘွားကြီးတစ်ယောက်ရှိပါတယ်။ သူ့မြေးလေးကို အသည်းပေါက်မတတ်ချစ်လွန်းလို့ နှိပ်ပေးရပါတယ်။ နတ်သိကြားများ ကြည့်ကြပါဦးရှင့်"

"အဘွားကလည်း သီချင်းလည်းမဟုတ်ဘဲနဲ့"



"ဟုတ် ... မဟုတ် အဘွားဆိုတတ်တာဆိုတာ၊ ဒါပဲနော် ... ဥပုသ်နေ့ကျရင် ဘုန်းကြီးကျောင်းလိုက်ရမယ်"

"အဘွားကလည်း လုပ်ပြီ။ ရွှေကြာ အတန်းထဲက သူငယ်ချင်းတွေနဲ့ မြသပိတ်တောင်တက်မလို့ဟာ"

"မတက်ရပါဘူး။ ဥပုသ်စောင့်ရမယ်"

"မလုပ်ပါနဲ့အဘွားရယ်၊ မြသပိတ်မှာပဲ ဥပုသ်စောင့်ပါရစေ။ မြေးလေးကိုချစ်ရင် သွားပါရစေအဘွားရယ်။ စိတ်မချရင် ချစ်ထွေး ထည့်လိုက်ပေါ့"

"ညည်းနဲ့တော့ခက်တာပဲ၊ အလိုလိုက်လို့ ဆိုးနေတာ။ သွားရင်လည်း မိုးမချုပ်စေနဲ့နော်။ ကဲ ... ကဲ လိုက်သွား"

အဘွားထံမှ ခွင့်ပြုချက်ရသဖြင့် ကြာညို ပျော်သွားရသည်။

ဥပုသ်နေ့ ကျောင်းပိတ်သဖြင့် အတန်းထဲမှ သန်းသန်းရီ၊ ခင်အုန်းညွန့်၊ အရွှေ၊ အညွန့်တို့နှင့် ထမင်းချိုင့်ကိုယ်စီဆွဲပြီး မြသပိတ်တောင် တက်ကြသည်။ ချစ်ထွေးက မလိုက်ချင်ပေမယ့် ဒေါ်ငယ်နှင့် အဘွားကထည့်လိုက်၍သာ လိုက်ရသည်။ သူ့ခမျာ အမျိုးသမီးတွေကြားထဲမှာ ရှက်နေသလိုဖြစ်နေသည်။

"နင်ကလည်းဟယ် ... ချစ်ထွေးသနားပါတယ်။ ကန့်လန့် ... ကန့်လန့်နဲ့"

အရွှေကပြောတော့ အားလုံးဝိုင်းထောက်ခံကြသည်။

"ငါ့အိမ်က ယောကျ်ားလေးတွေ စမှာစိုးလို့တဲ့ ... သတ်တော်စောင့်ထည့်တာလေ"

www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်ရောက်တော့ ဘုရားဖူး၊ ခေတ္တခဏအပန်းဖြေကာ ချစ်ထွေးတို့ ထမင်းချိုင့်တွေနှင့်ထားပြီး ဘုရားခြောက်ဆူဘက် သွားဖို့ပြင်ကြသည်။ ချစ်ထွေးက လန့်ဖျပ်သွားပြီး . . .

"ဟာ . . . မသွားပါနဲ့။ လူတွေကလည်း များလှတယ်။ တော်တော်ကြာ နင်တို့နောက်ကို လူလိုက်လိမ့်မယ်"

"ဟာ . . . ချစ်ထွေး . . . နင်က ကြာညိုပြောလည်း ပြောရော့ပဲ . . . ငကြောက်ကြီး။ လူလိုက်တော့ ဘာဖြစ်သေးလဲ။ ကျား လိုက်တာမှ မဟုတ်တာ"

ခင်အုန်းညွန့်က ကက်ကက်လန်ပြန်ပြောတော့ ချစ်ထွေး ခေါင်းကုတ်ပြီး . . .

"ကဲပါဟာ . . . မြန်မြန်ပြန်လာကြ"

ဘုရားခြောက်ဆူဘက်က ပြန်လာတော့ ချစ်ထွေးအိပ်ပျော် နေသည်။

"ဟဲ့ . . . ချစ်ထွေး . . . အိပ်လိုက်တာဟယ်။ ငါတို့ထမင်းချိုင့် တွေ လူမခိုးတာ ကံကောင်း"

ကြာညိုတို့အုပ်စု တစ်ယောက်တစ်ပေါက်ဝိုင်းပြောတော့ မိန်းမထိန်းချစ်ထွေးခမျာ တဟားဟားရယ်လို့နေသည်။ ဘုရား ခြောက်ဆူကအပြန်တွင် ထမင်းချိုင့်ကိုယ်စီဖွင့်ပြီး စားကြသည်။ ချစ်ထွေးက ဝင်မစားသဖြင့် အညွန့်က တဖျစ်တောက်တောက် ပြောမဆုံးဖြစ်သည်။ ထမင်းစားပြီးသောအခါ လေကလေးတဖြူးဖြူး



နှင့် အပန်းဖြေရင်း တောင်ပေါ်မှမြင်ရသော သထုံမြို့ရှုခင်းများကို ကြည့်ကြသည်။

"ချစ်ထွေး . . . တို့ရွာလေးကို လာကြည့်ပါဦး။ ပေါ်တော်မူ ဘုရားကိုလည်း ဒီကနေ ဖူးပေါ့"

"မကြည့်တော့ပါဘူးဟာ။ အမြဲတမ်းကြည့်ဖူးနေတာပဲ"

ချစ်ထွေးက အမျိုးသမီးတွေကြားမှာဖြစ်၍ အနေခက်ပုံ ရသည်။

ကြာညိုတို့သထုံမြို့တွင် ဟန်ခိုးကြီးဘုရားများစွာရှိသည်။ ရွှေစာရံဘုရား၊ မြသပိတ်ဘုရား၊ အလံတစ်ရာဘုရား၊ နေမိန္ဒဘုရား။ ကြာညိုတို့ရွာမှ ပေါ်တော်မူဘုရားနှင့်ဗူးဘုရား စသည်တို့သည် သထုံမြို့၏ ကျက်သရေဆောင် သမိုင်းဝင်ဘုရားများပင်ဖြစ်သည်။ တောင်ပေါ်ဘုရားများဖူးပြီး နေ့လယ်တစ်နာရီလောက်မှ ပြန်ဆင်း ကြသည်။ ထို့နောက် ရွှေစာရံဘုရားဝင်ဖူးပြီး ဘုရားရှေ့က တရုတ် ငါးပေါင်းကြော်ဆိုင် ထိုင်ကြပြန်သည်။ ချစ်ထွေးတစ်ယောက် မစား ဘူးလုပ်နေသဖြင့် အညွန့်က အတင်းဆွဲခေါ်သည်။ စားပွဲဝိုင်း မဆံ့ တော့သဖြင့် အညွန့်နှင့်ချစ်ထွေးက တစ်ဝိုင်းထိုင်ကြသည်။

ဒေသတစ်ခုစီတွင် ရိုးရာအစားအစာအမျိုးမျိုးရှိကြရာ သထုံ မြို့၏ အစိကနာမည်ကြီးအစားအစာများက သကြန်ထမင်း၊ မုန့်ဟင်း နှင့်ထမင်းဝါ၊ တရုတ်ငါးပေါင်းကြော်နှင့် ငါးပေါင်းထုပ်တို့သည် သထုံကို အခြားဒေသမှ လာရောက်လည်ပတ်သူတိုင်းတို့ ညှော်ခံ

www.burmeseclassic.com



ကျွေးမွေးသည့်အစားအစာများပါ။ တရုတ်ငါးပေါင်းကြော်သည် သီးခြားခွက်ကလေးများနှင့် ကြော်ရသည်။ တွဲဖက်စားသုံးရန် အချဉ်ရည်ကလည်း တောင်းလှသည်။ နှစ်ပေါက်အောင် အချဉ်ထည့်ထားသော ရှာလကာရည်ချိုချဉ်ကို ငံပြာရည်၊ ပဲမှုန့်မွှေးမွှေး၊ ပုစွန်ခြောက်၊ ငရုတ်သီးမှုန့်များဖြင့် ရောစပ်ပေးသည်။ တရုတ်ငါးပေါင်းကြော်နှင့်တို့ပြီးစားရသည်မှာ စွဲမက်ဖွယ်ကောင်းလှသည်။

"ချစ်ထွေး . . . နင်နဲ့ငါ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီးစားမယ် သိလား။ ဒါမှ တို့နှစ်ယောက်ကို သူများတွေက စုံတွဲလို့ထင်အောင်"

အညွန့်စကားကြောင့် အားလုံးပွဲကျသွားပေမယ့် ချစ်ထွေးက မျက်နှာကြီးတည်လို့ . . .

စားသောက်ပြီးသောအခါ ကြာညိုက အားလုံးအတွက် ဒကာခံလိုက်သည်။

"ကဲ . . . တို့ ဒီကလမ်းခွဲမယ်၊ ငါတို့က ပြန်ရမှာဝေးတယ်ဟ။ ဪ . . . ချစ်ထွေး၊ အမေ့ဖို့ တရုတ်ငါးပေါင်းကြော်တော့ ဝယ်ပြီးပြီ။ အဘွားဖို့ ဈေးထိပ်က ငါးမန်းသားရေသုပ် ဝယ်သွားရအောင်နော်။ ကဲ . . . ဘော်ဒါတို့ ငါတို့သွားပြီ။ အညွန့် နင့်ဘဲကြီးကို ငါ စောင့်ရှောက်သွားမယ်နော်"

ပြောပြောဆိုဆို ကြာညိုတို့က စက်ဘီးကိုယ်စီနှင့် ထွက်ခဲ့သည်။



"ချစ်ထွေး . . . နင့်မျက်နှာကြီးက အီးမှန်ထားသလိုပဲ"

"နင်ကတော့ သိပ်ပျော်နေတယ်ပေါ့"

"ဟ . . . ငါ . . . ရည်းစားနဲ့လျှောက်လည်တာမှမဟုတ်တဲ့ သူငယ်ချင်းတွေနဲ့သွားတာပဲ ဘာဖြစ်လဲ"

"နင့်သူငယ်ချင်းတွေက ဗရုတ်တွေပါဟာ"

"အောင်မယ် . . . ငါ့သူငယ်ချင်းတွေကို နင်က အဂတိသေးနေတာလား။ ငါတို့မှာ တစ်ယောက်မှ ရည်းစားမရှိဘူး။ စိတ်ကစားတဲ့ လူလည်းမပါဘူး။ နောက် ဒါမျိုးမပြောနဲ့ဟာ"

ကြာညိုစိတ်ဆိုးမှန်း သိသွားသဖြင့် ချစ်ထွေးက ရယ်ကျဲကျဲဖြင့်

"နောက်တာပါကွာ။ နင်ကလည်း ဒေါသကြီးပဲ"

စကားတပြောပြောဖြင့် အိမ်ပြန်ရောက်လာကြသည်။

"ကြာညို . . . အိမ်ထဲမှာ ဧည့်သည်တွေထင်တယ် . . . ကြည့်စမ်း"

"အေး . . . ဟုတ်တယ်ဟဲ့။ ဘုန်းကြီးတစ်ပါး"

ချစ်ထွေးက အိမ်နောက်ဘက်တန်းဝင်သွားသဖြင့် ကြာညိုတစ်ယောက် အိမ်ထဲသို့ ဝင်လိုက်သည်။

"ဟင် . . . အဖေ ပြန်လာပြီလား"

"အေး . . . သမီး။ လာ . . . ထိုင်ဦး"

"ဘုန်းဘုန်း . . . ဘယ်အချိန်က ကြွလာသလဲဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"စောစောကပဲ ဒကာကြီးနဲ့တွေ့ချင်လို့လာတာ။ ဒကာကြီးက လည်း ကွင်းထဲက ဒီနေ့ပဲပြန်ရောက်တာ အတော်ပဲပေါ့"

ဘုန်းဘုန်းသည် သထုံကျေးရွာက ဖြစ်သည်။ အဖေတို့ငယ်စဉ်ကတည်းက ထိုးကွယ်သောဆရာတော်ဖြစ်သလို ယခုအချိန်ထိ နှစ်စဉ် ကထိန်ခင်းရာကျောင်းလည်းဖြစ်ပေသည်။ ထူးခြားချက်က ဘုန်းဘုန်းနှင့်အတူ ချစ်ထွေးအရွယ် အမျိုးသားတစ်ယောက်ပါလာခြင်းပဲဖြစ်သည်။ အသားဖြူဖြူ နှာတံပေါ်ပေါ်၊ မျက်ခုံးကောင်းကောင်း၊ အရပ်အမောင်းကလည်း ယောကျာ်းပီသလှသည်။ သို့သော် အပြင်အဆင်က ခပ်နွမ်းနွမ်း . . .

"ဒကာမလေး . . . ဒါက ဘုန်းဘုန်းမွေးစားထားတဲ့ မောင်ထွန်းနိုင်တဲ့။ အခု နဝမတန်းတက်မှာ၊ ဒကာကြီးမှာလည်း သားယောကျာ်းလေးမရှိတော့၊ အဖော်လည်းရအောင်၊ ကျောင်းလည်းနေရအောင်ခေါ်လာတာ။ ဉာဏ် သိပ်ကောင်းတယ်။ စာလည်းတော်တယ်။ ခုပဲ ဒကာကြီးတို့နဲ့ တိုင်ပင်ပြီးပြီ။ ကဲ . . . သဘောတူလား"

ဘုန်းဘုန်းက ကြာညို့သဘောကိုမေးတော့ ကြာညို စိတ်ညစ်သွားသည်။ ကြာညိုက အခုမှ ကလေးသာသာရှိသေးတာ၊ ဘာမှ ဝင်ပြောစရာမရှိပါ။ အဖေတို့သဘောတစ်ခုမို့ ကြာညို ဘာမှ ဝင်မပြော။



"စိတ်ချပါဘုရား . . . ကျောင်းထွက်လက်မှတ်လည်းပါလာပြီပဲ။ မနက်ဖြန် ကျောင်းအပ်ပေးပါ့မယ်ဘုရား၊ ခြံထဲမှာလည်း တပည့်တော်ယောက်ဖရဲ့ တူတစ်ယောက် သမီးနဲ့အတူ ကျောင်းတက်နေတာ၊ နောက်တော့ ခင်သွားမှာပါ။ ကျောင်းတက်ဖို့ စက်ဘီးလည်း အဆင်သင့်ပါပဲဘုရား"

အဖေက ရွှန်းရွှန်းဝေအောင်ပြောနေပေမယ့်၊ ကြာညို့စိတ်ထဲမှာတော့ မနှစ်သက်မိတာအမှန်ပါ။ အိမ်မှာ လူစိမ်းတစ်ဦးရှိနေလျှင် အနေအထိုင်ကျုံ့မည်ကိုလည်း တွေးပူမိသည်။

"ကဲ . . . ဒါဖြင့်လည်း ကျုပ်ပြန်မယ်။ ကိုယ့်သားအရင်းလို သဘောထားပြီး အပိုင်သာမွေးစားပေတော့။ မိဘဆွေမျိုးလည်း မရှိဘူး။ သူ့မိဘတွေက ဒူးရင်းခြံစောင့်ရင်း လူဆိုးတွေသတ်သွားတာ သူတောင် ကံကောင်းလို့လွတ်သွားတာ၊ ကံတရားတွေပေါ့"

အမေက ဆရာတော်အတွက် ဝတ္ထုကပ်လှူသည်။

"ကဲ . . . ထွန်းထွန်း၊ မင်းကို အဘခြံထဲကလူတွေနဲ့ မိတ်ဆက်ပေးမယ်။ ပြီးတော့ ခြံထဲလျှောက်ပြမယ် . . . လာ"

အဖေက ထွန်းထွန်းဆိုသူကိုခေါ်ပြီး ထွက်သွားသည်။ ဧည့်သည်နှင့်အဖေထွက်သွားတော့ ကြာညို စိတ်တိုစွာဖြင့် အမေ့ကိုပြောသည်။

"အမေတို့ကလည်း သမီးတစ်ယောက်လုံးရှိနေတာ၊ မွေးစားရတယ်လို့ . . . ချစ်ထွေးကျတော့"

www.burmeseclassic.com

www.burmeseclassic.com



"ဪ . . . သမီးရယ်။ ဆရာတော်ရဲ့ မေတ္တာရပ်ခံချက်ကြောင့်ပါကွယ်။ ချစ်ထွေးကိုလည်း ညည်းအဖေပဲကျောင်းထားပေးတာပဲ။ စက်ဘီးလည်း ဝယ်ထားပေးတယ်။ နာရီဆိုလည်း အကောင်းစားဆင်ထားပေးတာ။ သမီးလည်းသိသားပဲ။ သမီးအဖေက အားလုံးအပေါ်မှာ မျှတပါတယ်ကွယ် . . . ကဲ . . . သမီး ရေချိုးတော့။ ထွန်းထွန်းအတွက် အောက်ထပ်မှာ အခန်းပြင်ပေးလိုက်ဦးမယ်"

"အမေ . . ."

"ဘာလဲသမီး . . . ဘာပြောမလို့လဲ"

"ချစ်ထွေးကိုလည်း အဲဒီအစ်ကိုနဲ့အဖော်ရအောင် အိမ်ကြီးပေါ် ခေါ်ထားလိုက်ပါလား"

"ခက်တာပဲ။ ဒီသမီးတစ်ယောက်နဲ့တော့၊ နင့်ဦးလေးဖိုးမောင်က လယ်ထဲမှာကြီးကြပ်နေရတာ၊ ညစောင့်တွေကလည်း နောက်ဖေးတဲကြီးမှာအိပ်ကြတာ၊ ညရေးညတာ နင့်အဒေါ် ငါ့ညီမ တစ်ယောက်တည်းလေ၊ သင့်တော်ပါ့မလား။ ချစ်ထွေး အဖော်ရှိတော့ ကောင်းတာပေါ့။ ဖိုးမောင်ပြန်လာရင် လာအိပ်လို့ရတာပဲ၊ ပူစရာမရှိ ပူနေတယ်"

ကြာညို ဘဝင်မကျတာတော့ အမှန်ပါ။ ညအိပ်ရာဝင်တော့ အဘွားကို ကြာညို ကျီကျပြန်သည်။



"အဘွား အဖေကလည်း ဘာမှန်းမသိဘူး။ လုပ်ချင်တာရှိရင် ဖွတ်ပဲ"

"ရွှေကြာလေးကလည်း အဘွားသမက်က တော်ပါတယ်။ အရင်က အဘွားတို့မှာ ဒီလောက်စီးပွားမရှိဘူး။ ဟိုတုန်းက နင့်အဖေက အဘွားတို့အိမ်က သူရင်းငှားပေါ့။ အရှမ်းတော်လို့ နင့်အမေနဲ့ပေးစားလိုက်တာ။ သူလုပ်လို့ အခုလို စီးပွားဖြစ်လာတာပေါ့။ တစ်နှစ်တစ်ခါ လှူတာလည်း မနည်းဘူး။ အဘွားကိုလည်း အမေလိုပဲ။ နင့်အမေသာ အပျိုတုန်းက တောစွန်းရွာက ယောင်ခြောက်ဆယ်နဲ့ကြိုက်မလိုဖြစ်တာ၊ အဘွားက လက်ဦးလို့ပေါ့။ သမီးလည်း နင့်အဖေလို ယောကျ်ားမျိုးနဲ့တွေ့ပါစေလို့ အဘွား ဆုတောင်းပါတယ်ကွယ်"

** ** ** ** **

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ကိုထွန်းနိုင် ကြာညိုတို့အိမ်ရောက်သည့်နေ့မှစ၍ တစ်အိမ်သားလုံးက "ထွန်းထွန်း" "ကိုထွန်း" ဟုသာခေါ်ကြသဖြင့် ကျောင်းမှာလည်း သူငယ်ချင်းများက ထိုနာမည်ကိုသာ ခေါ်ဝေါ်ကြသည်။ ထွန်းထွန်းနှင့်ချစ်ထွေးကရွယ်တူမို့ မကြာခင်မှာပင် တွဲမိသွားသည်။ ထွန်းထွန်းက ကိုးတန်း "C" တွင် ပညာသင်ကြားရသည်။ နောက်မှရောက်လာသော်လည်း မာရသွန်အပြေးသမားများလို ဇွဲ လုံ့လ၊ ဝီရိယရှိသူအဖို့ ပန်းဝင်တာ အဆန်းမဟုတ်ပါ။ ထွန်းထွန်းလည်း ထိုနည်းနှင်နှင်ပင်။ ထွန်းထွန်း၏အရည်အချင်း၊ အရည်အသွေးကို ပထမအစမ်းစာမေးပွဲက အဆုံးအဖြတ်ပေးခဲ့သည်။ ထွန်းထွန်းသည် အတန်းထဲတွင် အမြဲတမ်းပထမဆုရရှိသော စန်းစန်းချို၏နေရာကို ယူလိုက်တော့သည်။ အဘွား၊ အဖေနှင့်အမေတို့၏ ဝမ်းသာမှုက ဖော်ပြ၍မရနိုင်အောင်ရှိတော့သည်။ ချစ်ထွေးကလည်း မခေပါ။ အလုပ်များသည့်ကြားမှ အဆင့်တစ်မှတစ်ဆယ်အတွင်း အမြဲတမ်းဝင်ခဲ့သည်။ ကြာညိုကသာ ဉာဏ်ရည်ဉာဏ်သွေးကြောင့်လားမသိ၊ အလယ်အလတ်သာ ရှိခဲ့သည်။



ထွန်းထွန်းသည် ကြာညိုတို့အိမ်ရောက်သည့်အချိန်မှစ၍ ချစ်ထွေး၏အလုပ်များကို မည်သူမျှ ခိုင်းစေခြင်းမရှိဘဲ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ထွန်းထွန်းအလုပ်က နံနက်လေးနာရီဆို အိပ်ရာမှထ၊ စာကျက်၊ အိမ်သန့်ရှင်းရေးလုပ်၊ ယခင်ချစ်ထွေးဖြည့်ပေးသောရာဝင်အိုးတွေထဲသို့ ရေတွင်းက ရေငင်ထည့်၊ အဘွားနှင့်ဘုတိုထမင်းချက်လျှင် ရေတ်သီး၊ ကြက်သွန်ကူထောင်း၊ ကျောင်းယူသွားဖို့ နှစ်ယောက်စာထမင်းချိုင့်ထည့်၊ ဤသည်မှ နံနက်ပိုင်း သူ၏အလုပ်များပင်တည်း။ ညနေကျောင်းပြန်လာလျှင် ရေခပ်၊ အဝတ်လျှော်၊ ခြံထဲမှ ဝါးမြက်စည်းလှည်းစသည်တို့မှာလည်း သူ၏အလုပ်များပင်တည်း။ ညဘက်ဆိုလျှင် ဆယ့်တစ်နာရီထိ စာကျက်သည်။ တစ်နေ့စာတစ်နေ့ အကြွေးမကျန်အောင် လုပ်သည်။

ကျောင်းပိတ်ရက်များတွင် ထွန်းထွန်းသည် အမေ့အတွက် အားကိုးရာဖြစ်ခဲ့ပြန်သည်။ ငါးခုံမလေ့များရောက်ချိန်တွင် ငါးခုံမများကို တင်းတောင်းနှင့်ချိန်ပြီး ဝယ်ယူရသည်ဖြစ်ရာ တင်းအရေအတွက် မှန်မမှန်စစ်ဆေးပြီး ငါးလှေများကို ငွေရှင်းပေးသည့်အလုပ်သည် ထွန်းထွန်းအလုပ်ဖြစ် လာသည်။ ငါးများရသည်နှင့် အလုပ်သမားများကို ငါးဗိုက်ဖောက် ရန် ခွဲဝေပေးရသည်။ ငါးကြီးများပါလာလျှင် ကတ္တားနှင့်ချိန်တွယ်ပြီး ငွေရှင်းကာ ငါးခွဲ၊ အကြေးထိုးသည့်သူများကို ခွဲဝေပေးရသည့်အလုပ်များသည် လက်သင့်ထွန်းထွန်းအဖို့ တဖြည်းဖြည်း နားလည်လာသည်။ ရေကျိုငါးပိလုပ်ငန်းတွင်

www.burmeseclassic.com



မရှိမဖြစ်အရေးပါသောဆားကို အရင်က အမေဝယ်ခဲ့သော်လည်း၊ ထွန်းထွန်းရောက်သည့်နေ့မှစ၍ ထွန်းထွန်းက တာဝန်ယူဝယ်ပေးသည်။ တစ်ခါတစ်ရံ ထွန်းထွန်းနှင့်အတူ ချစ်ထွေးပါ လိုက်ရသည်။ ထွန်းထွန်း၏အလိုက်သိတတ်မှု၊ အလုပ်ကိုမခိုမကပ်လုပ်ကိုင်တတ်သည့်အပြင် ကျောင်းစာဘက်တွင်လည်း ထူးချွန်သဖြင့် တစ်အိမ်လုံး သဘောကျလျက် မွေးရကျိုးနပ်သည်ဟုဆိုသည်။

"ဟော့ . . . ယောက်မ . . . မုန့်စားပါဦး"

ထွန်းထွန်းတို့အတန်းမှ ခင်သက်ထားက ကြာညိုကို လှမ်းခေါ်လိုက်သည်။ ကြာညိုက ဘုကြည့်ကြည့်ပစ်လိုက်သည်။ ထွန်းထွန်းသည် ပင်ကိုရုပ်ရည်သန့်သည့်ပြင်၊ စာလည်းတော်သဖြင့် မျက်နှာပွင့်လှသည်။ အတန်းထဲက ကျောင်းသူများအလယ်မှာ ထွန်းထွန်းစန်းပွင့်လျက်ရှိသည်။ ကျောင်းပြန်တော့ ကြာညိုက ထွန်းထွန်းနှင့် ချစ်ထွေးတို့နှစ်ယောက်စလုံးကို စကားမပြောဘဲ တစ်ယောက်တည်း ခပ်သုတ်သုတ် နင်းလာသည်။

"ကြာညို . . . နင် ဘာဖြစ်လာတာလဲ"

ချစ်ထွေး အတင်းလိုက်မေးသည်။

"ဘာမှ မဖြစ်ပါဘူးဟာ"

ဘာမှမဖြစ်ပါဘူးဆိုပေမယ့် ကြာညို ဒေါပွတာအမှန်ဖြစ်သည်။ နေ့ခင်းက မုန့်စားကျောင်းလွှတ်ချိန်တွင် အတန်းထဲမှာ



ထွန်းထွန်းက ရီရီဝင်းကို စာပြပေးနေသည်ကို မြင်တွေ့ခဲ့ရသည့်အတွက်ဖြစ်သည်။ သဝန်တိုစိတ်များပေလား။

အိမ်ပြန်ရောက်တော့ အမေတို့က ယနေ့ည မုန့်ဆန်းထောင်းဖို့ စီစဉ်နေကြသည်။ ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်းဆိုသည့်အတိုင်း ကောက်ညှင်းစပါးများကို ကောက်ညှင်းမဖြစ်ခင်၊ ခပ်နုနုအရွယ် ကောက်ညှင်းစပါးများကို ဆွတ်ခူးကာ မုန့်ဆန်းထောင်းကြသည်မှာ စပါးစိုက်သူတိုင်း ပြုလုပ်နေကျဖြစ်သည်။ အဘွားတို့အမေက အလှူအတန်းလည်း ဝါသနာပါတော့ အမြဲတမ်းတစ်ခုမဟုတ်တစ်ခု လုပ်ဖြစ်ကြသည်။ ဝါဆိုလပြည့်နေ့တွင် ဝါဆိုသင်္ကန်းကပ်လှူနေကျဖြစ်သလို မကြာခင်အချိန်မှာ ကထိန်ခင်းဦးမှာဖြစ်သည်။ ကြာညိုတို့လယ်တွင် စပါးများသာအစိုက်များပြီး၊ ကောက်ညှင်းစပါးများကို အိမ်သုံးရန်၊ အလှူလုပ်ရန်သာ နည်းနည်းပါးပါးစိုက်သည်။ မုန့်ဆန်းထောင်းရန်၊ ပေါ်တော်မူဘုရား ဆွမ်းကြီးလောင်းလှူပွဲတွင် ဝါးဖက်များဖြင့် ကောက်ညှင်းထုပ် ဖင်ချွန်လေးများထုပ်ရန်၊ မုန့်ဖက်ထုပ်ပြုလုပ်ရန်သာ စိုက်ခြင်းဖြစ်သည်။ အိမ်တွင် အလုပ်သမားများသဖြင့် မုန့်ဆန်းထောင်းရာမှာ ကူလုပ်မည့်သူများ ပေါလှသည်။ သည်ကြားထဲ အထွန်းနှင့်ချစ်ထွေးက လူတတ်ကြီးလုပ်ပြီး မုန့်ဆန်းထောင်းနေကြသည်။ မုန့်ဆန်းသည် မြန်မာ့ရိုးရာ မရှိမဖြစ် အရေးပါသော စားစရာဖြစ်သည်။ မုန့်ဆန်းကို အေးတိုသူ အောက်သားများက ဦးရှင်ကြီးတင်သည့်အခါ အသုံးပြုကြသည်။

www.burmeseclassic.com



မုန့်ဆန်းကို လူတိုင်းနီးပါး သိရှိကြသော်လည်း ပြုလုပ်ပုံကို သိသူနည်းပါးသည်။ ပြုလုပ်ပုံမှာ ဒေသတစ်ခုနှင့်တစ်ခုကွဲပြားမည်ဖြစ်သော်လည်း အဘွားကတော့ ကျကျနန လုပ်လေ့ရှိသည်။ မုန့်ဆန်းပြုလုပ်သော ကောက်ညှင်းစပါးကို အရိုးနှင့်ကောက်ညှင်းစပါး အညှာများမပါရအောင် သန့်စင်ရသည်။ ပြီးလျှင် မိုးပြဒယ်အိုးနှင့် ကောက်ညှင်းစပါးများကို ထည့်လှော်ရပါသည်။ ဤသို့ လှော်လိုက်ခြင်းဖြင့် ကောက်ညှင်းဆန်များက ပေါက်အိသွားမည်ဖြစ်သည်။ ထိုသို့လှော်ပြီးသားကောက်ညှင်းစပါးများကို သစ်သားဆုံကြီးထဲသို့ ထည့်ထောင်းရာ အပြင်ဘက်က စပါးခွံများနှင့် ကောက်ညှင်းဆန်များကွဲပြီး၊ ကောက်ညှင်းဆန်ပြားပြားလေးများ ရမည်ဖြစ်သည်။ ထောင်းပြီးသား မုန့်ဆန်းများကို ဆန်ကော၊ ဆန်ကာများဖြင့် စပါးခွံများကို ပြာတီးထုတ်ပစ်ရသည်။ နှစ်ကြိမ်သုံးကြိမ်ပြာပြီးလျှင် မွှေးကြိုင်သန့်စင်သော မုန့်ဆန်းများ ရရှိပါသည်။ စပါးခွံများမပါအောင် သန့်စင်ပြီးသောမုန့်ဆန်းမွှေးမွှေးလေးကို ရေအေး (သို့မဟုတ်) ရေနွေးဖြင့် ဆန်ဆေးသကဲ့သို့ ရွှရွှလေးဆေးပြီး ခေတ္တစစ်ထားရပါသည်။ ထို့နောက် ခြစ်ထားသော အုန်းသီးဆန်နှင့် သကြားတို့ရောနယ်ကာ ဆွမ်းတော်တင်ပြီး စားသုံးကြပါသည်။ စား၍လည်း အလွန်အရသာရှိလှသည်။ မုန့်ဆန်းများ နူးညံ့ပါက ပို၍ကောင်းသည်။ ကြာညိုကတော့ သကြားမုန့်ဆန်းကို မကြိုက်ပါ။ မုန့်ဆန်းကို လှော်မှကြိုက်သည်။ အဘွားသည် မြန်မာမုန့်မျိုးစုံကို



ပြုလုပ်တတ်သူဖြစ်သည်။ အိမ်တွင် အလုပ်သမားများ စားရန်တစ်ခုမဟုတ်တစ်ခု လုပ်ကျွေးနေကျဖြစ်သည်။

"ဟဲ့ . . . မြေးလေးရေ့ မုန့်ဆန်းလှော်ရပြီ လာစားတော့"

အဘွားကခေါ်သဖြင့် ကြာညိုအပေါ်ထပ်မှ အောက်ကို ဆင်းလာသည်။ အမေနှင့်ဒေါ်ငယ်၊ ငါးပိရောင်းသူ မမကြူးတို့က အိမ်နီးချင်းများနှင့် အလုပ်သမားမိသားစုများကို ဝေငှဖို့ လုပ်သည်။

"ဟဲ့ . . . အထွန်းနဲ့ချစ်ထွေး စာကျက်ရဦးမယ် မဟုတ်လား၊ အထောင်းရပ်တော့"

အမေက ထွန်းထွန်းနှင့်ချစ်ထွေးကို မုန့်ဆန်းလှော်တစ်ဇလုံစီ ထည့်ပေးလိုက်သည်။ ထို့နောက် နှစ်ယောက်စလုံးက တိုင်ပင်ထားသည့်အလား ကြာညို့ပန်းကန်ထဲက မုန့်ဆန်းများကို လာနှိုက်ကြသည်။ ကြာညို့မျက်စောင်းက ဒိုင်းခနဲရောက်တော့ ပြုံးစိစိနှင့် ထွက်ပြေးကုန်ကြသည်။

** ** ** ** **

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

တန်ဆောင်တိုင်တွင် ကျောင်းသုံးရက်ပိတ်မှာဖြစ်၍ ကြာညို ပျော်နေသည်။ သူငယ်ချင်းများနှင့်ချိန်းထား၍ဖြစ်သည်။ မီးထွန်းပွဲကြည့်ရင်း နိဗ္ဗာန်ဈေးလျှောက်စားဖို့ အစီအစဉ်ရှိ၍ဖြစ်သည်။ အမေက ထွန်းထွန်းနှင့်ချစ်ထွေးကို ကြာညိုနှင့်ထည့်မှာဖြစ်သဖြင့် ကြာညို စိတ်ရှုပ်မိသည်။ ထွန်းထွန်းနှင့်ချစ်ထွေးကိုလည်း ကြာညို့ကို ကြည့်ရှုဖို့ အထပ်ထပ်မှာသည်။ သူတို့နှစ်ယောက်က ကတိအထပ်ထပ်ပေးမှ ကြာညို သွားခွင့်ရသည်။ ထိုနေ့က ကြာညို အလှဆုံးပြင်သည်။ ဒေါင်းရုပ်ပုံလော့ကက်သီးပါသော သံကြိုးပုံဆွဲကြိုးလေးကို အမေက ဆွဲပေးသည်။ ကြံဆစ်လက်ကောက်က ခြောက်ကွင်း။ နားဆွဲလေးကိုလည်း အမေက ပြောင်းပြီးဆင်ပေးသည်။ ခေါင်းမှာ ကလစ်နှစ်ဖက်ထိုးပြီး ကျစ်ဆံမြီးနှစ်ချောင်းချထားသည်။ ဘရိုကိတ်ထဘီအနီရောင်၊ နိုင်လွန်အကျီအနီရောင်နှင့် ကြာညို ရှိုးထုတ်ခဲ့သည်။

"တို့ညီမလေး ဒီနေ့အရမ်းကို လှတာပဲဟေ့။ အထွန်း . . . မင်းကို ယောက်ဖခေါ်နေဦးမယ်နော်"



"ခေါ်ကြပါစေကွာ။ ခေါ်ရင် ထည့်ပေးလိုက်မယ်"

ထွန်းထွန်းနှင့်ချစ်ထွေးကစတော့ ကြာညို ဒေါပွသွားသည်။

"ဒါ ဘာလဲ သိလား"

ကြာညိုက စက်ဘီးကယ်ရီယာမှ အထုပ်လေးကို လှမ်းပြသည်။

"အို ဟုတ်သားပဲ . . . ဘာထုပ်တွေလဲ"

"ခဲလုံးတွေလေ။ ပြီးတော့ လောက်လေးနဲ့လောက်စာလုံးလည်း ပါသေးတယ်"

"ဟား . . . ဟား . . . ဟား . . . ဟား"

ချစ်ထွေးနှင့်ထွန်းထွန်း ရယ်လိုက်သည်မှာ စက်ဘီးတောင်ရပ်လိုက်ရသည်။ ခဲထုပ်ကြီးကိုင်ကြည့်ကာ အားရပါးရ ရယ်လိုက်ကြပြီး ကြာညိုစိတ်ဆိုးမှ ရပ်တော့သည်။

"ချစ်ထွေး . . . အညွန့်တို့ရပ်ကွက်သွားမယ်ဟာ။ အဲဒီမှာ သီချင်းဆိုကြမယ်တဲ့ . . . သွားကြရအောင်၊ နိဗ္ဗာန်ဈေးလည်းရှိတယ်"

"ဟာ . . . ဘုရားကြီးတောင်ဘက်တောင် . . . ဝေးပါတယ်ဟာ၊ မသွားပါနဲ့။ နိဗ္ဗာန်ဈေးလည်း စားမနေပါနဲ့။ နင်က အရမ်းငတ်တယ်"

"အောင်မယ် . . . သေနာကျ။ ငါ့ကိုများ ပြောရတယ်ရှိသေး ဒါဖြင့် တရုတ်ငါးပေါင်းကြော်သွားစားမယ်။ ပြီးရင် ဆေးရုံလမ်းတသန်းသန်းရိတ်ကိုအိမ်သွားမယ် . . . နင်တို့ ငါ့နောက်သာ လိုက်ခဲ့ကြ"

ထွန်းထွန်းက တဟားဟားရယ်ပြီး. .

www.burmeseclassic.com



"ချစ်ထွေး လမ်းမသိတော့ ဘယ်သူ့နောက်လိုက်ရမှာလဲ"

"ကိုထွန်းနော် စကားကို ဒီမှာတင်ရပ်ပါ"

သန်းသန်းရီတို့အိမ်ရောက်တော့ သူတို့အိမ်နှင့်မျက်စောင်းထိုး အိမ်ရှေ့မှာ ဖျော်ဖြေရေးစင်ရှိသည်။ တီးဝိုင်းလည်းရှိသည်။ ကိုသက်နိုင်နှင့်ကိုသံခဲတို့က အပျော်တမ်းအတီးသမားများ. . .။

"ဟယ် ထွန်းထွန်း တို့အိမ်ဒီနားမှာပဲ။ အိမ်ထဲမှာ နိဗ္ဗာန်ဈေး ခင်းထားတယ်။ ဝင်စားပါဦး။ ကြာညိုတို့ ချစ်ထွေးတို့ပါ လာကြပါ။ သန်းသန်းရီလည်းရှိတယ်"

ထွန်းထွန်းတို့အတန်းက သူဌေးသမီးတင်တင်အုံးက ထွက် ခေါ်ခြင်းဖြစ်သည်။ ရောင်စုံမီးများဖြင့် တစ်ခြံလုံးထွန်းညှိပြီး အလှဆင်ထားသည်။ တင်တင်အုံးအိမ်က မျှော်ကြည့်လျှင် မီးရောင်စုံဖြင့် ထွန်းညှိထားသော မြသပိတ်တောင်မှ ဘုရားများကို ကြည်ညိုစဖွယ် ဖူးမြော်ရသည်။

"ကြာညိုရေ လာ လာ။ နင်လာမယ်ဆိုတာသိလို့ ငါ အိမ်မှာ တောင် မှာခဲ့သေးတယ်။ လာ ကိုထွန်းနိုင်နဲ့ချစ်ထွေးတို့လည်း မုန့်တီ နဲ့ ထမင်းဝါ (မုန့်တီမှာ မုန့်ဟင်းခါးကိုခေါ်သည်၊ ထမင်းဝါမှာ ထမင်းနှင့်ဆီချက်ဝါဝါများကို ဇေးပိုင်အောင်နယ်ပြီး အပြားဝိုင်း လေးများလုပ်ကာ မုန့်တီနှင့်ရောစားရသည်) လာစားကြ။ ပြီးတော့ အချိုပွဲတွေလည်း ကြိုက်တာစား။ ကြာညို နင်က အာပုံကြိုက်တော့ အာပုံလည်းလုပ်ထားတယ်။ အုံးအုံးတို့ခြံကကျယ်တော့ ဒီမှာပဲ စုလုပ်ကြတာ"



ခဏကြာတော့ ကြာညိုတို့အတန်းက သူငယ်ချင်းများ တဖွဲဖွဲ ရောက်လာသလို ဘထွန်းတို့ အညွှန့်တို့ပါရောက်လာသည်။ ကိုထွန်းတို့အတန်းထဲက သူငယ်ချင်းများလည်း ရောက်လာကြသည်။ ရီရီဝင်းရောက်လာတော့ ကိုထွန်းကို အပြေးအလွှားနှုတ်ဆက်ကြ သည်။

"ကဲ ကဲ သီချင်းဆိုမယ့်လူတွေစာရင်းပေး၊ ဝိုင်းစတော့မယ်၊ လမ်းမမှာ အဆိုတော်တွေကို ကြည့်မယ့်လူတွေရောက်နေပြီ"

"ထွန်းထွန်းကို စာရင်းထဲထည့်လိုက် ကိုသံခဲ၊ ချစ်ထွေးရော ဆိုမှာလား"

ရီရီဝင်းက ပွဲတောင်းတော့. . .

"မလုပ်ပါနဲ့ဟာ ငါက မဆိုတတ်ဘူး၊ ထွန်းထွန်းက ဆိုတတ် တယ်။ ထွန်းထွန်းကို စာရင်းပေးလိုက်"

"ဟာ မရဘူး၊ ချစ်ထွေးကိုပါ စာရင်းထည့်"

အားလုံးစာရင်းကောက်တော့ ထွန်းထွန်း၊ ချစ်ထွေး၊ ရီရီဝင်း၊ ညွှန့်တင်၊ တင်တင်အုံးတို့ငါးယောက်အရင်ဆိုကြသည်။ ဦးစွာ တီးဝိုင်းအဖွဲ့မှ ကိုသက်နိုင်က **"ချစ်သူဝေးဝေးသွားပါနဲ့လား"** သီချင်း ဆိုသည်။ ဒုတိယဆိုသူ ထွန်းထွန်းက **"အလွမ်းနွေကို စမ်းရေထဲ မျှောလိုက်မည်"** သီချင်းဆိုတော့ လက်ခုပ်သံတွေ ဆူညံသွားသည်။ ထွန်းထွန်းသည် သီချင်းဆိုဝါသနာပါသည်။ အိမ်မှာအလုပ်လုပ်နေရင်း သီချင်းအမြဲဆိုနေကျဖြစ်သည်။ ခုလို တီးဝိုင်းနှင့်ဆိုတော့ ထွန်းထွန်း

www.burmeseclassic.com



၏ အသံသည် လွမ်းမောဖွယ်ကောင်းအောင် သီဆိုသွားနိုင်ခဲ့သည်။ ထွန်းထွန်းအလှည့်ပြီးတော့ ချစ်ထွေးက "**ချစ်အားငယ်ရသူမယ်**" သီချင်းဆိုသည်။ ထွန်းထွန်းနှင့်ချစ်ထွေးတို့ နှစ်ယောက်လုံး အဆိုပိုင်ကြသည်။ တစ်ယောက်ပြီးတစ်ယောက်ဆိုပြီး ခင်အုန်းညွန့်က ကြာညို့ကို ချောက်တွန်းပါတော့သည်။ ကိုသံခဲက မိုက်ခွက်ကြီး ကိုင်ပြီး

"ခုအလှည့်ကျသူက ကြာညိုကြည်ဖြစ်ပါတယ်။ "**ဘဝချင်းဆုံတွေ့ပါရစေ**" သီချင်းနဲ့ဖျော်ဖြေပါတော့မယ်"

ကြာညိုရင်ထိတ်သွားရသည်။ ခင်အုန်းညွန့်က လက်မထောင်ပြတော့ ကြာညိုမျက်စောင်းခဲပြီး ဟန်မပျက်ထလိုက်သည်။ ရှက်သည့်စိတ်ဖြင့် စင်ပေါ် ဘယ်လိုရောက်သွားမှန်း မသိနိုင်ပါချေ။ လက်ခေါက်မှုတ်သူတွေက လက်ခေါက်မှုတ်သလို ကြာညိုကြည်က "တစ်ဦးနဲ့တစ်ဦး ချစ်စေကြောင်းတောင်းဆုပြုမယ်လေ" ဆိုသည့် သီချင်းလေးကို အသံအေးအေးမြမြဖြင့် သီဆိုလိုက်သည့်အခါ

"ကြာညိုကြည် ကြာညိုကြည်" ဆိုသည့်အသံများကြားရပြီးနောက် သီချင်းကို အစအဆုံး အတည်ငြိမ်ဆုံးဆိုနိုင်ခဲ့သည်။ သီချင်းဆိုအပြီး စင်ပေါ်က အပြေးအလွှားဆင်းလာတော့ ကိုထွန်းက ပြုံးပြသည်။ ချစ်ထွန်းက မဲ့ပြသည်။ ထိုညက ကြာညို အပျော်ကြီးပျော်ခဲ့သည်။ အပြန်မှာ ချစ်ထွေး၏စက်ဘီး သံစူး၍ ဘီးလေလျှော့သွားသည်။ ချစ်ထွေးက စက်ဘီးပြင်ဆိုင်လိုက်ရှာသဖြင့် ကြာညိုနှင့်



ကိုထွန်း ရပ်စောင့်နေရသည်။ ကျောင်းကုန်းတံတားထိပ်မှာစောင့်နေရင်း ထိန်ထိန်သာသည့်လမင်းကြီးကို ကြာညိုကြည့်နေမိသ[illegible]။

"ကြာညို ပျော်လားဟင်"

"ကိုထွန်းက ပိုပျော်မှာပါ။ ကိုထွန်းအနားမှာ ကိုထွန်းကောင်မလေးတွေ ဝိုင်းဝိုင်းလည်လို့၊ စာလည်းတော်၊ အသံလည်းကောင်း၊ အားကစားလည်းထူးချွန်ဆိုတော့. . ."

"တော်ပါပြီကြာညိုရယ် ကိုထွန်း ဒါတွေကို မသာယာပါဘူး၊ အလိုက်သင့်ပေါင်းရတာပါကွာ"

"ဒါဆို ကြာညိုမေးမယ်။ ကိုထွန်းရော မပျော်ဘူးလား"

"ပျော်တာပေါ့၊ ကြာညိုရဲ့ အေးမြတဲ့အသံလေးကြားရလို့၊ ပြီးတော့ ကြာညိုနဲ့အတူ လျှောက်လည်ရလို့"

"တော်ပါပြီ ဟုတ်ပဲနဲ့"

ထိုအခိုက် ချစ်ထွေးရောက်လာသဖြင့် စကားပြတ်သွားသည်။ ကြာညိုတို့သုံးယောက် စရင်း၊ နောက်ရင်း ပြန်လာကြသည်။ ချစ်ထွေးသည် စောစောကသီဆိုခဲ့သော"**ချစ်အားငယ်ရသူမယ်**" သီချင်းကို တီးလုံးအလိုက်သီဆိုလာသည်။

**  **  **  **  **

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဒုတိယအစမ်းစာမေးပွဲ ဖြေဆိုရပြန်သည်။ ကျောင်းဆယ်ရက်ပိတ်သဖြင့် ချစ်ထွေးနှင့် ထွန်းထွန်းက အဖေနှင့် လယ်ထဲလိုက်ရသည်။ ရင့်မှည့်နေသည့်စပါးများ ရိတ်သိမ်းချိန်ဖြစ်သည့်အတွက် လယ်ထဲတွင် စပါးပုံစောင့်ရန်၊ စပါးသယ်ပိုးရန် လူလိုအပ်သဖြင့် အဖေက ခေါ်သွားခြင်းဖြစ်သည်။ ထို့ကြောင့် အိမ်မှာ ကြာညို တစ်ယောက်ထဲ ဝေါင်ပြီးကျန်ခဲ့သည်။ စပါးများအားလုံး ရိတ်သိမ်းပြီးသည့်အခါမှာတော့ ကွင်းပိုင်များကို ထုံးစံအတိုင်း တင်မြှောက်ရခြင်း၊ စပါး လိပ်ပြာခေါ်ပွဲများလုပ်ဖို့ အမေ ခွက်ပြင်ထောင်းရသည်။ သထုံအခေါ် ခွက်ပြင်ဆိုသည်မှာ (ခေါပုတ်) ကို ခေါ်ခြင်းဖြစ်သည်။ ကောက်ညှင်းကိုချက်ပြီး သစ်သားဆုံထဲ နှမ်းလှော်များဖြင့် စေးပိုင်အောင်ထောင်းပြီး၊ ဆန်ကောထဲသို့ အပြားလိုက်ဖြစ်အောင် ထည့်ခင်းပေးရသည်။ ထိုခွက်ပြင်များကို လက်မအရွယ်အတုံးလေးများဖြစ်အောင် ကတ်ကြေးဖြင့်ညှပ်၍ ထန်းလျက်ရည်ဖြင့် တို့စားရသည်။ ဒေသအစားအစာမို့ ကြာညို အလွန်နှစ်သက်



သည်။ ထိုနေ့က အမေနှင့် မမကြူး တဲစောင့် ကိုမောင်ကြီးတို့ကိုပါခေါ်သည်။ အမေက ကြာညို့ကိုခေါ်၍ ကြာညိုပါလိုက်ရသဖြင့် အလွန်ပျော်မိသည်။ ရိုးပြတ်တွေကြားထဲက လှည်းနှင့်သွားရသည်မှာ ကိုယ်လက်နာလှသည်။ လယ်ထဲရောက်တော့ ဧရာမစပါးပုံကြီးကို တွေ့လိုက်ရသဖြင့် အံ့ဩသွားသည်။ အဖေသည် စပါးစိုက်ရုံမက ဆန်များကို ကြိတ်ခွဲရောင်းချခြင်း၊ စပါးကုန်သည် ပြုလုပ်ခြင်းဖြင့် စီးပွားရေးကောင်းလာခြင်းဖြစ်သည်။

"ဟေး. . . ကြာညိုပါတယ်ဟေ့။ အထွန်းရေ. . . ဒီမှာကြည့်စမ်း။ ကြာညို ပါလာတယ်"

ချစ်ထွေးက ပြေးလာပြီး ကြာညိုကို လှည်းပေါ်မှဆင်းနိုင်အောင်တွဲချသည်။

"ကိုထွန်း. . . အသားတွေ မည်းသွားတယ်နော်"

"အောင်မယ်. . . ငါကျတော့ရော မမည်းဘူးလား"

"နင်က မမည်းပါဘူး။ ကပွလီက အဘခေါ်ရမယ်"

ထိုနေ့ ကိစ္စအားလုံးပြီးသွားသဖြင့် ထွန်းထွန်းတို့ပါ ပြန်လိုက်လာသည်။ အဖေက နောက်တစ်နေ့တွင် ပြန်လာခဲ့သည်။ ကျောင်းကလည်း ပြန်ဖွင့်ပြီး ကြာညို ကျောင်းကပြန်လာတော့ အဖေမှာ အလုပ်သမားများနှင့် အလုပ်ရှုပ်နေလေသည်။

"အဖေ. . . ဘာတွေ အလုပ်ရှုပ်နေတာလဲ။ ဓာတ်ကြိုးတွေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"သမီး ဆန္ဒပြည့်တော့မယ်။ အဖေ အခု လျှပ်စစ်မီးသွယ်နေတာလေ။ ခုည မီးလင်းမှာ"

"တယ်. . . ဒါမှ ကြာညို့အဖေ။ ဝမ်းသာလိုက်တာအဖေရယ်"

ကြာညိုက အဖေ့ကို နောက်ကျောမှ သိုင်းဖက်ထားသည်။

"အဖေ မီးတောက် (မီးချောင်း) ကို များများချိတ်ပေးနော်"

"အေးပါ သမီးရယ်၊ တစ်အိမ်လုံး လင်းထိန်စေရမယ်။ ညကျရင် သမီးပျော်မှာပါ။ မလေးရေ. . . သမီးကို မီးတောက်ဆင်ထားတာ လိုက်ပြပါဦး"

တစ်ဦးတည်းသောသမီးမို့ အဖေက ကြာညို့ကို ငုံထားမတတ်ချစ်သည်။ ညကျတော့ ကြာညိုတို့တစ်အိမ်လုံး လင်းထိန်နေသည့်အပြင် ဂိုဒေါင်မှာရော ချစ်ထွေးတို့အိမ်မှာပါ မီးချောင်းများလင်းထိန်နေသည်။

"အဘွား. . . ကြာညို အရမ်းပျော်တာပဲအဘွားရယ်။ ဒီညအိပ်လို့တောင် ပျော်ပါ့မလားမသိဘူး။ အဖေက ကြာညို့ကို အရမ်းချစ်တာပဲနော်"

"ချစ်တာပေါ့ သမီးရယ်၊ မိဘပဲဟာ။ သမီးမွေးပြီးကတည်းကစီးပွားကအရမ်းတက်တော့. . . ဟောဒီလာဘ်ကောင်လေးကိုချစ်ကြတာပေါ့။ ပြီးတော့ မနက်ဖြန်ဆိုရင် အိမ်ရှေ့မှာ အုတ်တံတိုင်းကာဦးမှာ"



နောက်တစ်နေ့တွင် ပန်းရန်များခေါ်ပြီး အိမ်ရှေ့ကို အုတ်တံတိုင်း ကာသည်။ ဘေးပတ်လည်ကိုတော့ သွပ်ဆူးကြိုးအထပ်ထပ်ကာရံသည်။ အိမ်ကိုလည်း ဆေးပြန်သုတ်လိုက်ရာ ကြာညိုတို့အိမ်ကြီးမှာ ကြည့်မဝနိုင်အောင် လှသွားတော့သည်။ အမေက ပန်းစိုက်ဝါသနာပါသဖြင့် အိမ်ရှေ့တွင် ပန်းခြံဖြစ်အောင်လုပ်သည်။

ဒုတိယအစမ်းတွင်လည်း ကိုထွန်းက အဆင့်တစ်မကျ။ အဖေက ကိုထွန်းနှင့် ချစ်ထွေးကို ဂုဏ်ပြုသည့်အနေနှင့် လက်စွပ်တစ်ကွင်းစီ လုပ်ပေးသည်။ စာတော်လွန်းသည့် ကိုထွန်းသည် ကျောင်းမှာ ဆရာ၊ ဆရာမများ၏ အရေးပေးခြင်းခံရသူမို့ တစ်ကျောင်းလုံးကလည်း ကိုထွန်းကို အားကျဂုဏ်ယူကြသည်။

** ** ** ** **

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

အချိန်က တဖြည်းဖြည်း သက်တမ်းရင့်လာသလို ကိုထွန်းက ဆယ်တန်းတက်ပြီး ချစ်ထွေးနှင့် ကြာညိုက ကိုးတန်းရောက်ပြီ။ ကြာညိုတို့သုံးယောက် ကိုယ်လုံးကိုယ်ထည်များ ထွားထွား ကျိုင်းကျိုင်းနှင့် လူပျို၊ အပျိုပေါက်လေးများ ဖြစ်လာကြသည်။ ထွန်းထွန်းက အထက (၁) ၏ဘောလုံးအသင်းခေါင်းဆောင်။ ညနေတိုင်း ဘောလုံးလေ့ကျင့်ရသည်မို့ ချစ်ထွေးနှင့် ကြာညိုတို့သာ အတူပြန်ကြရသည်။

သထုံမြို့၏မိုးသည် အလွန်ကောင်းသဖြင့် မိုးတွင်းဘက် ကျောင်းတက်ရသည်ကို ကြာညို စိတ်ညစ်သည်။

"ချစ်ထွေး. . . မိုးတွေ မည်းလာပြီ။ တို့ မိုးလွတ်မှာမဟုတ်ဘူး။ ဟိုရှေ့က ဆွမ်းလောင်းတဲမှာ မိုးခိုရအောင်နော်"

"သဘောလေ. . . ငါတော့ အိမ်မှာ ဒေါ်ငယ့်ကို ကူလုပ်ပေးရဦးမယ်။ မိုးနည်းနည်းစဲရင် ပြန်ကြတာပေါ့"

ချစ်ထွေးနှင့် နှစ်ယောက်သား ထိုင်နေလိုက်သည်။ မိုးက သဲသဲ မဲမဲ ရွာချနေသည်။





"ကြာညို. . . ငါ ဒီနေ့ စာကြည့်တိုက်က စာအုပ်တစ်အုပ် ထဲမှာ ကဗျာလေးတစ်ပုဒ် ဖတ်လာတယ်"

"ဘာကဗျာလဲ ပြောစမ်းပါဦး"

"အင်း. . . ခေါင်းစဉ်က **"တောက်ရိုးပုံစောင့်ခွေးလေးတဲ့"**၊ ငါရွတ်ပြမယ် နားထောင်။ ရေးသူက တက္ကသိုလ်မေဇော်တဲ့"

**"သူလည်းမစား၊**

**နွားပျိုများကို၊**

**တစ်အားအော်၍၊ မောင်းထုတ်သည်တဲ့"**

"အဲဒါ ငါနဲ့ ဘာဆိုင်လို့လဲ"

"ငါက ကောက်ရိုးပုံစောင့်ခွေးလေးပဲဟာ။ ငါ့ကို သောင်းညွန့် တို့၊ ဘထွန်းတို့က အဲဒီလိုပဲ ခေါ်ကြတယ်"

"ဒါဆို နင် ဆွဲထိုးပါလား။ ဆရာမကြီးနဲ့ တိုင်လေဟယ်. . . နင် သိပ်အ,တာပဲ"

"ငါ မအ,ပါဘူးဟာ။ ငါ့အဖြစ်နဲ့လည်း တူနေတာကိုး"

"ဒါဆိုလည်း နင် မစောင့်နဲ့ပေါ့"

"အေး. . . မစောင့်ဘဲနဲ့ ငါ ကောက်ရိုးစားချင်နေတာ။ ဒါပေမယ့် ခွေးနဲ့ကောက်ရိုးက ဘာမှမဆိုင်ဘူးလေ"

"တော်စမ်း. . . ချစ်ထွေး။ နင် စိတ်ဓာတ်တွေ ပျက်ပြားနေပြီ။ ကောက်ရိုးမစားချင်ရင် မစင်စားပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ပြောရက်လိုက်တာ ကြာညိုရယ်။ ငါစောင့်နေတဲ့ ကောက်ရိုးပုံကို ငါမစားရဘဲ တစ်ဦးဦးက ဝင်စားမှာကို ငါ ကြောက်တယ်"

"လုပ်မနေနဲ့၊ မိုးနည်းနည်းတိတ်ပြီ . . . ပြန်မယ်"

ချစ်ထွေးစိတ်ခတ်ကို ကြာညို ကောင်းကောင်းကြီးသိနေသည်။ ကြာညိုကို သူတစ်ပါးလက်ထဲ ပါသွားမှာ ချစ်ထွေး စိုးရိမ်နေရှာပြီပေါ့။

ပေါ်တော်မူဘုရားပွဲ ဆွမ်းကြီးလောင်းပွဲစမည့်ရက်မတိုင်ခင် တစ်ရက်မှာ အဘွားက အလုပ်များနေပြီ။ ကောက်ညှင်းဆန်များကို စည်ပိုင်းများဖြင့် စိမ်နေတော့သည်။ အလုပ်သမားများဖြင့်လုပ်ကာ အဘွားက ပါးစပ်အခိုင်းသမား။ ကောက်ညှင်းထုပ် ဖင်ချွန်ထုပ်ဖို့ ဝါးပိုးဝါးရွက်များကိုလည်း ရနိုင်သမျှရအောင် တောင်းနှစ်လုံးအပြည့် ခူးထားပေးပြီးဖြစ်သည်။ မုန့်ဖက်ထုပ်လုပ်ရန် အုန်းသီးခြစ်သူက ခြစ်၊ မုန့်ကြိတ်သူက ကြိတ်ထားပြီးဖြစ်သည်။ မုန့်ဖက်ထုပ်ဥာပနာထည့်ရန် အုန်းသီးကိုလည်း သကြားဖြင့် ယိုထိုးထားပြီးဖြစ်သည်။ အလုပ်သမားနှင့် ကူညီလုပ်ကိုင်ပေးမည့်သူများ ပေါများသလို အဘွားကလည်း လက်ကြီးလှသည်။

ဆွမ်းတော်ကြီးလောင်းလှူပွဲတွင် ဝတ်ဆင်ဖို့ အမေက အလုပ်သမားများကို ဝတ်စုံဆင်တူချုပ်ပေးထားသလို ချစ်ထွေးနှင့် ထွန်းထွန်းကိုလည်း အဝတ်အစားအသစ်များ ဝယ်ပေးထားပြီးဖြစ်သည်။



ဆွမ်းတော်ကြီးလောင်းလှူပွဲတွင် အမေက ကြာညို့ကို ရွှေခြေချင်းမှအစ ညွှတ်နေအောင်ဆင်ပေးသည်။ ကြာညို ပြင်ဆင်ထားသည်ကို ကိုထွန်းက မကြာခဏ ခိုးကြည့်တတ်သည်။ ဆွမ်းတော်ကြီးလောင်းလှူနေစဉ် ချစ်ထွေးနှင့် ထွန်းထွန်းက ကြာညို့နားကမခွာဘဲ လိုသမျှမုန့်ထုပ်များကို လက်ဆင့်ကမ်းပေးကြသည်။ ဆွမ်းတော်ကြီးလောင်းလှူပွဲ ပြီးသည့်အခါ အိမ်နှင့်မဝေးသဖြင့် ကားလမ်းကူးပြီးပြန်ကြသည်။ ထိုစဉ် -

"အမလေး . . ."

လူများ ရှုပ်ထွေးနေသဖြင့် အရှိန်ပြင်းပြင်းဖြင့် မောင်းနှင်လာသော ဆိုက်ကားတစ်စီးက ကြာညို့ကို တိုက်မိမလိုဖြစ်ပြီး ကြာညို ခြေခေါက်လဲကျသွားသည်။

"ဟဲ့ . . . ချစ်ထွေးတို့၊ အထွန်းတို့ ကြာညို လဲကျသွားပြီ။ လုပ်ပါဦး"

ထွန်းထွန်းက ကြာညို့ကို ပြေးထူသလို ချစ်ထွေးနှင့် အလုပ်သမားနှစ်ယောက်က ဆိုက်ကားနောက် ပြေးလိုက်ကြသည်။

"ဟဲ့ . . . ကျောက်ဒိုးတို့၊ လုပ်ပါဦး။ ချစ်ထွေးတို့နောက် လိုက်စမ်း။ ရန်ဖြစ်နေဦးမယ်"

အဘွားက အော်သဖြင့် ဦးကျောက်ဒိုးပါ ချစ်ထွေးတို့နောက်သို့ ပြေးလိုက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အား. . . နာတယ်အမေ။ ကြာညို့ခြေထောက် ချိန်းကြိုးနဲ့ ထိပြီး အသားတွေလန်ကုန်ပြီ"

ကြာညိုက နာလွန်း၍ ကလေးတစ်ယောက်လို ငိုနေတော့သည်။

"ကြာညို လမ်းလျှောက်နိုင်လား။ ကိုထွန်း တွဲမယ်၊ ကိုထွန်းကို ကိုင်ပြီးလိုက်နော်"

ခြံစပ်ရောက်ခါမှ ခြေဆစ်က ချက်ချင်းယောင်လာပြီး လမ်းပင် မလျှောက်နိုင်တော့။ ခြေထောက်နာနေသည်မို့ ကြာညို ခြံထဲကိုပင် မဝင်နိုင်တော့။

"ပွေ့သွားရင်ကောင်းမယ်" ဟု တစ်ယောက်တစ်ပေါက် အကြံပေးသဖြင့် ထွန်းထွန်းက ကြာညို့ကို စွေ့ခနဲပွေ့ကာ ခြံထဲဝင်လိုက်သည်။ ကြာညိုက နာနေသည့်ကြားမှ ရှက်ပြီး ထွန်းထွန်းရင်ဘတ်ဘက်သို့ ခေါင်းလေးဝှက်ထားလိုက်သည်။ ကြာညို့ထံမှ ကြာညို အလွန်နှစ်သက်စွာသုံးစွဲသော ဂိုရာရေမွှေးနံ့နှင့် ထွန်းထွန်းထံမှ ကိုယ်လိမ်းပေါင်ဒါရနံ့ နှစ်ခုရောသွားရပြီဖြစ်သည်။ အိမ်ထဲဝင်ခါနီး လူအလစ်မှာ. . .

"မွှေးလိုက်တာ ကြာညိုရယ်"

ထွန်းထွန်း ပြောလိုက်သဖြင့် အပျိုစင်မလေးကြာညို ရှက်သွားရသည်။ ကြာညို ဆေးနှစ်ပတ်စည်းလိုက်ရသည့်အတွက် ခွင့်ယူလိုက်ရသဖြင့် အထွန်းနှင့် ချစ်ထွေးက စာကူးပြီး စာကူကျက်ပေးကြသောကြောင့် ကြာညို ကျောင်းစာ နောက်မကျခဲ့တော့ပါ။



ခြေပွတ်တိုင် ထိသွားသဖြင့် တစ်လလောက် စက်ဘီးမစီးရဟု အကြောဆရာက ပြောထားသဖြင့် ကြာညို စက်ဘီး မစီးရတော့ပါ။ နံနက်ပိုင်း ကိုထွန်းစက်ဘီးနောက်ကလိုက်ပြီး ညနေဘက် ချစ်ထွေးနောက်မှ လိုက်စီးရသည်။ ညနေဘက်တွင် ထွန်းထွန်းက ဘောလုံးကန်စရာရှိသဖြင့် ချစ်ထွေးနှင့် နှစ်ယောက်တည်းပြန်ရသည်။

"ကြာညို. . . နင့်ကို မေးစရာရှိသေးတယ်"

"ဘာမေးမလို့လဲ. . . မေးလေ"

"နင့်ခြေထောက် ခိုက်မိတဲ့နေ့က အထွန်း နင့်ကိုပွေ့ပြီး အိမ်ထဲခေါ်လာတာဆို"

"ဩော်. . . ဒါလား၊ ငါ ပွေ့ခိုင်းတာမဟုတ်ပါဘူး။ ငါ့ခြေထောက်တွေ မထောက်နိုင်တော့လို့ ဒေါ်ငယ်တို့အားလုံး ဝိုင်းပြောမှ ကိုထွန်းက ငါ့ကို ပွေ့ချီတာပါ။ ငါ အရမ်းရှက်တယ် သိလား"

ချစ်ထွေးက ဟက်ဟက်ပက်ပက်ရယ်သည်။ ချစ်ထွေး ရယ်သံက အဓိပ္ပာယ်အမျိုးမျိုးဖော်၍ရသည်။

"ရှက်တာလား၊ ကျေနပ်တာလား"

"ချစ်ထွေးနော်. . . ငါ့ကို လာစွပ်စွဲမနေနဲ့။ ဘာလဲ. . . နင်တာ သဝန်တိုနေတာလား"

"ငါသဝန်တိုလည်း အလကားပါဟာ။ နောက်ပေါ်လာတဲ့ ရွှေကြာပင်က နင့်ခေါင်းပေါ် အရင်ရောက်မှာပါ။ ငါက အားပေးသူ သက်သက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ဝမ်းနည်းစကား မပြောပါနဲ့ဟာ။ ငါ နင့်ကို ဘယ်လောက်ခင်တယ်ဆိုတာ နင်သိသားနဲ့"

"တော်ပါပြီဟာ။ ငါ ဒီနေ့ကစပြီး ကောက်ရိုးပုံမှာပဲ သွားအိပ်တော့မယ်"

"တော်ပါတော့ ချစ်ထွေးရယ်။ ငါ စိတ်မကောင်းအောင် မပြောပါနဲ့ဟာ"

"အေးပါ. . . နင် စိတ်ချမ်းသာဖို့က အဓိကပဲလေ"

ကြာညိုတစ်ယောက် ထွန်းထွန်းနှင့် ချစ်ထွေးကြားမှာ အနေခက်လှသည်။ ချစ်ထွေးနှင့် ထွန်းထွန်းတို့ ခင်မင်ပုံမတူမှန်းတော့ ကြာညို အဖြေရှာမရသော အသိမျိုးဖြင့် သိနေခဲ့သည်။

** ** ** ** **

## အခန်း (၇)

တဖြည်းဖြည်း စာမေးပွဲကြီး နီးကပ်လာလေပြီ။ နေကလည်း ဖြိုင်းသထက်ပြင်းလာသည်။ ရွက်ဟောင်းကြွေလို့ ရွက်သစ်တွေ ဝေနေကြပြီ။ ထွန်းထွန်းက မီးကုန်ယမ်းကုန် စာကျက်သည်။ စာမေးပွဲမဖြေခင် စာကျက်ဖို့ ကျောင်းပိတ်ရက်လည်း ပေးထားသည်မို့ အိမ်မှာပဲ စာကျက်ရသည်။

"ကြာညို စာတွေနားမလည်ရင် ကိုထွန်းကိုပြောနော် ကိုထွန်း ရှင်းပြမယ်"

"ရပါတယ် ကိုထွန်းရဲ့။ ကိုထွန်းသာ နှစ်ချင်းပေါက် အောင်အောင်လုပ်ပါနော်"

စာမေးပွဲကြီးပြီးတော့ သင်္ကြန်အတွက် အိမ်မှာအလုပ်ရှုပ်ဖြန်သည်။ နှစ်စဉ် သင်္ကြန်ရက်အတွင်း အလှူလုပ်နေကျမို့ဖြစ်သည်။ ကြာညိုက အတန်းထဲရှိ ယောကျ်ားလေး၊ မိန်းကလေး ဆယ်ယောက်လောက်ဖိတ်သလို ထွန်းထွန်းနှင့် ချစ်ထွေးကလည်း အခင်ဆုံးသူငယ်ချင်းများကိုဖိတ်ကြသည်။ ပြောင်စပ်စပ် သောင်း[illegible]

www.burmeseclassic.com

www.burmeseclassic.com



သားအမိလည်း လာကြသည်။ သောင်းညွန့်အမေက အလှူရှိတိုင်း အောက်ခြေသိမ်း ကူညီလုပ်ကိုင်ပေးနေကျဖြစ်သည်။ ရပ်ကွက်ထဲက အဖျိုး လူပျိုများလည်း လာကြသည်။ အဖေနှင့် အမေက မုန့်လုံးရေပေါ်တို့ မဖြစ်စလောက်ကျွေးသည်မဟုတ်။ နံနက်မှစ၍ နေ့ခင်းအထိကျွေးသလို ထမင်းလည်းကျွေးသည်။ ရေပက်ဖို့အတွက်လည်းစီစဉ်ပေးသည်။ အုန်းလက်မဏ္ဍပ်ထိုးပြီး တိုင်ကီအလုံးနှစ်ဆယ်ခန့်ကို ညကတည်းက လူအင်အားနှင့် ဖြည့်ထားပြီး ရေကစားစေသည်။ အိမ်တွင် လျှပ်စစ်မီးရရှိထားပြီဖြစ်သဖြင့် အဖေတာ ရေစုပ်စက်ဖြင့် ရေဖြည့်ပေးချင်သော်လည်း ယခင်နှစ်များက ရေကစားဖို့ ရေခပ်ပေးနေကျလူများက လက်မခံသဖြင့် အဖေက ကျေနပ်စွာခွင့်ပြုထားသည်။ ရေတွင်းက ရေခပ်သူငါးယောက်၊ ရေသယ်သူ ငါးယောက်က နေ့စားခရသဖြင့် ပျော်ရွှင်ကြသည်။ အဖေက သူ့အလုပ်သမားများ ပျော်စေရန် အချမ်းပြေအာစွတ်ရုံခွင့်ပြုထားသည်။ နောက်တစ်နေ့အတွက် သင်္ကြန်ထမင်းချက်ရန် စီစဉ်သူများနှင့် သင်္ကြန်တွင်းကာလတွင် တစ်ရပ်ကွက်လုံးမီးခိုးတိတ်နီးပါး ကြာညို့တို့အိမ်ကို ကလေး၊ လူကြီး ရောက်လာကြသည်။ ထိုနေ့က ဘထွန်းနှင့် သောင်းညွန့်တို့ကို အိုးမည်းသုတ်ပြီး မျောက်က,တခိုင်းရာ အူတက်မတတ် ရယ်ရသည်။

အကျနေ့တွင် သင်္ကြန်ထမင်းကျွေးရာ၌ အိမ်ရှေ့မှာ မဏ္ဍပ်ထိုးပြီး ဘုန်းကြီးငါးပါး အရုဏ်ဆွမ်းကပ်သည်။ သင်္ကြန်အခါအတွင်း



ဒွန်ပြည်နယ်၏ ရိုးရာဓလေ့ဖြစ်သည့် သင်္ကြန်ထမင်းကို မစားရလျှင် ရင်မအေးဟု အယူရှိသူများဖြစ်သည်။ သင်္ကြန်ထမင်းကို ကြိုက်နှစ်သက်ကြသည့်အပြင် ရိုးရာအစားအစာတစ်ခုအဖြစ် ဖက်ယူကြသည်။ သင်္ကြန်ထမင်းချက်ရသည်မှာ လွယ်မယောင်နှင့်ခက်သည်။ ဆန်ကလည်း ကောက်ကြီးဆန်နှင့်မှ ထမင်းလှသည်။ တတ်နိုင်သူများက ပုစွန်ခြောက်အကောင်းစားကိုသာ သုံးကြသည်။ အဘွားနှင့် အမေက အလှူအတန်းဆိုလျှင် ဖြစ်ကတတ်ဆန်းဘယ်အခါမှမလုပ်။ သရက်သီးဆိုလျှင် စိုင်သီး (သထုံအခေါ်အဝေါ် မနော်နွယ်သီး) ကိုသာ သုံးသည်။ စိုင်သီးသည် အချဉ်လည်းစူး၊ အရောင်လည်းလှသဖြင့် အမေက စိုင်သီးသရက်ပင်ရှိသည့်ခြံများကို ကြိုတင်မှာထားပြီးဖြစ်သည်။ သင်္ကြန်ထမင်းနှင့်တွဲဖက်စားသုံးရန် ငါးခြောက်ထောင်းကြော်တစ်ခွက်၊ သရက်သီးနှင့်ပုစွန်ခြောက် ရောသမကြော်ထားသည့် အကြော်တစ်ခွက်၊ သရက်သီးသုပ်တစ်ခွက်၊ ရွှေအပ်ငရုတ်သီးတောင့်ကြော် စသဖြင့် ချပေးရသည်။

သင်္ကြန်ထမင်းပြုလုပ်ပုံမှာ ထမင်းကို ခပ်ပျော့ပျော့ချက်ပြီး ရေသန့်ဖြင့် ဆေးကြောရသည်။ ပြီးလျှင် ရေစစ်ကာ တောင်းများနှင့်ထည့်ထားရသည်။ တွဲဖက်စားသုံးရန် သရက်သီးကြော်ကို ညကတည်းက ဆန္ဒင်းမကင်းဖုတ်သည့် အိုးများဖြင့် ကြော်ထားရသည်။ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ပုစွန်ခြောက်နိုင်နိုင်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကြော်ထားသော သရက်သီးကြော်သည် မွှေးကြိုင်လွန်းလှသည်။ ငါးခြောက်ထောင်းကြော်ကိုလည်း ကြိုတင်ကြော်ထားရသည်။ သရက်သီးသုပ်ကိုမူ နံနက်ပိုင်း၌ ဇလုံကြီးများတွင်ထည့်၍ သုပ်ကြသည်။ ထမင်းနှင့်ဆမ်း၍စားရသော "သင်းရေ" ကို အဘွားကိုယ်တိုင် ပြုလုပ်ပေးသည်။ ရေအိုးအသစ်တွင် ဖယောင်းနှင့် နံ့သာဖြူကို မီးရှို့ပြီး အဝတွင် အခိုးများမထွက်စေရန် ပိတ်ဖြူသန့်သန့်ဖြင့် ဖုံးအုပ်ပြီး အငွေ့လှိုင်လှိုင်ထသည့်အချိန်တွင် အဝတ်ကိုအသာလှပ်၍ ရေထည့်ပြီး ပြန်အုပ်ထားရသည်။ ထိုရေကို ထမင်းပန်းကန်ထဲသို့ လောင်းထည့်ပြီး ထမင်းရေဆမ်းစားသလို ထမင်းတစ်လုတ် အကြော်တစ်ဇွန်းဖြင့် တွဲဖက်စားသုံးရသည်မှာ မွန်ပြည်နယ်၏ အမိကရိုးရာအစားအစာပင်ဖြစ်သည်။ လာသမျှ ဧည့်သည်များကို အဘွား၊ အမေ၊ အဖေနှင့် ကြာညိုတို့မိသားစုများက မမောနိုင်မပန်းနိုင် ဧည့်ခံရသည်။ သင်္ကြန်ပြီးလျှင် တစ်အိမ်လုံး အလုပ်သမားများပါ မောဟိုက်ကုန်သည်။

"ကိုထွန်း. . . သိပ်ပျော်နေတာပေါ့ ဟုတ်လား။ ရီရီဝင်းနားကကို မခွာဘူး"

"ဘာလဲ. . . ကြာညိုက သဝန်တိုနေတာလား"

"အို. . . ဘာဆိုင်လို့လဲ"

ကြာညိုက ပြောပြီးမှ ရှက်သွားရသည်။ ပြောသာပြောရတာပါ။ ကြာညိုလည်း ပျော်တာပါပဲ။

** ** ** ** **

## အခန်း (၈)

ရာသီစက်ဝန်းသည် တစ်ပတ်ပြီးတစ်ပတ် လည်လျက်ရှိသည်။ ကြာညိုနှင့် ချစ်ထွေး ဆယ်တန်းရောက်သည့်နှစ်တွင် ထွန်းထွန်းသည် ဆယ်တန်းစာမေးပွဲဖြေပြီး အောင်စာရင်းစောင့်နေရသည့် အချိန်ဖြစ်သည်။ အောင်စာရင်းထွက်သည့် ညဘက် ရေဒီယိုနားထောင်သောအခါ ထွန်းထွန်းက ဂုဏ်ထူးသုံးဘာသာဖြင့် အောင်မြင်သည်။ တစ်ကျောင်းလုံး ဂုဏ်ထူးနှင့် နှစ်ယောက်သာ အောင်မြင်သည့်အပြင် တစ်ခရိုင်လုံးတွင် ထွန်းထွန်း ပထမရသည်။ အဖေဆိုလျှင် ထခုန်မတတ် ဝမ်းသာသည်။ ချစ်ထွေးက ထွန်းထွန်းကို ပွေ့ချီပြီးဂုဏ်ပြုသည်။ အမေကလည်း ဝမ်းသာလွန်း၍ မျက်ရည်များပင် ကျရှာသည်။

"ဝမ်းသာလိုက်တာ သားရယ်။ ဆရာတော်ဘုရားကို အဘတို့ ကျေးဇူးဆပ်နိုင်ပြီ" ဟု ပြောသည်။

ထွန်းထွန်းအကြောင်း တစ်ကျောင်းလုံး၊ တစ်မြို့လုံး ပြောကြသည်။ နောက်တစ်နေ့ အဖေ ဆရာမကြီးနှင့် ကျောင်းမှာသွားတွေ့သည်။ ကြာညိုကလည်း ထွန်းထွန်းအကြောင်း ဖြေရတာအမောပါ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပြီး တစ်ယောက် သတင်းလာမေးကြသည်။ ထွန်းထွန်းနှင့်အတူ ရီရီဝင်း၊ ခင်သက်ထား၊ စန်းစန်းချို ကျော်လွင်၊ အောင်မြင့်တို့လည်း အောင်သည်။

"ယောက်မလေး. . . နင့်အစ်ကို သိပ်တော်တယ်နော်။ ငါတော့ တစ်သက်လျာအတွက် ရည်ရွယ်ချက်ထားလိုက်ပြီ"

ရီရီဝင်းစကားကြောင့် ကြာညို့ရင်ထဲမှာ အောင့်သွားသည်။ ထွန်းထွန်း၏ဂုဏ်သတင်းကြောင့် ယောက်မတော်ချင်သူတွေက အများသား။

"ပေးနိုင်ပါဘူးတော်" ဟု ကြာညို့စိတ်ထဲမှ တေးမှတ်ထားသည်။ ညရောက်တော့ အဖေက ထွန်းထွန်းကို မျက်နှာချိုသွေးသည်။ မေးသည်။

"အထွန်း. . . မင်း ဘာလုပ်မယ်စိတ်ကူးထားသလဲ"

"ကျွန်တော် အဘတို့မိရိုးဖလာအလုပ် လယ်လုပ်မယ်။ ငါးပိလုပ်မယ်လို့ စိတ်ကူးထားပါတယ်"

"ဟာကွာ မင်းကလည်း. . . မတော်တရော်။ ဆရာမကြီးနဲ့ဆွေးနွေးခဲ့ပြီးပြီ။ မင်း ဆေးကျောင်းတက်နိုင်အောင် ကူညီမယ်တဲ့။ အဘတို့က မင်း ဆရာဝန်ဖြစ်အောင် ထားပေးမှာပေါ့"

"ဟို. . . ဟို. . . ကျောင်းစရိတ်တွေက"

"မင်း ဒါတွေပူစရာမဟုတ်ဘူး။ အဘ ထားပေးမှာပေါ့။ အဘတို့မှာ တာဝန်ရှိတာပဲ။ ဆရာတော်ကိုလည်း မနက်ဖြန် မင်းနဲ့ငါ သွားလျှောက်မယ်"



ထွန်းထွန်း ဆေးကျောင်းတက်ဖို့ အဖေနှင့် အမေ အလုပ်ရှုပ်နေကြပြီ။ ရန်ကုန်က ဆရာတော်တပည့်တစ်ယောက်၏ လိပ်စာလည်း ရထားပြီ။ ဆရာမကြီးကလည်း ရန်ကုန်တက္ကသိုလ်တွင် ကျူတာလုပ်နေသော သူ့မောင်ဆီ အကြောင်းကြားပြီးဖြစ်သည်။ အဖေက ထွန်းထွန်းကို ဘော်ဒါထားမည်ဟုဆိုပါသည်။ အားလုံးပြင်ဆင်ပြီး သွားမည့်နေ့တွင် ဘူတာဆင်းဖို့ ပြင်ဆင်ကြသည်။ အဘွားမှလွဲ၍ အမေနှင့် ချစ်ထွေး ကြာညိုတို့ကိုပါ လိုက်ပို့ဖို့စီစဉ်ထားသည်။

"ဟဲ့. . . ကြာညို မပြီးသေးဘူးလား။ ဘုတို သွားခေါ်စမ်း"

ကြာညို ဘုတိုနှင့်အတူ အပေါ်ထပ်မှဆင်းလာသည်။

"ဟဲ့. . . သမီး၊ ဘူတာလိုက်မယ်မဟုတ်လား. . . ဘာလို့မပြင်သေးတာလဲ"

"ဟင့်. . . ဟင့် သမီး မလိုက်တော့ဘူး"

ကြာညို ရှိုက်ကြီးတငင် ငိုချလိုက်သည်။ အဘွား ချော့လည်းမရ၊ အမေ ချော့လည်းမရပေ။ အဖေက ကြာညို့နားလာရပ်သဖြင့် အဖေ့ကို တအားဖက်ပြီး ငိုလိုက်ပြန်သည်။ ချစ်ထွေးကလည်း ဘာတွေ အတွေးပေါက်နေသည်မသိ၊ မျက်နှာမကောင်း။ ထွန်းထွန်းပင် ကြာညို့ကို ကျောခိုင်းပြီးနေပါတော့သည်။ အဘွား၊ အဖေ၊ အမေတို့အားလုံး အံ့ဩနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးကလည်း အထွန်း ကျောင်းပိတ်ရင် ပြန်လာမှာပဲဟာ။ ဘာမှ ဝမ်းနည်းမနေနဲ့။ သွားခါနီး လာခါနီး စိတ်မဖြောင့်အောင် သမီးရယ်"

"ကဲ. . . သမီး၊ အဝတ်အစားပြင်ကွယ်။ မျက်နှာသစ်ပြီး ပေါင်ဒါလေးတို့လိုက်"

"သမီး မလိုက်ချင်တော့ဘူး။ အမေတို့ပဲ သွားကြပါတော့"

"လိုက်ခဲ့ပါ ကြာညိုရယ်. . . ညီမလေးမလိုက်ရင် ကိုထွန်းလည်း မသွားဘဲနေလိုက်မှာ။ ကိုထွန်း တစ်ပတ်တစ်ခါ စာရေးမယ်၊ ကျောင်းပိတ်တာနဲ့ ပြန်လာမယ်"

ထွန်းထွန်းမျက်နှာမှာလည်း မျက်ရည်စီးကြောင်းနဲ့ပါလား။

"ကဲပါ. . . သားတို့ သမီးတို့ရယ်၊ မြေးလေး မလိုက်ချင်လည်း မခေါ်ပါနဲ့တော့"

ကြာညို မလိုက်မှန်းသိတော့ အဖေတို့၊ အမေတို့သာ ဘူတာရုံဆင်းကြသည်။ ချစ်ထွေးက ထွန်းထွန်းပစ္စည်းများ ကူသယ်ပေးပြီး ညှို့မှိုင်းသောမျက်နှာဖြင့် လိုက်သွားသည်။ ထွန်းထွန်းတို့ ထွက်သွားပြီး ခဏအကြာမှာ -

"အဘွား. . . သမီး ဘူတာရုံလိုက်သွားမယ်"

"ဘုရားရေ. . . ဘယ်လိုဖြစ်တာလဲမြေးရယ်။ ကဲ. . . ကဲ စက်ဘီးကို ဖြည်းဖြည်းစီးနော်။ ရထားချိန် စောပါသေးတယ်"

ဘူတာရုံရောက်တော့ ဆေးကျောင်းသားလောင်းထွန်းထွန်းကို သူနှင့်အတူ စာမေးပွဲအောင်ကြသူများနှင့် သူ့သူငယ်ချင်းများပါ



လိုက်ပို့ကြသည်ကို တွေ့ရသည်။ အဖေက တပြုံးပြုံးနှင့် လာသမျှလူများကို အအေးနှင့် ဧည့်ခံသည်။

ကြာညို ငိုထားမှန်းသိ၍ ရီရီဝင်းက စသည်။

"ကြာညို . . . နင့်အစ်ကိုကို ငါ တာဝန်ယူပါတယ် ယောက်မရယ်။ ငါလည်း ရှေ့တစ်ပတ်မှာ ရန်ကုန်တက္ကသိုလ်သွားမှာပဲ နင်စိတ်ချ"

ကြာညိုက ရီရီဝင်းကို ကုတ်ဆွဲချင်စိတ်ဖြစ်ပေါ်မိသည်။ အမေတို့ အလုပ်ရှုပ်နေစဉ် ဘူတာကြီးတွင်ရှိသော ကုက္ကိုပင်အောက်မှာ တစ်ယောက်တည်းထိုင်နေမိသည်။ ကြာညို ကိုယ့်ကိုယ်ကိုလည်း ဒေါသဖြစ်မိ၏။ စိတ်ကို ချုပ်တည်းထားသင့်ပါလျက် ပေါက်ကွဲထွက်လာသည်ကို စဉ်းစား၍မရ။ ချစ်ထွေးက ကြာညို့ခံစားချက်ကို နိုင်မိသဖြင့် ဝမ်းနည်းတသပုံရ၏။ ထွန်းထွန်းက ကြာညိုနား ရောက်လာသည်။

"ကြာညို . . . ဒီမှာ ဘာကြောင့်လာထိုင်လဲ ညီမလေးရယ်"

ထွန်းထွန်းမေးကာမှ ကြာညို ပို၍ ဝမ်းနည်းကာ ငိုမိပြန်ပါသည်။

"ကိုထွန်း . . . ကြာညိုတို့နဲ့ခွဲပြီး ပျော်စရာတွေရှာတော့မှာမို့ သိပ်ပျော်နေတယ်ပေါ့ . . . ဟုတ်လား"

ထွန်းထွန်းက ကြာညို့ပုခုံးလေးကို ဖက်ထားလိုက်ရင်း . . .

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမပြောပါနဲ့ရွှေကြာလေးရယ်၊ ကိုယ် ကြာညို့ရဲ့ခံစားချက်ကို ထိုးဖောက်မြင်နေရပါတယ်ကွယ်။ ကိုယ်လည်း ကြာညို့ကို ခွဲရတာ ဝမ်းနည်းပါတယ်။ ဒါပေမယ့်လည်း ပညာရေးကရှိတော့ . . .

"ကိုထွန်း"

"ဗျာ"

"ဟိုကျရင် ရည်းစားထားမှာလားဟင်"

"ရည်းစား . . . ဟုတ်လား။ ကိုယ့်မှာချစ်ရမယ့်သူရှိနေပြီပဲ။ အသစ်ရှာစရာ မလိုတော့ပါဘူး"

"ခြော် . . . ဟုတ်လား . . . ရီရီဝင်းပေါ့နော်"

"ကြာညိုရယ် . . . မင်း ဘာမှမသိပါလားကွာ။ ရီရီဝင်းနဲ့ကိုယ် ဘာမှမဆိုင်ဘူး။ ကိုယ်ချစ်တဲ့ကောင်မလေးက စွာတေးမလေး။ ပြီးတော့ ကိုယ့်ကိုလည်း သိပ်ချစ်တယ်။ ကိုယ့်မှာသာ အဆင့်အတန်းမရှိလို့၊ ပြီးတော့ ကျောင်းနေအရွယ်ဖြစ်နေလို့ မျိုသိပ်ထားရတာပါကွယ်။ ပြီးတော့ သားရေပေါ်အိပ် . . . သားရေနားစားဆိုတဲ့ စကားပုံလို . . ."

"တော်ပါတော့ ကိုထွန်းရယ်။ ကြာညို့တိုသာ မေ့မသွားဘူးလို့ ကတိပေး"

"ပေးပါတယ်ဗျာ၊ ပေးပါတယ်။ တဲ . . . ကိုယ်သွားလိုက်ဦးမယ်၊ ကြာညိုလည်း လာလေ"

"မလိုက်ချင်ပါဘူး။ ရထားဆိုက်မှ လာခဲ့မယ်"



ရထားဆိုက်လာတော့ ချစ်ထွေးက အရင်ဆုံးနေရာဦးဖို့ ခုန်တက်သွားသည်။ ပြီးမှ အောက်ကအထုပ်များကို တစ်ခုချင်း လှမ်းယူသည်။ အဖေနှင့်ထွန်းထွန်းကို နေရာချပေးပြီးမှ ချစ်ထွေးဆင်းလာသည်။ ဟော . . . ချစ်ထွေးမျက်ဝန်းအိမ်မှာလည်း မျက်ရည်တွေ ဝဲလို့ပါလား။ ရထားဥသြဆွဲတော့ . . .

"ကိုထွန်း . . . ကျောင်းပိတ်တာနဲ့ မြန်မြန်ပြန်လာနော်"

ကြာညို ရှိုက်ကြီးတငင်ငိုတော့ အမေကပါ မျက်ရည်ကျသည်။ ကြာညို ဘူတာကမပြန်နိုင်အောင် အကြာကြီး ငိုနေမိသည်။ ထွန်းထွန်းတို့စီးသွားသည့်ရထားကြီး ပျောက်ကွယ်သွားသည့်အထိ ရပ်ကြည့်နေမိသည်။

"ပြန်ကြပါစို့ သမီးရယ်။ လာ . . . လာ"

"ချစ်ထွေး . . . နင် သမီးစက်ဘီးစီးခဲ့။ ဒေါ်ကြီးနဲ့ကြာညို မြင်းလှည်းစီးပြီး ပြန်ကြမယ်"

မြင်းလှည်းပေါ်ရောက်တော့ အငိုမရပ်သေးသည့် ကြာညိုကို အမေက . . .

"သမီးကလည်း ငိုလိုက်တာမှ အရမ်းပဲ။ မျက်ခွံတွေများ မို့နေတာပဲ။ ကျောင်းပိတ်ရက်ပြန်လာမှာပဲဟာ"

အမေပြောမှ အမေ့ကို ဖက်ငိုမိပြန်သည်။

"အမေသဘောပေါက်ပါတယ် သမီးရယ်။ အမေတို့လည်း အထွန်းနဲ့သမီးကို မခွဲရအောင် စီစဉ်ပေးမှာပါ။ တိတ်တော့နော်"

www.burmeseclassic.com

www.burmeseclassic.com



အမေ့မှာ ဘာအစီအစဉ်တွေရှိမှန်းတော့ ကြာညိုမသိပါ။ ကြာညို့ရင်ထဲမှာတော့ ဆို့နင့်နေရသည်။ ဘာကြောင့်လဲ။ ဒါဟာ အချစ်ဆိုတာလား။ ယနေ့ထိ ပေါက်ဖွားမလာသေးသည့်အချစ်သည် ထွန်းထွန်းသွားမှ ပေါ်လာတာလား။

"ဟော . . . မြေးလေးတို့ပြန်လာပြီ။ သမီးရေ . . . ရထားအဆင်ပြေရဲ့လား"

"ပြေပါတယ်အမေရယ်။ အမေ့မြေးငိုလွန်းလို့ ကျွန်မ စိတ်တောင်ညစ်ပါတယ်"

"ဟုတ်ပါရဲ့တော်။ ပုံပျက်ပန်းပျက်ဖြစ်လို့ပါလား။ ဩော် . . . ဘုတ်ိုရေ့ အိမ်ကကြောင်ထီးလေးပျောက်သွားတော့ ကြောင်မလေးက ဘယ်လိုအော်သလဲ"

"ဟုတ်တယ်အဘွား။ အစာလည်းမစားဘူး။ တစ်နေ့လုံးတညောင်ညောင်နဲ့ . . . ဟီး . . . ဟီး"

"ဘုတ်ိုနော် . . . နင် သေချင်ပြီလား။ ငါ့ကို လာမစနဲ့"

** ** ** ** **

## အခန်း (၉)

ကျောင်းတက်ချိန်စောနေသေး၍ တရုတ်သချိုင်းရှေ့မှာ စက်ဘီးကို ဆင်းတွန်းပြီး ချစ်ထွေးနှင့်စကားပြောရင်း ကျောင်းကို လာခဲ့သည်။ မြက်တောထဲကဖြတ်လာတော့ မြက်သီးလေးများက ထဘီအောက်နားမှာ စိုက်ဝင်လာသည်။ မြက်သီးလေးတွေ ခြေသလုံးကို ပွတ်တိုက်မိတိုင်း ယားကျိကျိနှင့် . . .။

"ကြာညို . . . မြက်တောထဲက မသွားနဲ့လေ။ နင့်ထဘီမှာ မြက်သီးတွေစိုက်နေတာ နင်မသိဘူးလား။ စိတ်နဲ့လူနဲ့မကပ်တော့ဘူးလားဟယ် . . . ပြီးတော့ . . . နင့်မျက်နှာကြီးကလည်း မို့အစ်နေတာပဲ"

"ဖြစ်ပစေဟာ၊ နင်ရော ဝမ်းမနည်းဘူးလား"

ချစ်ထွေးသည် စက်ဘီးကို ရပ်တန့်လိုက်ပြီး ကြာညို့ဘက် လှည့်လိုက်သည်။

"ငါက ဝမ်းလည်းနည်းတယ်။ ဆုံးရှုံးမှုတွေလည်းဖြစ်တယ်။ တော်ပြီဟာ။ ငါ ကျောင်းတောင်မတက်ချင်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



“ဟ . . . ချစ်ထွေး။ နင်က ဘာတွေဆုံးရှုံးတာလဲ ပြောပါဦး”

“နင် တကယ်မသိတာလား၊ ဒါမှမဟုတ် မသိချင်ယောင်ဆောင်နေတာလား။ ငါ့မှာ ဘာမျှော်လင့်ချက်မှ မရှိတော့ဘူး။ မနေ့ထဲက နင့်ကို ငါ ဆုံးရှုံးလိုက်မှန်းသိတယ်လေ၊ ငါ့ဘဝဟာ ကောက်ရိုးပုံစောင့်ခွေးဘဝလည်း ရောက်ခဲ့ဖူးတယ်။ ကိုယ်စိုက်ထားတဲ့ပန်းလေးကို မခူးရက်လို့ကြည့်နေတာ၊ ခုတော့ . . . ငါ သူများအတွက်ပေးလိုက်ရပြီလေ။ အဲဒါ ငါ့ဆုံးရှုံးမှုတွေပေါ့။ ငါ အရမ်းခံစားရတယ်ဟာ။ ကြာညိုရယ် နင် . . . နင် သိပ်ရက်စက်တယ်ဟာ”

ချစ်ထွေးက ပြောပြောဆိုဆို မျက်ရည်ကျတော့ ကြာညို သနားမိပြန်သည်။

“ငါ့အတွက် နင် ခံစားရတော့ စိတ်မကောင်းပါဘူးချစ်ထွေးရယ်။ ငါ့အခြေအနေကလည်း ဘာမှန်းမသိသေးပါဘူး။ နင် အားမငယ်ပါနဲ့ဟာ”

ချစ်ထွေးက ခေါင်းရမ်းလျက် . . .

“ငါသိပါတယ် ကြာညိုရယ်၊ ညကတောင် ဒေါ်ငယ်က ငါ့ကို ပြောတယ်။ ကြာညိုကို နင် မမှန်းနဲ့တဲ့၊ အဘနဲ့နင့်အမေက ထွန်းထွန်းနဲ့လက်ထပ်ပေးဖို့ ရည်ရွယ်ထားပြီတဲ့။ ဒါကြောင့် ပိုက်ဆံအများကြီးအကုန်ခံပြီး ကျောင်းထားပေးတာပေါ့တဲ့။ ပြီးတော့ အဘပြန်လာရင် မြို့ထဲမှာ မြေကွက်ဝယ်ပြီး တိုက်တစ်လုံးဆောက်မယ်လို့လည်း ပြောတယ်”



“ကံကြမ္မာဆိုတာ ဘာမှ မှန်းလို့မရသေးပါဘူးဟယ် . . . တဲ့ သွားစို့နော်”

ချစ်ထွေးအတွက် ကြာညို စိတ်မကောင်းပါ။ သူ့အတွက် ဘာတစ်ခုမှ မျှော်လင့်ချက်မပေးခဲ့ရဘဲ သူ့စိတ်ထဲဖြစ်နေတာကိုတော့ ကြာညို မတတ်နိုင်ပါ။ အစတုန်းက ကြာညို ချစ်ထွေးအပေါ် မောင်နှမဆိုသည့် သံယောဇဉ်သာရှိခဲ့တာ ကြာညို သိသည်။ အချစ်ဆိုတာ တောင်းယူလို့မရသလို အလိုလိုပေါ်ပေါက်လာတတ်သည်ပဲ မဟုတ်လား။ ညနေဘက် အဘွားတ ဒေါ်သန်းရီတို့တဲတွင် ကွမ်းသီးယူခိုင်းသဖြင့် ကြာညို ဒေါ်သန်းရီတို့တဲဘက်သို့ ထွက်လာသည်။ တိုးတိုးနှင့်ကျော်ကျော်က ဆော့နေပြီး ဒေါ်သန်းရီက မရှိ၊ ချစ်ထွေးက သူ အမြဲတမ်းစာကျက်နေကျစားပွဲလေးမှာ ခေါင်းကို မှောက်လျက်သားတွေ့ရသည်။

“ချစ်ထွေး . . . ငါ ကွမ်းသီးလာယူတာ”

ချစ်ထွေးက ကြာညိုကို ကြည့်လိုက်ရာ . . .

“ဟာ . . . ချစ်ထွေး၊ နင် ငိုနေတယ် ဟုတ်လား။ ဘာဖြစ်လို့လဲဟယ်”

ထိုအခိုက် ဒေါ်သန်းရီရောက်လာသည်။

“အထွန်းသွားတဲ့နေ့ကစပြီး တစ်ညလုံးငိုနေတာ။ အိပ်လည်း မအိပ်ဘူး။ ခုလည်း ငိုပြန်ပြီလား ချစ်ထွေး . . . ဒေါ်ငယ်စိတ်ညစ်

www.burmeseclassic.com

www.burmeseclassic.com



အောင် မလုပ်ပါနဲ့လူလေးရယ်။ ကိုယ့်ဘဝနဲ့ကိုယ့်အကြောင်းလို့ပဲ မှတ်ပါဟယ်။ ဒေါ်ငယ်ပြောတာ နားလည်တယ်ဟုတ်"

ချစ်ထွေးက တွေးဆသောပုံစံဖြင့် ခေါင်းညိတ်ရှာသည်။ ထိုညက တစ်ညလုံး ကြာညို အိပ်မပျော်နိုင်ပါ။

** ** ** ** **

## အခန်း (၁၀)

အဖေပြန်လာတော့ ထွန်းထွန်းကို အဆောင်မှာထားခဲ့သည်ဟု ဆိုပါသည်။ ငွေအလုံအလောက်လည်း ပေးထားခဲ့သည်ဟု ပြောသည်။ အဖေက ရန်ကုန်ပြန်လက်ဆောင်များ ဝယ်ခဲ့သည်။ ချစ်ထွေးအတွက်လည်း ပါလာသဖြင့် ချစ်ထွေးစိတ်ကျေနပ်ကောင်းရဲ့ဟု မျှော်လင့်မိ၏။

"အဖေ . . .ကိုထွန်း ကားတွေဘာတွေစီးတတ်ပါ့မလား မသိဘူးနော်။ သမီးလည်း ရန်ကုန်တစ်ခေါက်လောက်သွားချင်လိုက်တာ"

"ပြောမနေနဲ့သမီးရေ။ အဖေတောင် မျက်စိတွေလည်လို့ ကားစီးရတာလည်း အရမ်းမူးတာပဲ။ တဖြည်းဖြည်းတော့ ဖြစ်သွားမှာပေါ့။ ဘာလဲ . . . သမီးက အထွန်းအတွက် ပူတတ်နေပြီလား"

"အဖေကလည်း"

ကြာညို အရမ်းရှက်သွားသည်။ ကြာညို့ရင်ထဲကအပူတို့ အဖေတို့ သိသွားကြသဖြင့် အနေခက်လှသည်။ အဖေက အမေ့တို မျက်စပစ်ပြသည်ကို ကြာညို တွေ့လိုက်ရသဖြင့် . . .

"အဖေနော် . . . ဘာမှန်းလဲမသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကြာညို ရှက်ရမ်း ရမ်းပြီး အပေါ်ထပ်ပြေးတက်ကာမှ လှေကားအထစ်ကျော်ပြီး ခလုတ်တိုက်မိသေးသည်။ အဖေက ဒီနှစ်ဆယ်တန်းအောင်လျှင် သုံးယောက်လုံးအတူတူနေရအောင် ရန်ကုန်မှာ ကျောင်းထားပေးမည်ဆိုသော်လည်း အစမ်းစာမေးပွဲ အောင်မှတ်ရကတည်းက ကြာညို စိတ်ဓာတ်ကျနေပြီ။ အင်္ဂလိပ်စာကျပြီး သင်္ချာက အမှတ်လေးဆယ်ပဲရသည်။ ချစ်ထွေးကတော့ မဆိုး၊ အတော်ကြီးမဟုတ်သော်လည်း ဘာသာစုံအောင်သည်။ ကိုထွန်းနှင့် အတူတူကျောင်းတက်ချင်ပါမှ စာမေးပွဲအောင်ဖို့ လမ်းစရှိပါတော့မလားဟု တွေးမိတော့ စိုးရိမ်စိတ်များဝင်ခဲ့သည်။

"သမီး . . . အထွန်းဆီက စာလာတယ်"

အဘွားက စာလေးထုတ်ပေးသဖြင့် စာအိတ်ကို ကမန်းကတန်းယူပြီး အိမ်ပေါ်ပြေးတက်သွားသည်။ ဒိတ်ဒိတ်ခုန်နေသော ရင်အခုန်က မရပ်။

သို့ . . .

ချစ်သောရွှေကြာရေ . . .

ကိုယ် ရန်ကုန်ရောက်တော့ ကြာညိုလိုပဲ သတိရနေပါတယ်။ ချစ်ထွေးကိုလည်း သတိရလို့ စာတစ်စောင်ရေးလိုက်ပါတယ်။ ရွှေကြာလေးနဲ့ခွဲခွာရမှ ရွှေကြာ ဘယ်လောက် ကိုယ့်ကိုချစ်တယ်ဆိုတာ သိရတော့တယ်။ ဆရာဝန်တစ်ယောက်ဖြစ်ဖို့ဆိုတာလည်း မလွယ်ပါဘူးကွာ။ ငွေအား၊ လူအား အများကြီးစိုက်ထုတ်ရလို့ အဘ



တို့ကိုလည်း အားနာတယ်။ ကိုယ် ဆရာဝန်တစ်ယောက်ဖြစ်အောင်တော့ ကြိုးစားမှာပါ။ ရွှေကြာရော ကိုယ့်ကို သတိရနေလား။ ငိုတော့ မငိုနဲ့တော့နော်။ စာမေးပွဲအတွက် အစွမ်းကုန်အားစိုက်ပါကွာ။ အချစ်ဆိုတာ အခုမှ ကိုယ်လည်း ခံစားမိတော့တယ်။ မင်းအတွက်နဲ့ ချစ်ထွေးလည်း အရမ်းခံစားရမယ်ဆိုတာ ကိုယ်သိတယ်။ ကိုယ်လာတဲ့နေ့က ရွှေကြာအရမ်းခံစားရတယ်ဆိုတာလည်း ကိုယ်သိတာပေါ့။ ကိုယ်လည်း ရွှေကြာနဲ့ခွဲနေရမှ အရမ်းချစ်မှန်းသိတော့တယ်။ ကိုယ့်ကို ချစ်ရင် စာကြိုးစားပါနော်၊ စာတော့ တစ်ပတ်တစ်စောင်ရေးမယ်။ ရွှေကြာက စာကျက်ပျက်မှာစိုးလို့ ကိုယ့်ဆီကို နှစ်ပတ်တစ်စောင်ရေးရင် တော်ပါပြီ။ ကိုယ် ဒီမှာ ရည်းစားမထားပါဘူး။ ကိုယ့်ဘဝပေးအခြေအနေကို သိပါတယ်။ ကိုယ်ချစ်ရမယ့်သူဟာ ရွှေကြာဖြစ်သလို ကိုယ်လက်တွဲရမယ့်သူကလည်း ရွှေကြာပဲဖြစ်မှာပါ။ အဘကလည်း ကိုယ့်ဆီက ကတိစကားတွေ တောင်းသွားပါတယ်။ အမြန်ဆုံး နီးချင်ပြီကွယ်။

ချစ်သော ကိုယ် . . .

စာဆုံးတော့ ကြာညို မျက်ရည်ကျမိပြန်သည်။

အဖေ ဘာကတိတွေ တောင်းခဲ့ပါသလဲဟု တွေးမိတော့ မေးရဲသည်မို့ မမေးဖြစ်ပါ။

** ** ** ** **

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဒီဇင်ဘာကျောင်းပိတ်ရက်တွင် ကိုထွန်း ပြန်လာသည်။ ရန်ကုန်သား ဖြစ်သွားသည့်ကိုထွန်းသည် ပို၍ချောနေသလို သန့်ပြန့်နေသည်။ ကိုထွန်းပြန်လာသည့်အတွက် တစ်အိမ်လုံးပျော်နေကြသလို ကြာညိုက အကဲဆုံးဖြစ်သည်။ ချစ်ထွေးက အဖေနှင့် ကွင်းထဲလိုက်သွားသည်မို့ အိမ်တွင်မရှိ။ ထွန်းထွန်းက သူငယ်ချင်းများကို လိုက်နှုတ်ဆက်မည်ဆိုသဖြင့် ကြာညိုနှင့်အတူ ထွက်လာခဲ့သည်။ အဘွားက မလွှတ်ချင်သော်လည်း ခဏပါဟု ပြောခဲ့ရသည်။ ထွန်းထွန်းက မြို့ထဲတန်းမသွားဘဲ ကျောင်းသွားရာလမ်းကြောင်း အတိုင်းလာခဲ့ကြသည်။

"ကိုထွန်း . . . မြို့ထဲသွားမယ်ဆို၊ ဘာဖြစ်လို့ ဒီဘက်က လာရတာလဲ"

"ကျောင်းကိုကြည့်ပြီး ပုလိပ်ဝင်းဘက်ကသွားမယ်လေ"

"အို . . . အဲဒါ ပိုဝေးတာပေါ့"

"ဝေး . . . ဝေး ရွှေကြာနဲ့စကားပြောချင်လို့ အကြံအဖန်လုပ်တာ။ ဟိုရှေ့က အကြော်တဲမှာ ထိုင်ကြမယ်နော်"



အကြော်တဲမှာ အကြော်မှာပြီးစားကြသည်။ သည်အကြော်တဲလေးသည် ကြာညို စားနေကျ။ ကျောင်းပိတ်ရက်မို့ လူရှင်းသည်။ ကြာညိုတို့နှစ်ယောက်က သစ်ပင်ရိပ်တွင် ချထားသောခုံဝိုင်းတွင် ထိုင်လိုက်သည်။ အကြော်သည်အဒေါ်ကြီးကလည်း သူ့အလုပ်နှင့် သူ ရှုပ်နေသည်။

"ရွှေကြာ . . . မောင့်ကို ချစ်လားဟင်"

"ဟာကွာ . . . ဘာမောင်လဲ ခေါ်ရဲပါဘူး"

"ခေါ်ရမယ်ကွာ။ ဘာလဲ . . . မင်းမှာ ခေါ်ရမယ့်လူ ရှိနေလို့လား"

"ကိုထွန်းနော် . . . ကြာညိုကို လာမဆွနဲ့"

"ခဲလုံးပါလာသေးလား"

ကြာညိုတို့ ရယ်ဖြစ်ကြသည်။

"ပြောလေကွာ။ ချစ်တယ်လို့"

ကြာညိုက ခေါင်းညိတ်ပြလိုက်သည်။

"မရဘူးကွာ . . . မရဘူး ပါးစပ်ကပြော"

ထွန်းထွန်းက ကြာညို့လက်လေးများကို ဆုပ်ကိုင်ထားသည်။

"ချစ်ပါတယ်လို့ ပြောပြီးပြီပဲ"

"မောင်လည်း သိပ်ချစ်မိနေပါပြီရွှေကြာရယ် . . . မောင့်ကို ပစ်မသွားပါနဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"အိုး . . . မောင်ကလည်း ကောက်ညှင်းကမစေး၊ ဆန်ကြမ်းက စေးနေပြန်ပြီ၊ အဲဒီစကား ကြာညိုပြောရမှာပါနော်။ မောင်ကသာ သစ္စာမဲ့ကြည့် ကြာညိုလိုက်လာမှာ"

ဘဝမှာ ပထမဆုံးချစ်သူနှင့်အတူတွေ့ရသဖြင့် ကြာညို့တစ်ကိုယ်လုံး နတ်ပူးသလို ခံစားရတော့သည်။ ထွန်းထွန်းက ကြာညိုနား ပူးကပ်လာတော့ . . .။

"မောင်နော် . . . ရေမွှေးတွေဘာတွေနဲ့ဖြစ်လာပြီပေါ့ ဟုတ်လား။ အရင်က ကြာညို ရေမွှေးဆွတ်ရင်ပြောပြီးတော့"

"ကြာညိုနားကပ်မှာမို့ မွှေးအောင်ဆွတ်လာတာလေ။ ကြာညိုက ရေမွှေးကြိုက်တယ်မဟုတ်လား။ မွှေးကြည့်စမ်း . . ."

ထွန်းထွန်းက သူ့ရင်ဘတ်ကို အတင်းမွှေးခိုင်းနေတော့ ကြာညို မနေတတ်။ ပြီးတော့ ကြာညိုနဖူးလေးကို "ရွှတ်ခနဲ" နမ်းလိုက်သဖြင့် ကြာညို လန့်ဖျပ်သွားသည်။

"မောင်နော် . . . လူလည်မကျနဲ့။ အဘွားတို့စိတ်ပူမယ်။ ပြန်ကြရအောင်"

"နေပါဦး ကြာညိုရယ် . . . ချစ်တွေးမရှိတုန်း လွှတ်လွှတ်လပ်လပ်လည်ရတာ။ ဒီကောင်ကြီးရှိရင် မျက်နှာပူတယ်"

"ဟုတ်တယ်မောင်ရယ်။ မောင်သွားတော့ ချစ်တွေးလေ သူ့တဲလေးမှာ နှစ်ညတောင်ငိုလို့ ဒေါ်ငယ်တို့ မနည်းဖျောင်းဖျရတာ။ စိတ်တောင်မကောင်းဘူး"



"ဘာလဲ . . . မောင်နဲ့ခွဲရလို့လား"

"ဟုတ်လိမ့်မယ် အားကြီး . . . ကြာညို့ကို ဆုံးရှုံးသွားလို့တဲ့။ ခုတော့လည်း ချစ်အားငယ်ရတဲ့ချစ်တွေး ပုံမှန်ဖြစ်သွားပါပြီ။ ကြာညို့အပေါ်လည်း ညီမလေးလိုပဲ ဆက်ဆံတယ်"

"အေးကွာ . . . မောင်လည်း စိတ်မကောင်းပါဘူး။ ဒီကောင်ကြီး မောင့်အပေါ်တော့ အနိုင်မယူချင်ရှာဘူး။ တော်ပါတယ်ကွာ"

"ကဲပါ မောင်ရယ် . . . ဒါတွေပြောမနေနဲ့တော့။ ပြန်ကြရအောင်နော်။ အဘွားစိတ်ပူနေမယ်"

"အဘွားတို့က စိတ်ပူမှာမဟုတ်ပါဘူး။ အဖေတို့အမေတို့ကလည်း သဘောတူထားပြီးပြီဟာ"

"အောင်မာ . . . ဘာအဖေလည်း ခေါ်ပါနဲ့နော်"

"ဟား . . . ယောက္ခမတွေကို အဖေအမေခေါ်တာ ဆန်းလား"

"ဒါထက် . . . မောင့်ကို မေးရဦးမယ်။ စာထဲမှာပါတဲ့ အဖေ့ကို ကတိပေးတယ်ဆိုတာ ဘာလဲဟင်။ ကြာညိုအရမ်းသိချင်တာပဲ"

"အဖေက မောင့်ကို သူ့သမီးနဲ့လက်ထပ်ပေးမယ်တဲ့။ တခြားဘယ်သူ့ကိုမှ မယူရဘူးတဲ့"

"ဒါဆို မောင်က ဆရာဝန်ဖြစ်ချင်လို့ ကြာညို့ကို လက်ထပ်မှာပေါ့"

"ဒီလိုလည်းမဟုတ်ဘူးလေကွာ။ သူ့သမီးချစ်နေတာ သိလို့ပါ"

"သိပါတယ်။ ကြာညိုက မောင့်ကိုစပြီးချစ်ရတာပါနော်။ မောင်က ကြာညို့ကို မချစ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟော . . . ကြည့် ငိုတော့မယ်။ ရေနွေးခရားဘေးဖယ်ထားမှဖြစ်မယ်။ တော်ကြာ ကောက်ထုခဲနေရဦးမယ်"

"ဆေးကျောင်းသူလေးတွေ ချောလားဟင်"

"ချောလည်းချောတယ်။ အနားကဖြတ်သွားရင် တအားမွှေးတာ"

"ဟုတ်မှာပါလေ။ ကြာညိုက ငါးပိနံ့ နံတဲ့သူပဲ မယှဉ်ရဲပါဘူး"

ကြာညို ဝမ်းနည်းနေပြန်ပြီ။

"နံလို့လား။ နံမနံ မွှေးကြည့်စမ်းမယ် . . . မနံပါဘူး"

"တော်ပြီကွာ . . . မောင် ရန်ကုန်ရောက်မှ အရမ်းတတ်လာတယ် ပြန်ကြမယ်"

ထွန်းထွန်းက ကြည်ကြည်နူးနူး ရယ်နေသည်။

"မောင် . . . မြို့ထဲမသွားရင် ပြန်ကြမယ်လေ"

"မပြန်သေးပါဘူး။ စမ်းချောင်းလေးကို ကြည့်ဦးမယ်"

ကြာညိုတို့ကျောင်းအနီးတွင် အမြဲကြည်လင်နေသည့် စမ်းချောင်းလေးရှိသည်။ ထိုစမ်းချောင်းလေးမှာ အထက (၁) ကျောင်းသား၊ ကျောင်းသူများ၏ နှစ်သက်ကြည်နူးစရာ၊ ရင်ခုန်စရာဖြစ်သည်။ ဤစမ်းချောင်းလေးမှာ ကြာညိုတို့ငယ်စဉ်ကတည်းက ဆော့ကစားရာနေရာလည်းဖြစ်သည်။

ကြာညိုနှင့်မောင်က စမ်းချောင်းလေးရောက်တော့ သဘာဝက ဖန်တီးပေးထားသောကျောက်တုံးပေါ် နှစ်ယောက်သားထိုင်မိသောအခါ မောင်က ရေမှုန်လေးများဖြင့် ကြာညို့မျက်နှာကို



တောက်လိုက်သည်။ ပြီးလျှင် အနီးအနားတဝိုက်ရှိ နဘူးခြုံများမှ နဘူးပွင့်လေးများကိုခူးကာ စမ်းရေထဲသို့ မျှောလိုက်သည်။ ပွင့်ဖတ်ဝါဝါလေးများက စမ်းချောင်းလေးထဲသို့ စီးမျောသွားသည်။ မောင်က သူအလွန်ကြိုက်နှစ်သက်သော **"အလွမ်းနွေကို စမ်းရေထဲမှာ မျှောလိုက်မည်"** ဆိုသည့်သီချင်းကို မတိုးမကျယ် ဆိုနေသည်။

**"အလွမ်းနွေကို . . . စမ်းရေထဲမှာ မျှောလိုက်မည် . . . ချစ်ကြမ္မာအကျိုးပေးတာ ဆိုးလှပါသည် . . . ပျော်စရာတွေလည်း ဖော်တွာဝေးဆဲ . . . မျှော်တာငေးမြဲငေးမိပါသည်"**

"မောင် . . . ကြာညိုရဲ့အချစ်တွေကို ဒီလိုပဲ မျှောလိုက်မှာလားဟင်"

"ကြာညိုကလည်းကွာ၊ နိမိတ်မရှိတာ။ ခုပဲ ချစ်၊ ခုပဲ ပစ်ရမှာလား"

ထွန်းထွန်းက ကြာညို့ကိုဖက်ရင်း . . .

"မောင့်အချစ်ကို ယုံပါအချစ်ရယ်၊ ဟော . . . ဟိုမှာမြင်ရတဲ့ မြသပိတ်ဘုရားကြီးနဲ့ နေမိန္ဒရဘုရားကို တိုင်တည်ပြီး သစ္စာဆိုပါတယ်ကွာ"

"တကယ်"

ထွန်းထွန်း၏နှစ်သိမ့်မှုများကြောင့် ကြာညို ကျေနပ်ပီတိဖြစ်ရသည်။

** ** ** ** **

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

နောက်တစ်နေ့ ဦးလေးဖိုးမောင်နှင့်အတူ ကိုထွန်းတစ်ယောက် လယ်ကွင်းထဲလိုက်ဖို့ပြင်တော့ ကြာညိုပါ လိုက်ချင်ပေမယ့် အမေက မထည့် . . .။

"မောင် . . . ဟိုမှာမအိပ်နဲ့နော်။ ညနေပြန်လာ သိလား"

"အဖေခေါ်ထားရင်တော့ အိပ်ရမှာပဲ"

"မရဘူးကွာ။ ပြန်လာဆိုပြန်လာ။ ဦးလေးကို ကြာညိုမှာလိုက်မယ်"

ကြာညိုက သွားခါနီး တိုးတိုးကပ်မှာလိုက်သည်။

ကျောင်းပိတ်ရက်က ခဏလေးလိုပါ။ မောင် ပြန်ခါနီး အမေက ငါးပိကြော်၊ ဘာလချောင်ကြော်၊ လက်ဖက်မှအစ စားစရာများအစုံ လုပ်ပေးလိုက်သည်။ အဖေကလည်းမအား၊ အမေကလည်း မအားသဖြင့် ချစ်ထွေးနဲ့ကြာညိုပဲ လိုက်ပို့ပေးသည်။

"ချစ်ထွေး . . . ကြာညို့ကို စောင့်ရှောက်ပါကွာ။ မင်းလည်း ဒီနှစ် အောင်, အောင် ကြိုးစားပါနော်"

"ကံပေါ့ . . . သူငယ်ချင်းရာ။ ငါက ကံမကောင်းတတ်ဘူးကွ"



ချစ်ထွေးက အဓိပ္ပာယ်ပါသောစကားလုံးများဖြင့်ပြောသည်။

"ကဲ . . . ရထားမလာခင် မင်းတို့ အလွမ်းသယ်ကြဦး။ ငါ ဟိုဘက်လျှောက်လိုက်ဦးမယ်"

ချစ်ထွေးထွက်သွားတော့ . . . ထွန်းထွန်းက . . .

"ချစ်ထွေးလည်း သနားပါတယ်ကွာ။ သူ . . . ကြာညို့အတွက် တော်တော်ခံစားနေပုံရတယ်။ ဒါပေမယ့် သူငယ်ချင်းကောင်း ပီသတယ်။ ကြာညိုလည်း ချစ်ထွေးစကားနားထောင်ပါကွာ"

"မောင်ကလည်း . . . ချစ်ထွေးကိုများ အပ်နေရသေးတယ်။ ကြာညို့လောက် သတ္တိမရှိပါဘူး"

"သိပါတယ်။ မင်းကိုထိန်းဖို့မှာတာ။ မင်းက တဇွတ်ထိုးလုပ်တတ်လို့"

"မောင်နော် . . . လေသံမပြောင်းနဲ့။ ခုတည်းက ကြာညို့ကို စိတ်မရှည်ချင်တော့ဘူး ဟုတ်လား"

"မောင်က ကြာညို့ကို ကောင်းစေချင်တဲ့စေတနာပါကွာ။ ဘာလဲ . . . မောင့်ဇနီးလောင်းကို ဒီလောက်လေးတောင် ပြောလို့မရဘူးလား"

"မောင်က ဒီကိစ္စအတွက် ကြာညို့ကို အပြစ်တစ်ခုလိုမြင်နေတာ။ ကဲပါ သွားခါနီး၊ လာခါနီး။ ချစ်ထွေးစကား နားထောင်ပါ့မယ်။ မောင်သာ ဇွဲမဖောက်ပါနဲ့"

www.burmeseclassic.com



"ကြာညိုကလည်းကွာ . . . မယုံရင် ဒီနှစ်ဖြေပြီးရင် အဖေတို့ကိုဖွင့်ပြောပြီး လက်ထပ်မယ်။ မောင်က ကြာညိုတို့ကို မှီခိုနေရတာပါ။ ဟောဒီက သူဌေးသမီးကို မတော်လှန်ရဲပါဘူးဗျာ"

ထွန်းထွန်းစကားကြောင့် ကြာညို ကျေနပ်သွားရပြန်သည်။

"မောင် . . . ဒီတစ်ခါ အဖေက မောင့်ကို ပိုက်ဆံပေးသေးလား"

"ပေးပါတယ်။ အဖေက ရန်ကုန်လိုက်ပို့ကတည်းက ဘဏ်မှာ ငွေထည့်ခဲ့ပေးတာ။ ကြာညိုအသိသားနဲ့။ သူ့သမက်လောင်းပွေလို့ ရအောင် အတောင့်အတင်း . . . အား . . ."

ထွန်းထွန်းစကားမဆုံးခင် ကြာညိုက ပေါင်ကိုဆွဲလိမ်လိုက်သဖြင့် ထွန်းထွန်းနာလွန်း၍ တအားအော်လိုက်သည်။ ထွန်းထွန်းက ကြာညို့ပုခုံးလေးဖက်ထားသဖြင့် . . .။ ကြာညိုကလည်း အလိုက်သင့် ထွန်းထွန်းပခုံးပေါ် ခေါင်းလေးမှီထားလိုက်သည်။

"မောင်ရယ် . . . မောင့်ကို ကြာညို သိပ်ချစ်တယ်သိလား"

"မောင်ရောပဲ"

"ပြိုင်မလား"

"စိန်လိုက်လေ။ ဟော . . . ရထားလာပြီ။ စာကျက်နော်။ ကျန်းမာရေးဂရုစိုက်။ စာမေးပွဲကလည်း သိပ်မလိုတော့ဘူး။ လျှောက်လည်း လည်မနေနဲ့။ မောင့်ကိုလည်း စိတ်ချ။ ကြာညို့ကိုလည်း မောင် စိတ်ချပါရစေနော်။ မောင်မှာတာတွေ မမေ့ပါနဲ့နော်"



သည်တစ်ခါပြန်တော့ ထွန်းထွန်း ထိုင်ခုံမရပါ။ သထုံမှာ ဆင်းမည့်သူများ၏နေရာလပ်များကိုဦးရန် ရထားအရှိန်နည်းနည်းလျှော့ကတည်းက ချစ်ထွေးနေရာတက်ဦးပေးသည်။ နေရာရတော့ ထွန်းထွန်းက လိုက်တက်ပြီးမှ ချစ်ထွေးဆင်းလာသည်။ သြော် . . . ချစ်ထွေးသည် သူတစ်ပါးနေရာရဖို့ ပေးဆပ်နေရရှာပါလားဟု တွေးမိတော့ ကြာညို စိတ်မကောင်းဖြစ်ရပြန်သည်။ မငိုတော့ဘူးဆိုတာမှ ထွန်းထွန်းတို့ရထားထွက်သွားတော့ ကြာညို မျက်ရည်ကျရပြန်သည်။ အပြန်တွင် . . .

"ကြာညို . . . နင် အထွန်းကို အရမ်းချစ်နိုင်တာပဲနော်"

"ချစ်တာပေါ့။ နင်လည်း ရည်းစားထားပါလားဟယ်"

"တော်ပါပြီဟာ။ ငါ့မှာ အချစ်တွေမရှိတော့ပါဘူး"

ချစ်ထွေးအတွက် စိတ်မကောင်းသော်လည်း ဘာမှ မတတ်နိုင်။

စာမေးပွဲနီးလာပြီမို့ စာမေးပွဲအတွက် လုံးဝန်းနေရသဖြင့် ချစ်ထွေးကိုလည်း အမေတို့က ဘာမှမခိုင်း၊ စာကိုသာ ကျက်ခိုင်းသည်။ စာမေးပွဲပြီးသောအခါ ချစ်ထွေးက ဖြေနိုင်သဖြင့် ဝမ်းသာရသလို ကြာညိုက အားမရ။ အဖေနှင့်အမေတို့က အားပေးသည်။

"ဒီနှစ်မအောင်တော့လည်း နောက်နှစ်တွေကြိုးစားပေါ့သမီးရယ်။ စိတ်ဓာတ်မကျပါနဲ့။ အောင်စာရင်းထွက်လာရင် ကြည့်ပါဦး"

ဒီနှစ်ကျောင်းပိတ်ရက်မှာ ကြာညို စိတ်ညစ်စရာတွေပဲ ကြုံနေရသည်။ ထွန်းထွန်းကလည်း လေ့လာရေးခရီးထွက်မှာဖြစ်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပြန်မလာဟု စာလာထားသည်။ စာမေးပွဲအတွက်စဉ်းစားမိတိုင်း စိတ်မချဖြစ်ရသည်။

ကြာညိုစိတ်ပူစရာသည် တကယ်ဖြစ်လာခဲ့သည်။ အောင်စာရင်းများထွက်သည့်အခါ ချစ်ထွေးသာအောင်ပြီး၊ ကြာညိုကျသည်။ ကြာညိုတို့အတန်းက သုံးယောက်ပဲ အောင်သည်။ အမေက ကျောင်းပြန်တက်ခိုင်းသည်။ ကြာညို့သူငယ်ချင်းများက ကုန်သွယ်ရေးမှာအလုပ်ခေါ်သဖြင့် အလုပ်လျှောက်ပြီး အပြင်က ဖြေမည်ဟုဆိုသည်။ ချစ်ထွေးကို အဖေက မော်လမြိုင်ကောလိပ်တွင် ကျောင်းဆက်တက်ခိုင်းသော်လည်း ချစ်ထွေးက မတက်၊ ကုန်သွယ်ရေးတွင် အလုပ်လျှောက်သည်။

"ချစ်ထွေး . . . နင် ဘာလို့ကျောင်းမတက်တာလဲ။ ဘွဲ့ရအောင် လုပ်ရမှာ။ အဖေက နင့်ကို ကျောင်းထားပေးမှာပဲ"

ချစ်ထွေး ခေါင်းရမ်းသည်။

"ငါ နင့်ကိုထားပြီး မသွားရက်ပါဘူးကြာညိုရယ်"

"ဟာ . . . ချစ်ထွေး၊ နင် ရူးနေလား။ ငါ့ဘဝနဲ့ငါပါဟာ။ နင် တိုးတက်အောင်လုပ်စမ်းပါ။ နင် အရာရှိတစ်ယောက်ဖြစ်အောင် လုပ်ပါ။ ငါ တောင်းပန်ပါတယ်ဟာ"

"ငါ ဆုံးဖြတ်ပြီးပြီ ကြာညို၊ ငါ ကုန်သွယ်ရေးမှာ အလုပ်လျှောက်ပြီးပြီ၊ ဆယ်တန်းအောင်ပြီးသားလူတစ်ယောက်ပဲ၊ တစ်နေ့ အကျိုးရှိလာမှာပါ"



"နင် ဘာကြောင့် တက္ကသိုလ်ဆက်မတက်ချင်တာလဲ။ သူများတွေများ ကောလိပ်ကျောင်းတက်ချင်လို့၊ စာမေးပွဲမအောင်လို့ တက်နိုင်တာနဲ့၊ စီးပွားရေးအဆင်မပြေလို့ မတက်နိုင်တာနဲ့၊ နင့်လုပ်ရပ်ကို ငါ ဘာမှနားမလည်တော့ဘူး။ အဖေတို့အမေတို့က လည်း စိတ်မကောင်းဖြစ်နေတယ်။ ဘာကြောင့်လဲ၊ ဘာအခက်အခဲ ရှိလို့လဲဆိုတာ ပြော . . ."

"ကြာညို . . . နင် ဘာမှမသိဘူးနော်။ အထွန်းက နင့်ကို စောင့်ရှောက်ဖို့ မှာခဲ့တာလေ။ ပြီးတော့ နင်အောင်ရင်တော့ အတူတူတက်ချင်တာပေါ့"

"ကိုထွန်းကြောင့်ဆို ငါ ကိုထွန်းကို ပြောမယ်"

"မဟုတ်ဘူးကြာညို။ ငါလေ . . . ငါ လိုချင်တပ်မက်နေမိတဲ့ အချစ်လမင်းကြီးကို မရနိုင်မှန်းသိပေမယ့်၊ နင့်ကိုပစ်ပြီး ငါ မသွားရက်ဘူး။ နင် တစ်ယောက်တည်း အထီးကျန်ဖြစ်မှာကို မလိုလားဘူး။ ငါဟာ အမြဲနောက်ကျခဲ့တဲ့လူတစ်ယောက်ပါကွာ။ နင်တို့ကို ဘာမှ ထည့်မတွက်နဲ့။ ရှင်းရှင်းပြောရရင် ငါ နင်နဲ့ဝေးတဲ့ နေရာကို မသွားချင်လို့ပါ။ နင့်အပေါ် ချစ်တဲ့အချစ်ဟာ ပေးဆပ်ခြင်းသက်သက်ပါ။ နင့်ဆီက တုံ့ပြန်မှုမရနိုင်သလို ငါ မမျှော်လင့်တော့ပါဘူး"

"ချစ်ထွေး"

ကြာညို ချစ်ထွေးအတွက် ပထမဆုံး ငိုမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို နင် ဒီလောက်အထိချစ်မှန်း ငါ မသိခဲ့ပါလားကွယ်၊ နင့်ရဲ့ဖြူစင်တဲ့အချစ်ကို ငါ မယူလိုက်ရပေမယ့်၊ ချစ်နိုင်လွန်းတဲ့ နင့်ကို ငါ အသိအမှတ်ပြုပါတယ်ဟာ။ ကိုထွန်းသာ ငါ့ဘဝထဲ ရောက်မလာရင် နင် ငါ့အချစ်ကို ရမှာပါ"

"ကဲပါ ကြာညိုရယ် . . . မဖြစ်နိုင်တာတွေ ပြောမနေပါနဲ့ တော့။ နင် ကျောင်းတက်မှာလား၊ အလုပ်လျှောက်မှာလား ပြော"

"ငါ ကျောင်းပြန်တက်ပါ့မယ်။ သန်းသန်းရီနဲ့ အညွန့်လဲ ပြန် တက်မယ်တဲ့၊ အလုပ်ကတော့ နောက်မှပဲလုပ်တော့မယ်။ ငါ စာမေးပွဲကျတဲ့အကြောင်း ထွန်းထွန်းကိုလည်း စာရေးလိုက်ပြီ။ နင် လည်း ရေးလိုက်ပါဦး"

ချစ်ထွေးသည် အမေတို့တားနေသည့်ကြားမှ ဆုံးဖြတ်ချက်ကို မပြင်ဘဲ ကုန်သွယ်ရေးတွင် အောက်တန်းစာရေးဝင်လုပ်သည်။ အဖေက မနှစ်သက်၊ ချစ်ထွေးအတွက် စိတ်မကောင်းဖြစ်နေသည်။

"ချစ်ထွေးကလည်းကွာ . . . အဘတို့ကို အားနာစရာမရှိ အားနာနေတယ်။ ဒီဝင်ငွေလောက်တော့ အဘတို့ အလုပ်မှာလုပ် ရင်လည်း ရနိုင်ပါတယ်ကွာ"

"သိပါတယ်အဘရယ်။ ဝန်ထမ်းလောကအတွေ့အကြုံရချင် လို့ပါ။ ကျွန်တော် ဒီအတိုင်းမနေပါဘူး။ အပြောင်းအရွှေ့လုပ်လို့ ရရင် ကျွန်တော် ရန်ကုန်မှာ လုပ်သားကောလိပ်တက်ရင်း ဘွဲ့ တစ်ခုခု ယူမှာပါ"



ချစ်ထွေးက အလုပ်လုပ်ပေမယ့် ထွန်းထွန်းမရှိသည့်အတွက် အိမ်၏ ဝေယျာဝစ္စများကို အရင်အတိုင်းလုပ်ပေးသည်။ ကြာညို့ကိုလည်း ကျောင်းလိုက်ပို့ပြီးမှ သူ့ရုံးသူ သွားသည်။ ညနေဘက် အဆင်ပြေလျှင် လာကြိုသည်။ မပြေသည့်အခါ ကျောင်းကုန်း - တက်ထောင်လမ်းဝမှာ စောင့်နေသည်။ တစ်ခါတစ်ရံ ချစ်ထွေး အလုပ်များ၍ လာမကြိုနိုင်လျှင် ရွာက သန်းသန်းနုနှင့်အတူပြန် သည်။ ထိုအခါများတွင် ချစ်ထွေးကို လွမ်းသလိုလိုခံစားရပြန်တော့ ချစ်ထွေးကို သနားနေမိပြန်သည်။ တကယ်တော့ ချစ်ထွေးသည် ကြာညို့အပေါ် အနွံတာခံနိုင်လွန်းသည်။ ကြာညိုဆိုးနွဲ့သမျှ ခံရ သည်။ ထွန်းထွန်းထက်စာလျှင် ချစ်ထွေးသည် ကြာညို့အတွက် သူငယ်ချင်းကောင်း ပိုဖြစ်ခဲ့သည်မှာ ငြင်းပယ်၍မရပါချေ။ ညဘက် အဘွားနှင့်အိပ်ရာထဲရောက်သည့်အခါ ချစ်ထွေးအကြောင်း ပြော ဖြစ်ခဲ့သည်။ လစာထုတ်သည့်နေ့တွင် ချစ်ထွေးသည် ပြည်သူ့ဆိုင်မှ ရောင်းချသော တိုတယ်ထဘီလေးကွင်း၊ နှစ် တစ်ရာ ချည်ချော ဆိုးနှစ်ထည်ဝယ်လာပြီး ကြာညိုတို့တစ်အိမ်လုံး၊ ဦးလေးဖိုးမောင် နှင့် ဒေါ်ငယ်တို့ကိုပါ ကန်တော့သည်။ အဖေက စိတ်မကောင်းဖြစ် သလို၊ အမေကလည်း မယူရက်အောင်ဖြစ်သည်။ ညဘက်တွင် အဘွားက . . .

"မြေးလေး . . . ချစ်ထွေး ကောလိပ်ကျောင်းဘာလို့မတက် တာလဲ၊ သိရင်ပြောစမ်း၊ ဖိုးမောင်တားလို့လား [illegible] သန်းရီက ကြိုက်လို့လား"

www.burmeseclassic.com

www.burmeseclassic.com

ကြာညို ဖြေသင့် မဖြေသင့် စဉ်းစားနေသည်။ ပြီးမှ . . .

"အဘွား . . . အမေတို့ကို မပြောနဲ့နော်"

"အေးပါ . . . ပြောမှာသာ ပြောစမ်းပါ"

"သမီးကိုစိတ်မချလို့ အထွန်းကမှာသွားတယ်။ ပြီးတော့ . . . သမီးတစ်ယောက်တည်း အားငယ်အထီးကျန်ဖြစ်မှာစိုးလို့တဲ့ အဘွားရယ်။ သနားတော့ သနားပါတယ်"

"အင်း . . . အဘွား ရိပ်မိပါတယ်။ တကယ်တော့ အထွန်းနဲ့ သဘောတူကြပေမယ့် အထွန်းက ရုပ်ချောတဲ့အတွက် အဘွား စဉ်းစားပါသေးတယ်။ ချစ်ထွေးက အထွန်းလောက်ရုပ်မချောပေ မယ့် သမီးအတွက် အဖော်ကောင်းလို့ အဘွားထင်ခဲ့တယ်။ ချစ်ထွေးက သမီးအတွက် ညည်းအဖေလို လူစားပဲကွယ့်၊ ဒါပေမယ့် သမီးက အထွန်းကိုမှချစ်မိတော့ အဘွား ဘာမှဝင်မပြောတာ"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့အဘွားရယ်။ တစ်ခုပြောနိုင် တာက ချစ်ထွေးဟာ သမီးအတွက် ပေးဆပ်သူတစ်ယောက်ဖြစ်နေ တာကို သမီးစိတ်မကောင်းဘူး"

** ** ** ** **

## အခန်း (၁၃)

ကိုထွန်း ပထမနှစ်အောင်ပြီး (2nd MB) ဒုတိယနှစ် ကျောင်းသား ဖြစ်သည့်အချိန်တွင် ကြာညိုတို့ ဆယ်တန်းစာမေးပွဲ ဖြေဖို့အချိန်က တဖြည်းဖြည်း နီးလာပြန်သည်။ အဖေက ကြာညိုကို အစွမ်းကုန်တိုက်တွန်း၍ ကြာညို အရှိန်တိုးမြှင့်ပြီး စာကျက်ရသည်။ ချစ်ထွေးကလည်း စာကူကျက်ပေးသည်။

အဖေ မြို့ထဲတွင် တိုက်ဆောက်နေသဖြင့် အလုပ်ရှုပ်နေ သည်။ ယခင်နှစ်ကဝယ်ထားသော ဒေါ့ဂျစ်ကားကိုရောင်းပြီး၊ ချက်ပလက် ကုန်ကားတစ်စီးဝယ်သည်။ အမေ ငါးပိပို့ရာအခက် အခဲဖြစ်သည်ကတစ်ကြောင်း၊ စပါးကြိတ်၊ သယ်ပို့ရာမှာ အသုံးဝင် သဖြင့် ဝယ်လိုက်ခြင်းဖြစ်သည်။ ကြာညို စာမေးပွဲမဖြေခင်မှာပင် ဂျစ်ကားတစ်စီးထပ်ဝယ်ပြန်သည်။ ကားမောင်းသင်ဖို့ လူရွေးသည့် အခါ ချစ်ထွေး၊ ဦးလေးပန်းမောင်၊ မမကြူးမောင် ဦးကျောက်ဒိုးနှင့် ဦးလေးဖိုးမောင်တို့ သင်ကြရသည်။ ကားမောင်းတတ်သည့်အခါ ဦးကျောက်ဒိုးက ဒိုင်ခံမောင်းရသည်။ ကားကြီးကိုတော့ ဦးလေး ပန်းမောင်က ပင်တိုင်ဖြစ်သည်။ ဂျစ်ကားဝယ်သည့်နေ့မှစ၍

www.burmeseclassic.com

 www.burmeseclassic.com

ကြာညို့ကို ဂျစ်ကားနှင့်လိုက်ပို့ပေးသည်။ ချစ်ထွေးအလုပ်ပေါ့စေလိုသောသဘောဖြစ်သည်ဟုပြောပေမယ့် ချစ်ထွေးက စိတ်မကောင်းဖြစ်နေသည်။

"ကြာညိုရယ် . . . အဘက နင့်နားမှာ ငါမရှိစေချင်လို့လား မသိဘူး" ဟု ဝမ်းနည်းစွာပြောသည်။

"အတွေးမခေါင်ပါနဲ့ ချစ်ထွေးရယ်။ ဒီဂျစ်ကားဝယ်တာ ငါ ပူဆာလို့ပါ။ ဂျစ်ကားနဲ့တက်ရတော့ ဂုဏ်ရှိတာပေါ့"

"အေးလေ . . . နင် စိတ်ချမ်းသာရင် ပြီးတာပဲ"

"ဒါပေါ့ဟ။ သကြံန်မှာ ငါတို့ဂျစ်ကားနဲ့လျှောက်လည်ကြမယ်လေ။ ဒီနှစ်တော့ ရေမပက်ဘူး။ လည်ရုံပဲ လည်မယ်။ အဖေက အလုပ်သမားတွေလည်ဖို့ကိုတော့ ကားကြီးနဲ့လိုက်ပို့မယ်ပြောတယ်"

"သကြံန်ကိုခေါင်းထဲ မထည့်ပါနဲ့ဦး။ စာမေးပွဲကိုပဲ ခေါင်းထဲထည့်စမ်းပါ ကြာညိုရယ်"

"အေး . . . ဟုတ်ပါရဲ့ . . . စာမေးပွဲက နီးလာပြီနော်"

ဖြေနိုင်သည်ဟုထင်သောစာမေးပွဲကို တကယ်တမ်းဖြေတော့ အင်္ဂလိပ်စာက ထင်သလောက်မရ။ အထွန်းနှင့်ချစ်ထွေးက သိပ္ပံတွဲယူကြသော်လည်း ကြာညိုကမူ သင်္ချာကြောက်သဖြင့် ဝိဇ္ဇာတွဲသာ ယူခဲ့သည်။ အင်္ဂလိပ်စာကို အမှတ်တွက်ကြည့်တော့ . . . ဖြစ်ဖြစ်မည်အောင်တွက်မှ လေးဆယ်ကျော်လေးရသဖြင့် စာမေးပွဲအောင်ဖို့ မျှော်လင့်ချက်က နည်းပြန်သည်။



"ဆယ်တန်းကအောင်ဖို့ မလွယ်ပါဘူးကွယ်။ ငါတော့ ဒီနှစ်မအောင်ရင် ဆက်မဖြေတော့ဘူး"

ကြာညိုက အားလျော့စွာပြောတော့ ချစ်ထွေး စိတ်မကောင်းဖြစ်သွားရသည်။

ခုတစ်လော အမေလည်း အလုပ်ရှုပ်နေသည်။ မင်းလမ်းက အိမ်မှာ ပန်းပင်တွေစိုက်ရသည့်အလုပ်က နွေခေါင်ခေါင်မှာ ပင်ပန်းလှသည်။ ပန်းအိုးများကို ပန်းစင်များဖြင့် လှပအောင်ထားသည်။ တိုက်ကိုလည်း ကြာညို ကြိုက်သည့်ဆင်စွယ်ရောင်လေးသုတ်သည်။ အိမ်လေးက လှပပြီးချစ်စရာကောင်းသည်။ ထောင့်ကွက်ဖြစ်၍ နှစ်ဖက်ဝရန်တာလေးနှင့်ဖြစ်သည်။ နှစ်ထပ်ဖြစ်၍ အပေါ်ထပ်တွင် အိပ်ခန်းသုံးခန်း၊ အောက်ထပ်တွင် အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်း၊ စတိုခန်းအပြင် မီးဖိုခန်းနှင့်ကပ်လျက် ကားတစ်စီးစာ ကားဂိုဒေါင်လေးဖြင့် ဖွဲ့စည်းထားသည်။ ခြံထောင့်တွင် ကံ့ကော်ပင်ရှိသဖြင့် အဖေက ခြံကို "ကံ့ကော်ရိပ်" ဟု နာမည်လေး ပေးထားသည်။

အထွန်း ပြန်လာမည်ဖြစ်သဖြင့် ချစ်ထွေးနှင့်ကြာညိုတို့ နှစ်ယောက် ဘူတာ သွားကြိုကြသည်။ ရထားလာသည်ကိုမြင်ရသဖြင့် ကြာညို့ရင်ထဲမှာ ရထားနှင့်အပြိုင် ရင်ခုန်နေတော့သည်။ သည်တစ်ခါကြိုရသည်က ဂျစ်ကားနှင့်ဖြစ်သည်။ ချစ်ထွေးက ကားမောင်းသည်။

www.burmeseclassic.com



"ဟိုမှာ ကိုထွန်း . . . ကိုထွန်းရေ . . . ကြာညို ဒီမှာ"ဟု ကြာညိုက လက်ပြပြီး တွဲနောက်ပြေးလိုက်ကြသည်။ ထွန်းထွန်းက ရန်ကုန်ပြန်လက်ဆောင်ခြင်းကို ချစ်ထွေးကို ကမ်းပေးသည်။ ပြီးမှ အဝတ်အစားအိတ်ကို လွယ်ပြီးဆင်းလာသည်။

"အားလုံးနေကောင်းကြလား။ ချစ်ထွေး မင်းရော အလုပ်လုပ်ရတာ အဆင်ပြေသလား"

ကိုထွန်းက သည်တစ်ခါပြန်လာတော့ ဘောင်းဘီရှည်၊ ရှူးဖိနပ်နှင့်ဖြစ်သည်။

"ကြာညိုရော စာမေးပွဲဖြေနိုင်လား။ စိတ်ပူလိုက်ရတာကွာ"

ကြာညို စိတ်ညစ်သွားရသည်။ ဘာမှမဖြေချင်တော့ . . .

"ဖြေနိုင်တယ်လို့ဆိုရမှာပေါ့ကွာ။ အင်္ဂလိပ်စာတော့ မှန်းလို့မရဘူး"

ကြာညိုအစား ချစ်ထွေးက ဖြေပေးသည်။ ဂျစ်ကားပေါ်တက်တော့ ကြာညိုနှင့်ထွန်းထွန်းက နောက်ကစီးသည်။

"မင့် . . . ကြာညိုက ကွက်လပ်ဖြည့်တာ ဆယ်မှတ်ဖိုးပဲရတယ်လေ၊ အားလုံးမှန်ရင်တော့ ခန့်မှန်းလို့ရပြီပေါ့"

"ချစ်ထွေးရယ် . . . မင်းက ဝိုင်းကူကျက်မပေးဘူးလား"

"ကျက်ပေးတာပေါ့အထွန်းရယ်၊ ဒါကြောင့်လည်း ကျက်တာတွေအားလုံး ဖြေနိုင်တာပေါ့"

ထွန်းထွန်းက စာမေးပွဲမဖြေနိုင်ဘူးဆို၍ စိတ်ပျက်နေပုံရသည်။



"ကြာညိုလဲ စာတွေကျက်ရလို့နဲ့တူတယ် ဝလာသလိုပဲ"

"ကိုထွန်းနော် . . . ကြာညို့ကို ရောက်ရောက်ချင်း အပြစ်တင်နေတာလား"

"မတင်ပါဘူးဗျာ၊ စေတနာနဲ့ပါ"

ချစ်ထွေးက နောက်လှည့်ပြီး . . .

"စာမေးပွဲမအောင်လည်း ဘာအရေးလဲဟာ။ ဆရာဝန်ကတော် ဖြစ်မှာပဲဟာ"

"မအောင်ရင်တော့ ဆရာဝန်မလေးကိုပဲ ယူမှာ"

ထွန်းထွန်းက စသလိုလုပ်သဖြင့် ချစ်ထွေးက ကားကို လမ်းဘေးထိုးရပ်လိုက်သည်။

"အထွန်း . . . စကားနောက် တရားပါမလုပ်နဲ့နော်။ မင်း ကြာညို့ကို ပစ်သွားလို့ကတော့ ငါနဲ့မင်း ကမ္ဘာ့ရန်ပဲ"

"ဟော့ကောင် ချစ်ထွေး . . . ငါက ကြာညို့ကို ချစ်လို့စတာပါကွာ။ မင်းကလည်း စိတ်ချည်းပဲ . . . ကဲ ကြာညို စိတ်မကောင်းမဖြစ်ပါနဲ့နော်။ မောင် စတာပါကွာ"

ချစ်ထွေးက ကားဆက်မောင်းသည်။ အိမ်သစ်ဆီသို့ လှည့်မောင်းပြသည်။

"အဲဒါ မင်းတို့ကို လက်ဖွဲ့မယ့်တိုက်ပဲ။ ကြာညို ဆယ်တန်းမအောင်လည်း မင်းလိုကောင်မျိုးကို ခေါင်းခေါက်ပြီး ယူလို့ရတယ်ကွ"

www.burmeseclassic.com



ချစ်ထွေး တကယ်စိတ်ဆိုးမှန်းသိသဖြင့် ထွန်းထွန်းက ချစ်ထွေး ကို အထပ်ထပ်တောင်းပန်သည်။

"ငါက မင်းတို့ချင်းလည်းချစ်၊ ဆရာဝန်တစ်ယောက်ဖြစ်မယ့် မင်းကို ထိုက်တန်တယ်ဆိုပြီး ကြည်ကြည်ဖြူဖြူကျေနပ်နေတာ နောက် ဒါမျိုးတွေ လာမပြောနဲ့"

"အေးပါသူငယ်ချင်းရာ မင်းစေတနာ ငါ နားလည်ပါတယ်"

အိမ်ရောက်၍ ရန်ကုန်ပြန်လက်ဆောင်များကို လူစေ့ဝေ သည်။ ချစ်ထွေးအတွက် စပို့ရှပ်နှစ်ထည်၊ နှီးစက်ပါသောနာ တစ်လုံးပါသလို၊ ကြာညို့အတွက်ကတော့ အများဆုံးဖြစ်သည်။ ထွန်းထွန်းပြန်လာပြီး နောက်တစ်နေ့တွင် အဖေနှင့်ထွန်းထွန်း ဆရာတော်ကျောင်းသွားကြသည်။ ဆရာတော်ကျောင်းကပြန်လာ ပြီး နောက်နေ့များမှာ အဖေက ဘာတွေအလုပ်ရှုပ်မှန်းမသိသည် အမေကလည်း အလုပ်ရှုပ်နေပါတော့သည်။

သင်္ကြန်မကျခင်တစ်ပတ်ခန့်တွင် ထွန်းထွန်းနှင့်ကြာညို စေ့စပ် ပွဲလုပ်သည်။ မြို့ထဲကအိမ်မှာဖြစ်သည်။ ထွန်းထွန်းဘက်က သက်သေအဖြစ် ဆရာတော်ကြီး၏တပည့်တစ်ဦးဖြစ်သူ စပါး ကုန်သည်လည်းဖြစ်၊ ဆန်စက်ပိုင်ရှင်လည်းဖြစ်သည့် ဦးမြနှင့်ဒေါ် တို့က ဆောင်ရွက်ပေးသည်။ အဖေက ပေါ်တော်မူရွာ၏လူကြီး နှစ်ဦး၊ မြို့ပေါ်က ဂုဏ်သရေရှိလူကြီးများနှင့် အိမ်သစ်နှင့်က လျက် စက်ရှင်တရားသူကြီးဟောင်း အဘဦးတင်အောင်တို့



အောင်နှံကိုလည်း ဖိတ်ထားသည်။ ထိုနေ့က ညည့်ခံဖို့ တာဝန် အများဆုံးယူပေးခံရသူက ချစ်ထွေးပဲဖြစ်သည်။ ကြာညို့သူငယ်ချင်း ငါးယောက်လောက်လာသလို၊ ထွန်းထွန်းသူငယ်ချင်းများလည်း လာသည်။ ရီရီဝင်းတို့အုပ်စုလည်း ရောက်လာသည်။ အကျွေး အမွေးက ရေခဲမုန့်နှင့်ကိတ်မုန့် စသည်တို့ဖြစ်သည်။ မင်္ဂလာ ရက်မြတ်ကို မြန်မာနှစ် လဆန်းဆယ်ရက် ပြေလတွင် ကျင်းပဖို့ ဆုံးဖြတ်ကြသည်။ နံနက်ပိုင်း စေ့စပ်ပြီး ပေါ်တော်မူအိမ်တွင် လူ တစ်ရာစာ ထမင်းကျွေးသည်။

မင်္ဂလာပွဲ၏ ပထမအဆင့်ဖြစ်သော်လည်း ကြာညို့ကို အမေ ဆင်ထားသည့်လက်ဝတ်လက်စားများက မျက်စိကျိန်းလောက် သည်။ ထွန်းထွန်းက တိုက်ပုံအဝါနု၊ ပိုးပုဆိုးအဝါရင့်နှင့် သပ်သပ် ရပ်ရပ်ဝတ်ထားသလို ကြာညိုက အဝါဖျော့နိုင်လွန်အင်္ကျီလက်ရှည်၊ အဝါနှင့်ရွှေရောင်စပ်ချိတ်ထဘီ ဝတ်ဆင်ထားသည်။ မိုးနတ်မယ် အလှပြင်ဆိုင်က မမမိုးက တစ်ပတ်လျှိုဆံထုံးလေးထုံးဖွဲ့ပေးပြီး ကော်ပန်းလေးများဝေနေအောင် ပန်ထားပေးသည်။ အသက် နှစ်ဆယ့်တစ်နှစ်အရွယ် ထွန်းထွန်းက ထောင်ထောင်မောင်းမောင်း နှင့် ကြည့်ကောင်းသလို ကြာညို၏ ပင်ကိုရုပ်ရည်က အသားညိုဝါ လေးဖြစ်သည့်ပြင် ဖြူဖွေးညီညာသောသွားများ၊ နှာတံပေါ်ပေါ်၊ မျက်ခုံးထူထူ၊ မျက်လုံးကလည်း ရွှန်းလဲ့တောက်ပပြီး မျက်နှာ အလွန်လှသည်။ ကြာညိုနှင့်ထွန်းထွန်းက အသက် နှစ်နှစ်နီးပါး

www.burmeseclassic.com

www.burmeseclassic.com



ကွာသော်လည်း လိုက်ဖက်လှသည့် သူတို့စုံတွဲကို ပြောမဆုံး ရှိကြသည်။

အိမ်ပြန်ရောက်တော့ ထွန်းထွန်းနှင့်ကြာညို နှစ်ယောက်တည်း ထမင်းစားကြသည်။ ချစ်ထွေးကတော့ ချွေးတလုံးလုံးနှင့် . . .

"ချွေးကြွာ . . . ပျော်လားဟင်"

"ပျော်တာပေါ့၊ မောင်ရော . . . မပျော်ဘူးလား"

"သိပ်ပျော်တာပေါ့၊ မောင်တို့နှစ်ယောက်ကို လိုက်ဖက်လို့တဲ့ ပြောကြတယ်။ ကြာညိုလည်း အရမ်းလှတာပဲကွာ။ ချစ်ထွေးတော့ မောင်တို့အတွက် အရမ်းပင်ပန်းနေပြီနော်"

ကြာညိုက ကြက်သားများနွှင်ပြီး ထွန်းထွန်းပန်းကန်ထဲသို့ ထည့်ပေးလိုက်သည်။ ထွန်းထွန်းက ကြာညို့ကို ပြန်ခွံ့ပေးသည်။

"ငါ့ကိုလည်း ခွံ့ပါဦး"

ချစ်ထွေးရောက်လာပြီး ထမင်းပန်းကန်ဆွဲကာ ဝင်စားသည်။

"အနှောင့်အယှက်မဖြစ်ပါဘူးနော်"

"မဖြစ်ပါဘူးယောက်ဖရယ် . . . စားပါ"

"မင်းတို့ပျော်နေသလောက် ငါက အရမ်းမောနေပြီ သိလား အဆင်ပြေပြေ စေ့စပ်ပွဲအောင်မြင်သွားတာ ဝမ်းသာတယ်"

ချစ်ထွေးသည် ထွန်းထွန်းနှင့်ကြာညို လွဲမှာစိုးရိမ်နေပုံရသည်။ စိတ်ရင်းစေတနာကောင်းသောချစ်ထွေးကို ကြာညို စိတ်ထဲက သနားနေမိသည်။



"အထွန်း နေ့လယ်ကျရင် ကုံကော်ရိပ်အတွက် ပရိဘောဂ တွေ သယ်ရဦးမယ်နော်။ ကြာညို နင်တို့အိပ်ဖို့မွေ့ရာ . . . နင် လိုက်ရွေး . . . ကြားလား"

ကြာညိုက တဟဲဟဲရယ်သည်။ ချစ်ထွေး၏ နှလုံးသားစတေး ခံရသည့်ပြကွက်များက ရင်နာစရာကောင်းတော့သည်။ အမေနှင့် ထွန်းထွန်း၊ ချစ်ထွေးတို့သုံးယောက်က အိမ်ကို ကျကျနနပြင်ဆင် ထားကြသည်။ ခန်းဝင်ပစ္စည်းများကို တစ်ခုချင်းပို့ထားသည်။ စားဖို့ သောက်ဖို့ အိုးခွက်ပန်းကန်မှအစ အသစ်တွေချည်းထားပေးသည်။ အဝတ်အစားထည့်ဖို့ ဗီရိုနှစ်လုံး၊ မှန်တင်ခုံ၊ စာကြည့်စားပွဲ အားလုံး ပြင်ဆင်ပေးသလို ဘုရားခန်းကိုလည်း ကြည်ညိုစဖွယ် ပြင်ဆင် ပေးသည်။ အိမ်မှ ပစ္စည်းများရောက်ကတည်းက ကြာညိုတို့ မင်္ဂလာ ဆောင် မပြီးမချင်း ချစ်ထွေးကို စောင့်အိပ်ပေးဖို့ တာဝန်ပေးသည်။

သကြံန်ကျတော့ ထုံးစံအတိုင်း အလှူလုပ်ဖြစ်သည်။ ညနေပိုင်း ဇာတ်ကားဖြင့် ထွက်လည်ကြမည်ဆိုသဖြင့် အဘွားက ခွင့်မပြုချင်။

"ကား ဘယ်သူမောင်းမှာလဲ" ဟုမေးသည်။

"ချစ်ထွေးမောင်းမှာအဘွားရဲ့။ သမီးသူငယ်ချင်းတွေလည်း ပါကြမှာ စိတ်မပူပါနဲ့"

"မင်္ဂလာဆောင်ခါနီးမို့ပြောတာပါ။ ကျောက်ဒိုးပါ လိုက်သွား"

အဘွားက အမိန့်ချတော့ ဦးကျောက်ဒိုး ထခုန်သည်။ အကြတ် နေ့တွင် တစ်မြို့လုံးအနှံ့ လည်ပတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ခွက်စုတ်လေးနဲ့ပက်တဲ့ရေ ရယ်တာပေါ့ . . . ရယ်တာပေါ့"

နောက်ထိုင်လာသည့်ဦးကျောက်ဒိုးကအော်တော့ သန်းသန်းရီတို့ အညွန့်တို့ကလည်း သံပြိုင်အော်ကြသည်။ ရှေ့ခန်းတွင် ချစ်ထွေးက ကားမောင်းသည်။ အလယ်က ကြာညိုထိုင်ပြီး၊ ဘေးတွင် ထွန်းထွန်းထိုင်သည်။ ကြာညိုက ရေကြောက်သူဖြစ်သဖြင့် မျက်နှာသုတ်ပုဝါအကြီးကြီးကို ခြုံထားသည်။ ထွန်းထွန်းက ကြာညို့ပခုံးလေးကို သိုင်းဖက်ထားသည်။

"မျက်စိရှက်တယ်ဟယ်။ ဦးကျောက်ဒိုး ကားမောင်းပါလား၊ ချစ်ထွေး နောက်ကိုလာခဲ့။ ငါလည်း ကြောက်လို့ ငါ့နားလာနေပါလား"

အညွန့်က စသည်။ ချစ်ထွေးက အညွန့်အပေါ် စိတ်မဝင်စားသော်လည်း အညွန့်က ချစ်ထွေးအပေါ်မှာ စိတ်ညွတ်နေသယောင်ရှိသည်။

"မိညွန့် . . . အေးအေးဆေးဆေးလိုက်နေဟ်"

ချစ်ထွေးက ဟောက်သလိုပြောလိုက်သဖြင့် တစ်ကားလုံး ဝိုင်းရယ်ကြသည်။ "ဘင်လှိုင်" ရပ်ကွက်ဘက်ရောက်သောအခါ စက်ဘီးဖြင့် ရေပက်ခံထွက်ကြသော ဘထွန်းတို့ကို တွေ့ကြသည်။ ဘထွန်းက အရက်သောက်ထားပုံရသည်။

"ဟော့ကောင် ချစ်ထွေး . . . ကောက်ရိုးပုံ . . . မင်း သိပ်ညံ့တဲ့အကောင်"

"ဘထွန်း . . . မင်း မူးနေရင် အေးအေးဆေးဆေးနေကွာ"



ချစ်ထွေးက ဟန့်တားလိုက်သည်။

"ကြာညို . . . နင်ကလည်း မဟုတ်သေးဘူးဟာ။ တစ်ရွာသားကို ရည်းစားလုပ်တော့ ဘာဖြစ်သလဲ သိလား"

ဘထွန်းက ထွန်းထွန်းကိုကျော်ပြီး ကြာညို့လက်ကို ဆွဲမည်အလုပ် ချစ်ထွေးက လျင်မြန်စွာဆင်းပြီး ဘထွန်းလက်ကို ရိုက်ချလိုက်သည်။

"ဩော် . . . ချစ်ထွေး၊ မင်းက နာတယ်ပေါ့ ဟုတ်လား။ မင်းကောက်ရိုးပုံမှာပဲ အိပ်နေပါလားကွာ"

"ခွပ်"

ချစ်ထွေး ဒေါသထွက်ပြီး ဘထွန်းကို ဆွဲထိုးလိုက်သည်။

"မင်းသိဖို့ကတော့ ငါက ကောက်ရိုးပုံပဲစောင့်စောင့်၊ မစင်ပုံပဲစောင့်စောင့် မင်းနဲ့ဘာမှ မဆိုင်ဘူး"

ချစ်ထွေးကို ထွန်းထွန်းနှင့်ဦးကျောက်ဒိုးက ကားပေါ်ဆွဲတင်ပြီး မောင်းထွက်လိုက်သည်။

"ထွီ . . . ကောက်ရိုးပုံစောင့်တဲ့ခွေး"

ဘထွန်း၏မကျေနပ်သံက နောက်မှာ ကျန်ရစ်ခဲ့သည်။ ကြာညိုက ချစ်ထွေးကို သနားပြီး ငိုခဲ့သည်။ အိမ်ရောက်တော့ အဖေတို့သိပြီး နောက်တစ်နေ့ မလည်ရတော့ပါ။ သင်္ကြန်ပြီးသည်အထိ ချစ်ထွေးက ကုံကော်ရိပ်မှာပင် နေတော့သည်။

** ** ** ** **

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

### မောင်ထွန်းနိုင် (2nd MB)
### နှင့်
### မကြာညိုကြည်
### တို့၏ ထိမ်းမြားမင်္ဂလာဖိတ်စာ

မင်္ဂလာဖိတ်စာများရသည့်အခါမှာတော့ ထွန်းထွန်းနှင့် ကြာညို ပျော်မဆုံးတော့။ ထွန်းထွန်းဘက်က ဖိတ်စာထဲထည့်စရာမရှိ၍ ကွယ်လွန်သွားရှာပြီဖြစ်သော မိဘနှစ်ပါးနာမည်သာပါပြီး၊ ကြာညို့ဘက်တွင် ဦးအောင်ကြည်၊ ဒေါ်အေးဖြူတို့၏မြေးဟုပါရှိပြီး၊ ဦးကြည် (စပါးကုန်သည်) နှင့် ဒေါ်ခင်လေးကြည် (ရေကျိုငါးပိ၊ ငံပြာရည်လုပ်ငန်း) တို့၏ တစ်ဦးတည်းသောသမီးဟု ထည့်ရိုက်ထားသည်။ ဖိတ်စာလှလှလေးကိုကြည့်ပြီး ကြည်နူးနေကြသော အထွန်းနှင့်ကြာညိုကို အဖေက စိတ်မကောင်းဟန်နှင့်ပြောသည်။

"အထွန်း . . . ဖိတ်စာထဲမှာ ဒေါက်တာထွန်းနိုင်လို့ မထည့်နိုင်သေးဘဲ မင်္ဂလာပွဲကိုစီစဉ်လိုက်ရတာ စိတ်မကောင်းပါဘူးကွာ။ အစ



ကတော့ ဆရာဝန်ဖြစ်မှ မင်္ဂလာဆောင်ပေးဖို့စိတ်ကူးပေမယ့် တစ်အိမ်တည်းလည်းဖြစ်နေပြန်တော့ မြန်မြန်လက်ထပ်တာပဲကောင်းတယ်ဆိုပြီး လုပ်လိုက်ရတာကိုတော့ ခွင့်လွှတ်ပါနော်"

တစ်အိမ်တည်းအတူဖြစ်တာထက် အထွန်းကို အဝေးမှာလွှတ်ထားရသည့်အတွက် အထွန်းကို ပြုစုပျိုးထောင်ပြီးမှ လက်လွှတ်ဆုံးရှုံးသွားရမှာကို အဖေနှင့်အမေက စိုးရိမ်ပုံရ၍ မြန်မြန်ဆန်ဆန် လက်ထပ်ပေးကြောင်း ကြာညို သိနေပါသည်။

"ရပါတယ်အဖေရယ်၊ ခုဆိုတော့ ပိုကောင်းပါတယ်။ ကျွန်တော့်မှာလည်း မိဘမရှိတော့ အဖေအမေ အစားပြန်ရတယ်လို့ပဲ သဘောထားပါတယ်။ အဖေတို့ကျေးဇူးက ဆပ်မကုန်ပါဘူး"

ထွန်းထွန်းက ဝမ်းသာကျေနပ်စွာပြောသည့်အတွက် အဖေက စိတ်အေးသွားပုံရသည်။ ဖိတ်စာခြောက်ရာရိုက်ပြီး ဖိတ်မည့်လူများ စာရင်းကိုချရေးကာ အထွန်းနှင့်ချစ်ထွေးက ဖိတ်ရမည့်သူများ၏ အမည်များကို လက်ရေးလှလှလေးများဖြင့် ရေးကြသည်။

ကြာညိုတို့မင်္ဂလာပွဲကို နှစ်ရက်ခွဲပြီးကျင်းပသည်။ ပထမ တစ်ရက်က ပေါ်တော်မူအိမ်မှာ ကြာညို့သက်စေ့ ဘုန်းကြီးအပါး နှစ်ဆယ် ဆွမ်းကပ်သည်။ တစ်ရွာလုံးဖိတ်သဖြင့် ဝက်အချိန်တစ်ရာ၊ ကြက်အချိန်ငါးဆယ်၊ ရှမ်းငါးပေါင်း (ငါးဖယ်အုန်းနို့ချက်)၊ အသုပ်၊ အစိမ်းကြော်၊ ဘာလချောင်ကြော်၊ ဆယ့်နှစ်မျိုးဟင်းလျာတို့ဖြင့် ထမင်းရည်ချောင်းစီးအောင်ကျွေးသည်။ အဖေနှင့်အမေတို့၏

www.burmeseclassic.com



ဆွေမျိုးများရှိကြသဖြင့် ရွာနီးချုပ်စပ်မှလူများ ပါလာကြသည်။ လက်ဖွဲ့ပစ္စည်းများကလည်း အောက်ထပ်အပြည့်ရသလို၊ ကြာညို တို့ဘက်မှ ချိုင့်တစ်လုံးနှင့်ယပ်တောင်ပြန်ကမ်းသည်။ ထိုညက ထွန်းထွန်းတစ်ယောက် အောက်ထပ်မှာအိပ်သလို၊ ကြာညိုကလည်း အဘွားနှင့်ပင် အိပ်ရသည်။ နောက်တစ်နေ့ မြို့ထဲကခန်းမမှာ မင်္ဂလာ ဧည့်ခံပွဲကျင်းပပြီး ကံ့ကော်ရိပ်နေအိမ်တွင် အခန်းအပ်မှာဖြစ်သည်။ ထိုနေ့က ထွန်းထွန်းတစ်ယောက် မောင့်ကျက်သရေခေါင်းပေါင်း ပန်းနုရောင်၊ တိုက်ပုံ ပန်းနုပျော့၊ ပုဆိုးကလည်း ပန်းနုရောင်ဖြစ် သည်။ အလှပြင်ဆရာမ မမမိုးက ကြာညိုကို ဘီးဆံထုံး ထုံးပြီး ဆံမြိတ်ချပေးကာ စိန်ဆံထိုး၊ စိန်ပန်းခိုင်များဖြင့် လှပစွာထုံးဖွဲ့ပေး သည်။ အဝတ်အစားက ထိုင်မသိမ်း ချိတ်ပန်းရောင်၊ အင်္ကျီပန်းနု ရောင်ဖြင့် မင်းသမီးလေးလိုလှပအောင် ပြင်ဆင်ပေးသည်။ အမေတို့ အနှစ်နှစ်အလလ ကြိုးစားရှာဖွေထားသော စိန်လည်တုံ၊ စိန် ဘယက်များဖြင့် ခြယ်မှုန်းပေးသည်။ တစ်ဖက်ငါးကျပ်သားခန့်ရှိ သော ရွှေခြေကျင်းကလည်း ထည်ဝါလို့၊ အသက်ငါးဆယ်မပြည့် ကြသေးသော အဖေနှင့်အမေကလည်း ချောလို့ လှလို့၊ အမေက မုန့်ဖက်ထုပ်ပုံစိန်နားကပ်ကြီးထုတ်ဝတ်သလို စိန်ကရောင်းကြိုး ဆွဲ ထားသေးသည်။ မြို့ပေါ်က ဂုဏ်သရေရှိလူကြီးများ၊ စပါးကုန်သည် များ၊ ဈေးထဲမှ ကုန်သည်များအပြင် မော်လမြိုင်မှ ကုန်သည်များ လည်း မင်္ဂလာဧည့်ခံပွဲကို လာရောက်အားပေးကြသည်။ ကြာညိုတို့ မင်္ဂလာဧည့်ခံပွဲသည် ခြိမ့်ခြိမ့်သဲစည်ကားသည်။



ဆရာဝန်လောင်း မောင်ထွန်းနိုင်နှင့် ကြာညိုကြည်တို့၏ မင်္ဂလာဆောင်သည် သထုံမြို့၏ မင်္ဂလာဆောင်သမိုင်းတွင် အထင် ရှားဆုံးဖြစ်ခဲ့သည်။ ဧည့်ခံပွဲပြီးသည့်အချိန် ကံ့ကော်ရိပ်တိုရောက် တော့ ကြိုးတားမည့်သူတွေ နည်းနည်းနောနောမဟုတ်၊ အမေက ရှေ့မှ ငွေစက္ကူများဖြင့် လမ်းရှင်းကာ၊ သတို့သားနှင့်သတို့သမီးတို့ကို အိမ်ထဲအရောက် ခေါ်လာခဲ့သည်။ ကြာညိုတို့ကို အခန်းအပ်ပြီး သည့်အချိန် ချစ်ထွေးက လက်ဖွဲ့ပစ္စည်းများကို အိမ်အောက်ထပ်မှာ နေရာချထားပေးသည်။ ညနေဘက်တွင် အမေတို့ပြန်ကြပြီး ဘုတို ကို ထားခဲ့သည်။

"မောင် . . . မမိုးကလည်း ဆံထုံးလာဖြုတ်မပေးဘူး။ ကြာညို ခေါင်းကိုက်လာပြီ"

ထွန်းထွန်းက အဝတ်အစားလဲပြီး ကြာညို့ခေါင်းမှ ဆံထုံးကို ဘာတ်သမျှ ဖြုတ်ပေးသည်။ ကြာညိုက အဝတ်အစားလဲဖို့လုပ်သည်။

"မောင် အပြင်ခဏထွက်နေပါလား။ ကြာညိုအဝတ်အစားလဲ ချင်လို့ပါ။ ခေါင်းလည်း တအားကိုက်တယ်၊ ရေချိုးလိုက်ရင် ကောင်း မလားမသိဘူး"

"ကြာညိုကလည်းကွာ လင်မယားဖြစ်နေပြီပဲ ဘာရှက်စရာလို သေး။ မောင် ဝိုင်းဖြုတ်ပေးမယ်"

ထိုင်မသိမ်းနှင့်ခါးတောင်အင်္ကျီဝတ်ထားသဖြင့် တွယ်ချိတ်များ ငြိ ရှုပ်နေ၍ ချိတ်များကို ထွန်းထွန်းက ကူဖြုတ်ပေးသည်။ အသစ်

www.burmeseclassic.com



စော်စော်လင်မယားဖြစ်သော်လည်း အပျိုစင်မလေး ကြာညိုမှာ ရှက်နေသည်။ လက်ဝတ်လက်စားများချွတ်ပြီးအင်္ကျီလဲလိုက်မှ အနေအထိုင်ချောင်တော့သည်။

"ခေါင်းကိုက်ရင် ကြာညို ခဏလှဲလိုက်ပါလား။ လာ ... မောင် ဇက်ကြောဆွဲပေးမယ်။ ခဏနားပြီးမှ ဆေးတိုက်မယ်၊ နေပြင်းတော့ ညနေမှ ရေချိုးတော့"

မောင်က ကြာညို့ဘေးမှာလှဲပြီး ကြာညို့ကို တင်းကြပ်စွာ ဖက်ထားသည်။ ကြာညို့ပါးကို ဘယ်ပြန်ညာပြန် နမ်းရှုပ်နေသဖြင့် ကြာညို မနည်းရှောင်နေရသည်။ ပြီးတော့ ကြာညို့ဆံပင်များကို ဖွလိုက်ပြီး ယပ်တောင်လေးဖြင့် ယပ်ခတ်ပေးသည်။

"ဆံထုံးကြီးထုံးထားတော့ ဇက်ကြောတွေ တက်နေမှာပေါ့"

"ဟုတ်တယ်မောင်ရယ်။ နှစ်ရက်လုံး အရမ်းပင်ပန်းတာပဲနော်"

"မောင်တော့ မပင်ပန်းပါဘူး။ အရမ်းပျော်တယ်။ ပြီးတော့ ဟောဒီချစ်ဇနီးနဲ့လက်ထပ်ရလို့၊ ကြာညို့ကို ပိုင်ဆိုင်ရပြီလေ။ ဒီနေ့ကစပြီး မောင့်မိန်းမဖြစ်သွားပြီ။ မောင်တို့လင်မယား ဘယ်တော့မှ မခွဲရတော့ဘူး"

"မောင်ကလည်း ရှက်ပါတယ်ဆိုမှ"

ကြာညိုက တစ်ဖက်လှည့်လိုက်တော့ မောင်က နောက်မှ သိုင်းဖက်ထားသည်။

"မောင်"



"ဗျာ"

"အသွားသနားပါတယ်။ ဒီည တစ်ယောက်တည်း အိပ်ရတော့မယ်"

"ဒါဖြင့် မောင်တို့နဲ့အတူ ခေါ်အိပ်မယ်လေ။ အသွားကလည်း တော်တော်ဆိုးတယ်။ မနေ့ကလည်း မောင်တို့လင်မယားကို ခွဲသိပ်တယ်"

"မောင်ရယ် ... တော်ပါတော့။ နားရှက်လှပြီ။ ကြာညို ရေချိုးလိုက်မယ်၊ ဗိုက်လည်း ခုမှဆာလာပြီ"

"ကဲ ... ချိုးစေဗျာ။ မောင် သနပ်ခါးမွှေးမွှေးလေး သွေးထားပေးမယ်။ အပေါ်ထပ်မှာပဲချိုးနော်"

ကြာညိုက တဘက်ခြုံပြီး အခန်းအပြင်ဘက်ထွက်လိုက်သည်။

"အမလေး ..."

ကြာညို ကမန်းကတန်းပြေးဝင်လာပြီး တံခါးပြန်ပိတ်လိုက်သည်။

"ဘာဖြစ်တာလဲ ကြာညို။ ဘာတွေ့ခဲ့လို့လဲ"

"ဘာဖြစ်ရမှာလဲ အပြင်မှာ သရဲမတွေ တန်းစီနေကြတယ်"

ထွန်းထွန်းက တံခါးဖွင့်လိုက်သည်။

"ဟာ ... မိညွန့်တို့ မိသန်းရီတို့ တော်တော်ဆိုးတာပဲ။ မပြန်သေးဘူးလား။ မပြန်ရင် အောက်ထပ်မှာ နေပါလား"

"ဘာလို့နေရမှာလဲ ကလေးလင်မယားနှစ်ယောက်ရဲ့ ချစ်ခန်းတို့ ချောင်းဖို့လာတာ"

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ အားကျကုန်မယ်နော်"

"အားကျလိုက်တာဟယ်၊ ချစ်ထွေးနဲ့ငါ့ကို မြန်မြန် ကျွေးပါလား"

အညွှန့်စကားကြောင့် အားလုံးပွဲကျသွားသည်။

"ဟယ် . . . ထွန်းထွန်း နင့်နှာခေါင်း ဘာဖြစ်တာလဲဟင်၊ ကြည့်ကြစမ်း"

အားလုံးဝိုင်းကြည့်ကြတော့ ထွန်းထွန်းနှာခေါင်းမှာ မိတ်ကပ်တွေ ဖွေးနေ၍ အားလုံး အူတက်အောင်ရယ်ကြသည်။

"ပါးမှာလည်း နှုတ်ခမ်းနီတွေနဲ့၊ ဟား . . . ဟား"

"တော်တော်ဆိုးတဲ့ဟာတွေ . . . ပြန်ကြတော့ဟာ"

ကြာညိုက ခေါင်းပင် မထောင်နိုင်တော့။

"မပြန်ဘူး၊ ထမင်းစားပြီး မိုးချုပ်မှပြန်မယ် ရှက်မနေပါနဲ့ဟာ၊ ဟီး . . . ဟီး"

အညွှန့်ကပြောရင်း တခွီးခွီးရယ်သည်။ သန်းသန်းရီက . . .

"ကဲ . . . ရေချိုးကြတော့ ငါတို့အောက်ထပ်ကပဲ စောင့်နေမယ်။ ချစ်ထွေးတရုတ်ဆိုင်က ထမင်းသွားဝယ်နေတယ်"

ကြာညို့တစ်သက် သည်နေ့လောက်ရှက်ရသည်မရှိတော့ပါ။ ကြာညိုတို့ ရေချိုးပြီးဆင်းလာတော့ အောက်မှာ ချစ်ထွေးပြန်ရောက်နေပြီ။ အားလုံး ဝိုင်းဖွဲ့ပြီးစားကြသည်။ တစ်ဦးနှင့်တစ်ဦး နောက်ကြပြောင်ကြနှင့် ပျော်စရာကောင်းလှသည်။ အပျော်နေဝေးသည့်လူက ချစ်ထွေး . . .။



"နင်တို့ဘာတွေလက်ဖွဲ့လဲ ပြောစမ်း . . ."

ထွန်းထွန်းက မေးသဖြင့် . . .

"တော်ပြီ မပြောနဲ့တော့ ဒီမိန်းမတွေ မဟုတ်မဟတ်တာတွေ လက်ဖွဲ့မှာ၊ မောင် . . . မမေးနဲ့တော့"

ချစ်ထွေးရှေ့မှာ အပျော်လွန်နေသည့်အဖြစ်မျိုးလည်း မနေပြချင်ပါ။ ချစ်ထွေးကို ကရုဏာသက်နေသဖြင့် ကြာညို ချစ်ထွေးကို မကြည့်ရဲအောင်ဖြစ်နေသည်။ ချစ်အားငယ်ရသူမယ်သီချင်းကို ကြောခဏဆိုတတ်သည့်ချစ်ထွေး၊ ခု . . . အားငယ်နေပြီလား။

"ချစ်ထွေး . . . မင်း အရမ်းပင်ပန်းနေပြီနော်။ ကျေးဇူးတင်ပါတယ် ယောက်ဖရယ်"

"ရပါတယ်ကွာ။ ငါကအကြောင်းမဟုတ်ပါဘူး။ မင်းနဲ့ကြာညို ပျော်ရင်ပြီးတာပဲ"

"မင်းအလှည့်ကျရင် ငါ့တာဝန်ပေါ့။ မဟုတ်ဘူးလားကြာညို"

"အဲဒါဆို တစ်သက်လုံးအဲဒီတာဝန်ကို ထမ်းဆောင်ရတော့မှာ မဟုတ်ဘူး"

"အဲဒီလို မစိမ်းကားပါနဲ့ချစ်ထွေးရယ် . . . ငါ့ကို သနားပါဟယ်"

အညွှန့်စကားကြောင့် ရယ်ဖြစ်ကြသည်။ သည်တစ်ခေါက် ထွန်းထွန်း ကျောင်းပြန်မဖွင့်မီ ကြာညိုတို့ အောင်စာရင်းထွက်သည်။ ကြာညိုတို့အုပ်စုထဲမှာ တင်တင်အုန်းတစ်ယောက်သာ အောင်သည်။ အိမ်ထောင်သက်နှစ်လခွဲအတွင်းမှာ ရွှေမင်းဘတ်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တော်မူအိမ်မှာနေလိုက်၊ ညဘက် ကုံကော်ရိပ်မှာနေလိုက်နှင့် အဆင်ပြေနေတော့သည်။ ထွန်းထွန်းပြန်ခါနီး ကြာညို နေမကောင်းဖြစ်သည်။ ထိုနေ့က ပေါ်တော်မူအိမ်ပင် မသွားနိုင်အောင် ခေါင်းထဲမှာ မူးနောက်နေသည့်အတွက် ဘုတိုကို ဆိုက်ကားနှင့်လွှတ်ပြီး ထမင်းချိုင့်ယူခိုင်းရသည်။ ဘုတိုပြန်လာတော့ အမေရော၊ အဘွားပါ အူယားဖားယား လိုက်လာသည်။

"ဘယ်လိုဖြစ်တာလဲသားရယ် . . . မင်း ပြန်ခါနီးမှဖြစ်ရတယ်လို့၊ ကိုယ်ပူသေးလား"

"ကိုယ်တော့မပူဘူး။ မူးတယ်ပဲပြောတယ်"

"မြေးလေး ဘယ်လိုခံစားရသလဲ။ ပြောပြစမ်း . . ."

"မူးပြီး ရင်ထဲမှာ တလှပ်လှပ်နဲ့ အရမ်းနေရခက်တယ်"

"ကဲ . . . ဒါဖြင့် ငါးကြော်လေးနဲ့ထမင်းနည်းနည်းစားလိုက်"

အမေက ထမင်းပြင်ပေးသည်။ စားပြီး၍ ဆယ်မိနစ်အကြာ ထိုးအန်တော့သည်။

"လေးကြည် . . . နင့်သမီး ဆရာဝန်မကြီးဒေါ်စောမြင့်ကို သွားပြ။ တစ်ခုခုပဲ"

ထွန်းထွန်းက ကားမောင်းပြီးဆေးခန်းလိုက်ပို့သည်။ ပြီး အပြင်က စောင့်နေသည်။ ကြာညိုတို့ပြန်ထွက်လာတော့ . . .။

"ဘာဖြစ်တာလဲ အမေ"



"မင်း ကလေးအဖေဖြစ်တော့မယ်တဲ့ သိပ်တော့မသေချာသေးဘူး။ တစ်လလောက်ဆိုရင်တော့ စမ်းလို့မရသေးဘူး ပြောတယ်"

"ဟာ . . ."

ထွန်းထွန်း၏အပျော်မျက်နှာကိုမြင်ရပေမယ့် ကြာညိုက မပျော်နိုင်ပါ။ ကလေးရသည်မှာ စောလွန်းသည်ဟုထင်သည်။ အမေတို့ကို ပေါ်တော်မူအိမ် ထွန်းထွန်းလိုက်ပို့ပြီး ကမန်းကတန်း ပြန်လာသည်။ ကြာညို ငိုနေတာတွေ့တော့ . . .

"ကြာညို . . . ဘာလို့ ငိုနေတာလဲကွာ။ ဒါ ငိုစရာမှမဟုတ်တာ။ ယောကျ်ားယူလို့ ကလေးရတာ ဘာဆန်းသလဲ"

"ဒါတော့ ဒါပေါ့။ မောင်က ပြန်တော့မယ်ဟာကို"

"မောင်ပြန်လည်း အမေတို့ရှိတာပဲ။ ဟိုအိမ်မှာ အန့်အသက် ရှိရင် အဘွားလာနေမှာပဲဟာ။ ဘာမှ အားမငယ်နဲ့ကွာ။ မောင် စိတ်မဖြောင့်အောင် မလုပ်ပါနဲ့ကွာ"

"မောင့်ကို ကြာညိုမခွဲနိုင်ဘူး။ မောင်မရှိရင် ကြာညိုမနေ ထတ်တော့ဘူး"

"အကြာကြီးခွဲရတာမှမဟုတ်တာ။ ခဏခဏပြန်လာမယ်။ ကဲ . . . ကျေနပ်တော့နော်"

ကံတရားက ကြာညို့ဘက်တွင်ရှိသည်။ ထွန်းထွန်းပြန်သွားပြီး နှစ်လအကြာတွင် အခြေအနေအရ ကျောင်းခေတ္တပိတ်၍ပြန်လာ

www.burmeseclassic.com

www.burmeseclassic.com



ရသဖြင့် ကြာညို အရမ်းပျော်ခဲ့သည်။ တစ်လအကြာ ဆေးခန်းပြန်ပြရာ တကယ်ပဲ ကြာညို ကိုယ်ဝန်ရှိနေပြီ။ အဖေ အလွန်ဝမ်းသာနေသည်။

"ကြာညို အားရှိအောင် အစားတော့ များများစားနော်၊ တစ်လအတွင်း အရမ်းပိန်သွားတယ်"

"ဒါများ ပူမနေနဲ့သားရေ၊ နောက်ဆို စားလွန်းလို့ တားယူရမှာ"

ထွန်းထွန်းနှင့်နေရသည့်အချိန်က နည်းပါးလာသည်။ ထွန်းထွန်းပြန်သွားပြီး ကြာညို့ကို အမေတို့က အဘွားနှင့်ပဲ ကုံကော်ရိပ်မှာ ထားသည်။ ထွန်းထွန်းကျောင်းမပိတ်မီ ဆောင်းအကုန် နွေအကူးမှာ ကြာညို သားဦးလေးမွေးဖွားသည်။ တစ်တုံးတစ်ခဲကြီးနှင့် ချစ်စရာကောင်းလှသည်။ တစ်အိမ်လုံးအလုပ်ရှုပ်ကုန်သဖြင့် ချစ်ထွေးက ခွင့်ယူလိုက်ရသည်။

"ကြာညို . . . နင် ဘယ်လောက်အထွန်းကိုချစ်လဲဆိုတာ ဒီကောင်ကြီးကြည့်တာနဲ့ သိပြီ။ အထွန်းနဲ့ချွတ်စွပ်ပဲ"

"ချစ်ထွေး . . . အထွန်းကို သံကြိုးရိုက်လိုက်ဦးနော်"

"အေးပါ . . . နင်ပြောတာ နောက်ကျနေပြီ"

ထွန်းထွန်းကျောင်းပိတ်၍ပြန်လာတော့ သူ့သားကို ချစ်၍မဆုံး။ မြှူလိုက်တိုင်း တခစ်ခစ်ရယ်တတ်နေသဖြင့် တွေ့သည့်လူတိုင်း ချစ်သည်။ အဖေက ဆရာတော်ထံလျှောက်ထားရာ အင်္ဂါသားဖြစ်သဖြင့် "စိုးထွန်းနိုင်" ဟု အမည်ပေးသည်။ ထွန်းထွန်း တတိယနှစ်ကျောင်းပြန်ဖွင့်တော့ သားနှင့်ဇနီးကို မခွဲနိုင်အောင်ဖြစ်နေသည်။

"ကြာညို . . . ကုံကော်ရိပ်မှာပဲ အမြဲနေပါလားကွာ။ ဟိုက အနံ့အသက်တွေနဲ့ ကလေးကျန်းမာရေးထိခိုက်မှာစိုးတယ်"

"ဘယ်လိုပြောလိုက်တာလဲမောင်ရယ် . . . အမေတို့ကြားရင် စိတ်မကောင်းဖြစ်နေပါဦးမယ်။ ကြာညို့ကိုလည်း အဲဒီမှာပဲ မွေးခဲ့တာ"

"ဒါတော့ဟုတ်ပါတယ်။ ဟိုမှာဆိုရင် အလုပ်သမားတွေက ချိုကြတာနဲ့၊ ဟိုလူနမ်းဒီလူနမ်းနဲ့ ကလေးရောဂါကူးမှာစိုးလို့ပါ။ ဟိုနေ့က ပြန်လာတော့ ကလေးကိုယ်မှာ အနံ့တွေတောင် ကပ်လာတယ်"

"တော်တော့မောင်။ မောင့်ကို အဲဒီအနံ့တွေက ဆရာဝန်ဖြစ်အောင် လမ်းခင်းပေးနေတာမဟုတ်လား။ ခုတစ်ပတ် မောင့်ကို ကြည့်ရတာ ဟိုဟာရှုံ့သလိုလို၊ ဒီဟာရှုံ့သလိုလိုနဲ့"

ကြာညိုစိတ်ဆိုးမှန်းသိတော့ မောင်က . . .

"ကဲပါကွာ။ ယောက်ျားက စိုးရိမ်လို့ပြောတာ စိတ်ကြီးပဲ နောက်မပြောတော့ဘူး"

** ** ** ** **



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ထွန်းထွန်း ပြန်သွားပြီးနောက် လွမ်းကျန်ရစ်ခဲ့သူက ကြာညိုပါ။ ကလေးတစ်ဖက်နှင့် ကုံကော်ရိပ်မှာနေလိုက်၊ ပေါ်တော်မူမှာနေလိုက်နဲ့ အချိန်က တဖြည်းဖြည်းကုန်လာသည်။ သားကို တစ်နှစ်ပြည့်မွေးနေ့ပွဲလုပ်ပေးဦးမည်ဟု အဖေကပြောသည်။ အဖေက မြေးကို လက်ကမချအောင် ချစ်နိုင်လွန်းသည်။ တစ်နေ့တွင် ကြာညိုတို့၏ အသိုက်အမြုံလေးကို ကြေကွဲစွာ ပျက်စီးခံလိုက်ရသည်။ အဖေက ထွန်းထွန်းကို ငွေပို့နိုင်ရန် မော်လမြိုင်မှကုန်သည်များထံ ဆန်ဖိုးငွေတောင်းသွားရင်း ပေါင်မြို့မရောက်ခင် ကားမှောက်ပြီး ကွယ်လွန်သွားရှာသည်။ အဖေ့အလောင်းဆေးရုံရောက်တော့ အမေက တက်သွားသလို၊ ကြာညိုကလည်း သတိလစ်သလိုခံစားရသည်။ အဖေက ခေါင်းထိကာ အတွင်းကြေ ကြေသွားခြင်းမို့ ကားမှောက်သည်နှင့်မတူ အိပ်ပျော်နေသည်ဟု ထင်ရသည်။

"အဖေ . . . သမီးတို့ကို ထားခဲ့ပြီလားအဖေ"

ကြာညို လူးလိမ့်နေအောင်ငိုခဲ့သည်။ ကြာညိုတို့ အိမ်ပြန်ရောက်သည့်အခါ ခြံထဲရှိတာပည့်များကလည်း ကြွက်ကြွက်ညံအောင်



ငိုကြသည်။ အမေက ခဏခဏတက်သလို၊ အဘွားကလည်း သတိလစ်သွားပြန်သည်။ သည်ကြားထဲ ဒေါ်ငယ်ကလည်း အမေနှင့်အပြိုင်အော်ငိုပြီး တက်သွားပြန်ပါသည်။

"အမလေး အစ်ကိုကြီးရဲ့၊ ကျေးဇူးရှင်ကြီးရဲ့ သန်းရီကို ပစ်သွားပြီလား"

ကြာညို့သူငယ်ချင်းများ သတင်းမေးရောက်လာတော့ ကြာညို ဖြေမဆည်နိုင်အောင် ငိုရပြန်သည်။ ချစ်ထွေးက အငိုမျက်နှာဖြင့် ကြာညိုကို အားပေးသည်။

"ကြာညိုရယ် နင်အရမ်းငိုတော့ အဘွားတို့အဒေါ်ကြီးတို့ ဘယ်လိုနေမလဲ။ နင့်သားလည်းရှိသေးတယ်လေ။ ငါလည်း အရမ်းခံစားရတာပါကွာ။ ငါ့ကျေးဇူးရှင်၊ ထမင်းရှင်ပါ"

ချစ်ထွေးသည် ကြာညို့ကို နှစ်သိမ့်ပေမယ့် သူပါ ရောငိုနေတော့သည်။

"ချစ်ထွေး . . . အထွန်းကို နင် အသိပေးလို့မဖြစ်ဘူးနော်။ သန်ဘက်ခါဆိုရင် သူ စာမေးပွဲဖြေရတော့မှာ"

"ငါသိပါတယ်။ အထွန်းကို မစောင့်တော့ဘူး။ သူ စာမေးပွဲပြီးတာနဲ့ ပြန်လာမှာပဲ။ ဒီရောက်မှ ပြောတာပေါ့"

ရက်လည်သည့်ညတွင် အမေ အိပ်ရာထဲက မထနိုင်သဖြင့် ကြာညို စီစဉ်စရာများ စီစဉ်ရသည်။

"ချစ်ထွေး မနက်ဖြန်ကစပြီး ငါ ကုံကော်ရိပ်က ပြန်ပြောင်းလာမယ်။ နင် အိမ်သွားစောင့်ပေးနိုင်မလား"

www.burmeseclassic.com

www.burmeseclassic.com



"ငါ စောင့်ပေးနိုင်ပါတယ်။ ဒါပေမယ့် အဘွားနဲ့ဒေါ်ကြီးပါ အရမ်းခံစားနေရတော့ ငါ စိတ်မချဘူး။ ငါ ဒီကနေ ရုံးတက်မယ်။ ဒီမှာပဲ အိပ်မယ်။ လောလောဆယ် အစောင့်တစ်ယောက်ရှာမယ်။ ဟိုဘက်ခြံက ဘကြီးသာရင်ကို ပြောကြည့်မယ် မကောင်းဘူးလား"

"နင် သင့်တော်သလို စီမံပါတော့ဟယ်။ ငါတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘူး။ အဖေရယ် အဖေသေဖို့ စောပါသေးတယ်။ အဖေ့မြေးကို ကင်ပွန်းတပ်ပွဲလေးတောင် မလုပ်ပေးနိုင်ခဲ့ဘူးနော်။ သမီးဘယ်လိုဖြေရမှာလဲ အဖေရယ်"

"တော်ပါတော့ ကြာညိုရယ်၊ အဘမရှိချိန်မှာ နင် အထွန်း ဆရာဝန်ဖြစ်တဲ့အထိ လုပ်ရဦးမှာ၊ နင် အရင်လို ပေါ့ပေါ့နေ ပေါ့ပေါ့ စားလို့ မဖြစ်တော့ဘူးလေ"

အထွန်းကျောင်းပိတ်၍ပြန်လာသောအခါ ကြာညို့ကို အပြစ် တင်၍မဆုံးတော့။ အမေနှင့် ကြာညိုက ဖြစ်ကြောင်းကုန်စင်ပြော ပြတော့ တောက်တစ်ခေါက်ခေါက်နှင့် . . . ။

အထွန်းငိုတော့ ကြာညိုက အသစ်ဖြစ်ပြီး ငို၍မဆုံးနိုင်ပါ။

"ချစ်ထွေး မင်း ငါ့ကို အကြောင်းကြားပါတော့လားကွာ။ စာမေးပွဲမဖြေရလည်း ဘာဖြစ်သလဲ။ ငါလည်း အဖေ့ကို နောက်ဆုံး တွေ့ချင်တာပေါ့"

"မင်းမိန်းမကိုပြော သူ အတန်တန်တားလို့ မပြောတာ"



"ဟုတ်ပါတယ်သားရယ် . . . သေတဲ့လူ သေပြီပဲ။ သား တစ်နှစ် နစ်နာသွားမှာစိုးလို့ပါ။ ကြာညိုသဘောချည်းပဲလည်း မဟုတ်ပါဘူး။ အမေ့ဆန္ဒလည်း ပါပါတယ်"

ထွန်းထွန်း ကျောင်းပြန်တက်ရတော့ ထွန်းထွန်းကျောင်းစရိတ် များက အမေနှင့်ကြာညိုထံ ပုံကျလာခဲ့သည်။ သည်နှစ် စပါးရိတ် သိမ်းပြီးကတည်းက လယ်များကို ဦးလေးဖိုးမောင် လုပ်နိုင်သလောက် ပေးပြီး ကျန်ဧကများကို သီးစားချထားလိုက်တော့သည်။ ထွန်းထွန်း ပြန်ပြီး သုံးလအကြာမှာ အဘွားလည်း သမက်စိတ်ကြောင့် အဖေ့ နောက် ကောက်ကောက်ပါအောင် လိုက်သွားတော့သည်။

"အဘွားရေ . . . မြေးကို ထားခဲ့ပြန်ပြီပေါ့။ သမီးတို့အိမ်မှာ ကြိုဟ်ဆိုးဝင်လှချည့်ရဲ့"

ကြာညိုကို အသက်တစ်မျှချစ်သောအဘွားဆုံးသွားသဖြင့် ကြာညို အရမ်းခံစားရသလို၊ အမေကလည်း တရှောင်ရှောင်ဖြစ် လာသည်။ အဘွားကွယ်လွန်သော်လည်း အထွန်းကို ပြန်မခေါ်ဘဲ၊ စာရေးအသိပေးလိုက်သည်။ ကြာညို အမေ့ကို အဆုံးရှုံးမခံနိုင် တော့သဖြင့် အလုပ်ကို လျှော့လိုက်ရသည်။ သားကိုထိန်းကျောင်းဖို့ ရွာထဲက မချိုကို နံနက်သွားညပြန်ခေါ်ထားသည်။ ဈေးထဲမှာ ဆိုင် ခန်းတစ်ခန်းဝယ်ပြီး မမကြူးကို ငါးပိဆိုင်ထွက်ခိုင်းပြီး အမေ တစ်လှည့်၊ ကြာညိုတစ်လှည့် ကြီးကြပ်ရသည်။ တစ်နေ့ အချိန် ငါးဆယ်လောက်ကုန်သည်။ မမကြူးကိုတော့ ရောင်းရသမျှ အချိုးကျ

www.burmeseclassic.com

www.burmeseclassic.com



ခွဲဝေပေးသည်။ အိမ်တွင်လာစယ်သူများကို ဒေါ်သန်းရီနှင့်လွှဲထားရသည်။ နယ်ကိုမူ ဦးကျောက်ဖိုးက လိုက်ပို့သည်။ လယ်ယာလုပ်ကိုင်ခြင်းမရှိတော့ အလုပ်သမားနည်းသွားသည်။ အယောက်သုံးဆယ်လောက်သာ ရှိတော့သည်။ ထွန်းထွန်းကျောင်းစရိတ်ကလည်း အရင်နှစ်များထက် နှစ်ဆ တက်လာခဲ့သည်။ သား၏ရှေ့ရေးလည်းရှိသည်ဖြစ်သဖြင့် ကြာညို အမေ့ကိုယ်စား ရှာရပြီပေါ့။ စိတ်မကောင်းစရာတစ်ခုက ချစ်ထွေးဆရာ ရန်ကုန်ပြောင်း၍ သူ့ကိုပါပြောင်းရအောင်စီစဉ်ပေးလျှင် ချစ်ထွေးလိုက်ပြောင်းမည်ဟုဆိုလာသည်။ ချစ်ထွေးအတွက် ဝမ်းသာရသော်လည်း တကယ်တမ်းချစ်ထွေးအဝေးရောက်သွားမည်ကိုလည်း စိုးရိမ်သလို ခံစားရပြန်သည်။

"နင် တကယ်သွားတော့မှာလား။ ကောင်းပါတယ်လေ"

"ချက်ချင်းတော့မဟုတ်သေးဘူး။ လောလောဆယ် ငါ့ဆရာကို လိုက်ပို့ရင်း သင်တန်းတစ်ခုတက်ဖို့ စီစဉ်ပေးမယ်တဲ့။ မွမ်းမံသင်တန်းပေါ့ကွာ။ အဲဒီမှာနေဖို့ထိုင်ဖို့ အဆင်ပြေရင် ငါ ပြောင်းရွှေ့လျှောက်မယ်။ ငါကတော့ အထွန်းဘွဲ့ရမှ ပြောင်းချင်တာပါ။ နင်တို့သားအမိကို စိတ်မချလို့ပါ"

"မဟုတ်တာချစ်ထွေးရယ် . . . သွားပါ။ နင့်တက်လမ်းပဲ။ နင်ရန်ကုန်မှာရှိတော့လည်း အထွန်းနဲ့ အမြဲတမ်းတွေ့နိုင်တာပေါ့"

"ဘာလဲ . . . နင် အထွန်းကို စိတ်မချတော့ဘူးလား"



"စိတ်မချလို့မဟုတ်ပါဘူး။ ဒါပေမယ့် ငါ ဒီအိမ်မှာနေတာသူ ကြိုက်ပုံမပေါ်ဘူး။ ပြီးတော့ ငါက အခုဆိုရင် အမေ့နေရာဝင်ယူနေရပြီဆိုတော့၊ အရင်တစ်ခါပြန်လာတုန်းက ဒို့ကိုယ်မှာရေမွှေးနံ့ပျောက်ပြီး ငါးညှီနံ့ရောက်နေပြီတဲ့လေ၊ အရင်တုန်းက ငါးပိရည် အင်မတန်ကြိုက်သူက ခုဆိုရင် ငါးပိရည်မစားတော့ဘူးဟာ၊ အပြောင်းအလဲတွေပေါ့ဟာ"

** ** ** ** **

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

လက်တွေ့ကျကျအလုပ်တွေကို ကိုယ်တိုင်လုပ်ကြည့်မှ မလွယ်ကူမှန်းသိတော့သည်။ အရင်က ကြာညို ဘော်ကြော့နေခဲ့သည်ကို နောင်တရမိသည်။ ငါးပိလုပ်ငန်းကိုဖျက်သိမ်းပြီး အထည်ဆိုင်လေးဖွင့်၊ ကုံ့ကော်ရိပ်မှာ စတိုးဆိုင်လေးဖွင့်ပြီးနေဖို့ စိတ်ကူးမိသော်လည်း ကြာညိုတို့အလုပ်ကို မှီခိုစားသောက်ရသောအလုပ်သမားများကို ပြန်ငဲ့ရသေးသည်။ ထွန်းထွန်းကလည်း နောက် သုံးနှစ်ကျန်သေးသည်။ ယခုဆိုလျှင် ငါးဖမ်းသူများကို ငွေကြိုပေးဖို့ ဦးလေးဖိုးမောင်ကပဲ တာဝန်ယူပေးရသည်။ ငါးပိရည်သည် မြန်မာ့ရိုးရာအစားအစာဖြစ်သော်လည်း ငါးပိလုပ်ပုံလုပ်နည်းသိရှိသူ နည်းပါးလှသည်။ ငါးပိတစ်အိုးရဖို့ လုပ်ရသည်ကလည်း လက်ဝင်လှသည်။ အဆင့်ဆင့်လုပ်ရသည်။ ငါးများသန့်စင်ရာမှာ မြက်ပင်နှင့် အမှိုက်များမပါအောင် ဂရုစိုက်ရသည်။ ငါးခုံးမငါးပိလုပ်ရာတွင်လည်း သည်းခြေမပါအောင် ရေစင်စင်ဆေးရသည်။ ထိုဆေးကြောပြီးသောရေများကို စဥ့်အင်တုံများဖြင့် ခံထားရသည်။ သို့မှသာ



အပေါ်ဝေ့တက်လာသောအဆီများကို စစ်ယူပြီး ငါးဆီချက်ရသည်။ အလေအလွင့်များထဲမှ ငွေပြန်ရသည့်အလုပ်ပါ။

ဆားသိပ်သည့်အချိန်တွင်လည်း အမေကိုယ်တိုင် အနားကလာပြပေးသည်။ အလုပ်သမားများလုပ်ပေမယ့် ကြာညိုက ဝင်လုပ်ရသေးသည်။ သန့်စင်ပြီးသောငါးများကို အဟုပ်ခံကာ နောက်တစ်ရက်တွင် ရေပြန်ဆေးပြီး ဆားသိပ်ရသည်။ တစ်ည ဆားသိပ်ပြီးငါးများကို စင်ပေါ်တွင် နှစ်ရက်ခန့်လှန်းရပြန်သည်။ ခြောက်သွေ့သောငါးလေးများကို သစ်သားဆုံတွင်ဆားနှင့်ရေအနည်းငယ်ထည့်ပြီး ထောင်းရသည်။ ထောင်းသည့်အခါ သစ်သားကျည်ပွေ့ဖြင့်မထောင်းရဘဲ ဝါးများကို စိတ်ဖြာပြီး အချွန်လေးများဖြစ်အောင်လုပ်ထားသည့် ဝါးကျည်ပွေ့ဖြင့်ထောင်းရသည်။ သို့မှသာ ငါးများအားလုံး မကြေဘဲ ထက်ပိုင်းဖြတ်လေးများဖြစ်ကုန်သည်။ နောက်တစ်ကြိမ် ကြေသွားသောငါးများကို နေပြန်လှန်းကာ ခြောက်သွေ့သောငါးတကလေးများကို စဥ့်အိုးထဲသို့ ငါးတစ်ထပ်၊ ဆားတစ်ထပ် သစ်သားကျည်ပွေ့ဖြင့် ဖိထည့်ရသည်။ စဥ့်အိုးနှုတ်ခမ်းလောက်အထိ ကျပ်နေအောင်ဖိထည့်ပြီး လောက်သေရွက်များဖုံးအုပ်ကာ ငါးပိုးဝါးဖက်ဖြင့် အပေါ်မှဖုံးပြီး စဥ့်အိုးအဝဖြင့် တိုင်းဖြတ်ထားသော ဝါးတုတ်များဖြင့် အပေါ်မှ ကုပ်နှိပ်ကာ သိပ်ရသည်။ ငါးနှင့်ဆားတွေ့သော် အပေါ်သို့ အရည်များစိမ့်ထွက်လာခဲ့တော့သည်။ ထိုအရည်များကို ခပ်ပြီး အိုးတစ်လုံးနှင့်ထည့်ကာ "ငါးငံပြာရည်" အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ရောင်းချသည်။ ဘေးထွက်ဆိုးကျိုးမရှိဘဲ အရသာပို၍ကောင်းလှသည်။ ငါးပိလုပ်ရာတွင် ခုလုပ်၊ ခု ငါးပိဖြစ်သည်မဟုတ်။ ခြောက်လ၊ တစ်နှစ်ထားမှ "နပ်" ပြီး မွှေးကြိုင်သောငါးပိရမည်ဖြစ်သည်။ ငါးကြီး ငါးပိလုပ်ရာတွင် ထောင်းစရာမလိုဘဲ ဗိုက်ဖောက်၊ အကြေးထိုး၊ အပုပ်ခံပြီး ရေပြန်ဆေး၊ ဆားသိပ်ပြီးနေလှန်း၊ ခြောက်သွေ့သော ငါးများကို စဉ့်အိုးထဲ ဆားအနေတော်ရောရန်၊ ထည့်သိပ်ရန်သာ လိုသည်။ အချိန်ကြာမှ အိုးဖော်သောငါးပိများသည် ငါးပိကောင်း ဖြစ်နိုင်သည်။ ငါးပိများ လောက်မတက်ရန် ထားသိုမှုကလည်း အရေးကြီးသည်။ ကြာညိုတို့ငါးပိမှာ သန့်ရှင်းရေးနိုင်နင်းခြင်း၊ ဆား မင်ခြင်းကြောင့် နာမည်ကောင်းရခြင်းဖြစ်သည်။ ဂိုဒေါင်အတွင်း ရာဝင်အိုး အလုံး တစ်ရာမကရှိသည်။ ငါးပိသိုလှောင်မှုကို သက်တမ်း အလိုက် ခွဲထားရသည်။ နွေဘက် ငါးများရလျှင်ရသလို များများ လုပ်ထားမှ ရောင်းဖို့ အလျှဉ်မီသည်။

"သမီးရယ် . . . သမီးကြည့်ရတာ ခမောက်တစ်လုံးနဲ့ ပင်ပန်း နေပြီ။ အမေတို့မှာ ပစ္စည်းတွေအများကြီးရှိတာပဲ။ လျှော့လုပ်ရင် ကောင်းမယ်"

"အမေကလည်း ငါးပိအမြတ်ဘယ်လောက်ရတယ်ဆိုတာ အမေလည်း သိသားနဲ့၊ အထွန်း ဆရာဝန်ဖြစ်တော့ တစ်မျိုးစဉ်းစား ကြတာပေါ့နော် . . . အမေ"

အထွန်း ကျောင်းပိတ်၍ပြန်လာသည့်အချိန်တွင် ချစ်ထွေး သင်တန်းတက်ဖို့သွားလေပြီ။ ကိုထွန်းရောက်လာကတည်းက



ကလေးထိန်းအလုပ် လုပ်ပေးသည်။ သားကြီးကလည်း စကားပြော တတ်စပြုလာတော့ ဖအေနှင့် အလွမ်းသင့်နေတော့သည်။

"သားကြီးရေ . . ."

"ဂျာ . . . ဂျား"

"ဖေဖေက ဘယ်မှာလဲ" ဟု ကိုထွန်းကမေးလျှင် အဖေ့ရှင်ဘတ်ကို ပုတ်ပြတတ်သည်။ ကိုထွန်းရောက်လာကတည်းက အခြားလူနှင့် မလိုက်တော့ပေ။ ကိုထွန်းရေမိုးချိုးသည့်အခါမှာပင် "ဖိ . . . ဖိ" နှင့် အော်ခေါ်နေတတ်သည်။

"ကြာညိုရယ် . . . မင်းလည်း ဝတုတ်ပြီး အသားတွေမည်းလို့ နေပူထဲအရမ်းထွက်နေရပြီထင်တယ်။ အသက်နှစ်ဆယ့်နှစ်နှစ်ဟာ အရွယ်နဲ့မလိုက်အောင် ကြမ်းတမ်းနေပြီနော်"

"ဒီလိုပေါ့မောင်ရယ် . . . လင်အတွက်၊ သားအတွက် လုပ်ရ တာပေါ့။ မောင် ရာကျွေးတဲ့အချိန်ကို ကြာညို လက်ချိုးပြီး စောင့် နေမယ်"

"သားက မောင်နဲ့တူလို့လားမသိဘူး။ အရမ်းချောတယ်နော်။ မောင့်လိုပဲ ဆရာဝန်ဖြစ်အောင်လုပ်ပေးရမယ် သိလား"

"ဟုတ်ပါတယ် . . . ဟုတ်ပါတယ်၊ ကြာညိုနဲ့တူရင် ရုပ်ဆိုးမှာ . . . လိပ်မျိုး"

ကြာညိုက သားအဖနှစ်ယောက် ကလူကျီစယ်နေပုံကိုကြည့်ပြီး ပီတိဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင် . . . ဒီတစ်ခါပြန်ရင် ငွေဘယ်လောက်ယူသွားမလဲ"

"ပိုပိုလိုလိုတော့ ထည့်ပေးလိုက်ပါ။ စာအုပ်တွေဝယ်ရတာလည်း အရမ်းဈေးကြီးတယ်။ မောင်လည်း အားနာနေပြီကွာ။ အပေါင်းအသင်းနဲ့လက်ဖက်ရည်ဆိုင်ထိုင်ရင် သူရှင်းကိုယ်ရှင်းနဲ့ဆိုတော့ ကုန်တယ်"

"သြော် . . . ဒီမှာ ရှင့်ယောက္ခမက အဖေဝတ်တဲ့စိန်လက်စွပ်ကို ပြန်ပြီးပြင်လိုက်တယ်။ မောင့်ကို ပေးလိုက်ပါတဲ့ . . . ရော့"

မောင်က ကြာညိုပေးသည့် စိန်လက်စွပ်ကိုကြည့်ပြီး ဝမ်းသာစွာ ဝတ်ဆင်လိုက်သည်။

လက်ထပ်လက်စွပ်တော့ မချွတ်ပါနဲ့နော်။ အရင်က လက်စွပ်တော့ ပြန်ထားခဲ့။ စိန်လက်စွပ်တော့ ဝတ်သွားပေါ့၊ ကြိုက်ရဲ့လား"

"ကြိုက်တာပေါ့ကွာ။ မောင့်ပါးတောင် နည်းနည်းပိုပြောင်သွားသလိုပဲ"

ကြာညိုက ထွန်းထွန်းလက်စွပ်ဝတ်ပြီးပီတိဖြစ်နေ၍ ကျေနပ်နေသည်။

"မိန်းမရယ် . . . မင်းလည်း ပြင်ပြင်ဆင်ဆင်နေပါဦး။ အရင်က ရေမွှေးသိပ်ကြိုက်တဲ့ငါ့မိန်းမ ရေမွှေးနံ့မရတော့ဘူး"

"ဘဝပေးအခြေအနေပေါ့မောင်ရယ်"

"ဒီတစ်ခေါက်ပြန်လာတာ ချစ်ထွေးကိုမတွေ့ရတော့ စိတ်မကောင်းဘူးကွာ။ ချစ်ထွေးက ရန်ကုန်ကို အပြီးပြောင်းသွားတာလား"



"သူ့တက်လမ်းပဲမောင်ရယ်၊ ပြောင်းရမှာပေါ့။ ခုလောလောဆယ် သင်တန်းသွားနေတာလေ"

သားကြီး စိုးထွန်းနိုင် နှစ်နှစ်ခွဲပြည့်သည့်နေ့မှာ သမီးငယ်လေးကို မွေးဖွားသည်။ ကျောင်းမပိတ်ပေမယ့် မောင်က ကြာညိုတို့ကသီလင်တနိုင်မှာစိုး၍ ခွင့်ယူပြီးပြန်လာသည်။ မောင်က လက်တွေ့လည်းဆင်းနေရပြီမို့ ဆေးဝါးအကြောင်း အတော်နားလည်နေပြီ။ အမေက ကလေးငယ်သေး၍ ကုံကော်ရိပ်မှာပင်ထားသည်။ သားကြီးက ဖအေလာလျှင် မခွဲနိုင်သည်မို့ မောင်က သားနှင့်တစ်ခန်းအိပ်ကြသည်။ အိမ်မှာ ဘုတိုအပြင်၊ မီးဖွားခါစဖြစ်၍ မမကြူက လာရောက်ပြုစုပေးသည်။ ပေါ်တော်မူအိမ်မှာက အမေမရှိလျှင် မဖြစ်သည်မို့ ဒေါ်ငယ်တို့သားအမိကို အဖော်ရအောင် အောက်ထပ်တွင်ထားရသည်။ သမီးလေးက သားကြီးလိုမဟုတ်၊ အလွန်အေးချမ်းသည်။ အငိုအရယ် သိပ်မရှိ။ ကိုထွန်းက သူ့သမီးကို လပြည့်နေ့မှာမွေး၍ "ခင်စန္ဒာထွန်း" ဟု အမည်ပေးသည်။ သမီး၏ပါးဖောင်းလေးများကိုကြည့်ပြီး မောင်က ကြာညိုနှင့်တူသည်ဟုဆိုသည်။ အသားက သားကြီးလောက်မဖြူသော်လည်း မျက်ခုံး၊ မျက်လုံး၊ နှာခေါင်းမှအစ ဘာတစ်ခုမှ အပြစ်ပြောစရာမရှိသလို မျက်ခုံးမွေးများက မည်းနက်ပြီး တန်းတန်းလေးဖြစ်နေသည်မှာ ထူးခြားနေသည်။

"သမီးဆံပင်တွေက နက်မှောင်နေတာပဲနော်။ ကြာညို့ဆံပင်အတိုင်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



ထွန်းထွန်းက သူ့သမီးကို ချစ်မဝနိုင်အောင်ရှိတော့သည်။

"မောင်က ဘွဲ့ရဖို့ နှစ်နှစ်ကျော်တောင်လိုသေးတာ။ ဒီလိုသာ နှစ်နှစ်တစ်ယောက်မွေးနေရင် ဒုက္ခပါပဲ။ ကလေးတစ်ယောက်မွေးရတာ မလွယ်ဘူးနော်။ အလုပ်ကတစ်ဖက်နဲ့ မောင် နောက်တစ်ခါ ပြန်လာရင် မောင့်ဆရာတွေကို မေးခဲ့ပါလားကွယ်"

"အေးလေ . . . မောင် စုံစမ်းခဲ့ပါမယ်။ ဒီအတွက် ပူမနေပါနဲ့"

ထွန်းထွန်းပြန်ပြီး နှစ်ပတ်အကြာမှာ ချစ်ထွေးသင်တန်းက ပြန်ရောက်လာသည်။ ချစ်ထွေးက ရန်ကုန်ပြောင်းဖို့ လျှောက်လွှာတင်ခဲ့ပြီဆိုသောကြောင့် ကြာညို ဝမ်းနည်းဝမ်းသာဖြစ်ခဲ့ရသည်။ ကလေး တစ်လပြည့်သည့်နေ့မှာ ကြာညို ပေါ်တော်မူအိမ် ပြန်ပြောင်းခဲ့သည်။ အမေ့ညီမနှစ်ဝမ်းကွဲ၏သမီး မိစုကို အိမ်မှာခေါ်ထားရသည်။ ကလေးနှစ်ယောက်ကိုထိန်းဖို့ အမျိုးသမီးနှစ်ယောက်ခေါ်သော်လည်း အလုပ်နှင့်လူ မနိုင်ချင်။ ချစ်ထွေးက အားလျှင်အားသလို အမေ့ကိစ္စ၊ ကြာညို့ကိစ္စများ ကူလုပ်ပေးနေဆဲဖြစ်သည်။ ချစ်ထွေးက ပြန်လာပြီးကတည်းက ကုံကော်ရိပ်မှာ အဘဦးသာရင်နှင့်နေပြီး စောင့်ပေးသည်။ မောင်က ယခုနှစ်စာမေးပွဲပြီးသော်လည်း ပြန်မလာနိုင်ဘဲ လက်တွေ့စာမေးပွဲအတွက် စာကျက်နေရသည်ဟု ဆိုပါသည်။ သမီး ခြောက်လပြည့်တော့ ခတ်ပုံရိုက်ပြီး ပို့လိုက်သည်။ ငွေထပ်ပို့ပါဆို၍ ကြာညို ငွေလွှဲရသည်။ သည်အတောအတွင်း ချစ်ထွေးရန်ကုန်ပြောင်းဖို့ ဖြစ်လာသည်။ ညဘက် အမေတို့



ဒေါ်ငယ်တို့ကို ကန်တော့သောအခါ ကြာညို စိတ်မထိန်းနိုင်ဘဲ ငိုမိသည်။

"ငါ ရှုံးပိတ်တာနဲ့ ပြန်လာမှာပါကွာ။ ငါလည်း မပြောင်းချင်ပါဘူး။ နင်က တိုက်တွန်းလို့သာ ပြောင်းရတာ"

"ချစ်ထွေး . . . နင် ဟိုရောက်ရင် ကိုထွန်းအဆောင်ကို မကြာခဏသွားနော်"

"စိတ်ချပါ၊ သွားပါ့မယ်၊ တကတဲ သူ့ယောကျ်ားကို စိတ်မချဖြစ်နေတာ"

အမေက ချစ်ထွေးကို ငွေတစ်သောင်းထုတ်ပေးသည်။

"ချစ်ထွေး . . . ဟိုရောက်လို့ ကျောင်းတက်ဖြစ်ရင် ဒေါ်ကြီးဆီ ငွေမှာနော်"

"ဩော် . . . ကျေးဇူးကြီးမားလှပါတယ်ဗျာ . . ."

**  **  **  **  **

www.burmeseclassic.com

## အခန်း (၁၇)

ကျောင်းပြီးသွားပေမယ့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့မှာ လျှောက်လွှာတင်ပြီးဖြေဆိုကာ ပိုစတင်စောင့်နေရခိုက်၊ ထွန်းထွန်းက ပြန်မလာ။ သူ့ဆရာကြီးတစ်ဦး၏ အထူးကုဆေးခန်းတစ်ခုမှာ ဝင်ရောက် အလုပ် လုပ်ကိုင်ကြောင်း စာလာပါသည်။ ဘွဲ့ယူရန် အမေနှင့်ကြာညိုကို ခေါ်မည်ဆိုသော်လည်း ကလေးများနှင့် ကသီလင်တနိုင်မည်စိုးရိမ်သဖြင့် မခေါ်တော့ဟုဆိုပါသည်။ ထွန်းထွန်းဘွဲ့ယူသည့်ဓာတ်ပုံသာ ရောက်လာလေသည်။ အမေစိတ်ပူနေသဖြင့် လိုက်ခဲ့မည့်အကြောင်း ကြာညို စာရေးလိုက်မှ ထွန်းထွန်းပြန်လာသည်။ သမီးက အရွယ်နှင့်မလိုက်အောင်တတ်ပေမယ့် အတွေ့ကျဲသောအဖေကို စိမ်းနေသည်။ သုံးနှစ်ခွဲရှိပြီဖြစ်သည့် သားက အဖေ့ပုဆိုးစကို မလွှတ်တမ်းဆွဲထားသည်။

"ဖေဖေ . . . ပြန်ရင် သားလိုက်ခဲ့မယ်နော်" ဟုပြောတော့ ကြာညို စိတ်မကောင်းဖြစ်ရသည်။

ကြာကြာ . . . ကြာကြာနှင့် ကြာညိုကိုခေါ်တတ်သည့်သမီးကို ကြည့်ပြီး ထွန်းထွန်းက သမီးကို ပွေ့ချီသည်။

"သမီး . . . ဖေဖေလို့ ခေါ်လိုက်နော်"



"ပေပေ . . . မန်း၊ မန်း"

"ကြာကြာ . . . ကြာကြာ . . . မန်း၊ မန်း"

"သမီးက ကြာညိုကို မေမေလို့မခေါ်ဘူးမောင်ရဲ့၊ အဘွားခေါ်သလို ကြာကြာလို့ခေါ်တယ်။ အမေက အဘွားဝင်စားတယ်လို့ထင်တယ်။ သူ့မြေးမကို အရမ်းချစ်တာ"

"ဟုတ်လား။ ဖေဖေကို ချစ်လားသမီး"

"ချစ်"

"ကြာကြာချစ်"

မောင်က သမီးကို အားရပါးရနမ်းပြီး ဖျစ်ညှစ်ထားသည်။

"ပေပေ . . . မန်း၊ မန်း"

"ဟယ် . . . သိတတ်လိုက်တာသားရယ် . . . မင်းကို မုန့်ကျွေးမလို့တဲ့။ အင်း . . . သွေးက စကားပြောလိုက်တာနော်"

အမေက ထွန်းထွန်းပြန်လာသည့်အတွက် ပျော်နေသည်။

"ဖေ . . . မုန့်၊ မုန့်"

"အေးပါသမီးရယ် . . . ဖေဖေ စားမယ်"

ညဘက်အိပ်ကြတော့ သားကလည်း အဘွားနှင့်မအိပ်ချင်။ အဖေနှင့်အိပ်မည်ဟုဆိုသည်။ ကလေးနှစ်ယောက်ကို အလယ်ကထားပြီးအိပ်တော့ သမီးက ထွန်းထွန်းဘက်ကျော်ခွပြီးသွားသည်။ ဖအေ့ရင်ဘက်ပေါ်မှာ မှောက်အိပ်သည်။

"မေမေ . . . ညီမလေးကိုခေါ်ပါ။ သား ဖေဖေ့ကို ဖက်ထားချင်လို့"

www.burmeseclassic.com

www.burmeseclassic.com



မောင်နှမနှစ်ယောက် လုံးလားထွေးလားနှင့်အိပ်ပျော်သွားမှ ထွန်းထွန်းနှင့် စကားပြောရသည်။

"မောင် . . . သထုံကို ပြန်လျှောက်ထားလားဟင်"

"လျှောက်တော့ လျှောက်ထားတာပဲ။ ဘယ်ကိုကျမယ် မသိဘူး"

"ကြာညိုတို့သားအမိကို အကြာကြီး ပစ်မထားပါနဲ့မောင်ရယ်၊ မောင်ပြန်ရောက်ရင် ကံ့ကော်ရိပ်မှာပဲနေကြမယ်လေ။ အမေက လည်း အထည်ဆိုင်ဖွင့်မယ်လို့ပြောတယ်မောင်ရဲ့"

"မောင် ကြိုးစားပါ့မယ် ကြာညိုရယ်၊ ကြာညိုလည်း အသား တွေ အရမ်းမည်းသွားတာပဲနော်။ မောင့်အတွက် ကြိုးစားနေရလို့ လားကွယ်"

"စိတ်မကောင်းမဖြစ်ပါနဲ့မောင်ရယ်။ မောင် ဆရာဝန်ဖြစ်သွား တာကိုပဲ ကြာညို ဝမ်းသာလှပြီ။ ဪ . . . မောင် အခုပြန်ရင် ငွေယူသွားဦးနော်"

"ဟုတ်တယ် . . . ကြာညို၊ ငွေယူမှဖြစ်မှာ မောင်အိမ်ငှားမလို့၊ စပေါ်လည်း ပေးရမှာ။ အကယ်၍ သထုံပြန်မရောက်ရင် ကြာညို တို့လည်း လာလို့အဆင်ပြေတာပေါ့"

ထွန်းထွန်းပြန်ခါနီး အမေ့ကိုပြောပြသဖြင့် အမေက ထွန်းထွန်း အဆင်ပြေစေရန် ဂျစ်ကားပေးလိုက်သည့်အပြင် အိမ်ခန်းဝယ်ဖို့ ငွေပါ တစ်ပါတည်းထည့်ပေးလိုက်သည်။ ထွန်းထွန်းပြန်တော့ ကလေးနှစ်ယောက်က ငိုလို့မဆုံး။



မောင်ပြန်သွားပြီး စာ မကြာခဏလာသော်လည်း လူက ရောက်မလာ။ အပြင်ဆေးခန်းတစ်ခုမှာ ခေတ္တအလုပ်ဝင်နေကြောင်း ပြောသည်။ ရုံးပိတ်ရက်တစ်ရက်မှာ ချစ်ထွေးပြန်ရောက်လာသည်။ ချစ်ထွေးက ရန်ကုန်ပြန်လက်ဆောင်ဝယ်လာခဲ့သည်။ ချစ်ထွေး ကြာညိုတို့သားအမိကိုကြည့်ပြီး သက်ပြင်းချသည်။ အပြင်လူ အလုပ်သမားများရှင်းသွားသောအခါ ချစ်ထွေးက ကြာညို့ကို စကားဆိုလာသည်။

"ကြာညို . . . ငါ ထွန်းထွန်းနဲ့ပြဿနာဖြစ်လာတယ်"

"ဟယ် . . . ချစ်ထွေးရယ်၊ ဘာဖြစ်လို့လဲ"

"ဘာလဲ နင့်ယောက်ျားဘက်က နာဦးမလို့လား"

"မဟုတ်ပါဘူး။ တစ်နယ်တစ်ကျေးမှာ ပြေပြေလည်လည်နေ ရမယ့်အစား နင်တို့က ဘာဖြစ်ပြန်ပြီလဲ"

"ငါ နင့်ကို ပြောချင်နေတာကြာပြီ။ ရန်ကုန်ရောက်တော့ ထွန်းထွန်းဆီ အရင်ဆုံးသွားတွေ့တယ်။ ငါလာတာ ကြိုက်တဲ့ပုံ မပေါ်ဘူး"

"ဟာ . . . ဟုတ်ပါ့မလားချစ်ထွေးရယ်။ နင်နဲ့ညီအစ်ကိုလို ဖြစ်နေပြီပဲဟာ"

"သိပ်ဟုတ်တာပေါ့။ ဟိုမှာ ဆရာဝန်မတစ်ယောက်နဲ့တွဲနေ တာ။ ထွန်းထွန်း အိမ်ထောင်ရှိမှန်း သိပုံမပေါ်ဘူး"

"ဘာ . . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ကြာညို။ သူတို့ချင်းတွဲနေတာ သုံးနှစ်လောက်ရှိပြီတဲ့။ သားကြီးမွေးပြီးလောက်က ထင်တယ်။ တိတိကျကျစုံစမ်းကြည့်ပြီး သိရတော့ ငါ ထွန်းထွန်းကို သွားဆွေးနွေးတယ်။ သူက နင့်ကို အသိမပေးပါနဲ့တဲ့။ သူ ဖြတ်ပါ့မယ်လို့ပြောတယ်။ ပြီးတော့ ထွန်းထွန်းက သထုံကိုပြန်လျှောက်ထားတယ်ဆိုတာလည်း ဟုတ်မယ်မထင်ဘူး။ နင်တို့သားအမိနဲ့ ဝေးရာကိုပြေးမယ့်ပုံပဲ။ ငါလည်း တော်တော်ပြောခဲ့တယ်။ ငါ သူ့ကို ဆွဲထိုးမလို့အထိ ဖြစ်ခဲ့တယ်။ သူ့ကောင်မလေးက အဆင့်တူ၊ အချောအလှပေါ့၊ ဆွေကြီးမျိုးကြီးထဲကပဲ။ သူတို့နှစ်ယောက်ကို သူ့ကောင်မလေးဘက်က သဘောမတူဘူးလို့ ကြားတာပဲ"

ကြာညို ရင်ထဲမှာ ဖြောင်းဆန်သွားတော့သည်။ လင်စိတ်ငယ်ထိပ်အထိတက်လေပြီ။ ကြာညို ငိုလည်းငို၊ ထွန်းထွန်းကိုလည်း စိတ်အနာကြီးနာတော့သည်။

"အခုပြန်လာတာလည်း ဒီအကြောင်းပြောခိုင်းလို့၊ နင်တို့ လိုက်လာမှာ သူ သိပ်ကြောက်နေတယ်။ ခဏတော့ စောင့်ကြည့်ဦးပေါ့ . . . ငါ ကြည့်ထိန်းပါ့မယ်။ နင် စိတ်အေးအေးထားပါ"

"ငါ ဘယ်လိုလုပ်ပြီးစိတ်အေးနိုင်မလဲ ချစ်ထွေးရယ်။ ငါက သူ့အတွက် နေပူမရှောင်၊ မိုးရွာမရှောင် ရှာဖွေလုပ်ကိုင်ရတာ ဖတ်ဖတ်မောနေပြီ၊ ရုပ်လည်း လူနဲ့မတူတော့ဘူး။ သူကတော့ အသစ်ရှာနေပြီ။ သားသမီးမျက်နှာတော့ ထောက်သင့်တာပေါ့"

အမေ့ကို အထွန်းအကြောင်းများ ထုတ်ပြောပြတော့ အမေက ဆတ်ဆတ်ခါအောင် နာကြည်းနေတော့သည်။



"အမေ . . . ကြာညိုတို့ လိုက်သွားမှဖြစ်မယ်"

"သမီးသဘောပဲ၊ အမေလည်း မခံနိုင်ဘူး။ ဘယ့်နှယ့်တော် ကျေးဇူးကန်းရတယ်လို့"

ချစ်ထွေးက တွေးတွေးဆဆနှင့် . . .

"ဒီလို အကြမ်းလုပ်လို့ မဖြစ်ဘူးထင်တယ်။ ကျွန်တော် ပြန်ပြီး ဆွေးနွေးပါဦးမယ်"

ချစ်ထွေး ပြန်သွားပြီးကတည်းက ကြာညို အလုပ်ပင်မလုပ်နိုင်တော့ပါ။ အချစ်၏ဒဏ်ရာဒဏ်ချက်ကြောင့် လူးလှိမ့်နေအောင် ခံစားရတော့သည်။ ရီရီဝင်းကို အညွန့်က အထွန်းကိစ္စ စုံစမ်းပေးသောအခါ အခြေအနေလွန်နေပြီဟုသိရ၍ ကြာညို ရင်ကွဲမတတ် ငိုရတော့သည်။ ရီရီဝင်းနှင့် အညွန့်အပါအဝင် သူငယ်ချင်းများကလည်း ကြာညို့ဘက်ကခံစားပြီး မခံမရပ်နိုင်အောင် ရှိကြသည်။

"အမေ . . . အချိန်မလွန်ခင် လိုက်မှဖြစ်မယ်။ အမေနဲ့သမီးတို့ သွားကြမယ်နော်"

အမေကလည်း သဘောတူသဖြင့် ကြာညိုတို့ မကြာခင် ထွန်းထွန်းနောက်လိုက်ကြဖို့ ပြင်ဆင်ကြသည်။ ရန်ကုန်မြို့ကို တစ်ခေါက်မှ မရောက်ဖူးပေးမယ့်၊ ဘူတာက ဆင်းဆင်းချင်း ကားငှားပြီး ကားသမား၏အကူအညီဖြင့် ဆေးခန်းလိပ်စာရှာဖွေခဲ့သဖြင့် ထွန်းထွန်းခေတ္တလုပ်ကိုင်နေသော "ချမ်းမြေ့အောင်" ဆေးခန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားသည်။ ကြာညိုတို့က ဆေးခန်းရှေ့မှာ အထုပ်အပိုးများချကာ ဆေးခန်းထဲသို့ဝင့်ကြည့်လိုက်ပြီး

www.burmeseclassic.com



ဆေးကောင်တာမှာထိုင်နေသည့် ဝန်ထမ်းများကို ဝင်ရောက်စုံစမ်းလိုက်သည်။

"သြော် . . . ဒေါက်တာထွန်းနိုင်ရှိပါတယ်။ ခုပဲ သူ့အမျိုးသမီးနဲ့ ထမင်းသွားစားတယ်။ မကြာဘူး ပြန်လာမှာပါ။ ဒီရှေ့ခုံကပဲ စောင့်နေပါ"

သေချာပြီမို့ ကြာညို နှုတ်ခမ်းကို ပြတ်မတတ်ကိုက်ထားလိုက်သည်။ ထွက်လာသည့်ဒေါသကလည်း ထိန်းမရအောင်ရှိနေသည်။ အမေက စိတ်ထိန်းဖို့ပြောသော်လည်း ကြာညို ငိုချင်လာပြီ၊ ကောင်တာက ဝန်ထမ်းများက ကြာညိုတို့ကိုကြည့်ပြီး ဆေးခန်းလာပြသည့်လူနာများ ထင်ပုံရသည်။ ခဏအကြာ ထွန်းထွန်းတို့နှစ်ယောက်သား လက်ချင်းချိတ်ပြီး ဝင်လာတော့သည်။

"သြော် . . . ဘုရားမှတ်လို့ ကိုးကွယ်ခဲ့တာ။ ဖွတ်ထွက်မှ တောင်ပို့မှန်းသိတော့တယ်။ ရှင် တော်တော်ပက်စက်တဲ့လူပါလား . . . ကိုထွန်း"

ထွန်းထွန်းသည် ကြာညိုတို့မိသားစုကို ရုတ်တရက်တွေ့လိုက်ရ၍ အခြားကမ္ဘာကဂြိုဟ်သားတစ်ဦးကို တွေ့လိုက်ရသလို ကြက်သေသေကာ ထိတ်လန့် တုန်လှုပ်သွားပုံရသည်။ အတူပါသူ အမျိုးသမီးချောချောကလည်း ရုတ်တရက် လန့်သွားပုံဖြစ်သွား၏။

"ကြာညို . . . လာ . . . လာ။ အပြင်သွားမယ်"

ထိုအခိုက် သားကြီးကလည်း . . .



"ဖေဖေ" ဟုခေါ်ကာ ထွန်းထွန်းကို ပြေးဖက်သည်။

"အပြင်မသွားဘူး။ ဒီမှာပဲရှင်းမယ်။ သားနဲ့မယားနဲ့ရှိတာကို လူပျိုလို့ပြောပြီး ဘဝသစ်ကိုစချင်တယ်ပေါ့ ဟုတ်လား။ ဟောဒီက ကြာညို့ပန်း၊ အမေ့ပန်း၊ အဖေ့ပန်းကို ဆင့်ကဲဆင့်ကဲနင်းပြီး အမြင့်ကပန်းကို ခူးချင်တဲ့ ရှင့်ရဲ့ ယုတ်မာတဲ့အကွက်တွေ ရှင်းဖို့လာတာ"

"ကြာညို . . . ဒီမှာမသင့်တော်ဘူး။ အပြင်ကိုသွားကြမယ်"

ထွန်းထွန်းအမျိုးသမီးဖြစ်ဟန်တူသည့် အသစ်တွဲနေသော အမျိုးသမီးက ထွန်းထွန်းကို အင်္ဂလိပ်လို ဘာတွေပြောလိုက်မှန်းမသိ။ ထွန်းထွန်းကလည်း အင်္ဂလိပ်လို ပြန်ပြောသည်။

"ဒီမှာ . . . ရှင် ဘာတွေ လာနှောင့်ယှက်တာလဲ။ ရဲစခန်းကို တိုင်ရမလား"

"ဟား . . . ဟား ရယ်ချင်လိုက်တာ။ သူခိုးက လူပြန်ဟစ်လို့၊ သူများလင်လည်း ခိုးသေး၊ ဥပဒေသာရှိရင် ရှင့်ကို လင်ခိုးမှုနဲ့ တရားတောင်စွဲလို့ရတယ်။ ဒီမှာ အမျိုးသမီး . . . ရှင် အညာမိခဲ့ပြီ။ ကိုထွန်းနဲ့ကျွန်မဟာ တရားဝင် လင်မယား၊ ဒါ သူ့သားနဲ့ သူ့သမီး"

အနီးအနားရှိ လုံခြုံရေးဖြစ်ဟန်တူသော လူတစ်ဦးရောက်လာသည်။ ထွန်းထွန်းက အမေ့ကိုပြောသည်။

"အမေကလည်း နည်းနည်းပါးပါးထိန်းပါလားဗျာ။ အကိုသက်ကျွန်တော့်ကို အရှက်လာခွဲတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုထွန်းနိုင် . . . ဟောဒီ ရှင့်မယားလက်တွေ ကြည့်စမ်း၊ ငါးပိလုပ်လို့ ငါးရိုးတွေစူးပြီး၊ ကျားလျှာလို ကြမ်းရှနေပြီ ရေမွှေးနံ့လည်းပြယ်နေပြီ။ ဒါ . . . ရှင် ဆရာဝန်ဖြစ်အောင် လုပ်ပေးခဲ့ရလို့ပဲ။ ကျွန်မထိပ်က ဆံပင်တွေလည်း ဆားငွေ့တွေရိုက်ပြီး ပြောင်စပြုလာပြီ။ အဲဒါ ရှင့်ကို မြင့်သထက်မြင့်အောင် မြှင့်တင်ပေးရလို့၊ ရှင်က ငါးပိစော်နံတဲ့ကျွန်မကို အကြောင်းမဲ့စွန့်ပစ်ပြီး ရေမွှေးနံ့မွှေးတဲ့လူဆီ ကူးပြောင်းပြီပေါ့။ ရှင့်လို အုတ်ကြားမြက်ပေါက်ကို ကျွေးမွေးပြုစုရတာ နာတယ်။ ခုတော့ . . . ရှင် ဘဝမေ့သွားပြီပေါ့"

ထွန်းထွန်း တော်တော်ရှက်သွားပုံရသည်။ ကြာညို့ကို အတင်းဆွဲခေါ်သည်။ ကလေးနှစ်ယောက်ကလည်း ငိုလိုက်သည်မှာ ဆူညံနေတော့သည်။ ထွန်းထွန်း အံကိုကြိတ်လျက် ကြာညို့ကို ရိုက်မည်ဟန်ပြင်ရုံရှိသေး၊ ကြာညိုက ထီးကို ရုတ်တရက်ဆွဲပြီး ထွန်းထွန်းကို နှစ်ချက်ရိုက်ချလိုက်သည်။ ထွန်းထွန်း ရှောင်ရင်းတိမ်းရင်း၊ သူ့အမျိုးသမီးကို ထိမှာစိုး၍ အကာအကွယ်ပေးနေသည်။ အားလုံးကလည်း ကြာညို့ကို ဝိုင်းဆွဲထားသည်။ ဆေးခန်းက အုပ်ချုပ်သူများက ရန်ပွဲအနီးသို့ ဝိုင်းလာကြသည်။

"ဘယ်လိုဖြစ်တာလဲ ဒေါက်တာထွန်းနိုင်"

ထွန်းထွန်း ရုတ်တရက် ပြန်မဖြေနိုင်။ ထိုအခါ ထွန်းထွန်းအမျိုးသမီးဘက် လှည့်၍ မေးပြန်သည်။

"ဒေါက်တာမဒမ် ဘာတွေဖြစ်သလဲ။ ကျွန်တော်တို့ဆေးခန်းမှာ ဒီလိုဖြစ်တာ မကောင်းပါဘူး"



ကြာညိုက သည်းမခံ . . . ကက်ကက်လန်အောင် ပြန်ပြောသည်။

"ဒီလိုပါဆရာကြီး . . . ဒေါက်တာထွန်းနိုင်က ကျွန်မခင်ပွန်းပါ။ ဒါက သူ့ကလေးနှစ်ယောက်ပါ။ ရန်ကုန်မှာ မိန်းမယူထားတယ်ကြားလို့ သထုံက လိုက်လာတာပါ။ သူများပြောတာမယုံလို့ ကိုယ်တိုင်လာကြည့်တော့ တန်းတိုးတော့တာပဲ။ သူ့ကို ကျွန်မမိဘနဲ့ ကျွန်မက စပါးစိုက်၊ ရေကျိုငါးပိလုပ်ရောင်းပြီး ကျောင်းထားပေးခဲ့တာပါ။ သူ ဒုတိယနှစ်လောက်မှာ ကျွန်မတို့ မင်္ဂလာဆောင်ပါတယ်။ အဖေက တိုက်တစ်လုံးလက်ဖွဲ့ပါတယ်။ အခု သူစီးနေတဲ့ဂျစ်ကားကလည်း ပြီးခဲ့တဲ့လက သူလာတုန်းက အမေပေးလိုက်တာပါ။ ဟောဒီမှာ ကျွန်မတို့မင်္ဂလာဆောင်တဲ့ပုံ၊ ဟောဒီမှာ ဖိတ်စာပါ။ ကျွန်မလင်အခိုးခံရတော့ တရားစွဲလို့မရမှန်း ကျွန်မသိပါတယ်။ ဒါပေမဲ့ ကျွန်မ သတင်းစာထဲထည့်မယ်၊ ကျွန်မ ပင်ပင်ပန်းပန်း ရှာဖွေပြီး ကျောင်းထားပေးရတော့ ဒီပညာနဲ့လုပ်မစားနိုင်အောင် ကျွန်မတိုင်မယ်။ သထုံကရှေ့နေတွေနဲ့လည်း ကျွန်မ တိုင်ပင်ခဲ့ပါတယ်။ ကျွန်မဘက်က ခံစားကြည့်ပါ။ ကျွန်မ ရှိုင်းတယ်ထင်ရင် အပြစ်ပေးပါဆရာကြီး။ ဒီမှာ ကျွန်မအမေလည်း ပါပါတယ်။ သူ့တို့သားအရင်းလို ချစ်ပါတယ်။ လိုလေသေးမရှိ သုံးနိုင်အောင် အမေရော ကျွန်မပါ သူ့အနာဂတ်အတွက် လမ်းခင်းပေးခဲ့တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ၊ မင်းနာမည် ဘယ်လိုခေါ်သလဲ"

"ကျွန်မနာမည် ကြာညိုကြည်ပါဆရာကြီး။ အမေကတော့ ဒေါ်ခင်လေးကြည်လို့ခေါ်ပါတယ်"

အမေက ငိုရာမှ ထလာပြီး . . .

"သားရယ် အမေတို့နဲ့ပြန်လိုက်ခဲ့ပါကွယ်။ ကွယ်လွန်သွားရှာပြီ ဖြစ်တဲ့ မင်းအဖေနဲ့အမေ့ကို သနားရင် သားတို့အသိုက်အမြုံလေးဆီ ပြန်လာခဲ့ပါကွယ်။ ကြာညို . . . သမီး နင် သိပ်မိုက်တယ်ကွယ်။ အမေက လမ်းမှာ တဖွဖွပြောခဲ့ပါတယ်။ စိတ်ထိန်းပါလို့၊ ခုတော့ ငါ့သားလေး အရှက်ကွဲရပြီ . . . အမိုက်မ"

အမေက သူ့သမက်ဘက်က ပါနေသေးသည်။ ထိုအခိုက် ထွန်းထွန်းဖုန်းဆက်လိုက်ဟန်ရှိသည်။ ချစ်ထွေး အပြေးအလွှား ရောက်လာသည်။

"ကြာညို . . . ငါ အတန်တန်မှာထားရက်နဲ့ကွာ။ ဘာဖြစ်လို့ လိုက်လာတာလဲ။ အားလုံးရှုပ်ကုန်ပြီ။ လာ . . . သွားကြမယ်။ ထွန်းထွန်း အခန်းသော့ပေး"

"တော်ပြီ မလိုက်ချင်ဘူး။ ငါ တည်းခိုခန်းမှာတည်းမယ်။ အဲဒီ တိုက်ခန်းကို သူ့သဂြိုဟ်စရိတ်အဖြစ် ထည့်ပေးလိုက်တော့မယ်။ ကျစ်ကားကို ငါ ပြန်ယူသွားမယ်။ နင် ခွင့်ယူပြီးလိုက်ပို့"

တစ်ဆက်တည်းမှာပင် . . .



"ဆရာကြီး . . . ကျွန်မ ဆရာကြီးဆေးခန်းကို လာနှောင့်ယှက်မိလို့ ဆရာကြီး ဘယ်လိုအပြစ်ပေးမလဲ။ မပေးရင် ကျွန်မတို့ သွားပါတော့မယ်"

အမေကလည်း တောင်းပန်ရှာသည်။

"ဟုတ်ပါတယ်ဆရာကြီးရယ်။ ကျွန်မ တောင်းပန်ပါတယ်"

"ကျွန်တော် အစ်မကြီးသမီးကို အပြစ်မပေးပါဘူး။ အစ်မကြီး သမက်ကိုပဲ အပြစ်ပေးမှာပါ"

"မလုပ်ပါနဲ့ဆရာကြီးရယ်။ ကျွန်မတောင်းပန်ပါတယ်။ ကျွန်မ သားကို ဘာမှ မလုပ်ပါနဲ့၊ ကျွန်မတို့ဘက်ကပဲ နောက်ဆုတ်ပါ့မယ်။ သူ့ကို ကျွန်မတို့လင်မယား ပညာသင်ပေးကတည်းက တိုင်းပြည်မှာ လိုအပ်နေတဲ့ဆရာဝန်ကောင်းတစ်ယောက်ဖြစ်အောင် သထုံမှာ လိုအပ်နေတဲ့ ဆရာဝန်ဖြစ်အောင် သင်ပေးခဲ့တာပါ။ ကျွန်မသား ဘာမှ မဖြစ်အောင် စောင့်ရှောက်ပေးပါဆရာကြီးရယ်"

"မရပါဘူး အစ်မကြီး။ အစ်မကြီးတို့စိတ်ဓာတ်သိလေ ကျွန်တော် ခွင့်မလွှတ်လေပါပဲ။ ကဲ . . . အစ်မကြီးတို့ နားကြပါဦး၊ ကဲ ဒေါက်တာထွန်းနိုင်နဲ့ဒေါက်တာမဥ္စု ရုံးခန်းကိုခဏလိုက်ခဲ့ပါ"

ထွန်းထွန်း ဆရာကြီးနောက်ကိုလိုက်မည်အပြု သားက ပြေး ဖက်ကာ ငိုလိုက်သည်။

"ဖေဖေ . . . သားတို့နဲ့ လိုက်ခဲ့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ထွန်းထွန်းက သားကိုဖယ်ပြီး ဆရာကြီးနောက်ကို လိုက်မည် အလုပ် . . .

"သား . . . ထွန်းထွန်း။ မိုက်လုံးကြီးလှချေလား သားရယ်"

အမေ ပုံရက်သားလဲကျပြီး သတိမေ့သွားပါသည်။

"အမေ"

ကြာညိုက အမေ့ကို ပြေးပွေ့သလို၊ ထွန်းထွန်းကလည်း ပြေးလာသည်။

"အမေ . . . အမေ . . . သားကို ခွင့်မလွှတ်ပါနဲ့အမေရယ်"

သည်တော့မှ မင်းသားအလွှမ်း စတင်တော့သည်။

"ကဲ . . . ဒေါက်တာထွန်းနိုင် မင်းယောက္ခမကို အခန်းထဲ ခေါ်လာပါ။ စစ်ဆေးကြည့်ရအောင်"

အမေက သတိမရသေး၊ ချစ်ထွေးက အလုပ်ရှုပ်နေသလို ကြာညိုက တရှိုက်ရှိုက်ငိုနေဆဲ၊ အမေ နာရီဝက်ကျော်မှ သတိပြန်လည်လာသည်။ ဆရာကြီးခေါ်သဖြင့် ကြာညိုအခန်းထဲ ဝင်သွားရသည်။

"ကဲ . . . သမီး စိတ်ကိုထိန်းပါ။ မင်းအမေကိုလည်း စိတ်ချမ်းသာအောင်ထားပါ။ မင်းအမေမှာ သွေးတိုးရှိနေပြီ။ သွေးတိုးက အချိန်မရွေး အသက်ဆုံးရှုံးသွားနိုင်တယ်။ ခုတော့ ဆရာကြီး ဆေးတွေ တစ်လစာပေးထားမယ်၊ ဒီမှာပဲ ခဏနားပါစေ။ ဆရာမ ကြည့်ထားနော် . . . ကဲ . . . သမီး ရုံးခန်းထဲ လိုက်ခဲ့ပါဦး"



ရုံးခန်းထဲမှာ အမေမှအပ ထွန်းထွန်းတို့စုံတွဲရော ချစ်ထွေးနှင့် ကျန်ဆရာဝန်ကြီးနှစ်ယောက်ပါ တွေ့ရသည်။

"သမီး . . . လိုရင်းပဲမေးမယ်။ သမီး ဘာလုပ်ချင်လဲ။ သမီးဆန္ဒကိုပြောပါ"

"သမီးမှာ ကလေးနှစ်ယောက်ရှိတာ ဆရာကြီးအသိပါ။ ဖခင်မဲ့တဲ့ဘဝနဲ့ ကြီးပြင်းမှာကိုလည်း မလိုလားဘူး။ အမေက သူ့သမက်ကို သထုံမြို့ရဲ့လိုအပ်တဲ့ဆရာဝန်တစ်ယောက် ဖြစ်စေချင်ပါတယ်။ ဒါပေမယ့် ကြာညိုက ကိုယ့်ကိုမချစ်တော့လို့ ပစ်သွားတဲ့ယောကျ်ားကို ပြန်လက်မခံချင်တော့ပါဘူး။ သမီးတို့ကို သူ့ ဘာမှ တာဝန်ယူစရာမလိုပါဘူး။ သမီးတို့ရဲ့ ဥစ္စာကြွယ်ဝမှုကို သူ သိပါတယ်။ သမီး လုပ်ကိုင်စားသောက်တတ်ပါတယ်။ သားနဲ့သမီးကို သူ့လို စိတ်ထားမရှိအောင် သွန်သင်ဆုံးမပြီး၊ ပညာတတ်တစ်ယောက်ဖြစ်အောင် လုပ်ပေးမှာပါ။ ဒီက မမညွှန့်ကိုလည်း ကျွန်မ တစ်ဆက်တည်း ပြောချင်ပါတယ်။ မသိလို့မှားတဲ့အတွက် မမညွှန့်မှာ မပြစ်မရှိဘူးလို့ ကြာညိုထင်ပါတယ်။ ဒီလို ဘဝမေ့တတ်တဲ့ယောကျ်ားတစ်ယောက်ကို ပေါင်းသင့်မပေါင်းသင့် ဆုံးဖြတ်စေချင်ပါတယ်။ ဒါကတော့ မမညွှန့်သဘောပါ။ ကျွန်မဘက်ကတော့ ဘယ်တော့မှ အဆက်အသွယ်မရှိစေရဘူးဆိုတာ စွဲစွဲမြဲမြဲ ယုံကြည်စေချင်ပါတယ်။ အမေက သူ့သမက်ကို မပြတ်နိုင်သလို၊ သူ့ကလေးတွေကလည်း သူ့အဖေတို့ သံယောဇဉ်ရှိပါတယ်။ ဒါပေမဲ့ ကြိုးစားပြီးဖြတ်ခိုင်းပါမယ်။ တစ်ခု

www.burmeseclassic.com



တော့ရှိပါတယ်။ ဖခင်တစ်ယောက်အနေနဲ့ ရှေ့ကို မစောင့်မျှော်ရင်တောင် ဖခင်တစ်ယောက်ရှိပါလားလို့ သိထားစေချင်ပါတယ်။ ဒီအတွက် ကြာညိုဘက်ကစပြီး ကွာရှင်းမပေးနိုင်ပါဘူး။ ကျွန်မသာလျှင် တရားဝင်မယားကြီးအဖြစ် ကြေညာမှာပါ။ ကြာညိုသဘောကတော့ ဒါပါပဲ။ တောင်ပို့ကို အရိပ်လို့ထင်ပြီး ခိုလှုံမိတဲ့ ကြာညိုကြည်ရဲ့အမှားပါ။ ဆရာကြီးတို့ကိုလည်း ကြာညို ကန်တော့ပါတယ်"

ကြာညို ဆရာကြီးများကို ငိုရှိုက်ရင်းက ကန်တော့လိုက်သည်။

"စိတ်ဓာတ်ရေးရာ ခိုင်မာပြတ်သားတဲ့သမီးကို ဆရာကြီးလေးစားမိပါတယ်။ ရှေ့ကိုလည်း သမီး ကံကောင်းပါစေလို့ ဆုတောင်းပါတယ်။ အလုပ်ခန့်စာရလို့ရှိရင် သထုံကိုပြောင်းဖို့ မပြောင်းဖို့က ဒေါက်တာထွန်းနိုင်နဲ့တိုင်ပင်ပြီး လုပ်ပေးမယ်။ ဒါပေမယ့် ဆရာကြီးဆေးခန်းကတော့ ဒီနေ့ကစပြီး တာဝန်ရပ်စဲလိုက်ဖို့ ဆုံးဖြတ်လိုက်ပါပြီ။ သမီးအမေရဲ့ဆန္ဒကိုရော မေးဦးမလား"

"မမေးပါနဲ့တော့ ဆရာကြီး၊ အဖေနဲ့အမေက ကျားသေကို အသက်သွင်းခဲ့တဲ့လူတွေပါ။ သမီးတို့ လက်ထပ်မယ်လုပ်တော့ သမီးအဘွားက ပြောပါတယ်။ အထွန်းဟာ ကြာညို့အတွက် ခင်ပွန်းကောင်းတစ်ယောက် မဖြစ်နိုင်ဘူးတဲ့။ ကြာညိုနားမဝင်ဘဲ ချစ်တာတစ်ခုနဲ့လက်ထပ်ခဲ့ပါတယ်။ ဒါလည်း ကြာညို့ကံပါ ဆရာကြီး၊ ကြာညို အခု အသက်အစိတ်မပြည့်သေးပါဘူး။ ဒါပေမဲ့



ကြာညိုရင့်ကျက်နေပါပြီ။ လူတွေအကြောင်းလည်း သိသွားပါပြီ။ အမေ့ကိုခေါ်လို့ရရင် ကြာညို တည်းခိုခန်းသွားချင်ပါတယ်"

"ဟုတ်ပါပြီ။ ကဲ . . . ဒေါက်တာကျော်လွင်က အစ်မကြီးကို လိုက်ကြည့်ပြီး ဆင်းလို့ရတဲ့အနေအထားဆိုရင် ဆင်းခွင့်ပေးလိုက်ပါ"

"ဆရာကြီး . . . ကြာညို့ကို ခွင့်ပြုပါဦး။ သထုံရောက်ရင် ကြာညိုတို့ဆီကို ဝင်ခဲ့ပါနော်။ ကြာညိုကြည်ဆိုရင် မသိတဲ့သူ မရှိပါဘူး။ နောက်ဆိုရင် အပယ်ခံကြာညိုကို ပိုပြီးသိကြမှာပါ"

** ** ** ** **

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

တည်းခိုခန်းရောက်တော့ နောက်နေ့ပြန်ဖို့ ချစ်ထွေးကို အကူ အညီတောင်းရသည်။ ညဘက် ထွန်းထွန်းတစ်ယောက် ချစ်ထွေး နှင့်အတူ ရောက်လာသည်။ အမေက အိမ်ခန်းခုတင်ဘေးရှိ ကုလားထိုင်မှာ ထိုင်နေချိန်ဖြစ်သည်။ အထွန်းသည် အမေ့ပေါင် ပေါ်သို့ မျက်နှာကိုမှောက်ကာ တသိမ့်သိမ့်ငိုရှိုက်သည်။ အမေ ထွန်းထွန်းခေါင်းကို ပွတ်သပ်ပေးရင်း မျက်ရည်သွယ်သွယ် စီးကျ နေသည်။

"သား . . . ကြာညို ဒီလောက်ပေါက်ကွဲမယ်မှန်းမသိလို့ အမေလာခွင့်ပေးလိုက်တာပါကွယ်။ အမေ့အမှားပါ။ ခုတော့ ငါ့သား အရှက်ကွဲပြီ"

ကြာညို အမေ့ကို ဒေါပွသွားရသည်။

"သထုံပြန်ရောက်ရင် အမေ့သမီးအရှက်ကွဲမှာကိုတော့ အမေ ထည့်မတွက်ဘူးလား"

"တော်ပါတော့သမီးရယ်။ ကံအကျိုးပေးမကောင်းလို့ ခံရတယ်ပဲ မှတ်ပါတော့။ ဒါပေမဲ့ အမေ့မြေးလေးတွေကိုတော့ သနားပါတယ်"



"ကျွန်တော့်ကို ခွင့်မလွှတ်ပါနဲ့အမေရယ်။ ကျွန်တော် အမေ တို့ရဲ့မေတ္တာကို စော်ကားမိပါတယ်။ ကြာညို့အပေါ်လည်း အပြစ် ကြီးတစ်ခု လုပ်မိပါတယ်"

"ဒီမှာကိုထွန်း . . . အမေ သွေးတိုးနေတာ ရှင်သိတယ်နော်။ အမေ့ကို ပျားရည်နဲ့ဝမ်းချပြီး ဝေဒနာလာမပေးနဲ့"

"အထွန်း ဒီကိစ္စကို ခင်သက်ထားသိသွားကတည်းက ရီရီဝင်း သိမယ်။ ရီရီဝင်းသိရင် ကြာညိုသိမယ်။ ဒါကြောင့် မင်းက ငါ့ကို လက်ဦးအောင်လွှတ်လိုက်ပေမယ့် ငါ အတန်တန်တားတဲ့ကြားက လိုက်လာတာကွာ။ ကြာညိုရယ် နင် ငါ့ကိုစာရေးပြီး အရင်တိုင်ပင် ပါတော့လားကွာ"

"ချစ်ထွေး . . . ဒါ ငါ့ရဲ့ ကိုယ်ရေးကိုယ်တာပါ။ နင်က ငါ့ကို ဖုံးဖုံးဖိဖိပြောပေမယ့် ငါ ရီရီဝင်းကိုသွားမေးတော့ အထွန်းတို့ လက်ထပ်ထားကြပြီဆိုကတည်းက ငါ လက်လွှတ်လိုက်ရပြီလေ။ နင်လည်း ငါ့အကြောင်းသိရဲ့နဲ့။ ငါ ခံနိုင်မလား။ ငါ့ဘက်ကလည်း ထည့်စဉ်းစားပေးပါဦး"

"ကြာညိုရယ် . . . မောင့်ကို ခွင့်မလွှတ်နိုင်တော့ဘူးလားဟင်"

"ခွင့်လွှတ်စရာလား။ ကြာညိုက မိန်းမပဲ။ မုန့်သာဝေစားနိုင် မယ်။ အချစ်ကိုတော့ မဝေနိုင်ပါဘူး။ ကိုထွန်းလည်း ကြာညို့ဆီ ပြန်လာဖို့ စိတ်မကူးပါနဲ့။ လှေနံနှစ်ဖက်လည်း မနင်းပါနဲ့။ တစ်ဖက် ကိုသာ ပိုင်ပိုင်နိုင်နိုင်နင်းပါ။ သားသမီးတွေမျက်နှာထောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အချိန်အတိုင်းအတာတစ်ခုပေးမယ်။ ကြာညို့ကိုဖြတ်မလား၊ မွေး
ကို ဖြတ်မလား၊ စဉ်းစားပါ။ ကြာညိုကတော့ ဘယ်တော့မှ တရား
ကွာရှင်းကြောင်း လက်မှတ်ထိုးမပေးဘူး။ ကြာညို မကွာသ
မဥ္စူက မယားငယ်ပဲ။ မှတ်ပြီလား။ ဒီအတိုင်းပြောလိုက်။ အဲဒီနေ
နှစ်ယောက်စလုံး ရိုက်သတ်ဖို့စိတ်ကူးတာ၊ ဆေးခန်းထဲမှာဖြစ်နေလို့

"သမီးရယ် . . . စကားတွေ ဆင်ခြင်ပြောပါကွယ်။ ကလေး
တွေကို ငဲ့ပါဦး။ သား . . . အဲဒီမှာ သွားရေးလာရေးခက်ရင် ကာ
ပြန်မယူပါဘူး"

"အမေ ဘာတွေပြောနေတာလဲ၊ ယူမယ်။ အဖေ မြတ်မြတ်
နိုးနိုးဝယ်ထားတဲ့ကားကို မဆိုင်သူစီးတာ မကြိုက်ပါဘူး။ ချစ်တွေ
. . . နင် ခွင့်တင်ပြီး မနက်ဖြန် ငါတို့ကို လိုက်ပို့၊ ကဲ . . . ကိုထွန်း
ပြန်ပါတော့။ မဥ္စူစောင့်နေလိမ့်မယ်။ ကလေးတွေကို သံယောဇဉ်
တိုးအောင် လာလုပ်မနေနဲ့"

နောက်တစ်နေ့ ရွှေတိဂုံဘုရားဖူးပြီးပြန်တော့ ကိုထွန်းက
တလေးတွေကို နမ်းရှုပ်သည်။ သူ့သားသမီးတွေနှင့် နောက်ဆုံး
ခွဲခွာရခြင်းမို့ ကြာညို ဘာမှမပြော။ အမေကသာ မျက်ရည်နှင့်
မျက်ခွက်၊ ကားထွက်တော့မှာမို့ ကိုထွန်းက အမေ့ကို ကန်တော့
သည်။ ကြာညိုက ကိုထွန်းကို မကြည့်။

"ကြာညို . . . မောင့်ကို အချိန်တစ်ခုလောက် စောင့်ပါလား
ကွယ်"



"ဒါကတော့ ရှင့်ဆုံးဖြတ်ချက်လေ။ ကျွန်မကတော့ ရှင့်ကို ပြန်မပေါင်းဘူး။ ကွာမပေးဘူး။ သထုံကျရင် သတင်းထောက်ကိုကျော်နဲ့တိုင်ပင်ပြီး သတင်းစာထဲကြေညာမယ်၊ ရှင် စောင့်ဖတ်ပေါ့"

ကားထွက်တော့ ကြာညို တသိမ့်သိမ့်ငိုသလို၊ သားကြီးကလည်း အဖေမပါလို့ ငိုလိုက်သည်မှာ ချော့လို့ပင်မရပေ။ သမီးကလည်း . . .

"ကြာကြာ . . . ဖေ့ကို ရိုက်နဲ့" ဟု မပီကလာ ပီကလာ ပြောရှာသည်။

** ** ** ** **

www.burmeseclassic.com

www.burmeseclassic.com

# လှိုင်းလေကြားက "ပန်းရွှေကြာ"

အပိုင်း (၂)

မိုးမိုးနိုင် (သထုံ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

သထုံအိမ်ပြန်ရောက်တော့ ချစ်ထွေးမပြန်ခင် ကုံကော်ရိပ်ကို အပြီးပြောင်းပြီး ဒေါ်ငယ်တို့ကို အိမ်ပေါ်တင်ထားလိုက်သည်။ ငါးပိလုပ်ငန်းကိုလည်း ဒေါ်ငယ်နှင့်ပဲလွှဲကာ အမေတစ်လုညှ့်၊ ကြာညို တစ်လုညှ့် ကြီးကြပ်ပေးသည်။ အမေက ကုံကော်ရိပ်၏မျက်နှာစာ ဘက်ခုကို စတိုးဆိုင်ဖွင့်ဖို့လုပ်သည်။ ဈေးထဲက ငါးပိဆိုင်ကို မမကြူ တို့ လွှဲထားသည်။ ကြာညိုကတော့ ဈေးထဲမှာ ဆိုင်ခန်းတစ်ခန်း ဝယ်ပြီး အထည်ဆိုင်တစ်ခု ထပ်မံဖွင့်သည်။ ကြာညိုအကြောင်း ကြားရသည့်သူငယ်ချင်းများက ကြာညို့ကိုသနားသလို ထွန်းထွန်း တို့လည်း ဒေါပွမဆုံးဖြစ်ကြသည်။ ကုန်သွယ်ရေးမှာဝင်ရောက် လုပ်ကိုင်နေပြီဖြစ်သည့် သောင်းညွှန့်ပင်လျှင် ထွန်းထွန်း၏လုပ်ရပ် တို့ ခံပြင်းလျက်ရှိနေပါတော့သည်။ ကြာညို့ဘဝမှာ တစ်သက်လုံး ဝန်းခင်းလမ်းလျှောက်လှမ်းခဲ့ရသော်လည်း ယခုအခါမှာ ခင်ပွန်း သည်၏ စွန့်ပစ်ခြင်းခံရသည့်အတွက် ရှက်ခြင်း၊ ခံပြင်းခြင်း၊ ပူဆွေး သောကရောက်ရခြင်းများကြောင့် အိမ်ထဲမှအိမ်ပြင်မထွက်ချင်

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း တာဝန်မဲ့သူကစိမ်းကားသွားပေမယ့် ရင်မှဖြစ်သည့် ရင်သွေးနှစ်ဦးအတွက် ကြာညို အားမွေးရပါဦးမည်။ ပူဆွေးသောကများကို အချိန်ကြာမြင့်စွာ သိုလှောင်ထားခြင်းမပြုနိုင်ဘဲ အားမာန်သစ်များဖြင့် ဘဝကို ဖြတ်သန်းဖို့ ခွန်အားအပြည့် ဖြည့်တင်းကာ စိတ်ဓာတ်ခိုင်မာစွာ တည်ဆောက်ရသည်။ ကြာညို့စိတ်များ တစ်နေ့တခြား ခံနိုင်ရည်ရှိလာခဲ့သည်။

တစ်နေ့ . . .

ဈေးပိတ်သည့်တစ်ရက်မှာတော့ ချစ်ထွေး စောစောစီးစီး ရောက်ချလာသည်။

"ဟဲ့ . . . ချစ်ထွေး။ ဘယ်တုန်းကရောက်နေတာလဲ။ နင်က လည်း ခွင့်ပဲ ခဏခဏယူနေပါလား"

"ငါ မနေ့ကရောက်တယ်။ ပေါ်တော်မူမှာ အိပ်လိုက်တယ်။ ညကတည်းကလာမလို့ဟာ၊ မိုးသိပ်ချုပ်နေလို့၊ ဟိုကောင်လည်း ပါလာတယ်"

ချစ်ထွေးအရင်ဝင်လာပြီးမှ ထွန်းထွန်းက နောက်မှ မဝံ့မရဲ ဝင်လာသည်။ သားနှင့်သမီးက ဖအေကိုတွေ့တော့ အပြေးအလွှား ကြိုကြသည်။ ထွန်းထွန်းက သမီးကိုချီလျက် သားကိုပါ တစ်ဆက်တည်း လှမ်းချီလိုက်သည်။ အမေက မမျှော်လင့်ဘဲ ထွန်းထွန်းကို တွေ့လိုက်သဖြင့် မျှော်လင့်ချက်များစွာဖြင့် ဝမ်းသာအားရ နှုတ်ဆက်ရှာသည်။



"သားရယ် . . . ညထဲက ဒီမှာလာအိပ်ရင်ပြီးရော။ ဒါမှ ကလေးတွေနဲ့စောစောတွေ့ရမှာကို"

ကြာညို ထွန်းထွန်းကို နှုတ်မဆက်၊ ချစ်ထွေးက . . .

"ကြာညို . . . ငါတို့ မနက်စာ ဘာမှ မစားရသေးဘူး။ ကလေးတွေခေါ်ပြီး တစ်ခုခု သွားစားလိုက်ဦးမယ်။ နင်ရော လိုက်ခဲ့ပါလား။ ငါ ကား ခဏယူသွားမယ်နော်"

"မလိုက်တော့ပါဘူး။ နင်တို့ပဲ သွားကြပါ"

ထွန်းထွန်းတို့ထွက်သွားပြီးသည့်အချိန်တွင် အမေက ကြာညို့ကို ပြောသည်။

"သမီး . . . အထွန်းကို ကောင်းကောင်းမွန်မွန်ဆက်ဆံပါ သမီးရယ်။ ခုလည်း သူ ပြန်လာနေပြီပဲ"

"အမေနဲ့တော့ ခက်ပါတယ်။ ဘာကိစ္စနဲ့လာမှန်းမသိဘူး။ ခွင့်လွှတ်ဖို့ ကြိုးစားနေတော့တာပဲ"

"ဘာပဲဖြစ်ဖြစ်ပေါ့သမီးရယ်။ လာတယ်ဆိုကတည်းက သား သမီး သံယောဇဉ်ကြောင့်ပဲနေမှာပေါ့။ ကဲ . . . ဘုတ်ကိုကို ဈေး အပြင်တန်းက ဟင်းချက်စရာ ဝယ်ခိုင်းပါဦး။ ထမင်းကျွေးရအောင်"

မကြာမီပင် ထွန်းထွန်းတို့ပြန်ရောက်လာသည်။ ကလေးတွေ လက်ထဲမှာလည်း ပူဖောင်းများ ကိုယ်စီကိုင်ကာဆော့လာကြသည်။ ချစ်ထွေးက အမေ့ကုလားထိုင်ဘေး ဝင်ထိုင်သည်။

"ကဲ . . . သားတို့ထိုင်ကြပါဦး။ ချစ်ထွေးက ခွင့်ယူလာတာလား"

www.burmeseclassic.com

www.burmeseclassic.com


"ထွန်းထွန်းက သူ့သားနဲ့သမီး တွေ့ချင်လှပါတယ်ဆိုလို့ ကျွန်တော့်ကိုအပူကပ်တာနဲ့ လာတွေ့တာ။ တစ်ရက်နှစ်ရက်ပဲ နေမှာ"

"မြန်လှချေလားကွယ်"

အမေက တစ်ရက်နှစ်ရက်ပဲနေမည်ဆို၍ စိတ်မကောင်းဖြစ်ဟန်နှင့် ထွန်းထွန်းကိုပြောလိုက်သည်။ ကြာညိုက အမေ့နားမှာ ဝင်ထိုင်ရင်း တစ်ဆက်တည်းပြောလိုက်သည်။

"မပြတ်မသားနဲ့ ခဏခဏ လာခွင့်မပြုနိုင်ဘူးနော်။ ကွာရှင်းထားတာမဟုတ်ပေမယ့်၊ ဟိုလိုလို ဒီလိုလိုနဲ့ သံယောဇဉ်နှစ်ကြိုးနဲ့ ပေါင်းကူးတံတားလုပ်တာကို မကြိုက်ဘူး"

"သိပါတယ် ကြာညိုရယ်။ မောင် နောက်မလာပါဘူး။ ခုလည်း ကြာညို သတင်းစာထဲထည့်တာရယ်၊ ဆေးခန်းမှာရုပ်ဆိုးအောင် လုပ်လိုက်တာတွေက မောင့်မှာ မလှုပ်သာတော့ဘူး။ အားလုံး အရှက်ကွဲရပြီလေ"

"အရှက်ကွဲအောင် ဘယ်သူဖန်တီးသလဲ . . . ဆန်းစစ်ကြည့်ပါဦး ဒေါက်တာကြီးရဲ့"

"ဟုတ်ပါတယ်၊ မောင့်အပြစ်ပါလို့ ပြောခဲ့ပြီးပြီပဲ။ ဒီကိစ္စကြောင့် ကြာညို့ကို တောင်းပန်ဖို့လာတာပါ။ ပြီးတော့ ကြာညိုမှ မကယ်ရင် မောင် အတိုင်ခံရတော့မယ်။ လူမှုရေးဖောက်ပြန်မှုနဲ့ မောင် အပြစ်ခံရတော့မယ်။ မဥ္ဇူတို့ဘက်ကလည်း မောင့်ကို ဖိအားပေးနေပြီလေ။ သူတို့ဘက်က အရင်ကတည်းက သဘောတူကြတာ မဟုတ်ဘူး"

"ကဲ ဒါဆိုရင် ကြာညိုက ဘာလုပ်ပေးရမလဲ။ ပြောပါဦး"

ကြာညို စိတ်ကို မနည်းထိန်းထားရသည်။

"မဥ္ဇူက ကြာညို့ကို ကွာရှင်းခွင့်တောင်းခိုင်းလိုက်တယ်။ ဒါဆိုရင် သူတို့ ကျေနပ်မယ်တဲ့။ ကွာရှင်းပြီးရင် မောင်ရဲ့တက်လမ်းရဖို့ သူတို့ဘက်က တာဝန်ယူတယ်တဲ့။ သူများသားသမီးကိုယူမိတော့ မောင် နောက်ဆုတ်ရခက်တယ်"

"ဘာ . . . "

ကြာညိုရင်ထဲသို့ မီးကျီးခဲတစ်ခု ပစ်သွင်းလိုက်သလို ခံစားရသည်။

"ဒါဆို ကြာညိုက ကွာပေးရမှာပေါ့ ဟုတ်လား။ ချစ်ထွေးနင် တစ်ချိန်က ပြောခဲ့ဖူးတယ်နော်။ ကြာညို့ကိုပစ်သွားရင် ခွင့်မလွှတ်ဘူးဆိုတာလေ။ ခုတော့ နင်ကပါ အလိုတူအလိုပါ နင့်ယောက်ဖကို အားပေးနေတယ်ပေါ့ ဟုတ်လား"

"မဟုတ်ဘူး ကြာညို . . . မဟုတ်ဘူး။ နင် ငါ့ကို အထင်မလွဲပါနဲ့။ ဒီကောင် ဒီအကြောင်းနဲ့လာတာ ငါ လုံးဝမသိဘူး။ ဟော့ကောင် . . . ထွန်းထွန်း မင်းက အပြောတစ်မျိုး၊ အလုပ်တစ်မျိုးပါလား။ ငါက မင်းတို့နှစ်ယောက် ပြန်ပေါင်းကြပါစေဆိုပြီး ကြိုးစားပြီးလာခဲ့တာ။ ဒီအကြောင်း မင်း ငါ့ကိုအစကပြောရင် ငါ လိုက်မလာဘူး"

www.burmeseclassic.com

www.burmeseclassic.com



ချစ်ထွေး စိတ်တိုပြီးထွက်သွားမည်အပြု ထွန်းထွန်းက လိုက်ဆွဲသည်။

“မင်း . . . သစ္စာမရှိတဲ့အကောင်၊ မင်း . . . ငါ့ကို သက်သက်ခုတုံးလုပ်တယ်”

“ခွင့်လွှတ်ပါ သူငယ်ချင်းရယ်”

“မလွှတ်ဘူးကွာ၊ မလွှတ်ဘူး။ မင်းလိုကောင်မျိုးက ဒါနဲ့ပဲတန်တယ်”

ချစ်ထွေးက ထွန်းထွန်းကို ဆွဲထိုးလိုက်သည်။

“ဟဲ့ . . . ဟဲ့ ချစ်ထွေး။ တော် . . . တော်၊ မလုပ်ပါနဲ့ သားရယ်။ လူကြားမကောင်း၊ သူကြားမကောင်း ဖြစ်ကုန်ပါ့မယ်”

“ထိုးပါချစ်ထွေးရယ် . . . ဒီထက်မကထိုးလည်း ငါ ခံပါ့မယ်၊ ခုနေခါ ငါသေသွားရင်တောင် ပြုံးပြုံးကြီး သေရဲတဲ့လူပါ”

ကြာညို၏ဒေါသများက ဆူဝေလျက်ရှိသည်။ ဖြစ်နိုင်လျှင် အသေသတ်ချင်သည့်စိတ်များ ဖြစ်နေသည်။

“သေမှာပါ စိတ်ချ၊ ဒီမှာကိုထွန်း ကံငါးပါးမလုံတဲ့လူဟာ ပုဆိုးပေါက်နဲ့နေရသလိုပဲ၊ သူများသားသမီးကို ပြစ်မှားတဲ့ကံက ကြီးမားပါတယ်။ တစ်နေ့ ရှင် ဝဋ်လည်မယ်။ ရှင်လိုချင်တဲ့ကွာရှင်းစာချုပ်ကို ဒီနေ့ပဲ ကြာညို ထိုးပေးလိုက်မယ်။ ပြီးရင် ရှင် ချက်ချင်းပြန်ပါ။ ပေါ်တော်မူမှာလည်း မနေပါနဲ့”

ကြာညိုတို့ဇာတ်လမ်းသည် ထိုနေ့မှစ၍ ပြတ်တောက်ခဲ့ရခြင်းဖြစ်သည်။



သံယောဇဉ်နှောင်ကြိုး ပြတ်တောက်ပြီးသည့်နောက် ကြာညို သားနှင့်သမီးအတွက် အလုပ်ကို ပိုကြိုးစားရသည်။ ဆွေမျိုး အသိုင်းအဝိုင်းကောင်းခြင်း၊ သစ္စာရှိသောအလုပ်သမားကောင်းများရှိခြင်းကြောင့် ကြာညို့စီးပွားရေးမလျော့ပေမယ့် ပင်ပန်းလှသည်။ ငါးပိလုပ်ငန်းကို ဖျက်သိမ်းတော့မည်ဟုစိတ်ကူးတိုင်း မှီခိုနေကြသောအလုပ်သမားများကို စာနာမိ၍ မဖျက်နိုင်ပါ။ သားကြီး ကျောင်းစတက်သည့်အချိန်မှစ၍ ကြာညို ပိုပင်ပန်းလှသည်။

တစ်နေ့ ချစ်ထွေးရောက်လာသည်။ အသက်သုံးဆယ်အတွင်း ဝင်လာသောချစ်ထွေးသည် ယခင်ကထက် ပို၍ ရင့်ကျက်လာသည်။ ဘွဲ့လည်းရပြီ ကုန်သွယ်ရေးတွင် အရာရှိငယ်တစ်ဦးဖြစ်လာသည်။

“ကြာညို နင့်ကိုကြည့်ရတာ အရမ်းပင်ပန်းတာပဲဟာ။ နင် အရွယ်နဲ့မလိုက်အောင် မိန်းမကြီးဖြစ်နေပြီ”

“ငါ့ကုသိုလ်နဲ့ငါပေါ့ ချစ်ထွေးရယ်။ နင်လည်း အရွယ်တောင် လွန်လာပြီ မိန်းမယူဖို့ သင့်ပြီလေ”

“အေးလေ . . . အဲဒါကြောင့် ငါ ပြန်လာတာပေါ့။ ငါ နင့်ကို တိုတိုပဲပြောမယ်။ နင့်ကို တစ်ယောက်တည်းပစ်ထားသလိုဖြစ်နေလို့ ငါ တစ်နေ့မှ စိတ်မအေးရဘူး။ ပွဲလန့်တုန်း ဖျာခင်းတာလို့လည်း သဘောမထားပါနဲ့။ နင့်ကို တစ်သက်လုံး စောင့်ရှောက်ပါရစေဟာ။ အဲဒါ နင့်သဘောသိရရင် ငါ ဒေါ်ကြီးတို့ကို ဖွင့်ပြောမယ်”

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်သောစကားကို ချစ်ထွေးထံမှကြားရသည့်အတွက် ကြာညို အရမ်းအံ့သြသွားခဲ့သည်။ ချစ်ထွေးသည် ကြာညို့ကို ဘယ်ဘဝကဝဋ်ကြွေးကြောင့် ခုလောက်ချစ်ရပါသနည်းဟုတွေးမိတော့ သနားသည့်စိတ်များ ဖြစ်ခဲ့ရပါသည်။

"အေး . . . အသွားကလည်း ပြောပါတယ်။ ငါနဲ့အထိုက်တန်ဆုံးက နင်ပဲတဲ့၊ ဒါပေမယ့် အချိန်နှောင်းခဲ့ပါပြီဟာ။ နင် ငါ့အပေါ် ဘယ်လောက်သံယောဇဉ်ရှိတယ်ဆိုတာ ငါ မသိဘဲနေပါ့မလား။ နင့်စေတနာကိုလည်း ငါသိတယ်"

"ဒါဆို ငါ မျှော်လင့်ချက်ရှိတာပေါ့ ဟုတ်လား"

"မဟုတ်ဘူး ချစ်ထွေး၊ မဟုတ်ဘူး။ နင် မမိုက်ချင်ပါနဲ့တော့။ သူတစ်ပါးထွေးထားတဲ့တံတွေးခွက်ထဲ ပက်လက်မျောဖို့ မကြိုးစားပါနဲ့တော့။ ငါ့ဘဝဟာ နင်နဲ့ မထိုက်တန်တော့ပါဘူး"

"ကြာညို . . . နင် ဘာကြောင့် အတွေးခေါင်ချင်ရတာလဲ၊ ငါ နင့်ကို ဘယ်လောက်ချစ်မြတ်နိုးရသလဲဆိုတာ နင်အသိဆုံးပါ၊ ဘာလဲ . . . နန်းကျတဲ့မိဖုရားဟာ သူဆင်းရဲနဲ့မထိုက်တန်ဘူးလို့ ဆိုလိုတာလား"

"မဟုတ်ဘူးချစ်ထွေး . . . မဟုတ်သေးဘူး။ နင်ချစ်တာ ငါပဲလေ။ ငါ့မှာက သံယောဇဉ်ကြိုးနှစ်ချောင်းရှိနေပြီ။ နင်ချစ်ရင် ငါ့ တစ်ယောက်တည်းချစ်ရမှာမဟုတ်ဘူး။ လိုက်ပွဲတွေက ပါနေတယ်လေ။ ဘယ်လိုမှ ဘဝနှစ်ခုပေါင်းစပ်လို့ရမှာမဟုတ်ဘူး။ တစ်ချိန်မှာ



နင် စိတ်ဆင်းရဲရမယ်၊ ငါလည်း စိတ်ဆင်းရဲရမယ်။ ကလေးတွေလည်း စိတ်ဆင်းရဲရမယ်။ ဒီတော့ ငါ့သားနဲ့သမီးကို ဘယ်တော့မှ စိတ်ဆင်းရဲအောင်မလုပ်ဘူး။ နင်လည်း လွတ်လပ်တဲ့အမျိုးသမီးကောင်းတစ်ယောက်ကိုသာ ရှာပါတော့။ ငါ့ဆုံးဖြတ်ချက်ကိုလည်း ဘယ်တော့မှ မပြင်တော့ပါဘူး။ ငါ့သားနဲ့သမီးကိုပဲ လူလားမြောက်အောင် ကျွေးမွေးပြုစုသွားပါတော့မယ်"

ချစ်ထွေးသည် ငိုတော့မလို ရယ်တော့မလိုနှင့် ကြာညို့ကို အကြာကြီးစိုက်ကြည့်နေသည်။

"နင် ငါ့ကို အထင်သေးလွန်းတယ် ကြာညို၊ ငါ စိတ်မအေးရတာ နင့်အတွက်ချည်းမဟုတ်ဘူး။ ကလေးနှစ်ယောက်အတွက်လည်း ပါပါတယ်၊ ယုံပါ။ နင့်သားသမီးတွေဟာ ငါ့သားသမီးတွေပဲပေါ့။ အေးလေ . . . နင် ငါ့ကို မယုံမှတော့ ငါ့ကံပေါ့"

"နင် စိတ်ခုတ်မကျပါနဲ့ ချစ်ထွေးရယ်။ ငါ့ရှေ့ခရီးလမ်းမှာ နင်ဟာ ငါ့အတွက်တော့ အရေးပါဆုံးပါ။ ငါလိုအပ်တဲ့အချိန်တိုင်း ငါ့ဘေးမှာ ရပ်တည်ပေးရင် ကျေနပ်ပါပြီ"

ချစ်ထွေးက ဝေဒနာတစ်ပွေ့တစ်ပိုက်ဖြင့် ပြန်သွားရတော့ ကြာညို စိတ်မကောင်းပါ။

ချစ်ထွေးကို လူတော်လူကောင်းမှန်းသိပေမယ့်၊ တစ်သက်ဆုံး နိုင်စားခဲ့ပြီးမှ ထပ်မံ၍ ဝေဒနာမပေးချင်တော့သလို ဘဝနှစ်ခု ပေါင်းစပ်ခြင်းဖြင့် သူတစ်ပါး၏ကဲ့ရဲ့မှုကိုလည်း မခံရှောင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းများကို အမေနှင့်အဒေါ်တို့ကိုပြောပြတော့ ရှေ့ဆက်ရမည့်ခရီးကြမ်းအတွက် အဖော်မွန်ကောင်းတစ်ယောက် ဖြစ်နိုင်သည်ဟုဆိုကာ တိုက်တွန်းရင်း စဉ်းစားဖို့အကြံဉာဏ်ပေးသော်လည်း ကြာညို မစဉ်းစားချင်တော့ပါ။ သားနှင့်သမီးသာလျှင် ကြာညို့ဘဝ၊ ကြာညို့မျှော်လင့်ချက်၊ အချစ်တွေအားလုံးကို ပုံအောပေးလိုက်ဖို့ ဆုံးဖြတ်လိုက်သည်။

** ** ** ** **

## အခန်း (၂)

နှစ်တွေကြာမြင့်ခဲ့သလို သားကြီးစိုးထွန်းနိုင်က အဋ္ဌမတန်းကျောင်းသား၊ သမီး ခင်စန္ဒာထွန်း ဆဋ္ဌမတန်းတက်သည့်နှစ်တွင် လူနေမှုအဆင့်အတန်းများ တိုးတက်လာသလို၊ ယခင် ဝယ်ယူထားသော ဂျစ်ကားအဟောင်းကို သားကြီးက မော်ဒယ်မြင့်သော ပါပလေကာပစ်ကပ်နှင့် လဲစီးချင်ပါသည်ဆို၍ ကားဟောင်းကို ရသမျှဈေးနှင့်ရောင်းချကာ ပါပလေကာပိတောက်ခြောက်အရောင် လေးတစ်စီး ဝယ်ပေးခဲ့ရသည်။ သစ်လွင်တောက်ပသောကားရသည့်နေ့က သားနှင့်သမီးပျော်ရွှင်နေပုံကို ကြာညို ကြည်နူးမဆုံး ရှိနေခဲ့သည်။

သားနှင့်သမီး ကားအသစ်နှင့်ကျောင်းတက်သည်ကိုကြည့်ပြီး ကြာညို ဝမ်းသာပီတိဖြစ်နေခဲ့သည်။ ပို၍ဝမ်းသာစရာကောင်းသည်က တယ်လီဖုန်းများချပေးသဖြင့် ကြာညို့တို့အိမ်တွင် တယ်လီဖုန်း ရရှိခြင်းကြောင့် ထပ်မံပျော်ရသည်။

တယ်လီဖုန်းရှိသဖြင့် ချစ်ထွေး မကြာခဏဖုန်းဆက်သည်။ အမေ့ကျန်းမာရေးအကြောင်း၊ ကြာညို့တို့ မိသားစုစီးပွားရေး

www.burmeseclassic.com



အကြောင်း၊ လယ်ယာလုပ်ငန်း၊ ငါးပိလုပ်ငန်းများအကြောင်း မေးမြန်းသည်။

တစ်နေ့ . . .

ဒေါ်သန်းရီက စာတစ်စောင်ကိုင်ပြီး ရောက်လာသည်။

"ကြာညိုရယ် ချစ်ထွေးက နင်တို့သားအမိ အလုပ်တွေပင်ပန်းမှာစိုးလို့၊ သူအလုပ်ကထွက်ပြီး ဒီမှာဦးစီးလုပ်ကိုင်ပေးချင်လို့ ဒေါ်ငယ်ကို နားချခိုင်းတယ်။ ဒေါ်ငယ်နဲ့နင့်ဦးငယ်ကလည်း သဘောကျတယ်။ ငါ့တူမသဘောထားက ဘယ်လိုလဲ။ မမလေးကြည်ကလည်း ကျန်းမာရေးကောင်းတာမဟုတ်ဘူး . . . ခုဆိုရင် ငါးအဝယ်ဒိုင်တွေလည်း မှိုလိုပေါက်နေတော့ ရွာစဉ်လှည့်ပြီး ငါးကောက်ဖို့လူလိုတယ်ဟုတ်"

"နေပါစေဒေါ်ငယ်ရယ်၊ ရသလောက်ပေါ့။ အဖေတို့ အမေတို့ ရှာထားတဲ့ပစ္စည်းတွေ မပွန်းသေးပါဘူး။ ကြာညို လုပ်နိုင်ပါသေးတယ်။ သူ့တက်လမ်းကိုလည်း ကြာညို မပိတ်ချင်တော့ပါဘူး။ ဒေါ်ငယ် စာပြန်ရေးရင်သာ သူ အိမ်ထောင်ပြုဖို့ တိုက်တွန်းပေးပါ"

"အေးလေကွယ်၊ ဒါတော့ နင့်သဘောပဲ။ ဒေါ်ငယ်တို့ကတော့ တတ်နိုင်သမျှ လုပ်ပေးမှာပါ။ ဟုတ်တယ်ဟုတ်"

"အားကိုးပါတယ် ဒေါ်ငယ်ရယ်"

ဒေါ်သန်းရီ သားအကြီး တိုးတိုးမှာ ရှစ်တန်းနှင့်ကျောင်းထွက်ကာ ဦးလေးဖိုးမောင်က လယ်ထဲခေါ်သွားသလို အငယ်ကောင်



ကျော်ကျော်ကလည်း စာမေးပွဲ တဘုန်းဘုန်းကျနေ၍ ရေကျိုငါးပိလုပ်ငန်းမှာ ငါးအဝယ်ဒိုင်ကို လုပ်ကိုင်စေခိုင်းထားရသည်။

လူပျိုကြီး ဦးကျောက်ဒိုးကလည်း ကြာညိုတို့၏ကားကိုမောင်းပေးရင်း ကလေးများကို ပြုစုစောင့်ရှောက်ပေးသည်။ သည်လိုလူများရှိသဖြင့် ကြာညို စိတ်ချစွာ အလုပ်လုပ်နိုင်ခြင်းဖြစ်သည်။

တစ်နေ့ . . . သားကြီးကျောင်းကပြန်လာစဉ် . . .

"မေမေ . . . မေမေက သားဖေဖေသေပြီပြောတာ။ သားတို့အတန်းထဲက ကောင်းမြတ်က သားတို့ဖေဖေ သေတာမဟုတ်ဘူးတဲ့။ ဆရာဝန်ကြီးတဲ့ ဘယ်မှာရှိလဲဟင် . . . သားတို့ဖေဖေနဲ့ တွေ့ချင်တယ်"

သားစကားကိုကြားတော့ ကြာညို ခေါင်းနပန်းကြီးသွားရသည်။

"တော်တော့ . . . သား။ ဒီအကြောင်းတွေလာမမေးနဲ့ မေမေက သေပြီလို့ပြောထားတာ။ သေတယ်လို့ပဲမှတ်ထား။ ညီမလေးကိုလည်း လျှောက်မပြောနဲ့"

"မေမေကလည်း ဘာမှန်းမသိဘူး။ သားအဖေက ဆရာဝန်ဆိုတော့ သားလည်း ဂုဏ်ယူချင်တာပေါ့"

"သားနော် မေမေ ရိုက်မိမယ်။ နင့်အဖေဟာ နင်တို့ဂုဏ်ယူစရာမဟုတ်ဘူး။ တော်ပြီသားရယ် မေမေ့ကို ဘာမှထပ်မပြောနဲ့။ သားတို့မှာ အဖေမရှိလည်း အမေက ပြည့်ပြည့်စုံစုံထားတယ်။ စာကိုပဲ ကြိုးစားရမှာလေ"

www.burmeseclassic.com

www.burmeseclassic.com



သိတတ်နားလည်လာပြီဖြစ်သော သားက ဖခင်ကိုတမ်းတပြန်တော့ ကြာညို စိတ်မကောင်းဖြစ်ရပြန်သည်။ ကြာမြင့်ပြီးဖြစ်သည့် တစ်ချိန်က ဒဏ်ရာဟောင်းသည် ယနေ့အထိ အကင်းမသေသေးပါ။ ခံစားချက်များကလည်း မေ့မရနိုင်အောင် လတ်ဆတ်ဆဲပင်။

"ပြည့်စုံတဲ့အတွက်တော့ သား ကျေးဇူးတင်ပါတယ်မေမေ။ ဒါပေမဲ့ သားတို့မှာ ဖေဖေဆိုတာရှိရင် ကောင်းမှာပဲလို့ စဉ်းစားမိတယ်။ ပြီးတော့ . . . ဖေဖေက ဆရာဝန်တစ်ယောက်ဆိုတော့"

"တော်စမ်း . . . သား။ မေမေတို့ကို ပစ်သွားတဲ့မင်းအဖေကို ဘာကြောင့်တမ်းတနေရသလဲ။ ဘာလဲ မင်းက ဆရာဝန်သားဆိုပြီး ဂုဏ်ယူချင်လို့လား"

ကြာညို ပြောပြောဆိုဆို ဝမ်းနည်းဆွေးမြည့်စွာ ငိုလိုက်ပါသည်။

"မေမေ သား စကားမှားသွားရင် တောင်းပန်ပါတယ်။ သားကို စိတ်မဆိုးပါနဲ့။ မေမေမကြိုက်ရင် နောက်ဆို သား မပြောတော့ပါဘူး"

ကြာညို ငိုရှိုက်ရင်းမှ သားကြီးကို တင်းကျပ်စွာဖက်ထားလိုက်သည်။

"သားရယ် . . . မေမေ့ဘဝဟာ ကွက်လပ်လေးတစ်ခုဖြစ်နေခဲ့တာကြောင့် သားနဲ့သမီးစိတ်ဆင်းရဲရတယ်ဆိုရင် မေမေ တောင်းပန်ပါတယ်။ မေမေ့ကံကိုက ခင်ပွန်းအပစ်ခံရတဲ့ကံပါလာလို့ သားတို့ သမီးတို့လည်း မိစုံဖစုံမနေရတာပါကွယ်။ ဒါကြောင့် နောင်ဘဝများရှိရင် ဒီလိုအဖြစ်ဆိုးမျိုးနဲ့မကြုံရအောင် ဆုတောင်းပေးပါတယ်"



"မေမေရေ . . . သမီးပြန်လာပြီ။ မေမေ ဒီနေ့ဈေးမသွားဘူးလားဟင်"

သမီး ခင်စန္ဒာထွန်းက ဈေးမသိမ်းခင် ပြန်ရောက်နေသည့် မိခင်ကိုတွေ့သဖြင့် အံ့ဩသွားပါသည်။

"ဘွားဘွား သွေးတိုးနေလို့သမီးရဲ့၊ မေမေဆိုင်မှာ မလွှင်နဲ့ ဆန်းဆန်းတို့ကိုပဲ ထားခဲ့တယ်"

သမီးက အဘွားထံ ပြေးတက်သွားသည်။ ကြာညိုလည်း အမေ့ကို ဆေးတိုက်ဖို့ လိုက်တက်သွားသည်။

"မြေးလေး . . . ကိုကို ပြန်မလာသေးဘူးလား"

"ဟုတ်ပါရဲ့ . . . သမီး ကိုကိုရော ဘယ်ကျန်ခဲ့တာလဲ"

"ဘောလုံးလူရွေးပွဲရှိလို့တဲ့ သမီးကိုပို့ပြီး ဘကြီးဒိုး ပြန်ကြိုနေပြီ"

သမီးက အဘွားနားကပ်ရင်း . . .

"ဘွားဘွား . . . သမီး နှိပ်ပေးမယ်နော်"

"နေပါစေ မြေးလေးရယ် . . . ကျောင်းက အခုပဲပြန်လာတာ။ ရေချိုး၊ အဝတ်အစားလဲတော့၊ ကျူရှင်သွားရဦးမှာမဟုတ်လား"

"ဟုတ်တယ် သမီး ခဏနားပြီး ရေချိုးလိုက်ပေါ့"

ကြာညိုက ဝင်ပြောလိုက်သည်။သမီးထွက်သွားသည့်အခါ ကြာညို သက်ပြင်းချမိသည်။

"အမေ . . . သားကြီးက ဉာဏ်ကောင်းတာလည်း သူ့အဖေနဲ့ တူတယ်။ ဘောလုံးဝါသနာပါတာလည်း တူနေပြန်တယ်။ စိတ်ဓာတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



တူနေမှာ သမီးကြောက်တယ်။ သမီးငယ်လေးကတော့ သားကြီးလောက် ပညာထူးချွန်မှာမဟုတ်ဘူး။ အသင့်အတင့်လောက်ပဲ ထင်ရတယ်"

အမေက ရီဝေစွာဖြင့် . . .

"မျိုးရိုးဆိုတာ တိမ်ကောတတ်တာမှမဟုတ်တာ။ သူ့အဖေ ဉာဏ်ကောင်းသလို သူ့သားလည်း ဉာဏ်ကောင်းတာပေါ့။ သူ့အဖေလိုစိတ်ခတ်တော့ ရှိမှာမဟုတ်ပါဘူး။ တွေးပူမနေပါနဲ့။ မြေးငယ်လေးကတော့ အရွယ်နဲ့မလိုက်အောင် သိတတ်လိမ္မာပါတယ် သမီးရယ်"

"မေမေရေ . . . ဘွားဘွား နေမကောင်းလို့ဆို"

သားကြီးက ပြောပြောဆိုဆို အပေါ်ထပ်ကိုပြေးတက်လာပြီး အမေ့ခုတင်ပေါ်သို့တက်ကာ အဘွားဖြစ်သူကို ဖက်ထားလိုက်သည်။

"သားကြီးရယ် . . . ချွေးတွေသံတွေနဲ့ ရေမိုးချိုးပါဦး"

"ချိုးမှာပေါ့မေမေရဲ့ ဘွားဘွားအတွက် စိတ်ပူလို့ပါ။ ဘွားဘွား မသေပါနဲ့ဦးနော်။ သား ဆရာဝန်ဖြစ်အောင်စောင့်ပါဦး။ ဘွားဘွား အခု အသက်ဘယ်လောက်ရှိပြီလဲဟင်"

"ဘွားဘွားက အသက်ကြီးပြီလေ။ ငါးဆယ့်ကိုးနှစ်ထဲရောက်ပြီ ကျန်းမာရေးလည်းမကောင်းတော့ဘူး"

"ဘွားဘွား . . . ဘာတွေစားလို့လဲဟင်"



"ပြောမနေနဲ့သားရေ ဆရာဝန်က အငန်ရှောင်ပါဆိုတာ ငါးပိရည်နဲ့တို့စရာစားလိုက်တော့ တစ်ခါတည်း သွေးတက်တော့တာပဲ"

ကြာညို့က ဝင်ပြောလိုက်သဖြင့် အမေ့မျက်နှာညှိုးကျသွားရသည်။

"ဟုတ်တယ်မေမေရယ်။ ငါးပိရည်တို့ ငံပြာရည်တို့ဆိုတာ သွေးတက်စာတွေဆိုတော့ သွေးတိုးနဲ့မတည့်ဘူးလေ။ ရေကျိုငါးပိလုပ်ငန်းကို ဖျက်သိမ်းလိုက်ပါလားမေမေရယ်။ မေမေ့လုပ်ငန်းကြီးက လူတွေကို ဒုက္ခပေးနေသလိုပဲ"

သားကြီးစကားကြောင့် ကြာညို့ရင်ထဲတွင် စိတ်မကောင်းခြင်းကြီးစွာဖြစ်ပေါ်လာပြီး ဗလောင်ဆူသွားသည်။

"သား . . . ဘယ်လိုပြောလိုက်တာလဲ။ ငါးပိရည်ဆိုတာ မေမေတို့ မြန်မာ့ရိုးရာအစားအစာပဲလေ။ တော်သင့်ရုံစားရင် ဘာမှမဖြစ်ပါဘူး။ သုံးတတ်ရင် ဆေး၊ မသုံးတတ်ရင် ဘေးဖြစ်မှာပဲ။ ငါးပိစားလို့သေတဲ့လူလည်း မကြားမိပါဘူး။ ငါးပိရည်ကြောင့် ထမင်းမြိန်တဲ့လူတွေ အများကြီးပါ။ သားတို့အခုစားနေရတဲ့ ထမင်းနဲ့ ခုလို အဆင့်မြင့်မြင့်နေနိုင်တာလည်း ဒီ ရေကျိုငါးပိကရတာပဲ မဟုတ်လား။ နောက် ဒါမျိုးပြောရင် မေမေ သည်းမခံဘူး"

ကြာညို မျက်နှာထားတည်တည်ဖြင့်ပြောလိုက်သဖြင့် သားကြီး မျက်နှာညှိုးကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ မြေးကြီးရယ် . . . နောက် ဘွားဘွား မစားတော့ပါဘူး။ ရေချိုးတော့၊ သမီးကလည်းကွယ် ကလေးစိတ်မကောင်းအောင် မပြောပါနဲ့။ ကလေးဆိုတာ စိတ်နုနုလေးပါ။ ကလေးနဲ့တန်တဲ့ စကားပဲပြောပါကွယ်"

"ဟင်း . . ."

ကြာညို သက်ပြင်းချရုံမှတစ်ပါး ဘာမှ မတတ်နိုင်တော့ပါ။

** ** ** ** **

## အခန်း (၃)

ရာသီစက်ဝန်းသည် တဖြည်းဖြည်းနှင့်လည်ပတ်နေသလို ခါးသီးလှသည့်အတိတ်ပန်းချီကားချပ်များလည်း မလှမပနှင့် မှုန်ဝါးဝါးကျန်ခဲ့လေသည်။ စိတ်ဝေဒနာမျိုးစုံခံခဲ့ရသောအမေလည်း တရှောင်ရှောင်နှင့် အလုပ်ပင် မလုပ်နိုင်တော့ပါ။ အဖေကွယ်လွန်ခြင်း၊ အဘွားကွယ်လွန်ခြင်းတို့အတွက် စိတ်ဒဏ်ရာမပျောက်ခင် ကြာညို့အတွက်ပါ ထပ်မံခံစားရပြန်တော့ အမေ့ခံနိုင်ရည်စွမ်းအား တဖြည်းဖြည်းလျော့နည်းလာသလို သွေးတိုးရောဂါသည် အမေ၏ အဓိကရောဂါတစ်ခုဖြစ်လာခဲ့သည်။ ထို့မှတစ်ဖန် နှလုံးရောဂါများပါ ခံစားရပြန်တော့ အမေ မကြာခဏဆေးရုံတက်ရသည်။

"သမီးရယ် . . . အမေ မသေချင်သေးဘူး။ ခုဆိုရင် မြေးကြီးက ဆယ်တန်းဖြေထားပြီမို့ မြေးကြီးဆယ်တန်းအောင်တာ မြင်ချင်သေးတယ်"

အမေ့စကားကြားရတော့ ကြာညို ဝမ်းနည်းမိသည်။ မိဘမေ၏ မေတ္တာအတိမ်အနက်သည် နက်ရှိုင်းလှသည်။ သားသမီးကို

www.burmeseclassic.com

www.burmeseclassic.com



မြေတောင်မြှောက်ပေးသည့်အပြင် မြေးအတွက်ပါ ပူပန်နေရပါ ပေါ့လား"

"အမေ့မြေးက ဒီလောက်ဉာဏ်ကောင်းတာ ဂုဏ်ထူးများများနဲ့ အောင်မှာပါ"

အောင်စာရင်းထွက်သည့်နေ့က သားကြီးသည် နံနက်စောစော အောင်စာရင်းသွားကြည့်သည်။ ကြာညိုကလည်း ရင်ခုန်စွာနှင့် စောင့်မျှော်ရသည်။ အပေါ်ထပ်မှ လှမ်းမျှော်ကြည့်လိုက်ရာ ကား ပြန်လာသည်ကိုတွေ့လိုက်ရသည့်အတွက် ဝရန်တာထွက်ရပ်လိုက်သည်။ သားကြီးက ကြာညို့ကိုမြင်လျှင် လက်ငါးချောင်းထောင်ပြသဖြင့် ဝမ်းသာစွာ အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည်။

"မေမေ ငါးခု . . . ငါးခု"

သားက အသံကုန်အော်ပြီး မေမေ့ကို ပြေးဖက်သည်။ ထွားကျိုင်းသည့်သားသည် ကြာညို့ကိုချီပြီး ဝှေ့ရမ်းလိုက်သည်။ ပြီးမှ အဘွားထံပြေးကာ အဘွားကို ချီလိုက်ပြန်သည်။

"ဘွားဘွား . . . သား ဂုဏ်ထူးငါးခုရတယ်။ ပျော်လိုက်တာ ဘွားဘွားရယ်"

အဌမတန်းရောက်နေသည်ဖြစ်သော သမီးငယ်စန္ဒာကလည်း ဝမ်းသာလွန်း၍ အစ်ကိုဖြစ်သူကို ဖက်ထားလိုက်ပြန်သည်။ သားကြီး အပျော်များသည် တစ်အိမ်လုံးကို ကူးစက်ကာ နံနက်စာစားဖို့ပင် မေ့နေကြသည်။



"ဝမ်းသာလိုက်တာသားရယ် . . . မေမေ ပြောပြမတတ်နိုင်အောင်ပဲ"

ကြာညိုက ဝမ်းသာလွန်း၍ မျက်ရည်များ စီးကျလာသည်။

"မေမေကလည်း ဝမ်းသာတာများ ငိုရသေးတယ်။ သားကို ဘာဝယ်ပေးမှာလဲ"

"သားကြိုက်တာပေးမှာပေါ့"

"တကယ်နော် . . . ဘွားဘွားလည်း ပေးရမှာနော်"

"ပေးပါ့မယ်မြေးကြီးရယ်။ ဘွားဘွားမှာပေးစရာဆိုလို့ ဒီမြေးတွေပဲရှိတာ၊ မြေးငယ်လေးလည်း ကိုကို့လို ကြိုးစားရမယ်နော်"

"ဟုတ်ကဲ့ပါ ဘွားဘွားရဲ့"

ထိုအခိုက် တယ်လီဖုန်းမြည်သံကြားသဖြင့် ကြာညို ကောက်ကိုင်လိုက်သည်။

"ဟဲလို . . . ကံ့ကော်ရိပ်ကပါ"

"အေး . . . ချစ်ထွေး . . . ပြော . . . အောင်တယ်။ ဂုဏ်ထူးငါးဘာသာ၊ မြန်မာစာတော့မပါဘူး။ ကျန်တာတွေပေါ့။ အေးအေး၊ သားကြီးရေ . . . နင့်လေးချစ်ကပြောချင်လို့တဲ့"

ကြာညို သားကြီးကို ဖုန်းလွှဲပေးရင်း သားကြီးပျော်နေသည်ကို ကြည့်လျက် မိခင်မေတ္တာဖြင့် ဝမ်းသာလုံးဆို့နေသည်။

"မေမေ . . . လေးချစ်က အရမ်းဝမ်းသာနေတယ်။ သားကို ဘယ်လိုင်းလိုက်မလဲတဲ့၊ စဉ်းစားထားတဲ့။ ခွင့်ယူပြီး ပြန်လာမယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား သား . . . သားလည်း စဉ်းစားထားပေါ့"

"မေမေ . . . သား ထွဋ်ကြီးတို့အိမ်သွားလိုက်ဦးမယ်။ သူက ရိုးရိုးပဲအောင်တယ်"

"ဘာနဲ့သွားမှာလဲ ကားနဲ့သွားလေ"

"ဆိုင်ကယ်ပဲ ယူသွားမယ်"

"သား . . . ဆိုင်ကယ်ဖြည်းဖြည်းစီးသွားနော်။ အကြာကြီးလည်း မနေနဲ့"

သားထွက်သွားတော့ ကြာညို အတွေးနယ်ချဲ့မိသည်။ ခေတ်နှင့်အညီ သားသမီးများမျက်နှာမငယ်စေရန် တယ်လီဖုန်းသွယ်ပေးခဲ့ရသည့်အတွက် ကျေနပ်သလို အသုံးစရိတ်များကလည်း လူတန်းစေ့နေနိုင်ရန် အမီလိုက်နေရသည့်အတွက် မိန်းမသားတစ်ဦး၏ လုပ်အားဖြင့် ရပ်တည်နိုင်အောင်ကြိုးစားရပြန်သည်။ အသုံးစရိတ်များ မြင့်တက်လာသည့်အတွက် အရင်းအနှီးထဲမှ ပွန်းသွားမည်စိုးသဖြင့် ခြိုးခြံချွေတာခဲ့ရသည်။ အမေ့ဆေးဖိုး၊ အိမ်စရိတ်၊ အိမ်အကူစရိတ်များနှင့် သားနှင့်သမီးတို့၏ ကျူရှင်စရိတ်၊ ကျောင်းစရိတ်များက ကြောက်ခမန်းလိလိ၊ အခုလည်း သားကြီးဆယ်တန်းအောင်ပြီမို့ ရှေ့ဆက် သား၏ကျောင်းစရိတ်များကို ကြာညို ကြိုးစားရှာဖွေရပါဦးမည်။ အထည်ဆိုင်ဖွင့်ထားသည်ဆိုသော်လည်း ယခုအခါ အထည်ဆိုင်တွေက မှိုပေါက်သလို၊ အပြိုင်အဆိုင် ဖွင့်လာကြသည်။ တစ်နေ့တစ်နေ့ ဆန်းသစ်သောအဆင်ဆန်းများကို အပြိုင်



အဆိုင်တင်မှသာ အရောင်းသွက်သည်မို့ အဆင်ဟောင်းများက ဆိုင်အတွင်း တဖြည်းဖြည်း လက်ကျန်များလာသည်။ ရှာနီးချုပ်စပ်အထည်ရောင်းသူများကိုလည်း အကြွေးချရသည့်တွက် ငွေအိပ်နေပြန်သည်။ အိမ်နှင့်တွဲဖွင့်ထားသောစတိုးဆိုင်သည် ရပ်ကွက်အတွင်းမှာဖြစ်၍ အမြတ်များများမကျန်၊ ရေကျိုငါးပိလုပ်ငန်း၊ စပါးစိုက်လုပ်ငန်းများမှရသည့်ငွေလို အထုပ်လိုက်ဝင်ခြင်းမရှိသဖြင့် ကြာညိုအားမရ။ သားကြီး တက္ကသိုလ်ဆက်တက်လျှင် ရေကျိုငါးပိလုပ်ငန်းကို ဖိဖိစီးစီးပြန်လုပ်ကိုင်တော့မည်ဟု ကြာညို ဆုံးဖြတ်သည်။ ဦးလေးဖိုးမောင်ကတော့ ပြောရှာသည်။

"ကြာညို နင်က ငါ လယ်ကောင်းဆယ် မလုပ်နိုင်ဘူးလို့ ထင်နေလား။ ငါ လုပ်နိုင်ပါတယ်။ နင် ဆန္ဒရှိရင် ရှေ့နှစ် ကောင်းဆယ်လောက် ပြန်လုပ်မယ်။ ငါ့သားတွေကလည်း ခိုင်းလို့ရပြီပဲဟာ။ ခုဆိုရင် မျိုးစပါးတွေကလည်း ခေတ်မီအထွက်တိုးစပါးတွေဖြစ်တော့ စပါးအထွက်ကောင်းမှာပါ။ ဦးလေးကတော့ ချက်ချင်း အရင်းအမြတ်မသိရတဲ့ နင်တို့အထည်ဆိုင်မျိုးကိုတော့ အားမပေးဘူးတယ်"

ဦးလေးဖိုးမောင်က အားပေးပြန်တော့ ကြာညို အားထတ်ရသည်။ ကြာညို ရှေ့ဆက်ရမည့်ခရီးလမ်းအတွက် အမျိုးမျိုးစဉ်းစားနေရတော့သည်။

ချစ်ထွေးကိုလည်း သား၏အမှတ်စာရင်းကိုကြည့်ပြီး ဆိုင်ပင်ရန် ခေါ်ထားပြီးဖြစ်သည်။ ချစ်ထွေးက နှစ်ပတ်အတွင်းရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ချစ်ထွေးသည် ကြာညိုထက် နှစ်နှစ်နီးပါးကြီးသည်ဖြစ်ရာ အသက်လေးဆယ်ထဲ ဝင်တော့မည်။ ဆံပင်များပင် ကွက်တိ ကွက်ကျား ဖြူစပြုနေသည်။ အရင်ကထက် အနည်းငယ်ပိန်ပြီး ရုပ်ကတော့ အိုစာမကျသေးပေ။

"မမကြာညို . . . နေကောင်းတယ်နော်"

ချစ်ထွေးက သူ့ထက်အရွယ်ပိုကျနေသော ကြာညိုကို ရည်ညွှန်း၍ နှုတ်ဆက်ခါမှ တင်းထားသောစိတ်များပြေလျော့ကာ မျက်ရည်ဝိုင်းမိပြန်သည်။ ကြာညို့ခံစားချက်ကိုသိသောချစ်ထွေးက စိတ်မကောင်းဖြစ်သွားပုံရပါ၏။

"စတာပါကြာညိုရယ် . . . ငါ့ညီမ လှနေပါသေးတယ်။ စိတ်ဓာတ်မကျပါနဲ့ကွာ၊ ငါ့စကားကို ပြန်ရုပ်သိမ်းပါတယ်"

ချစ်ထွေးက အမေ့ဘက်ကိုလှည့်ပြီး . . .

"ဒေါ်ကြီးလည်း အတော်ကျန်းမာနေပြီပဲ။ အစားအသောက် ဆင်ခြင်ပြီးနေရင် အဘွားလို အသက်ရှစ်ဆယ်ကျော်လောက်နေ ရမှာပါ"

"အင်း . . . သားရယ်၊ ဒေါ်ကြီးသေလို့မဖြစ်သေးပါဘူး။ ကြာညိုတို့သားအမိကို ဒေါ်ကြီး စိတ်မချနိုင်သေးဘူးလေ"

"ဟုတ်တာပေါ့။ ဪ . . . ဒီမှာ ဒေါ်ကြီးဖို့ ပါတိတ်၊ ဟော ဒါက တဘက်စောင်၊ ဒီမှာ မုန့်တွေလည်းအများကြီးပါသေးတယ်။ ဒေါ်ကြီးသောက်ဖို့ အားဆေးလည်းပါလာတယ်"



အမေက ချစ်ထွေးရောက်လာသဖြင့် ပျော်နေပုံရသည်။ သား နှင့်သမီးကလည်း ပျော်နေကြသည်။ သူတို့အတွက်ပါလာသော ပစ္စည်းများကိုကြည့်ပြီး ပျော်မဆုံးတြာ။

"စိုးစိုး . . . ဒီမှာ လေးချစ်ရဲ့ ဂုဏ်ပြုလက်ဆောင်"

ကြာညိုကြည့်လိုက်တော့ အကောင်းစားလက်ပတ်နာရီ တစ်လုံး . . .။

"လေးချစ် . . . နာရီကဈေးကြီးတယ်နော်။ ငါးသောင်းတောင် ကျော်နေတယ်"

"ဒီထက်ကောင်းတာတောင် ဝယ်ပေးချင်တာ"

သမီးက မျက်နှာလေးငယ်လျက် ချစ်ထွေးနားသို့ကပ်ကာ . . .

"လေးချစ် . . . သမီးနာရီလည်းဟောင်းနေပြီ။ မေမေတလည်း ဝယ်မပေးဘူး။ လေးချစ်လည်း ဝယ်မပေးဘူး။ မတရားကြဘူး"

"သမီးရယ် . . . လေးချစ်ဝယ်လာတာတွေ အများကြီးပါ။ သူ လစာတောင် ကျန်ရဲ့လားမသိဘူး။ ချစ်ထွေး . . . တိုးတိုးတို့ ကျော်ကျော်တို့အတွက်ရော ပါရဲ့လား"

ကြာညိုက ဦးလေးဖိုးမောင့်သားများကို သတိရ၍မေးလိုက် သည်။

"ပါတယ်။ ဦးငယ်အတွက်လည်းပါတယ်။ ဒေါ်ငယ်အတွက် လည်း ပါတယ်"

ချစ်ထွေးက သူ့ဦးလေးမိသားစုအတွက် အထုပ်တစ်ထုပ်ကို ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"စန္ဒာအတွက် နာရီလေးဝယ်လာရင်ကောင်းမှာ။ ငါ မေ့သွားတယ် ကြာညိုရယ်။ ကဲပါ . . . ငါ့တူမကို လေးချစ် ခုချက်ချင်းဝယ်ပေးလိုက်မယ်။ မျက်စိခဏမှိတ်"

"ဟယ် . . . လုလိုက်တာ . . . လေးချစ်မကောင်းဘူး။ သမီးစိတ်ညစ်အောင်လုပ်တယ်၊ ဘာမှန်းလည်းမသိဘူး"

သမီးငယ်လေးက ချွဲနွဲ့စွာပြောတော့ ချစ်ထွေးက တဟားဟားရယ်လိုက်သည်။ သားနှင့်သမီးပျော်နေတော့ ကြာညိုလည်း ပျော်ရသလို၊ အမေကလည်း ပျော်နေတော့သည်။

ထိုအခိုက် ဒေါ်သန်းရီရောက်လာသည်။

"ဟယ် . . . ချစ်ထွေးရောက်လာပြီဟုတ်"

"ဟုတ်တယ် ဒေါ်ငယ်။ ခုလေးတင်ပဲ ရောက်တာ။ ဒီမှာ ဒေါ်ငယ်တို့အတွက်၊ တိုးတိုးကြီးရော ကွင်းထဲမှာပဲလား"

"ဟုတ်တယ်။ ထယ်ထိုးဖို့သွားကြပြီလေ မိုးကျတော့မယ်ဟုတ်"

ဒေါ်ငယ်က စကားပြောအလွန်ဝဲသူဖြစ်သည်။

"ဩော် . . . သားကြီး . . . လာရင်းကိစ္စတောင်မေ့နေပြီ။ ရော့ . . . ဒီမှာ မင်း အမှတ်စာရင်း"

အမှတ်စာရင်းကြည့်တော့ မြန်မာစာမှာ ငါးမှတ်နှင့်ကပ်ပြီးကျန်ခဲ့သည်။ ကျန်သည့်ဘာသာများက အားလုံးအမှတ်ကောင်းသည်။ အမှတ်ပေါင်း ငါးရာ့ဆယ့်တစ်မှတ်ဖြစ်သည်။

"သားရယ် . . . မေမေ နှမြောလိုက်တာဟယ်။ မင်း စာစီစာကုံး သေသေချာချာမရခဲ့လို့ အမှတ်လျော့တာ"



"အမေကလည်း ငါးဘာသာဂုဏ်ထူးထွက်တာတောင် အပြစ်ပြောနေပြန်ပြီ"

"အားလုံးထွက်တော့ ပိုမကောင်းဘူးလား"

ကြာညိုက နှမြောတသစွာ ပြောလိုက်သည်။

"သားကြီး . . . မင်း ဘာလိုင်းလျှောက်မလဲ"

ချစ်ထွေးက မေးသည်။

"ဆေး"

သားက ပြတ်သားစွာဖြေသည်။

"တော်ပါပြီ အခြားလိုင်းယူပါ။ ဆရာဝန်ကို စိတ်နာလို့"

ကြာညိုက ဆွေးမြည့်စွာပြောသည်။

"ကြာညို . . . နင် ရူးနေလား။ သူများတွေ ဆေးကျောင်းတက်ချင်ကြတာ၊ နင့်ကျမှ တောင်တောင်အီအီမတွေးပါနဲ့"

"အေးလေ မေမေကလည်း ဆရာဝန်သားပဲ ဆရာဝန်ဖြစ်ရမှာပေါ့။ မေမေက လူတွေကို ဝေဒနာပေးတဲ့လုပ်ငန်းလုပ်တော့ သားကလည်း လူနာတွေကို ဆေးကုပေးရမှာပေါ့"

"ဖြန်း . . ."

ကြာညို ရင်ထဲကပေါက်ကွဲမှုကို မထိန်းနိုင်တော့ဘဲ သားကြီး၏ ပါးနုနုလေးကို ရိုက်ချမိလိုက်ပါတော့သည်။

"သမီး"

"ကြာညို"

www.burmeseclassic.com

www.burmeseclassic.com



အမေနှင့်ချစ်ထွေးတို့၏ဟန့်တားသံများက ပြိုင်တူထွက်ပေါ်လာသလို၊ ဒေါ်သန်းရီက ကြာညို့ကို ဆွဲထားသလို၊ ချစ်ထွေးက သားကြီးကိုဆွဲယူပြီး အကာအကွယ်ပေးလိုက်သည်။

"မေမေ . . . သားကို ရိုက်တယ်နော်။ ရိုက်ပါမေမေရယ်၊ ရိုက်ရုံမကဘူး သတ်ပစ်ပါ"

သားကြီးက ရှိုက်ကြီးတငင် ငိုကာ၊ သမီးငယ်ကလည်း ငို၍မဆုံးတော့။

"ရိုက်မယ်၊ ရိုက်သတ်ပစ်မယ်။ ကြာညိုတဲ့ ဘာမှတ်နေသလဲ၊ နင့်ကို ဆယ်တန်းအောင်တဲ့အထိကျောင်းထားပေးတာ နင့်အဖေ ဆရာဝန်မဟုတ်ဘူး။ ဟော့ဒီ ငါးပိသည်မ ကြာညိုပဲ၊ လူပါးဝလို့ ငါလို ငါးပိသည်မသားအခေါ်မခံချင်ရင် နင့်အဖေနဲ့ဆက်သွယ်ပြီး သွားနေ။ မင်းက ခွာရာချင်းတိုင်းတာလား၊ ငါ နင်တို့မောင်နှမ အတွက် ဘယ်လောက်ရုန်းကန်ခဲ့ရသလဲ၊ မင်းက လူလားမမြောက်သေးဘူး။ အမေ့ကျေးဇူးဆပ်လိုက်တာပေါ့ ဟုတ်လား။ ဒေါ်ငယ် ကြာညို့ကို မဆွဲနဲ့ ဒီကောင့်ကို ထပ်လုပ်ရမှကျေနပ်မယ်"

"မလုပ်ပါနဲ့တော့သမီးရယ်။ အမေ့ကို သနားပါဦး"

"ဟုတ်ပါတယ်ကြာညိုရယ်၊ ကလေးပဲ ပြောသင့်မပြောသင့် ဘယ်သိပါ့မလဲ"

"ဘာလို့မသိရမှာလဲ၊ လူ့ကျင့်ဝတ်ဖောက်ဖျက်တဲ့ဖအေကိုများ တမ်းတနေသေးတယ်"



ကြာညို အသားများတဆတ်ဆတ်တုန်နေခဲ့သည်။ စောစောက ပျော်ခဲ့သည့်အပျော်များ ဘယ်ပျောက်ကုန်မှန်းမသိတော့၊ သားကြီးက ငိုရှိုက်ရာမှ . . .

"လူ့ကျင့်ဝတ်ဖောက်ဖျက်တာ ဖေဖေ့အပိုင်း၊ မေမေကသာ ဖေဖေ့ကိုလိုက်ပြီး အရှက်မခွဲရင် သားတို့နဲ့ဝေးစရာအကြောင်း မရှိဘူး။ သားတို့မောင်နှမနှစ်ယောက်ရဲ့သံယောဇဉ်ကြောင့် တစ်ချိန်မဟုတ်တစ်ချိန် ပြန်လာမှာပဲလေ။ ခုတော့ မေမေ့ကြောင့် . . ."

"စိုးစိုး . . . နင် စော်ကားလှချေလား။ နင့်အဖေစိတ်ဓာတ်တွေ ဘယ်ကရလာလဲ။ ငါ့ကို နင် ကျေးဇူးဆပ်လိုက်ပြီပေါ့လေ တွေ့မယ်"

ကြာညို ဆက်ပြီး သည်းမခံနိုင်တော့ပါ။ အနားမှာရှိသည့် အမေ့ကွမ်းအစ်ထဲက ကြေးထုံးဘူးနှင့် ကောက်ပေါက်လိုက်ပါတော့သည်။ ကြေးထုံးဘူးသည် သားကြီး၏ဘယ်ဘက်နဖူးစောင်းကို ထိကာ သွေးများဖြာထွက်သွားပြီးနောက် ကြာညို လောကကြီးနှင့် အဆက်ပြတ်သွားပါတော့သည်။

** ** ** ** **

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"မေမေ"

"မေမေ"

"ကြာညို . . . သမီး သတိရပြီလား။ အမေခေါ်တာ ကြားလားဟင်"

သားကြီး၏အသံ၊ သမီးငယ်၏အသံ၊ အမေ၏အသံ၊ ချစ်ထွေး၏အသံများက ကြာညို့နားထဲသို့ တိုးဝှေ့ဝင်ရောက်လာသည်။ ကြာညို လွင့်ပြန့်နေသည့်အားများကို အစွမ်းကုန်စုစည်းလိုက်သည်။

"မေမေ . . . သားရှိတယ်။ မေမေ . . . သားကိုကြည့်ပါဦး။ မေမေ သတိရနေပြီလား။ မျက်စိဖွင့်ကြည့်ပါဦး"

သား၏ရှိုက်သံ၊ သမီး၏ငိုသံများကြားရသည့်အခါ မိခင်တစ်ဦး၏မေတ္တာများခံစားမှုတွေဖြစ်လာပြီး လေးလံနေသောမျက်စိများကို အင်အားအပြည့်စုစည်းကာ မျက်လုံးဖွင့်လိုက်သည်။ ရုတ်တရက်တော့ ဝိုးတဝါးသာရှိပြီး မြင်ကွင်းများက မကြည်လင်၊ ဆရာဝန်ကြီး ရောက်လာပြီး ကြာညို့ကို စစ်ဆေးမှုများပြုလုပ်သည်။

"ဒေါ်ကြာညိုကြည် သတိရလာပြီနော်"



ကြာညို မျက်လုံးမဖွင့်နိုင်သေးဘဲ ခေါင်းညိတ်လိုက်သည်။

"ကဲ . . . ဘာမှစိုးရိမ်စရာမရှိတော့ပါဘူး။ ရောဂါကြီးကြီးမားမားလည်း မရှိပါဘူး။ စိတ်ထိခိုက်စရာတွေ များများမတွေးနဲ့၊ တစ်ရက်နှစ်ရက်အတွင်း ဆင်းရမှာပါ။ စမ်းသပ်မှုတွေလည်း ထပ်ပြီးပြုလုပ်ကြတာပေါ့"

ဆရာဝန်ကြီးက အတူပါလာသူ ဆရာဝန်၊ ဆရာမများကို မှာကြားစရာရှိသည်များ မှာကြားပြီး ပြန်ထွက်သွားသည်။ စိုးစိုးက ကြာညို့ကိုဖက်ထားပြီး တတွတ်တွတ် တောင်းပန်နေသည်။

"မေမေ . . . သားကို ခွင့်လွှတ်ပါမေမေရယ်။ မေမေ့ကို သားစိတ်ဆင်းရဲအောင် ဘယ်တော့မှ မလုပ်တော့ပါဘူး"

ကြာညိုက သားနဖူးမှဒဏ်ရာကို လက်ဖြင့်စမ်းလိုက်သည်။

"သား . . . သိပ်နာသွားလားဟင်"

"မနာပါဘူးမေမေရယ်။ သားကို ဒီထက်မက ဆုံးမသင့်ပါတယ်"

"မေမေ . . . သားကို တစ်ခါမှမရိုက်ခဲ့ဖူးဘူး။ မေမေ့ကို စိတ်မဆိုးပါနဲ့နော်"

"ကြာညို . . . စိုးစိုးက ဘာမှမဖြစ်ပါဘူးကွယ်။ နင်သာ မြန်မြန်နေကောင်းအောင်နေပါ။ ဘာမှမတွေးနဲ့"

"အင်းပါချစ်ထွေးရယ် . . . နင်လည်း ငါတို့သားအမိအတွက် အရမ်းပင်ပန်းနေပြီ။ အမေလည်း အိမ်ပြန်နားတော့။ သမီးလည်း အိမ်ပြန်နားတော့။ ဒေါ်ငယ်ပဲ ဒီမှာနေခဲ့"

www.burmeseclassic.com



"မေမေ . . . သမီးနေခဲ့မှာ"

"သားလည်းနေခဲ့မှာ"

"ပြန်ပါလားသားရယ် . . . လေးချစ်နဲ့ဘွားဘွားပြန်ရင် လိုက်သွားကြ"

"ကဲ . . . ကြာညို၊ ငါ ဒေါ်ကြီးကို ပြန်ပို့မယ်။ ပြီးရင် ဒေါ်ငယ်အတွက် ထမင်းယူလာမယ်။ စိုးစိုးနဲ့စန္ဒာက လေးချစ်ပြန်လာမှ ဆေးရုံရှေ့က ခေါက်ဆွဲဆိုင်မှာ သွားစားကြမယ်"

ချစ်ထွေးနှင့်အမေပြန်သွားတော့ သားနှင့်သမီးက တစ်ဖက်စီမှာထိုင်ပြီး ကြာညို့လက်များကို ဆုပ်ကိုင်ထားတော့ ကြာညို အလိုလို အင်အားများပြည့်လာရသည်။

"မေမေရယ် . . . မေမေသတိရတော့ သားအရမ်းပျော်သွားတယ်။ မေမေများ တစ်ခုခုဖြစ်ရင် သားပါသတ်သေလိုက်မှာ"

"မဟုတ်တာသားရယ် . . . ဒီလိုအတွေးတွေ ဖျောက်လိုက်ပါ။ သား ဆရာဝန်ကြီးဖြစ်ချင်တယ်မဟုတ်လား"

ကြာညို သားကြီး၏ခေါင်းကို ပွတ်သပ်ပေးလိုက်သည်။

"သား"

"ဗျာ . . . မေမေ"

"သား ဆရာဝန်လိုင်းလိုက်ဖို့ မေမေကြိုးစားမယ်။ သားက ဆရာဝန်ဖြစ်အောင်ကြိုးစား၊ သားကျေနပ်တော့နော်"

"မေမေရယ်"

** ** ** ** **

## အခန်း (၅)

ကြာညို ဆေးရုံကဆင်းပြီး ချစ်ထွေးမပြန်ခင် တိုင်ပင်စရာရှိတာတွေ တိုင်ပင်ရသည်။

"ချစ်ထွေး . . . သားတို့မရှိတုန်း ငါ နင့်ဆီက ကတိတစ်ခု တောင်းချင်တယ်။ ခုဆို အားလုံးရဲ့ဆန္ဒအရ သားကို ဆေးကျောင်းတက်ဖို့ ငါ ခွင့်ပြုလိုက်ပြီ။ နင် ငါ့ကို ကတိပေးဖို့ပဲလိုတော့တယ်"

"ဘာကတိများလဲ ကြာညိုရယ် . . . သားကြီးကို ငါ စောင့်ရှောက်ဖို့မဟုတ်လား"

ကြာညို ခပ်သွက်သွက်ခေါင်းရမ်းလိုက်သည်။

"မဟုတ်ဘူး ချစ်ထွေး။ ခုနေခါ အထွန်းဘယ်မှာရှိတယ်ဆိုတာ ငါ မသိဘူး။ သိလည်း မသိချင်ဘူး။ နင်နဲ့အဆက်အသွယ် ရှိ မရှိလည်း ငါမသိဘူး။ ငါ့ကွယ်ရာမှာ ငါ့ကို သစ်စိမ်းချိုး ချိုးသွားတဲ့လူကို နင်လည်း ငါ့ဘက်ကလိုက်ပြီး ပစ်ထားမယ်ဆိုတာ ငါ ယုံကြည်တယ်။ အကယ်၍များ အထွန်း ရန်ကုန်မှာရှိနေတယ်ဆိုရင် နင် သားနဲ့ ဘယ်သောအခါမှ တွေ့မပေးပါနဲ့။ သားမေးခဲ့ရင်လည်း မသိဘူးဘဲ ဖြေပါ။ ဒီလိုမှ နင် ကတိမပေးရင် ငါ အစီအစဉ်ကို ဖျက်လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြာညို့စကားဆုံးတော့ ချစ်ထွေး ဟက်ဟက်ပက်ပက် ရယ်သည်။

"ဘာများလဲလို့ကြာညိုရယ် . . . ဒီကောင်နဲ့ငါ မတွေ့တာကြာပြီ။ သူ ရန်ကုန်မှာ ရှိ မရှိလည်း ငါ မသိဘူး။ နင် ယုံပါ"

"ဒါဆိုပြီးရော၊ ခုလောလောဆယ် ကျောင်းကိစ္စစီစဉ်ဖို့ ဝင်ခွင့်တင်ဖို့ နင် သားကိုခေါ်သွား။ ငါတော့ ကျောင်းတက်မှ တစ်ခေါက်လိုက်ပို့မယ်။ ရန်ကုန်ကို မသွားစေချင်တာတော့ အမှန်ပဲ"

"စိတ်ချပါ။ နင်ဖြစ်စေချင်သလို နာခံဖို့အသင့်ပါပဲ"

ချစ်ထွေးက ကြာညိုကို ကတိအထပ်ထပ်ပေးသည်။

"ငါလည်း အကျိုးအမြတ်သိပ်မကျန်တဲ့ အထည်ဆိုင်ဖျက်ပြီး ဆိုင်ခန်းကို အငှားချထားမယ်။ အိမ်က စတိုးဆိုင်ကိုတော့ အမေ အပျင်းပြေအောင် ဆက်ထားမယ်"

"ဒါဆိုရင် နင် ဘာလုပ်မှာလဲ။ ငါးပိပြန်လုပ်မှာလား။ ဒေါ်ငယ် ရှိနေတာပဲဟာ"

"ဒေါ်ငယ်နဲ့လွှဲလို့မရတော့ဘူး။ ဒေါ်ငယ်က အလုပ်သမားတွေကို သိပ်မနိုင်ဘူး။ ဈေးထဲက မမကြူငါးပိတောင် အရောင်းကျတယ်။ ဒါကြောင့် ငါ ပြန်ဦးစီးမယ်။ ပြီးတော့ ပေါ်တော်မူအိမ်ကလည်း ရန်ကုန်-မော်လမြိုင်ကားလမ်းကြီးပေါ်မှာရှိတော့ အုတ်တံတိုင်းနှစ်ကန့်ကိုဖြိုပြီး ရေကျိုငါးပိပင်ရင်းတစ်ဆိုင် ထပ်ဖွင့်မယ်။ ခရီးသွားဟန်လွှဲ ဝယ်လို့ရအောင်ပေါ့။ ဦးလေးဖိုးမောင်ကလည်း



လယ်ဇကောင်းဆယ်လုံး ပြန်စိုက်မယ်တဲ့၊ ငါးကောက်ဖို့က တိုးတိုးနဲ့ ဒေါ်ငယ်ကိုခိုင်းမယ်။ ဒါမှ စီးပွားရေးဦးမော့လာမှာ၊ ခုဆိုရင် အဖေနဲ့အမေရှာဖွေထားတဲ့ပစ္စည်းတွေမပွန်းအောင် မနည်းထိန်းထားနေရတယ်။ ဒါလည်း သားနဲ့သမီးအတွက်ပါ။ ငါနောက်ဆုံးဝယ်ထားတဲ့ အိမ်ဘေးကခြံထဲမှာ ဦးလေးဖိုးမောင်တို့အတွက် အိမ်တစ်လုံး ဆောက်ပေးဖို့ ရည်ရွယ်ထားတယ်။ ဒေါ်ငယ်တို့က အိုးပိုင်အိမ်ပိုင် မရှိသေးဘူးလေ"

ချစ်ထွေးက စိတ်မကောင်းဖြစ်ဟန်နှင့် . . .

"နင် အရမ်းပင်ပန်းနေမှာပေါ့"

"ရပါတယ်ဟာ။ ဘဝပေးကုသိုလ်ပေါ့။ ညဘက်ကျရင် ကံ့ကော်ရိပ်မှာ ပြန်အိပ်မှာပါ။ နင်ပြန်ရင် ဦးကျောက်ဒိုးနဲ့ကားပါ ယူသွား။ သားကိစ္စပြီးရင် ဦးကျောက်ဒိုးနဲ့သားကို ပြန်ခိုင်းလိုက်ပေါ့"

"နင် အရမ်းရင့်ကျက်လာပြီနော် . . . ကြာညို။ အကွက်စေ့နေအောင် စီမံတတ်နေပြီပဲ"

ချစ်ထွေးပြန်တော့ ဦးကျောက်ဒိုးကို ကားမောင်းခိုင်းပြီး သားနှင့်ချစ်ထွေးက နောက်ကထိုင်လိုက်ကြသည်။ ကားထွက်ခါနီးမှ ကျော်ကျော်က လိုက်ချင်လှပါသည်ဟုဆို၍ ထည့်လိုက်သေးသည်။

"ချစ်ထွေး . . . နင်က လူကြီးလည်းဖြစ်တယ်။ လမ်း[illegible] အောင် ရှေ့မှာသွားထိုင်လေ"

ချစ်ထွေးက မထိုင်ဘဲ . . .

www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေအရပေါ့ကွာ။ ဦးဗိုးနဲ့တစ်ယောက်တစ်လှည့် မောင်းမှာပဲ။ ကဲ . . . သွားပြီနော်"

ချစ်ထွေးပြန်သွားပြီးနောက် ကြာညို စိတ်ကူးထားသည့်အတိုင်း အထည်ဆိုင်ကို အပေါင်မြို့ဈေးမှ မိတ်ဆွေတစ်ဦးကို အပြတ်ရောင်းလိုက်တော့သည်။ ပေါ်တော်မူခြံကို ကြာညို အလည်တစ်ခေါက် ရောက်ရပြန်သည်။ ဆိုင်ဆောက်ဖို့ကိစ္စများကို လက်သမားအဖွဲ့ ခေါ်ပြီးလုပ်ရာ တစ်ပတ်အတွင်းပြီးသွားသဖြင့် ပြင်ဆင်စရာများ ထပ်မံပြုလုပ်ကာ နှစ်ပတ်ကျော်ကျော်တွင် ဆိုင်စဖွင့်နိုင်သည်။ ထို့ အတူ ဦးလေးဖိုးမောင်နှင့် စပါးစိုက်ဖို့လည်း စီစဉ်ရသည်။

"ဦးလေးဖိုးမောင် လိုတာတွေအကုန်ပြော၊ ဓာတ်မြေဩဇာမှ အစပေါ့။ ထုံးစံအတိုင်း ဧကငါးဆယ်လုပ်တယ်ဆိုပေမယ့် ဆယ်ဧကစပါးကို ဦးလေးကို အသားတင်ပေးမယ်။ ဦးလေးတို့စားဖို့တော့ ကြာညို့တာဝန်ထား၊ တစ်နှစ်၊ နှစ်နှစ် စုမိတဲ့ပိုက်ဆံတွေနဲ့ကြာညို ဘေးကခြံမှာ ဦးလေးဖိုးမောင်တို့အတွက် အိမ်ဆောက်ပေးမယ်"

"မလိုပါဘူး ငါ့တူမရယ်။ အစ်ကို့ကျေးဇူး၊ အဘွားတို့ မမလေးကြည်တို့ရဲ့ကျေးဇူး များလှပြီဟာ။ ဦးလေးတို့ နင်တို့အိမ်မှာ ခုလည်း နေလို့ရနေတာပဲ"

"မဟုတ်သေးဘူးဦးငယ်၊ တိုးတိုးတို့ ကျော်ကျော်တို့လည်း အရွယ်ရောက်လာပြီ။ မိန်းမယူရင် ခက်မယ်"



"ကြာညို . . . အစ်ကိုဆုံးတုန်းက ဦးလေးနဲ့ဒေါ်ငယ်လေ ညည ဆိုရင် စဉ်းစားပြီးငိုရတယ် ကလေးရယ်။ နင်တို့ ပိုဆိုးမှာစိုးလို့ ဦးလေးတို့လင်မယား ကြိတ်ငိုခဲ့ရတာပါကွာ။ ခုစဉ်းစားရင် ခုတောင် ငိုချင်လာပြီ . . . အင်း . . . ကျေးဇူးရှင်အစ်ကိုနဲ့ဒေါ်ကြီးမရှိတာ ကြာတောင်ကြာခဲ့ပြီလေ"

ဦးလေးဖိုးမောင်က ဝေဒနာဟောင်းကို ပြန်လည်တူးဆွပြီး မျက်ရည်ကျနေတော့သည်။

ကြာညို နင်လည်း အားမငယ်နဲ့ ပညာတော်လို့ ပညာသင်ပေးရတာ။ ဦးလေးဖိုးမောင်တို့ ကြိုးစားရမှာပေါ့။ အားတင်းထားစမ်းပါ ငါ့တူမလေးရယ်"

"ဖိုးမောင် . . . နင် ကလေးကို ဘာတွေလျှောက်ပြောနေတာ လဲ။ နင်ပြောတာနဲ့ ငါတောင် ငိုချင်လာပြီ။ ဟီး . . . ဟီး"

ဒေါ်ငယ်ကပါ ရောငိုနေသဖြင့် ကြာညို မျက်ရည်ကျမိသည်။

"ပေါ်တော်မူ" ဆိုင် စဖွင့်တော့ လမ်းတစ်ဖက်တွင် လက်ဖက်ရည်ဆိုင်ရှိနေသဖြင့် ခရီးသွားကားများ ရပ်နားစခန်းလိုဖြစ်နေသည့် အတွက် ကြာညိုတို့ငါးပိဆိုင်လေးကို စူးစမ်းဝယ်ယူကြသဖြင့် ပထမ ဦးဆုံးနေ့မှာပင် အချိန်နှစ်ဆယ်ကျော်ကုန်သည်။ ကျိုက်ထီးရိုး တောင်ခြေရှိ ထမင်းဆိုင်တစ်ဆိုင်က ဝယ်ယူသွားသော ငါးပိနှင့် ငံပြာရည်ကို စမ်းသုံးပြီးအဆင်ပြေလျှင် အိမ်ကို ဖုန်းဆက်မှာမည်ဟု ဆိုသည်။ ထို့အတူ သိမ်ဆိပ်ဈေးငါးပိဆိုင်မှလည်း အဟောင်းပေး အသစ်ယူချင်သည်ဟုပြောသဖြင့် ကြာညိုအားတက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သားကြီး ပြန်ရောက်တော့ ဆိုင်ကိုကြည့်ပြီး အံ့သြနေသည်။ သားက ဝင်ခွင့်လျှောက်ထားသည်ဟုဆိုသဖြင့် ဝမ်းသာရသည်။

“ကဲ . . . သားတို့ ကုံကော်ရိပ်ကို ပြန်ကြတော့။ ဘွားဘွား မျှော်နေမယ်။ ဦးဒိုးပျော်ခဲ့ရဲ့လား”

“အားပါးပါး . . . ပျော်မှပျော်။ ငါက ကားမမောင်းတတ်တော့ ချစ်ထွေးပဲမောင်းရတာ။ ချစ်ထွေးရထားတဲ့အခန်းလေးက မဆိုးဘူး ဟဲ့။ နင်တို့လာရင် ဒီမှာပဲ တည်းတဲ့”

“မမကြီး . . . ဒီတစ်ခါသွားရင် သားအလှည့်နော်”

တိုးတိုးကဝင်ပြောသဖြင့် ဦးလေးဖိုးမောင် သူ့သားကို လှမ်းထု လိုက်သည်။

“မင်းက စပါးပေါ်ပြီးမှသွားပေါ့”

ဒေါ်သန်းရီကို သူ့သား ကျော်ကျော်က အတွေ့အကြုံရှင်းပြ နေ၍ တအံ့တသြနားထောင်နေသည်။

** ** ** ** **

## အခန်း (၆)

“ရန်ကုန်မြို့မှ လှိုက်လှဲစွာ ကြိုဆိုပါသည်” ဆိုသည့် ဆိုင်းဘုတ်ကိုမြင်ရ၍ ကြာညို ရင်ခုန်နေမိသည်။ ချစ်ထွေးက ဦးကျောက်ဒိုးမြို့တွင်းတွင် မမောင်းစေလိုသဖြင့် ထောက်ကြန့်နား တွင် လာစောင့်နေသည်ဖြစ်ရာ စိတ်အေးသွားရသည်။

“စောသားပဲ၊ ငါက ဒီအချိန် မရောက်သေးဘူးလို့ထင်နေတာ။ ကဲ . . . ကိုကြီးဒိုးနောက်မှာ အေးအေးဆေးဆေးထိုင်ပေတော့။ ဟာ . . . နောက်မှာ ဘယ်သူများလည်းလို့ ဘုတိုမကြီးပါလား”

အမေက အပြန်တွင် မိန်းကလေးအဖော်ရစေရန်အတွက် ဘုတိုကို ထည့်လိုက်ခြင်းဖြစ်သည်။ ဒေါ်သန်းရီနှင့်မမကြူးက လိုက် ချင်လွန်း၍ နားပူနားဆာလုပ်နေသဖြင့် နှစ်သိမ့်ခဲ့ရသလို၊ သမီးငယ် စန္ဒာကလည်း ကျောင်းဖွင့်ရက်မို့ မလိုက်ရ၍ ငိုပြီးကျန်ခဲ့သည်။

“ချစ်ထွေးရယ် . . . ညက တစ်ညလုံး စန္ဒာငိုနေလို့ မနည်း ချော့ရတယ်။ မလိုက်ရလို့ ငိုတာတစ်မျိုး၊ သူ့အစ်ကိုနဲ့ခွဲရမှာမို့ ငိုတာ တစ်မျိုး၊ ခေါင်းစဉ်နှစ်မျိုးတပ်ပြီးငိုတာ၊ ငိုလို့မပြီးနိုင်ဘူး။ အမေ

www.burmeseclassic.com

www.burmeseclassic.com



လည်း ဒီလိုပါပဲ။ သူ့မြေးနဲ့ခွဲဖူးတာမဟုတ်တော့ ငိုနေလို့ချော့ခဲ့ရတာ။ ပြောသာပြောရတာ ငါ အကြာကြီးနေလို့မဖြစ်ဘူး။ စန္ဒာက ကိုးတန်းတက်နေရပြီဆိုတော့ စာတွေက အရမ်းများနေပြီ။ အမေ့ကိုလည်း စိတ်မချဘူး။ ခုတောင် မမကြူးကို သေသေချာချာ မှာထားခဲ့ရတယ်"

"အေးဟယ် ... ဒီအပျိုကြီးတို့မောင်နှမရှိတာ နင်တော်တော် ကံကောင်းတာပဲ။ ဆွေမျိုးနီးစပ်လည်း တော်တာပဲလေ။ ကောင်းကြမှာပါ"

ချစ်ထွေးအိမ်ရောက်တော့ ရုံးမှပေးထားသော တစ်ထပ်သစ်သားအိမ်လေးသည် နေချင်စဖွယ်လေးဖြစ်သည်။ အိမ်က ရုံးဝင်းထဲမှာဖြစ်၍ သွားရေးလာရေးမပူရပေ။

"ကဲ ... ငါ တတ်နိုင်သလောက် သန့်ရှင်းရေးလုပ်ထားတယ်။ ဟိုဘက်အခန်းမှာ နင်နဲ့ဘုတိုအိပ်ပေါ့။ စိုးစိုးအတွက် ငါနဲ့တစ်ခန်းတည်းမှာ ခုတင်တစ်လုံးပြင်ထားတယ်။ ဦးဒိုးက အိမ်ရှေ့ပေါ့"

ချစ်ထွေးက ကြာညိုအိပ်ဖို့ အခန်းတွင် တစ်ယောက်အိပ်ခြင်ထောင် အသစ်တစ်လုံး၊ အဟောင်းတစ်လုံးထောင်ထားပေးသည်။ ကြာညို့အတွက် မွေ့ရာနှင့် ဖြူဖွေးသန့်ရှင်းသောအိပ်ရာခင်း ခေါင်းအုံးစွပ်၊ စောင်တို့ကို တွေ့ရသလို သားလာမည်ဆို၍ ခုတင်အသစ်၊ အိပ်ရာအသစ်ပါဝယ်ထားပြီး ခင်းကျင်းထားသည်။



"ချစ်ထွေးရယ် ... အသစ်တွေဘာလို့ဝယ်ထားရတာလဲဟယ်။ ပိုက်ဆံကုန်ပါ့မယ်။ နင်စုထားသမျှ ကုန်ပါပြီ"

"ကုန် ... ကုန်ပေါ့ဟာ။ နင့်သားဒီမှာရှိရင် နင်ခဏခဏလာမှာပဲဟာ"

ကြာညိုတို့က ချိုင့်ကြီး၊ ချိုင့်ငယ်နှင့်ခြင်းတောင်းနှစ်ခုအပြည့်ဟင်းလျာ၊ အကြော်အလှော်များကို နောက်ဖေးစားပွဲပေါ်တွင် တင်ထားလိုက်သည်။

"ငါ ထမင်းပေါင်းအိုးတည်ထားတယ်။ ဟင်းချက်မလို့ နင်က မချက်ထားနဲ့ဆိုပြီး ဖုန်းဆက်လို့"

"ကိုကြီးချစ်ရယ် ... ဘုတိုချက်လာတာတွေ တစ်လစားလို့ မကုန်ဘူး၊ ဒီမှာကြည့် ..."

ဘုတို ချိုင့်များကို ဖွင့်ပြသည်။

"ပုစွန်တုပ်ကြီးတွေပါလား။ ငါးခူကြော်တွေလည်းပါတယ်"

"ပါတယ်၊ အစုံပဲ။ သရက်သီးသနပ်၊ ငါးပိကောင်ကြော်၊ ဘာလချောင်ကြော်၊ ဆိတ်သားကြော်၊ ဝက်သားဟင်း၊ ကြက်သားဟင်း၊ ကြက်သားကြော်၊ ပြီးတော့ ... ငါးပိရည်ကို ငါးမီးဖုတ်လေးထည့်ပြီး ဇရုတ်သီးစပ်စပ်ဖျော်ပေးလိုက်တယ်"

"အမလေးဗျာ ... ဆိုင်ဖွင့်ရောင်းရင် ကောင်းမယ်ဟေ့"

"အဲဒါအမေလေ။ နင် ဝတ်နေမှာစိုးလို့ဘဲ။ ပြီးတော့ သူ့မြေးလည်း စားရအောင်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကြာညိုက တစ်ခုစီထုတ်ပြတော့ ချစ်ထွေးက ဟိုနည်းနည်း သည်နည်းနည်း လိုက်မြည်းနေသည်။

"မိန်းမ မရှိတော့ ဝတ်တာပေါ့ကြာညိုရယ်"

"ဒါကြောင့် ယူပါလို့ပြောတာ။ ဒီအတိုင်းဆို ငှက်ပျောတုံး ဖက်ရတော့မယ်"

သားကြီးက အိမ်ရှေ့မှဝင်လာပြီး . . .

"လေးချစ် . . . သား အဆောင်ရပ့်မလားဟင်"

"ရမှာပါ။ မရခင် လေးချစ်နဲ့နေပေါ့"

"သားက အဆောင်အရမ်းနေချင်တာလား။ မေမေက နင့်လေးချစ်နဲ့တောင်ထားချင်တာ"

သားက ကြာညို့စကားကြောင့် ကြာညို့ကိုပြေးဖက်ကာ . . .

"ဒီလိုမလုပ်ပါနဲ့ ချစ်မေမေရယ်"

ညတွင် ချစ်ထွေးက ရွှေတိဂုံဘုရားလိုက်ပို့သည်။ ရွှေတိဂုံဘုရားရောက်တော့ ကြာညို ကြည်နူးမဆုံးရှိသည်။ အောင်မြေတွင် ကြာညို ပုတီးစိပ်နေခိုက် သားတို့က ရေသပ္ပာယ်ဖို့ထွက်သွားသည်။ ကြာညိုဂုဏ်တော်ပုတီးကို တစ်နာရီလောက်စိပ်နေခဲ့သည်။ ကြာညိုနှင့်ဘုတိုက သားတို့နားကိုရောက်တော့ သားက စနေထောင့်တွင် ရေသပ္ပာယ်နေသည်ကို တွေ့ရသည်။

"သား . . . စနေထောင့်မှာ ဘာကြောင့် ရေသပ္ပာယ်ရတာလဲ"



"မေမေက အတွေးခေါင်ပြန်ပြီ ခုနစ်နေ့လုံး ရေသပ္ပာယ်တာပါ"

သားက အဖြေအဆင်သင့်ရှိနေသော်လည်း ကြာညို ဘဝင်မကျလှ။ စနေသားသူ့အဖေကို ရည်စူးနေသလားဟုတွေးပြီး ပူပန်နေမိပြန်သည်။

နောက်တစ်နေ့ သားအတွက် အသုံးအဆောင်နှင့် ရန်ကုန်ပြန်လက်ဆောင်များကို လျှောက်ဝယ်ရသည်မှာ နေ့ဝက်ကျိုးတော့သည်။ အထူးသဖြင့် သမီးငယ်စန္ဒာအတွက်က အများဆုံးဖြစ်သည်။ လာသည့်ကိစ္စများပြီးစီး၍ ပြန်ခါနီး ကြာညိုက မျက်ရည်ဝဲမိပြန်သည်။

"ချစ်ထွေး . . . သားကို ဂရုစိုက်ပါနော်။ ကားတွေကလည်း ရှုပ်တော့ စိတ်ပူတယ်။ လောလောဆယ် မသွားတတ်မလာတတ် ဖြစ်နေမှာပဲ စိတ်ပူတယ်"

"ပူစရာမရှိ ပူနေပြန်ပြီ၊ စိတ်ချပါ။ ငါ့မှာဆိုင်ကယ်ရှိနေတာပဲ။ ငါ လိုက်ပို့မယ်၊ လိုက်ကြိုမယ်။ အသက်နဲ့ထပ်တူစောင့်ရှောက်ပါ့မယ်။ နင်သာ စိတ်ချမ်းသာအောင်နေ၊ စန္ဒာကိုလည်း ဂရုစိုက်ဦး။ ကျန်းမာရေးလည်း ဂရုစိုက်"

ချစ်ထွေးက အထပ်ထပ်အခါခါ ကတိတွေပေးနေ၍ ကြာညို စိတ်သက်သာသွားသည်။

"သား . . . ဖုန်း ခဏခဏဆက်နော်။ ဆေးလိပ်လည်း မသောက်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



ကြာညို့က မှာတမ်းရှည်ကြီးဖွင့်ပြီးမှပြန်ဖြစ်သည်။ သထုံပြန်ရောက်လျှင် ကြာညို သားနှင့်သမီးအတွက် ကြိုးစားရမည့်အလုပ်များက အများသား။ အိမ်ပြန်ရောက်တော့ အခြေအနေအရပ်ရပ်ကို အမေစိတ်ချမ်းသာအောင် ပြောပြရသည်။

"အန်တီဘု . . . တော်တော်ပျော်ခဲ့လား"

သမီးကမေးတော့ ဦးကျော်ဒိုးက အရွှန်းဖောက်သည်။

"ပျော်လွန်းလို့ အရက်ပဲ ဖိသောက်တာ၊ နင့်အန်တီဘု တစ်ချိန်လုံးမူးပြီး အန်နေတာ။ အသွားသုံးခါ၊ အပြန်သုံးခါ၊ ရန်ကုန်မှာ ခြောက်ခါအန်တယ်။ အားလုံးချပေါင်းကြည့်"

"ဦးဒိုးကလည်း ဘုတိုကိုပဲ အရှက်ခွဲနေတယ်"

ဘုတိုအကြောင်း ကြားရသူတိုင်း တသောသောရယ်ကြသည်။

** ** ** ** **

## အခန်း (၇)

ရေကျိုငါးပိလုပ်ငန်းကို ကြာညို ဖိဖိစီးစီးလုပ်လာသဖြင့် လုပ်ငန်းကတိုးတက်လာခဲ့ပြန်သည်။ သားအတွက် လစဉ် ငွေ အလုံအလောက်ပို့ပေးနိုင်ရန် ကြိုးစားရသည်။ ငါးပိလုပ်ရန်အတွက် အဓိကအရေးကြီးသောဆားများလည်း ဂိုဒေါင်ထဲတွင် အပြည့်နီးပါး ဖြည့်တင်းထားပြီးဖြစ်သလို၊ ငါးရှာသူများကို သူတို့တောင်းသလောက် ငွေကြိုတင်ပေးခဲ့ပြီးဖြစ်သည်။ အလုပ်သမားများကလည်း ကြာညိုကိုယ်တိုင် ပြန်လည်လုပ်ကိုင်သဖြင့် ဝမ်းသာကြသည်။ပေါ်တော်မူတွင်ဖွင့်ထားသည့် ပင်ရင်းဆိုင်ကိုတော့ ကြာညိုတစ်လှည့်၊ ဒေါ်ငယ်တစ်လှည့်ထိုင်ကြသည်။ ငါးဒိုင်တွင် ကျော်ကျော်က ပင်တိုင်လုပ်ပေးခဲ့သည်။ ကုန်ကားမောင်းသည့် ဦးပန်းမောင်ကလည်း ကားမောင်းစရာမရှိလျှင် အဝယ်ဒိုင်တွင် ဝိုင်းကူပေးသဖြင့် ကြာညိုစိတ်အေးရသလို၊ ဦးပန်းမောင်လည်း အပိုဝင်ငွေရသည်။ ယခင်က ကြာညို ပေါ့ပေါ့နေပေါ့ပေါ့စား နေ မင်းသမီးဘဝနှင့်နေခဲ့ရ၍ လုပ်ငန်းအကြောင်းအကြမ်းဖျင်းသိခဲ့ရသော်လည်း တစ်ယောက်တည်းလှုပ်ရှားရသည်မှာ မလွယ်ကူလှပေ။

www.burmeseclassic.com

www.burmeseclassic.com



ဝယ်ပြီးသားငါးများကို အချိန်နှင့်တစ်ပြေးညီဆားသိပ်နိုင်ဖို့ အလုပ်သမားများတို့ တွန်းအားပေးရသည်။ ငါးခုံမငါးပိ၊ ငါးစင်ရိုင်းငါးပိက လတ်ဝင်သည်မို့ မလုပ်ချင်သော်လည်း အမြတ်များများကျန်ခဲ့သဖြင့် အခြေခံလူတန်းစားများကပင် ဈေးသက်သက်သာသာ ဝယ်ယူစားသုံးရန် မလုပ်၍မဖြစ်နိုင်ပါချေ။ ငါးစင်ရိုင်းငါးပိက သန့်ရှင်းရေးမနိုင်လျှင် ငါးပိအရောင်မှာမည်းပြီး ရောင်းပန်းမလှဖြစ်နိုင်သည်ဖြစ်သဖြင့် အထူးဂရုစိုက်ရသည်။

မိုးအခါ ငါးဆယ်နယ်များနေပူလှန်းရာတွင် အခက်အခဲတွေ့သဖြင့် မိုးတွင်းကာလတွင် အဆင်ပြေစေရန် ပလတ်စတစ်အမိုးများကို မိုးလိုက်သည်။ သို့မှသာ နေပူမိုးရွာအချိန်ပြည့် လှန်းထားနိုင်မှာဖြစ်သည်။ ငါးရောင်းသူများလာလျှင်လည်း ပုဆိုး၊ ထဘီမှအစ ရံဖန်ရံခါလက်ဆောင်ပေးသဖြင့် ငါးရောင်းသူများကလည်း ကျေနပ်ကြသည်။ ငွေကြိုပေးထားရသဖြင့် လာရောက်ရောင်းချသည့်အခါ လတ်တလောပေါက်ဈေးမရဖြစ်မည်ဟု အထင်မှားနိုင်သည်ဖြစ်၍ တစ်ဖက်သားကို ကူညီခြင်းဖြစ်သည်။ လုပ်ငန်းခွင်ထဲတွင် ထိခိုက်အနာတရဖြစ်ပါကလည်း ကြာညိုပင် အစအဆုံးကုသပေးသဖြင့် အလုပ်သမားများကလည်း ပျော်ရွှင်ကြသည်။ ကျောင်းနေရွယ်ကလေးများရှိကလည်း တစ်ဖက်တစ်လမ်းက ထောက်ပံ့ပေးသဖြင့် ကြာညိုလုပ်ရကိုင်ရသည်မှာ အဆင်ပြေသလို အလုပ်သမားများကလည်း ခိုကပ်ခြင်းမရှိ။



ဦးလေးဖိုးမောင် ကွင်းထဲမှပြန်လာတော့ ကောက်စိုက်ပြီးပြီဖြစ်ကြောင်းပြောသဖြင့် ဝမ်းသာရသည်။ လယ်စောင့်တဲတွင် သူရင်းငှားငါးယောက်ကို ရိက္ခာအပြည့်အစုံထားပြီး တိုးတိုးက ကြီးကြပ်ပေးသလို၊ ဦးပန်းမောင်ကလည်း တံငါရွာများသို့ မကြာခဏ သွားပေးခဲ့သည်။ ဦးဖိုးမောင်က မရမ်းကုန်းရွာရှိ သူ့အစ်ကို ဦးချစ်ကိုခေါ်ပြီး ပေါ်တော်မူအိမ်အစောင့်အဖြစ် ညပိုင်းတာဝန်ယူစေသဖြင့် ကြာညိုမှာ ညတိုင်း ကုံကော်ရိပ်ပြန်ပြီး အေးချမ်းစွာ အိပ်စက်ရသည်။

"သမီး စာလိုက်နိုင်ရဲ့လား။ လပတ်စာမေးပွဲအခြေအနေ ဘယ်လိုရှိလဲ။ မေမေ့ကိုလည်း ပြောပြဦးလေ"

"အောင်ပါတယ်မေမေရယ်။ အဆင့်ကတော့ နှစ်ဆယ်မှာပဲ ရှိတယ်"

သမီးအမှတ်များကိုကြည့်တော့ သမီးဆယ်တန်းအောင်ဖို့ ပညာရေးမြှင့်တင်ရန်လိုအပ်နေသည်ဟု တွေးမိသည်။

"ကြာညို . . . နင့်သမီး စာကျက်ပျင်းတယ်နော်။ ကြည့်လုပ်ဦး၊ အလှအပဘက် ဦးစားပေးမှာစိုးရတယ်။ ယောကျာ်းလေး သူငယ်ချင်းတွေဆီကလည်း ဖုန်းလာတယ်"

အမေက တိုးတိုးတိတ်တိတ်ပြောပြသဖြင့် ကြာညို စိတ်ပူရပြန်သည်။ သမီးမိန်းကလေးဖြစ်၍ ကြမ်းကြမ်းတမ်းတမ်းမလုပ်ဘဲ စည်းရုံးရသည်။ တစ်နေ့လုံး နေပူပူ မိုးရွာရွာထဲတွင် အလုပ်လုပ်ရ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ညဘက်၌ သမီးကို စာကူကျက်ပေးရပြန်သည်။

တစ်နေ့ . . . ကြာညို ပင်ပန်းသည်ကိုကြည့်ပြီး အမေ အကြံပေးသည့်အတိုင်း သားကြီးနှင့်တစ်နှစ်တည်းအောင်ထားသည့် တစ်အိမ်ကျော်မှ နှင်းနှင်းဦးကို (ဂိုက်) သဘောခေါ်လိုက်သည်။ နှင်းနှင်းဦးတလည်း လိုလိုလားလားကူညီသဖြင့် ကြာညိုအသက်ရှူ ချောင်သွားသည်။

သားကြီးထံမှလည်း ဖုန်းအဆက်အသွယ်ရတိုင်း အနေအထိုင်ဆင်ခြင်ဖို့ စာကျက်ဖို့ မှာရသေးသည်။ နှစ်ဝက်ကျောင်းပိတ်သောအခါ သားကြီးကချစ်ထွေးနှင့်အတူပြန်လာကြသည်။ အမေက မတွေ့ရတာကြာပြီဖြစ်သောမြေးနားက မခွာတော့။

"ညီမလေး . . . နင့်အလှည့်ကျမှ ဂိုက်တောင်ခေါ်ရတယ်ကွာ။ ကိုကို့လို ကြိုးစားပါလား"

"ညီမလေးက ညဘက်မှမကောင်းတာ၊ စာကျက်ပြီး ခဏခဏမေ့တယ်"

"ဂိုက်ခေါ်လို့ မင်းညီမ အမှတ်ကောင်းပြီးအဆင့်တွေတက်လာတာ။ ပထမအစမ်းမှာ အဆင့်ငါးရတယ်လေ။ ကျူရှင်တွေတက်ပေမယ့် ပြန်လာရင်စာကျက်ဖို့ မနည်းတွန်းနေရတာ။ နှင်းနှင်းဦးလေးလည်း တော်ပါတယ်။ မေမေ သူ့ကို လတိုင်းမုန့်ဖိုးပေးတယ်။ သူလည်း စာပေးစာယူတက်တော့ ကျောင်းစရိတ်ရတာပေါ့"



သားကြီးက ပေါ်တော်မူအိမ်ကိုလိုက်လာတော့ ကြာညို့ကို သနားမဆုံးအောင်ဖြစ်နေသည်။

"မေမေ . . . အရမ်းပင်ပန်းတာပဲနော်"

"သားတို့သမီးတို့အတွက်ပဲသားရယ်၊ သားလည်း အမေ ပင်ပန်းရကျိုးနပ်အောင် တစ်နှစ်တစ်တန်းအောင် အောင်ကြိုးစားနော်။ ရည်းစားလည်းမထားနဲ့"

"စိတ်ချပါ . . . မေမေရယ်။ ခုချိန်ထိတော့ သားမှာ ချစ်ရမယ့်သူ မတွေ့သေးပါဘူး"

"ဩော် . . . ခုချိန်ထိမတွေ့သေးဘူးဆိုတော့ တွေ့ရင်ထားမှာပေါ့။ ဟုတ်လား . . . ကိုယ်တော်"

သားက တဟားဟားရယ်ပြီး အလုပ်သမားတွေနှင့် စကားသွားပြောနေသည်။

"ကြာညို နင့်ကိုကြည့်ရတာ စိတ်မသက်သာလိုက်တာ။ ငါ့ဆန္ဒကို လိုက်လျောရင် နင် ဒီလောက်ပင်ပန်းမှာမဟုတ်ဘူး"

"တော်ပါပြီချစ်ထွေးရယ် . . . နင် ငါ့ကို မမျှော်လင့်ပါနဲ့တော့။ ငါက အဘွားကြီးပေါက်စဖြစ်နေပါပြီဟယ်"

"နင် ငါ့ကို လက်မခံလည်း ဦးဆောင်ပေးမယ်လို့ပြောတော့ နင်က လက်မခံဘဲကိုး"

"အဲဒီကိစ္စကလည်း နင့်အပေါ်ထားတဲ့စေတနာပါချစ်ထွေးရယ်၊ ငါ နင့်ကို မနစ်မွန်းစေချင်လို့ပါ။ နင့်စေတနာကို နားလည်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဘာလိုလိုနဲ့ နင်လည်း လေးဆယ်ကျော်ပြီ၊ ငါတောင် လေးဆယ်ထဲရောက်ပြီလေ၊ စန္ဒာလေးဆယ်တန်းအောင်ရင် ငါ ကျေနပ်ပါပြီဟယ်"

သားကြီးနှင့်ချစ်ထွေးပြန်သွားတော့ လွမ်းကျန်ရစ်သူက ကြာညိုပါ။ စွန့်လွှတ်နိုင်လွန်းသည့်ချစ်ထွေးကိုလည်း သနားနေမိသည်။ အသွားပြောသည့်စကားများ ပြန်လည်ကြားယောင်လာတော့ ကြာညို နောင်တရသလို ခံစားရပါတော့သည်။

စပါးပေါ်ချိန်မှာ အဖေ့လိုမလုပ်တတ်သဖြင့် အမြတ်များများ မရပေမယ့် အကျိုးအမြတ် အတော်အသင့်ရခဲ့သည်။ ယခုဆိုလျှင် ရေကျိုငါးပိလုပ်ငန်းကလည်း အလျှဉ်မပြတ်လည်ပတ်နေသည်မို့ စိတ်ချမ်းသာရပြန်သည်။ ရေကျိုငါးပိကို ကြာညို တစ်နွေလုံး ဂရုစိုက်ပြီး လုပ်ခဲ့သည်။ စပါးကိစ္စပြီးသွားသဖြင့် ဦးလေးဖိုးမောင်က ငါးကြီးများ ရသလောက် လိုက်ဝယ်ခဲ့သည်။ ငါးကြီးငါးပိလုပ်ရသည်မှာ သိပ်အခက်အခဲမရှိပေ။ တစ်နှစ်ပတ်လုံးရောင်းချရန် အိုးကြီး အိုးငယ်များဖြင့် အလျှဉ်မီအောင် လှောင်ထားရသည်။

သားကြီးပြန်လာလျှင် ပေးလိုက်ဖို့ ငွေဖယ်ထားပေမယ့် စာမေးပွဲ ဖြေပြီးသွားသော်လည်း သားကြီးက ပြန်မလာ။ သူ့အခင်ဆုံး သူငယ်ချင်း ထွန်းမင်းလတ်နှင့် မန္တလေးလိုက်လည်ချင်၍ ငွေပို့ပေး ပါရန်တောင်းဆိုရာ ငွေပို့ပေးရပြန်သည်။ ကြာညိုက မလွှတ်ချင် သော်လည်း အမေ့ဆန္ဒကြောင့် ခွင့်ပြုပေးလိုက်ပါသည်။



စန္ဒာဆယ်တန်းအောင်မြင်သည့်အချိန်တွင် သားကြီးက ဒုတိယနှစ်ရောက်နေပေပြီ။ ကျောင်းနှစ်ဝက်ပိတ်ချိန်တွင် သားကြီးက သူငယ်ချင်းတစ်စုနှင့်ရောက်လာကြသည်။ အမေက ဝမ်းသာ အယ်လဲကြိုဆိုသည်။ သားကြီးတို့ကို အိမ်အောက်ထပ်တွင် လွတ်လပ်စွာနေနိုင်ရန် နေရာချပေးသည်။ ရောက်ကတည်းက ကား တစ်စီးဖြင့်လျှောက်လည်ကြသဖြင့် အိမ်ကပ်သည်မရှိ၊ ပေါ်တော်မူ အိမ်ကိုတော့ သားကြီးက သူငယ်ချင်းများကို ခေါ်မလာဘဲနေသည်။

"သားကြီးသူငယ်ချင်းတွေကို ပေါ်တော်မူအိမ်ခေါ်လာပါ လား။ အမေ့လုပ်ငန်းလည်း လေ့လာရတာပေါ့"

"ဟာ . . . မေမေကလည်း သားသူငယ်ချင်းတွေကို မပြချင် ပါဘူး။ မေမေ့ခြံထဲမှာ ယင်ကောင်တွေနဲ့"

သားကြီးစကားကြောင့် ကြာညို ရင်ထဲတွင်မကောင်း။ သား သည် ကြာညို့လုပ်ငန်းကို ရှက်တတ်လာပြီကောဟုတွေးမိတော့ ရင် ထဲတွင် ဆို့နစ်သွားသည်။ အဖို့ပေါက်လေးတစ်ဦးဖြစ်သော စန္ဒာ ကို သားကြီးသူငယ်ချင်းတစ်ဦးဖြစ်သူ သက်လွင်ဦး၏အကြည့်များ ကို ကြာညို ရိပ်စားမိသည်။ ကြာညို အတွေးမှန်ကြောင်း သားကြီး ပြန်သွားချိန်တွင် သိရသည်။ သက်လွင်ဦးသည် စန္ဒာထံသို့ မကြာ ခဏ ဖုန်းဆက်သည်။

"မေမေ . . . သမီးအမှတ်ကောင်းရင် ရန်ကုန်မှာ ကျောင်း တက်ရမှာလား"

www.burmeseclassic.com

www.burmeseclassic.com



"အမှတ်ကောင်းရင်တော့ တက်ပေါ့သမီးရယ်။ အမှတ်မကောင်းရင်တော့ စာပေးစာယူပဲတက်ပေါ့"

သမီးက ပြောစကားနားထောင်ရှာသည်။ အောင်မှတ်ကသုံးရာပင်မပြည့်သဖြင့် မိခင်အလိုကျ စာပေးစာယူသာတက်ဖို့ စီစဉ်သည်။ သမီးသည် သက်လွင်ဦးနှင့်ဖုန်းပြောရင်း၊ စာအဆက်အသွယ်လုပ်ရင်း ချစ်နေကြပြီဟုသိရတော့ ကြာညို တုန်လှုပ်မိသည်။

"သမီးရယ် သမီးကငယ်ပါသေးတယ်။ အိမ်ထောင်ပြုဖို့ မစဉ်းစားပါနဲ့ဦး။ ခုအချိန် ချစ်သူထားတာ အချစ်စစ်လို့ အမေမထင်ဘူး။ သမီးလည်း ဘွဲ့ရ၊ သက်လွင်ဦးလည်း ဘွဲ့ရရင်၊ မေမေခွင့်ပြုမယ်"

ကြာညို အကျိုးအကြောင်းပြောဆုံးမရာ သမီးက သူ့ရင်ထဲကခံစားမှုကိုမပြောဘဲ ငြိမ်နေသဖြင့် သမီး၏စိတ်ရင်းမှန်ကို နားလည်ရခက်သွားသည်။ သက်လွင်ဦးအကြောင်းများကြားရတော့ ကြာညိုပို၍ရင်လေးမိသည်။ သက်လွင်ဦးသည် ရန်ကုန်တွင် ကိုယ်ပိုင်ကားနှင့် ကျောင်းတက်နိုင်သူဖြစ်သည့်အပြင်၊ ဖခင်ဖြစ်သူက ဌာနဆိုင်ရာမှ အရာရှိကြီးတစ်ဦး၊ မိခင်ဖြစ်သူက သွင်းကုန်ထုတ်ကုန်လိုင်စင်ရပြီး ကုမ္ပဏီတစ်ခုထောင်ထားသည်။ သံလွင်လမ်းတွင်နေထိုင်လျက် သားသမီးသုံးယောက်အနက် တစ်ဦးတည်းသောသားဖြစ်သည်ဟု သိရသဖြင့် ကြာညိုတို့နှင့်အလွှာမတူမှန်း ကြာညို သဘောပေါက်ထားပြီးဖြစ်သည်။



သားကြီးထံမှ မကြာခဏဖုန်းလာသော်လည်း ကျောင်းပိတ်ရက်များတွင် အကြောင်းအမျိုးမျိုးပြပြီး ခရီးထွက်လေ့ရှိသည်။ ချောင်းသာ၊ ငပလီ၊ မန္တလေးမှသူငယ်ချင်းများပြန်တိုင်း ဗဟုသုတရရန် လိုက်သွားလေ့ရှိသည်ဟုသိရပြန်တော့ ကြာညို စိတ်မအေးနိုင်ပါ။ ရန်ကုန်လိုက်သွားဖို့ကလည်း အိပ်ရာထဲလဲနေပြန်သောအမေ့အတွက် စိုးရိမ်သလို၊ လုပ်ငန်းများအတွက်လည်း အချိန်အလဟဿမဖြစ်စေလို၍ သွားဖို့စဉ်းစားတိုင်း ဖျက်ပြယ်ခဲ့ရသည်။

သည်ကြားထဲ ချစ်ထွေးက ရာထူးတိုးပြီး မန္တလေးပြောင်းသည်ဟု ကြားသိရသဖြင့် ကြာညို့အတွက် အခက်ကြုံသွားရသည်။ ချစ်ထွေး ရန်ကုန်တွင်မရှိသောကြောင့် သားကြီးတွက် စိတ်ပူရ၍ သောကများ ဖိစီးလာခဲ့သည်။ သားကြီးဖုန်းဆက်သည့်အခါတွင် အိမ်ခဏပြန်လာဖို့ အကြောင်းကြားလိုက်သည်။ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်တစ်ရက်နှင့်တိုက်ဆိုင်ပြီး သားကြီးပြန်လာသည်။ သားကြီးရောက်လာချိန်မှာ တစ်ယောက်တည်းမဟုတ် သူငယ်ချင်းကားနှင့်ဖြစ်သည်။ ယောကျ်ားလေးနှစ်ယောက်၊ မိန်းကလေးနှစ်ယောက် ပါလာသည်။ သက်လွင်ဦးက ပါမလာ။ သမီးက သက်လွင်ဦးပါမလာသဖြင့် မျက်နှာမကောင်း၊ သားကြီးကသူ့သူငယ်ချင်းများကို ကြာညိုတို့အိမ်နှင့်မနီးမဝေးတွင်ရှိသည့် တည်းခိုခန်းတစ်ခုတွင် တည်းခိုစေသည်။ ထမင်းကိုတော့ အိမ်မှာ စားသည်။ သားကြီးရောက်လာသဖြင့် ပေါ်တော်မူခြံပင်မသွားနိုင်တော့၊ စားဖို့သောက်ဖို့ ဈေးတလုံးလုံးနှင့် ချက်ပြုတ်ပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးနှစ်ဦးအနက် တစ်ဦးက သားကြီးချစ်သူမှန်း ငယ်ရာက ကြီးလာသောကြာညို သိနေပြီ၊ သားကြီးထံမှ ဖွင့်ဟဝန်ခံသံမကြားရသေး၍ မမေးခြင်းဖြစ်သည်။ နောက်ရက်တွင် အဖြေပေါ်သည်။

"မေမေ . . . ဒါ သားရဲ့ချစ်သူ၊ သားနဲ့တစ်တန်းထဲပေါ့။ သူ့နာမည်က "ရတနာမိုးမြင့်" တဲ့၊ သူက ရတနာသူငယ်ချင်း "ဖူးပွင့်ဝေ"၊ ဒါက သားနဲ့လေးနှစ်တာအတွဲဆုံး ကျော်ကျော်ဦး၊ စည်သူမောင်တို့ပဲ၊ သူငယ်ချင်းတို့ ဒါ ကိုယ့်မေမေ ဒေါ်ကြာညိုကြည်တဲ့၊ ဒါက ဘွားဘွား ဒေါ်ခင်လေးကြည်၊ ဒါက ညီမလေး ခင်စန္ဒာထွန်း၊ စန္ဒာက အဝေးသင်တက်နေတယ် မြန်မာစာအဓိကနဲ့"

သားချစ်သူ ရတနာက မှုန်နေအောင်လှပါသည်။ မိဘမျိုးရိုးမေးကြည့်ရာ ကြာညို ရင်တုန်ရသည်။ ဒိတ်ဒိတ်ကျဲတွေပါ။ အလွှာနှစ်ခုက အရမ်းကွာဟနေသဖြင့် သားအတွက် စိုးရိမ်မိသည်။

"ညီမလေး သက်လွင်ဦးမပါလို့ မျက်နှာညှိုးနေတာလား၊ ကိုကိုခေါ်ပါတယ်။ သူ့အိမ်မှာ မွေးနေ့ပွဲတစ်ခုနဲ့တိုက်ဆိုင်နေလို့ မလိုက်လာတာပါ"

သမီးတော့မသိ ကြာညို့ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ဝင်သွားသည်။

"သားကြီးလည်း သိနေပါပေါ့လား"

"ကိုကိုနော် . . . ညီမလေး ဘာဖြစ်နေလို့လဲ။ ဘာမှန်းလဲ မသိဘူး"

"ဘာမှန်း ကိုကို သိပါတယ်ကွာ"



သမီးငယ်က ရှက်ပြီး အပေါ်ထပ်တက်ပြေးတော့သည်။ အမေက သူ့မြေးချစ်သူကို သေသေချာချာကြည့်လျက် . . .

"သမီးလေးက ရတနာဆိုတဲ့နာမည်လေးနဲ့လိုက်ဖက်အောင် လှပပါတယ်ကွယ်"

"ညီမလေးစန္ဒာလည်း လှပါတယ်ဘွားဘွားရဲ့"

"ကဲ . . . သမီးရေ ကလေးတွေ ထမင်းစားဖို့လုပ်ပါကွယ်။ မြေးကြီး ဘုရားစုံအောင်လိုက်ပို့နော်"

"စိတ်ချပါ ဘွားဘွားရယ်"

သားကြီးပြန်ခါနီးတွင် ကြာညို သားကြီးနှင့်နှစ်ယောက်တည်းတွေ့ဆုံရန် အပေါ်ထပ်ကို ခေါ်ရသည်။

"သား ရည်းစားထားတာ မစောလွန်းဘူးလားကွယ်။ ဆရာဝန်ဖြစ်ဖို့ နှစ်နှစ်ကျော်ကျော်တောင်လိုသေးတာပဲ။ ပြီးတော့ ကောင်မလေးဘက်က အရမ်းအဆင့်အတန်းမြင့်နေတော့ သားနဲ့ သဘောတူပါ့မလား။ သား ခံစားနေရမယ်နော်"

"အမေကလည်း ပူစရာမရှိပါဘူး။ သူ့မိဘတွေကိုလည်း မကြာခင် အသိပေးမှာပါ"

"ဆရာဝန်ဖြစ်မှ အိမ်ထောင်ပြုဖို့ စဉ်းစားပါနော်"

"ခုချက်ချင်းကြီး မယူပါဘူးမေမေရဲ့။ စိတ်အေးအေးထားပါ"

"သားလည်း ငွေယူသွားဦး။ ကျောင်းပိတ်တိုင်း ခရီးအတွဲလျှောက်မထွက်ပါနဲ့သားရယ်၊ မေမေတို့ဆီ ပြန်လာပါနော်"

** ** ** ** **

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

သားကြီးက ဆရာဝန်ဘွဲ့ရသလို၊ သမီးငယ်လည်း ဘွဲ့ယူပြီးဖြစ်သည်မို့ ကြာညို စိတ်ချမ်းသာရသည်။ သမီးငယ်က မိခင်ဖြစ်သူ အလုပ်ရှုပ်မည်စိုးရိမ်သဖြင့် အဝေးရောက်ဘွဲ့သာယူသဖြင့် ကြာညို သနားနေမိသည်။

သားကြီးက သူဘွဲ့ယူလျှင်စီးဖို့ ကားဝယ်ပေးပါဟုပူဆာသဖြင့် ကြာညိုက ရှိသည့်ငွေကြေးအချို့နှင့် မိဘများလက်ထက်က စုဆောင်းခဲ့သောပစ္စည်းများကို ထုခွဲပြီး စူပါဆလွန်း ၄က/... တစ်စီးဝယ်လိုက်ရသည်။ အမေက ကန့်ကွက်သော်လည်း သားဇောကပ်ခါ ဝယ်လိုက်သဖြင့် လက်ထဲတွင် ငွေအနည်းငယ်သာကျန်တော့သည်။

"သမီးကလည်းကွယ် ရင်းနှီးဖို့လေးတော့ ထားဦးမှပေါ့။ ခုကားလေးကလည်း ကောင်းရက်နဲ့"

"အမေ့ကလည်း ... ဒီဆလွန်းကားကို သားကြီးကို ပေးလိုက်မယ်လေ။ ဆရာဝန်ဖြစ်ပြီဆိုတော့ ကိုယ်ပိုင်ကားလေးရှိမှ တင့်တယ်မှာပေါ့"





"အင်း ... သမီးနဲ့တော့ခက်ပါတယ်။ လက်ငုတ်လက်ရင်းတွေပါ ပြုတ်တော့မယ်။ သမီး မငယ်တော့ဘူးနော်။ ခုဆိုရင် သမီးတဖြည်းဖြည်းပိန်လာပြီ။ ကိုယ့်ကျန်းမာရေးအတွက်၊ စန္ဒာ့အတွက်လည်း ပြန်ကြည့်ဦးမှပေါ့"

"သမီး ထပ်ရှာပါ့မယ်အမေရယ်။ ဒီမှာလည်း အရင်ကားရှိနေတာပဲ"

"အေးလေ ... တောင်းမယ်ထင်ရင် လုပ်ပေါ့"

သားကြီးဘွဲ့ယူဖို့ အစစအရာရာပြင်ဆင်ပြီး ဆလွန်းကားလေးနှင့်သွားကြသည်။ ဦးကျော်ဒိုးက မမောင်းရဲဖြစ်၍ ချစ်ထွေးကိုပဲ ဖုန်းဆက်အကူအညီတောင်းတော့ ချစ်ထွေး ရန်ကုန်တွင် လာစောင့်နေရှာသည်။ ကြာညိုတို့သားအမိနှင့်ချစ်ထွေးပါ ဈေးချိုသည့် ဟိုတယ်တစ်ခုတွင် တည်းခိုကြသည်။ သားကြီးက ရန်ကုန်သားဖြစ်နေပြီမို့ ဘွဲ့မယူခင်တစ်ရက်က စန္ဒာနှင့်ကြာညိုကို အလှပြင်ဆိုင်တစ်ခုတွင် အပ်နှံပေးသည်။ ထိုနေ့က မိတ်ကပ်၊ ဆံပင်အားလုံး ပြုပြင်လိုက်ရာ စန္ဒာလည်းလှ၊ ကြာညိုသည်ပင် နဂိုရုပ်ပြန်ပေါ်သည်ဟု ချစ်ထွေးကဆိုသည်။

ဘွဲ့နှင်းသဘင်အခမ်းအနားမကျင်းပမီ ဓာတ်ပုံများ တစ်ပုံပြီး တစ်ပုံရိုက်သည်။ ဘွဲ့နှင်းသဘင်ခန်းမထဲမဝင်ခင် သက်လွင်ဦး ရောက်လာသည့်အတွက် သမီးငယ်က ပျော်သွားပုံရသည်။

"အန်တီ ... ကျွန်တော်စောစောကတည်းက လိုက်ရှာနေတာ။ စန္ဒာ နေကောင်းတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



သမီးက ပြုံးပြီးခေါင်းညိတ်ပြသည်။ သက်လွင်ဦးနှင့်တွဲပြီး ဓာတ်ပုံနှစ်ပုံ၊ သုံးပုံတွဲရိုက်ရသေးသည်။

"အန်တီ မပြန်သေးဘူးမဟုတ်လား။ ဒီနေ့ည ကျွန်တော် အန်တီတို့ကို လာခေါ်မယ်။ မေမေနဲ့မိတ်ဆက်ပေးချင်လို့ ပြီးတော့ Dinner လိုက်ကျွေးပါရစေနော်"

"နေပါစေ သားရယ်၊ အန်တီတို့ မစားတော့ပါဘူး"

"မဟုတ်တာအန်တီရယ်၊ စန္ဒာ့ကိုလည်း တစ်ခါတည်း ပြလိုက်ချင်လို့ပါ"

"မေမေကလည်း တစ်ရက်နှစ်ရက်နေပါဦး။ သား . . . မေမေတို့နဲ့ လည်ချင်သေးလို့ပါ။ လေးချစ် ပြောပါဦး"

ချစ်ထွေးကလည်း တားပြန်သည်။ ဟိုတယ်ပြန်ရောက်တော့ ကြာညို မလှုပ်နိုင်တော့။

ခဏအကြာတွင် ချစ်ထွေးက . . .

"ကြာညို . . . နင် လန်းသွားအောင် ရေမိုးချိုးပြီးပြင်ထားပါလား။ တော်တော်ကြာ သက်လွင်ဦးရောက်လာတော့မှာ"

ကြာညိုတို့ပြင်ဆင်ပြီး မကြာခင်မှာ သက်လွင်ဦးလာကြိုသည်။ ဦးကျောက်ဖိုး၊ ချစ်ထွေးနှင့်သားကြီးက အိမ်ကကားနှင့်လိုက်ပြီး ကြာညိုနှင့်စန္ဒာက သက်လွင်ဦးကားနှင့်လိုက်ခဲ့သည်။ ကြာညိုက ကောင်းလွန်းလှသည့်ကားကြီးကိုကြည့်ပြီး သိမ်ငယ်သလိုဖြစ်ခဲ့သည်။ ထိတ်ထိတ်ကြဲအရာရှိကြီးနှင့် သူဌေးမကြီးကို ဘယ်လိုများ ရင်ဆိုင်



ရပါ့မလဲဟု စဉ်းစားရင်း ကြောက်အားပိုလာသည်။ သက်လွင်ဦးအိမ်က အကွေ့အကောက်များစွာနှင့် ဝက်ပါလိုလမ်းများထဲသို့ ချိုးဝင်ရင်း ခြံကျယ်ကြီးတစ်ခြံထဲသို့ ကွေ့ဝင်လိုက်သည်။

"အားပါးပါး . . . ကောင်းလိုက်တဲ့အိမ်ကြီး"

ကြာညို ရင်ထဲကပြောပြီး ဆင်းလိုက်ခြင်းပါ။ ကြာညို ကားပေါ်ကဆင်းတော့ လက်ဖျားခြေဖျားများ အေးစက်လာသည်။ စန္ဒာ့လက်လေး ဆုပ်ကိုင်လိုက်တော့ . . .။

အို . . . သမီးလက်ကလေးကလည်း အေးစက်လို့ပါလား။

"ကြွပါအန်တီ၊ လေးချစ်တို့လည်း ဝင်လေ"

"လေးချစ်တို့ ခြံထဲကပဲစောင့်မယ်။ သူတို့သားအမိသုံးယောက်ပဲ ဝင်ပါစေ"

ဧည့်ခန်းထဲဝင်တော့ လေအေးပေးစက်များကြောင့် အေးစက်သွားရပြန်သည်။ မည်မျှပင်အေးစေကာမူ ကြာညို့ရင်ထဲကအပူကို မအေးမြစေပါ။ ဧည့်ခန်းထဲတွင် ဆိုဖာများ အလှဆင်ပစ္စည်းများ ပြင်ဆင်ထားသည်မှာ ထိရက်စရာမရှိ။

"ထိုင်ပါဦး . . . အန်တီ"

သက်လွင်ဦး နေရာချပေးသည့်ဆိုဖာပေါ်တွင် ထိုင်လိုက်သည်နှင့် ကြာညိုတစ်ကိုယ်လုံး မြုပ်ဝင်သွားပြီလားဟု ထင်ရသည်။

"အန်တီ . . . ဒါ ကျွန်တော့်မေမေ ဒေါ်ခင်မမဒေါ်ပါ။ ဖေဖေက အလုပ်ကိစ္စရှိလို့ နိုင်ငံခြားသွားနေရတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



သက်လွင်ဦးက တစ်ဆက်တည်း ကြာညိုတို့ကို မိတ်ဆက်ပေးပြန်သည်။

"မေမေ ... ဒါ စိုးကြီးမေမေ ဒေါ်ကြာညိုကြည်တဲ့။ ဒါက စိုးကြီးညီမ ခင်စန္ဒာထွန်းတဲ့။ မြန်မာစာနဲ့ကျောင်းပြီးထားပြီ"

"တွေ့ရတာ ဝမ်းသာပါတယ်။ သားတစ်ယောက်၊ သမီးတစ်ယောက်ပဲနော်"

"ဟုတ်ပါတယ် မမ။ သားကြီးဘွဲ့ယူလို့ လာကြတာပါ။ သထုံမှာ နေပါတယ်"

သက်လွင်ဦးအမေသည် ကြာညိုထက် အသက်အနည်းငယ်ကြီးပုံရသော်လည်း အပြင်ဆင်များကြောင့် နုပျိုနေသည်။ ကြာညို စိန်နားကပ်ကောင်းလှသည်ဟုထင်ခဲ့သည်မှာ ဒေါ်ခင်မမမော် တစ်လုံးစိန်နားကပ်ကြီးကြောင့် မှုန်ဝါးဝါးဖြစ်ခဲ့လေပြီ။

"စိုးကြီးအဖေက ဆရာဝန်ကြီးပဲဆို"

"ရှင်"

ကြာညို ဘာပြောရမှန်းမသိတော့၊ အာစေးမိသလို ဖြစ်နေတော့သည်။

"ဟို ... ဟို ကြာညိုတို့က သထုံမှာနေပါတယ် မမ၊ ရေကျိုငါးပိလုပ်ငန်းလုပ်တယ်။ စပါးလည်းစိုက်တယ်"

"အို ... ဟုတ်လား။ အိမ်မှာတော့ ငါးပိရည် မစားကြပါဘူး"



အခြေအနေကို ရိပ်စားမိသော သက်လွင်ဦးက လူစုခွဲဖို့ ဖန်တီးပါသည်။

"မေမေ ... အန်တီတို့ရောက်တုန်း သား ... Dinner လိုက်ကျွေးလိုက်ဦးမယ်နော်"

"အေး ... သွား ... သွား။ မိုးမချုပ်စေနဲ့"

ကြာညို ကားပေါ်ကို ဘယ်လိုပြန်ရောက်လာမှန်းမသိတော့ပါ။ သမီးနှင့် သက်လွင်ဦး ဘဝချင်းကွာခြားသွားသလို ခံစားရတော့သည်။ သမီးလည်း မျက်နှာမကောင်း၊ စားသောက်ဆိုင်ရောက်သည့်အခါ သက်လွင်ဦး ကြိုတင်မှာထားသည့်ဟင်းလျာများက ကြာညို မမြင်ဖူး၊ မစားဖူးသောဟင်းလျာများဖြစ်နေသည်။ ကြာညို စားချင်စိတ်မရှိတော့ပါ။ စားသောက်ဆိုင်မှအပြန်တွင် ကလေးနှစ်ယောက် လွတ်လွတ်လပ်လပ်စီးပါစေဟု ချစ်ထွေးက ပြော၍ ကြာညို သားကြီးတို့နှင့်အတူ ပြောင်းစီးလိုက်သည်။ သားကြီးကိုလည်း မေးချင်တာတွေများနေပေမယ့် ဘာကိုမေးရမှန်း မသိတော့။

"မေမေ ... စိတ်ညစ်သွားပြီလားဟင်။ ဘာဖြစ်လို့ ရေကျိုငါးပိလုပ်ငန်းတို့ စပါးစိုက်လုပ်ငန်းတို့ ပြောရတာလဲမေမေရယ်။ ကုန်သည်ဆိုလည်း ပြီးတာပဲဟာ"

"ဘာ ... မေမေ ကောင်းရောင်းကောင်းဝယ် လုပ်စားနေတာပါ။ ဘာမှ ညာစရာမလိုဘူး။ သားတို့က တိုင်းပြည်မှာလိုအပ်နေတဲ့ဆေးဝါးကုသရေးနဲ့ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးကို အလုပ်

www.burmeseclassic.com

www.burmeseclassic.com



အကြွေးပြုနေသလို မေမေ့လယ်ကွင်းထဲကထွက်တဲ့ စပါးတွေကလည်း မရှိမဖြစ်အရေးပါပြီး လူတွေရဲ့အသက်ကို ရှင်သန်စေတာပဲ။ ငါးပိလုပ်ငန်းကလည်း လူတွေအတွက် ထမင်းမြိန်စေတယ်၊ အာဟာရဖြစ်စေတယ်။ အခြေခံလူတန်းစားတွေအတွက် အားထားစရာပဲမဟုတ်လား။ မေမေတော့ ဘဝပေးအခြေအနေအရ ကိုယ့်လုပ်ငန်းကို ဂုဏ်ယူတယ်။ ဒါဟာ မိရိုးဖလာလုပ်ငန်းပဲလေ။ သားတို့ ဆရာဝန်ဖြစ်အောင် ဒီလုပ်ငန်းကပဲ အထောက်အကူဖြစ်စေခဲ့တာပဲ မဟုတ်လား။ ဒါ့ထက် . . . သားချစ်သူ ရတနာလည်း မတွေ့ပါလား။ မေမေကို အဲဒီအိမ်မခေါ်နဲ့တော့။ မေမေ မလိုက်တော့ဘူး"

"သားလည်း မခေါ်သေးပါဘူး။ ရတနာက အခုထိ ဖွင့်မပြောသေးဘူး။ သူ့အိမ်က အရမ်းစည်းကမ်းကြီးတော့"

"သားတို့က ကိုယ်နဲ့တန်တာကိုမှ မမှန်းကြဘဲကိုး၊ မေမေတော့ အဆုံးအထိ ကြိုတွက်ထားပြီးပြီ"

ဟိုတယ်ပြန်ရောက်သည့်အခါ သက်လွင်ဦးက လာနှုတ်ဆက်သည်။

"အန်တီ . . . မေမေ စကားပြောမှားရင် ခွင့်လွှတ်ပါနော်၊ ကျွန်တော့်စိတ် ကျွန်တော်နိုင်ပါတယ်"

"ရပါတယ်သားရယ် . . . ဖြစ်သမျှအကြောင်းပေါ့။ ထမင်းကျွေးတာ ကျေးဇူးတင်ပါတယ် သားရယ်။ မနက်ဖြန်ပဲ အန်တီတို့ ပြန်မယ်"



"တစ်ရက်နှစ်ရက်လောက် နေပါဦးအန်တီရယ်။ စန္ဒာကို လိုက်ပို့ချင်လို့ပါ။ စိုးကြီး . . . ပြောဦးလေကွာ မင်းကလည်း"

"ဟုတ်ပါတယ်မေမေရယ်။ စန္ဒာက အခုမှ ရောက်ဖူးတာ၊ ဘယ်မှတောင် မလည်ရသေးဘူး"

မဲတစ်မဲသာရှိသည့် ကြာညိုအဖို့ မနက်ဖြန်ပြန်ဖို့ကိစ္စ အလျှော့ပေးလိုက်ရပါတော့သည်။

သက်လွင်ဦးပြန်သွားပြီး ဟိုတယ်ဧည့်ခန်းတွင် ထိုင်ကြသည့်အခါ၌ . . .

"သား . . . မနက်ဖြန် သက်လွင်ဦးလာခေါ်ရင် သမီးကို တစ်ယောက်တည်း မထည့်နိုင်ဘူးနော်။ သားလည်း စဉ်းစားဦး"

"ဒါဆိုလည်း ဒီလိုလုပ်မယ်မေမေ။ သား . . . ရတနာကိုပါ ခေါ်မယ်။ မေမေစိတ်မချရင် လေးချစ်နဲ့ ဦးဒိုးကိုပါထည့်လိုက်ပေါ့"

ဦးကျောက်ဒိုးက လက်ကာလျက် . . .

"အနှောင့်အယှက်ဖြစ်နေပါ့မယ် မောင်ရင်ရယ်၊ မလုပ်ပါနဲ့။ မင်းညီမ မင်းပဲထိန်းပါ"

နောက်ဆုံးတော့ သားနှင့်သမီး၊ သက်လွင်ဦးနှင့်ရတနာတို့က ထွက်လည်သလို ချစ်ထွေးနှင့်ကြာညို၊ ဦးကျောက်ဒိုးတို့က ရွှေတိဂုံဘုရားဖူးသွားကြသည်။ ထမင်းစားချိန် ဆယ်နာရီလောက် ပြန်ဆင်းကြသည်။

"ကြာညို . . . ငါ ဒီမနက်စာ နင့်ကိုကျွေးမယ်။ ကန်တော်ကြီးစောင်းက ဆိုင်တစ်ဆိုင်ဝင်ကြမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမှာ ဈေးကြီးပါတယ်။ မြန်မာထမင်းဆိုင် ကောင်းကောင်းမှာပဲ စားကြတာပေါ့"

"ဈေးကြီးလည်း ရပါတယ်ဟာ။ ရှုခင်းလည်းကြည့်ရင်း အေးအေးချမ်းချမ်း စားကြတာပေါ့"

ကြာညိုတို့ ကန်တော်ကြီးစားသောက်ဆိုင်ရောက်တော့ ဆိုင်ထဲမဝင်သေးဘဲ၊ ကရဝိက်ဟိုတယ်နှင့် ရေပြင်ကြီးကို ငေးကြည့်နေမိသည်။

"ချစ်ထွေး . . . နင့်အသက် ဘယ်လောက်ရှိပြီလဲဟင်"

"အရူးမ . . . ငါ့အသက်ကို နင်ရမ့်နေတာလား။ မသိချင်ယောင်ဆောင်နေတာလား။ နင့်အသက်ကိုတော့ ငါ မှတ်မိနေပါတယ်။ နင် လေးဆယ့်နှစ်နှစ်နဲ့သုံးလ၊ ငါက လေးဆယ့်လေးနှစ်ပြည့်ပြီးလို့ လေးဆယ့်ငါးနှစ်ထဲရောက်ပြီ။ နင် ဘာကြောင့်မေးသလဲဆိုတာ ငါ သိတာပေါ့။ ဒီနေ့ အထွန်းမွေးနေ့ပဲလေ။ လေးဆယ့်လေးနှစ်တင်းတင်းပြည့်တဲ့နှစ်ပေါ့။ ဟုတ်ဘူးလား၊ ငါတောင် မှတ်မိသေးတယ်။ နင်က ပိုမှတ်မိမှာပေါ့"

"အေးလေ . . . သမီးတစ်နှစ်ကျော်ကျော်ထဲက အထွန်းနဲ့ငါကွဲခဲ့ကြတာ၊ သမီးတစ်သက်ပဲဆိုပါတော့။ ပြီးတော့ မနေ့ကလည်း သက်လွင်ဦးအမေက စိုးကြီးအဖေက ဆရာဝန်ဆိုလို့ မေးတယ်သိလား။ အဲဒီကိစ္စကို ငါ့ရင်ထဲ မတင်မကျနဲ့၊ သားကများ သက်လွင်ဦးတို့ကို ပြောပြထားသလားမသိဘူး။ နင်ရော ဘာသိထားသလဲ"



"ငါ ဘာမှ မသိဘူး ကြာညိုရယ်"

"သမီးရဲ့ရှေ့ရေးကိုလည်း ငါ စိုးရိမ်နေတယ်။ တစ်ခုခုပဲ . . . ငါတို့ ကံမကောင်းပါဘူးဟာ"

ပြောပြောဆိုဆို ကြာညို ဝမ်းနည်းပြီး မျက်ရည်ကျသည်။

"ဟော . . . နင့်မျက်ရည်က ဘယ်တော့မှ ခန်းခြောက်ပါ့မလဲကွာ။ ဦးဒိုး . . . ဒီမှာ ပြောပါဦး"

"အေးလေဟယ် . . . ဘာမှမစဉ်းစားနဲ့။ လာ . . . ထမင်းသွားစားမယ်"

ချစ်ထွေးခေါ်သည့်ဆိုင်သည် အဆင့်အတန်းမြင့်လှသည်။ အပြင်အဆင်ကလည်း အထက်တန်းလွှာများ စားသုံးသည့်ဆိုင်ဟု သိရသည်။ ကြာညိုတို့ ချောင်တကျ လေးယောက်ဝိုင်းတွင် ထိုင်ကြသည်။ ကြာညိုနှင့်ချစ်ထွေးက တွဲလျက်၊ ဦးကျော်ဒိုးက မျက်နှာချင်းဆိုင် . . .။

"ချစ်ထွေး . . . ဟင်းပွဲတွေ အများကြီးမမှာနဲ့၊ ပိုက်ဆံကုန်မယ်"

ချစ်ထွေးနှင့်ဦးကျော်ဒိုးက တဟားဟားရယ်နေကြသည်။

"ချစ်ထွေး . . . နင် မှတ်မိလားဘဲ၊ သားကို ကျောင်းအပ်ဖို့ သာတုန်းကလေ . . . ရွှေတိဂုံဘုရားမှာ ရေသပ္ပာယ်တာ၊ သားက ထူးထူးခြားခြား စနေထောင့်မှာ ရေသပ္ပာယ်နေတာ"

"ကြာညိုရယ် နင် ဒါတွေပဲတွေးနေတော့မှာလား။ ပြတ်ပြတ်ဆိုပြီး နင့်မှာသံယောဇဉ်တွေ မတုန်သေးဘဲကိုး။ စောင့်ရှောက်ပါရစေလို့

www.burmeseclassic.com



အထပ်ထပ်ခွင့်တောင်းပေမယ့် ငါ့ကို လက်မခံနိုင်တာ နင် အထွန်းကို မပြတ်နိုင်သေးလို့ပဲ"

"ငါ ပြောပါပြီကော။ ငါ ရွေးချယ်မှုမှားသွားလို့ ခုမှတော့ အချိန်တွေကုန်ခဲ့ပါပြီဟယ်။ ငါ့လမ်းငါဖောက်ပြီး လျှောက်ပါရစေတော့။ အသက်တွေလည်း ကြီးလာပါပြီဟာ။ တစ်ခုပဲ စိတ်မကောင်းတာ နင့်အတွက်၊ နင်ဟာ ငါလျှောက်မယ့်လမ်းကို ခင်းပေးနေရလို့ စိတ်မကောင်းဘူး"

"ဟော . . . ငိုပြန်ပြီ။ ဟိုနားကဝိုင်းမှာ လူတွေနဲ့နော်"

ဦးကျော်ဗိုးကပြောသဖြင့် ကြာညို မျက်ရည်များကို လက်ဖမိုးနှင့် သုတ်လိုက်သည်။ ချစ်ထွေးက စားပွဲပေါ်မှ တစ်ရှူးလေး ယူပေးသည်။ ထိုအခိုက် ဟင်းပွဲများ တစ်ပွဲပြီးတစ်ပွဲ ရောက်လာသည်။ ချစ်ထွေးက ကြာညိုကို တူလေးလှမ်းပေးကာ ကြာညို ပန်းကန်ထဲသို့ ဟင်းများ တစ်မျိုးပြီးတစ်မျိုး ထည့်ပေးနေသည်။

"သမီးရဲ့ရှေ့ရေးကိုလည်း စိတ်မအေးရဘူး"

"စားမှာသာ စားပါ ကြာညိုရယ်၊ ဒီကိစ္စ နင့်ခေါင်းထဲက ထုတ်ပေးပါဟာ"

ကြာညိုတို့ ထမင်းစားချိန်တွင် ကြာညိုတို့နားကို လူတစ်ယောက်လာရပ်သဖြင့် ကြာညို ခေါင်းထောင်ကြည့်လိုက်ချိန်တွင် ကြာညို့ ဦးခေါင်းတစ်ခုလုံး အိုးထိန်းစက်လို လည်သွားရပါတော့သည်။

"အထွန်း"



"ထွန်းထွန်း"

ချစ်ထွေးနှင့်ဦးကျော်ဗိုးထံမှ ပြိုင်တူအသံထွက်လာခဲ့သည်။

"ချစ်ထွေး . . . ဒါ နင့်လက်ချက်ပဲလား။ ငါပြန်မယ်"

ကြာညိုက စားလက်စတူကို ချလိုက်သည့်အခါမှာ ချစ်ထွေးက ကြာညိုမထနိုင်အောင် ပခုံးတစ်ဖက်ကို ဖိထားသည်။

"အထွန်း . . . ထိုင်လေ"

ချစ်ထွေးက အထွန်းကို ဦးကျော်ဗိုးနား ထိုင်ခိုင်းသည်။

"ကြာညို . . . နေကောင်းတယ်နော်။ အရမ်းပိန်သွားတာပဲ"

"ဒါပေါ့ရှင် . . . ကြာညိုတို့က ဘဝသမားတွေဆိုတော့၊ ပင်ပင်ပန်းပန်း လုပ်စားရတာကိုး၊ လင်အတွက် သားသမီးအတွက် ရုန်းကန်ရလွန်းလို့ ခန္ဓာကိုယ်က ဘယ်ခံနိုင်တော့မလဲ"

"မခနဲ့ပါနဲ့ ကြာညိုရယ်၊ ကြာညို သားနဲ့သမီးကို ပင်ပင်ပန်းပန်း ရှာကျွေးပြီး ပြုစုပျိုးထောင်ပေးခဲ့တာ ကျေးဇူးတင်ပါတယ်။ ကြာညို မိခင်ကောင်းတစ်ယောက်ဖြစ်ပါတယ်။ မောင်ကသာ ဖခင်ဝတ္တရားမကျေပွန်ခဲ့တာပါ"

"ဒီမှာ . . . ကိုထွန်းနိုင်။ မောင်ဆိုတဲ့ဝေါဟာရမသုံးပါနဲ့တော့။ ကြာညိုတို့ကြားမှာ မောင်ဆိုတဲ့အခေါ်အဝေါ်ဟာ ဟိုအဝေးကြီးမှာ ကျန်ခဲ့ပါပြီ။ သူတစ်ပါးယောက်ျားကို ကြာညို နာမည်လေးတစ်လုံးနဲ့ မပြစ်မှားချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ပြတ်သားလှချည်လား ကြာညိုရယ်၊ ကိုယ်ကတော့ ကြာညို တို့အကြောင်းကို အမြဲစုံစမ်းနေတာပါ။ ကြာညိုတို့ ဘွဲ့နှင်းသဘင် လာမယ်ဆိုတာ ကိုယ် တွက်ပြီးသားပါ"

"ဩော် . . . ဒါဆိုရင် သားနဲ့အဆက်အသွယ်ရှိတာပေါ့ ဟုတ်လား"

"ကြာညိုရယ် ဆရာဝန်လောကမှာ စိုးထွန်းနိုင်ဆိုတဲ့ ဆရာဝန် ပေါက်စဟာ ကိုယ့်သားဆိုတာလောက်တော့ ကိုယ်သိနေပါတယ်"

"လာမိတာ မှားပါတယ်"

ထိုအခိုက် လူတစ်ယောက် ထွန်းထွန်းကို လာခေါ်သည်။

"ဖိုးနိုင်ကြီး . . . လာလေဗျာ"

"သူငယ်ချင်းတို့ပဲ စားကြပါ။ ဒီမှာ အမျိုးတွေ တွေ့နေလို့"

"အိုကေ"

"ကြာညို . . . ကိုယ် တစ်ခုပဲနောက်ဆုံးအကြိမ် တောင်းဆိုပါရစေ။ သမီးလေးပါလာရင် သမီးကို ကိုယ် ညနေလာတွေ့ပါရစေကွာ"

"အို . . . တွေ့ခွင့်မပေးနိုင်ပါဘူး။ သမီးရဲ့မျက်လုံးထဲမှာ ရှင့်ပုံရိပ်လည်းမရှိဘူး။ အနည်ထိုင်နေတဲ့ရေအိုင်ထဲကို ခဲမပစ်ချချင်ပါနဲ့။ အနည်ပြန်ထပါ့မယ်"

"ရက်စက်လိုက်တာ ကြာညိုရယ်။ ချစ်ထွေး၊ ဦးဖိုး ကျွန်တော့်ဘက်က ကူညီပြောပါဦး"



"တော်ပြီ ထမင်းစားချင်စိတ်လည်း မရှိတော့ပါဘူး။ ပြန်မယ် ချစ်ထွေး။ မနက်ဖြန်ပြန်ဖို့ စီစဉ်ပေးပါ။ ရန်ကုန်မှာ တစ်မိနစ်တောင် မနေချင်တော့ဘူး"

"မဟုတ်တာကြာညိုရယ် . . . စားစမ်းပါ။ အထွန်းလည်း နောက်မှပြော၊ စား . . . စား"

ချစ်ထွေး ဘယ်လိုပဲစားခိုင်းခိုင်း ကြာညို့ရင်ထဲမှာ ပြည့်ကျပ်နေပါတော့သည်။ စားသောက်ပြီးပြန်ကြမည်ဖြစ်သဖြင့် အထွန်းက ကားနားထိ လိုက်ပို့ပေးသည်။

"ကြာညို ကိုယ်ဝတ္တရားမကျေပေမယ့် ကြာညိုတို့မိသားစုကို အမြဲ သတိရနေပါတယ်။ အမြဲလည်း စုံစမ်းပါတယ်။ သမီးလေး ဘွဲ့ရတာလည်း သိတယ်"

"ဟုတ်မှာပေါ့။ ရှင့်မှာ ဒလန်တွေရှိနေတာကိုး"

"ကိုယ့်သမီးလေးနဲ့ခဏတွေ့ပါရစေနော်။ မမြင်ဖူးသေးလို့ပါ ကြာညိုရယ်"

"ဟုတ်ပါတယ်ကြာညိုရယ်၊ နောင်လည်း တွေ့ရမှာမဟုတ်တော့ ပေးတွေ့လိုက်ပါ။ စန္ဒာလည်း တွေ့ချင်မှာပေါ့"

ကြာညိုက ကားပေါ်တက်ထိုင်နေလိုက်ပြီး ရေမြင်ဘက်ကို ငေးမောနေလိုက်သည်။ ချစ်ထွေးနှင့်ထွန်းထွန်းက ဘာတွေ အလွမ်းသယ်နေသည်မသိ။

www.burmeseclassic.com

www.burmeseclassic.com



"ဦးကျောက်ဒိုး ချစ်ထွေးပြန်လိုက်မလား မေးလိုက်ပါဦး။ သူ ယောက်ဖနဲ့နေခဲ့မယ်နဲ့တူတယ်"

ဦးကျောက်ဒိုးက လှမ်းအော်သဖြင့် ချစ်ထွေးပြေးလာသည်။

"ချစ်ထွေး . . . နင့်ယောက်ဖနဲ့ ဘာတွေတိုင်ပင်နေတာလဲ"

"လုပ်ပြီ ငါနဲ့မတွေ့တာကြာလို့ စကားပြောနေတာပါဟာ။ ဗိုလ်ချုပ်ဈေး ဝင်ဦးမလား"

"မဝင်တော့ပါဘူးဟာ။ သမီးကိုတော့ လိုချင်တာဝယ်ဖို့ ပိုက်ဆံ ပေးလိုက်ပြီ။ ခေါင်းတွေကိုက်လို့ ပြန်နားချင်တယ်"

"ကိုက်မှာပေါ့ . . . ငိုတာကိုး၊ သွေးတွေတိုးနေပါ့မယ်ဟာ။ ကိုယ့်စိတ်ကို သိပ်မညှင်းဆဲပါနဲ့"

ချစ်ထွေးက ကြာညိုကို နှုတ်သိမ့်လာခဲ့သည်။

** ** ** ** **

## အခန်း (၉)

သမီးတို့ပြန်ရောက်တော့ ငါးနာရီထိုးနေပြီ၊ ကြာညို ပြန်ကတည်းက ဆေးတစ်လုံးသောက်ပြီး အိပ်လိုက်သဖြင့် လန်းဆန်း သွားသည်။

"သမီးတို့ကလည်း နောက်ကျလိုက်တာ၊ ကိုကိုရော"

သမီးက ဝယ်လာသောအထုပ်အပိုးများချရင်း . . .

"ကိုကို သူ့အခန်းထဲသွားပြီး ရေချိုးဦးမယ်တဲ့။ သမီးလည်း ရေချိုးဦးမယ်"

"နေပါဦးသမီးရယ် . . . မေမေ့ကိုပြောပါဦး။ သမီးနဲ့ကိုကို အတူရှိကြပါတယ်နော်"

စန္ဒာက ဟက်ဟက်ပက်ပက်ရယ်ပြီး . . .

"မေမေက စိုးရိမ်နေပြန်ပြီ။ ကိုကိုက သမီးကို မျက်စိအောက် က အပျောက်မခံပါဘူးမေမေရယ်။ သမီးလည်း ဒီလောက် မမိုက် ပါဘူး"

"အင်း . . . တော်ပါသေးရဲ့၊ သက်လွင်ဦးနဲ့ဘာတွေပြောခဲ့ သေးလဲ သမီး"

www.burmeseclassic.com

www.burmeseclassic.com



"မေမေကလည်း . . . ရှက်စရာကြီး"

"မရှက်ပါနဲ့သမီးရယ် . . . ပြောပြစမ်းပါ"

"သူက နှစ်နှစ်စီမံကိန်းတဲ့။ မိဘတွေကိုဖွင့်ပြောပြီး စေ့စပ်ထားမယ်။ နောက်နှစ်နှစ်ဆိုရင် လက်ထပ်မယ်တဲ့။ သမီးကလည်း သဘောတူလိုက်တယ်"

"ဟင်း . . ."

ကြာညို သက်ပြင်းချမိသည်။

"ကဲ . . . ရေချိုးတော့သမီး။ ထမင်းသွားစားရဦးမှာ မဟုတ်လား"

စန္ဒာရေချိုးနေခိုက် ကြာညို အတွေးနယ်ချဲ့မိသည်။ သမီးဘဝလေး ပြေပြေလည်လည်ဖြစ်လျှင် ကြာညို ဘယ်လောက်များပျော်လိုက်မလဲ၊ ခုတော့ ကြာညို့ရင်ထဲမှာ မမြင်နိုင်သည့်ကံကြမ္မာကို မယုံကြည်နိုင်အောင်ဖြစ်နေခဲ့သည်။ ချစ်သူနှင့် လည်ပတ်ခွင့်ရှိသော သမီးလေး၏ ကြည်နူးမှုကို ကြာညို မျက်လုံးထဲကမထွက်။

"ဒေါက် . . . ဒေါက် . . . ဒေါက်"

"မေမေ . . . သားပါ။ ညီမလေးကို လာခေါ်တာပါ"

ကြာညိုသိလိုက်ပါပြီ။ ထွန်းထွန်းရောက်လာပြီဖြစ်၍ သမီးကို လာခေါ်ခြင်းဖြစ်သည်။

"သား . . . မေမေ အပြင်မှာတွေ့ခွင့်မပေးနိုင်ဘူး။ မေမေတို့ ဧည့်ခန်းကို ဝင်လာခိုင်းလိုက်"



ကြာညိုက အိပ်ခန်းအပြင်ဘက် ဧည့်ခန်းထဲသို့ခေါ်လိုက်သည်။ ကြာညို့ကွယ်ရာမှာ သားနှင့်သမီးကို စည်းရုံးသွားမှာ ကြာညို စိုးရိမ်သည်။ ထွန်းထွန်းက သားနှင့်အတူဝင်လာသည်။ စန္ဒာက ဘာမှသိပုံမရ၊ ထွန်းထွန်းက ငယ်ငယ်တုန်းကလို ပိန်ပိန်ပါးပါးမဟုတ်တော့၊ ကိုယ်လုံးကိုယ်ထည်ပြည့်ဖြိုးလာသည်။ ဝင်လာကတည်းက အကောင်းစားရေမွှေးရနံ့က သင်းပျံ့မွှေးကြိုင်သွားရသည်။

"စန္ဒာရေ . . . ညီမလေးရေ . . . ဒီမှာ ဧည့်သည်လာတယ်"

"လာပြီ . . . ကိုကိုရေ"

သမီးက သက်လွှင်ဦးလာသည်အထင်ရှိနေသလားမသိ။ အသံရွှင်ရွှင်လေးဖြစ်နေသည်။

"ဟင်"

အထင်နှင့်အမြင်လွဲသွား၍လားမသိ အံ့ဩသွားသည်။

"ညီမလေး . . . ဒါ တို့ဖေဖေလေ"

"သမီး"

"ဖေဖေ"

သမီးက ထွန်းထွန်းကို ပြေးဖက်သည်။

ထွန်းထွန်းက မျက်ရည်သွယ်သွယ်ကျကာ ရှိုက်သံဖြင့် . . .

"သမီးလေးရယ် . . . ဖေဖေတစ်သက် သမီးကို ဘယ်တော့မှ မတွေ့ရတော့ဘူးလို့ထင်ခဲ့တာ။ ငယ်ငယ်တုန်းက "ကြာကြာ . . . ဖေ့ကိုရိုက်နဲ့"ဆိုတဲ့စကားဟာ သမီးဆီက နောက်ဆုံးကြားခဲ့ရတာ

www.burmeseclassic.com

www.burmeseclassic.com



ဝါ။ ဖေဖေ့အပြစ်တွေပါ သားတို့သမီးတို့ရယ်၊ ဖေဖေ့ကို ခွင့်မလွှတ်ပါနဲ့"

ကြာညို ခပ်လှမ်းလှမ်းက ဆိုဖာတစ်ခုပေါ်မှာထိုင်ရင်း အပြင်ဘက်ကို ငေးကြည့်ရာက မျက်ရည်ဖြိုင်ဖြိုင်ကျလာရပြန်ပါပြီ။

"သားကြီး၊ သမီး . . . ဖေဖေ့ကို အသိအမှတ်ပြုပေးပါနော်"

သမီးက ရှိုက်ကြီးတငင် ငိုရင်းက . . .

"ဖေဖေ . . . သမီးတို့ကို ဘာလို့အကြာကြီးပစ်ထားတာလဲ ဖေဖေရယ်၊ သမီးတို့မှာ ဖခင်မဲ့တဲ့ဘဝနဲ့နေလာရတာပါ။ ဖေဖေ သမီးတို့ဆီ ပြန်လာပါလားဖေဖေရယ်"

"သမီးရယ် ဖေဖေဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူးကွယ်။ ကံတရားက ဖေဖေတို့ကို ဘာလို့ခွဲပစ်ရတာလဲကွာ"

ကြာညို ဆတ်ခနဲ ထလိုက်သည်။

"တော်ပါပြီကိုထွန်းနိုင် ကံတရားကို ပုံမချနဲ့ လူသာအဓိကပါ"

"ပြောပါ ကြာညိုရယ်၊ မင်းပြောသမျှခံရမယ့်သူပါ။ ကိုယ့်ကို နောက်ဆုံးအခွင့်အရေးအနေနဲ့ ဒီနေ့ညစာကို ကျွေးခွင့်ပြုပါ။ ကိုယ်တို့ မိသားစု ထမင်းလက်ဆုံစားခွင့်လေးတော့ ပေးပါနော်။ ကိုယ် တောင်းပန်ပါရစေ"

"ရှင့်ရဲ့နောက်ဆုံးတွေက များလှချေလား။ ရှင်ဟာ ပုံပြင်ထဲက ကုလားအုပ်ကြီးလိုပဲ၊ တဖြည်းဖြည်းနဲ့ ကျွန်မတို့ဘဝထဲဝင်လာဖို့ မကြိုးစားပါနဲ့၊ ပြတ်နေတဲ့ကြိုးကို အထုံးကြီးဖြစ်အောင်လည်း မလုပ်ပါနဲ့"



"ပြောပါ ကြာညိုရယ် ကိုယ်နဲ့ကြာညို ပြတ်ခဲ့ပေမယ့် ဖြတ်တောက်လို့မရတဲ့ ကြိုးနှစ်ချောင်းရှိပါသေးတယ်။ သူတို့ရဲ့ဖခင်နေရာမှာ လူမရှိပေမယ့် နာမည်လေးရှိနေတာကိုက ကိုယ်တို့ သားအဖရဲ့နှောင်ကြိုးပါကွာ။ ဒီတစ်ခါပဲ အခွင့်အရေးပေးပါကွာ။ ဘာပဲ ပြောပြော ကိုယ်လေ ကြာညို့ကို ဒီနေ့အထိ ချစ်လျက်ပါ၊ ကြာညိုတို့ဟာ ကိုယ့်ရဲ့ကျေးဇူးရှင်အစစ်ပါကွာ။ ကိုယ် အခုစားနေတဲ့ ထမင်းဟာ ကြာညိုတို့ ကျွေးခဲ့တာပါ။ ကိုယ့်ထမင်းတစ်လုတ်ဟာ ကြာညိုရဲ့ ချွေးစက်တွေဆိုတာ သိပါတယ်"

"တော်ပါရှင် ပုံပြင်တွေလာမပြောပါနဲ့။ ကျေးဇူးရှိလို့ ကျေးစွပ်လိုက်ပြီပဲ"

သားနှင့်သမီးက ကြာညိုကို အမျိုးမျိုးတောင်းပန်သည်။ သမီးက . . .

"မေမေရယ် . . . သမီးလည်း ဖေဖေနဲ့စကားပြောချင်သေးတယ်။ ခွင့်ပြုပါမေမေရယ် . . . နော် . . . မေမေ"

နောက်ဆုံးအခွင့်အရေးဖြစ်လို့ ကြာညို သမီးမျက်နှာထောက်ပြီး ခွင့်ပြုလိုက်ရသည်။ ထွန်းထွန်းက အကောင်းဆုံးစားသောက်ဆိုင်တစ်ခုတွင် သီးသန့်အခန်းထဲမှာ ကျွေးမွေးသည်။ သားနှင့်သမီးကို ခြံရံပြီး ထိုင်ကြသလို ကြာညို၊ ချစ်ထွေးနှင့် ဦးကျောက်ဖိုးတို့အပါ ထိုင်ကြသည်။

"ဖေဖေ . . . မေမေက သားကို ကားပေးခဲ့မယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



သားက ဝမ်းသာအားရပြောသည်။ ပြောပုံ၊ ဆိုပုံများက သားအဖနှစ်ယောက် ရင်းနှီးနေသည့်ပုံမျိုး . . .

"ဟင်း . . . ဒါဆို သမီးတို့က ဘာနဲ့ပြန်မှာလဲ။ ချစ်ထွေး . . . မင်းလည်းလိုက်မှာမဟုတ်လား"

"ဟုတ်တယ်လေ၊ ငါ့ဘဝက ကြာညို့အသုံးခံဘဝပဲကွာ။ လိုက်ဆိုလိုက်၊ လာဆိုလာရမှာပေါ့"

"ဒါဖြင့် ကားငှားပေးလိုက်မယ်။ တစ်ရက်တော့စောင့် မနက်ဖြန်ညနေ ဟိုတယ်ကို ကားလာပေးမယ်"

"အို . . . မလိုချင်ဘူး။ ရထားနဲ့ပဲပြန်မယ်။ မနက်ဖြန်ညပြန်မှာ"

"မေမေကလည်း တစ်ရက်နဲ့တော့ ဘာမှမဖြစ်ပါဘူး"

သမီးကလည်း အဆိုပြုပြန်သည်။

"မသိတော့ဘူးဟယ်။ စိတ်ရှုပ်လာပြီ။ လုပ်ချင်တာ လုပ်ကြတော့"

သားအဖတွေ ဟင်းလျာများကို တစ်ယောက်ပန်းကန်ထဲ တစ်ယောက်ထည့်လို့ ထွန်းထွန်းက သမီးကို ခွဲ့ကျွေးလိုကျွေးနှင့် သားအဖသုံးယောက်ပျော်ရွှင်နေတော့ ကြာညို သည်မြင်ကွင်းကို မကြည့်ရက်တော့ပါ။

နောက်တစ်နေ့ သားနှင့်သမီးကို လာခေါ်သွားပြန်သည်။ ကြာညို စိတ်ဆိုးသော်လည်း ဆန္ဒပြင်းပြနေကြသည့် သားနှင့်သမီး



အတွက် လိုက်လျောရပြန်သည်။ အပြန်တွင် သမီးက သူ့အဖေဝယ်ပေးလိုက်သော စိန်ဆွဲသီးလေးကို ကြွားလို့မဆုံး၊ ကြာညိုတို့ပြန်မည့်နံနက်တွင် ထွန်းထွန်းက အစောကြီးရောက်လာသလို၊ သက်လွင်ဦးနှင့်ရတနာကလည်း ရောက်လာကြသည်။ နံနက်စာကို ဟိုတယ်မှာပင်စားပြီးနောက် စန္ဒာ မျက်ရည်စမ်းစမ်းဖြင့် ဖအေနှင့်သက်လွင်ဦးကို နှုတ်ဆက်သည်။ ကားထွက်ခါနီး ကြာညိုက ထွန်းထွန်းနှင့်သားကြီးကို ခပ်လှမ်းလှမ်းက ပန်းရုံဆီသို့ ခေါ်လိုက်သည်။

"သားကြီး အခုဘယ်မှာနေလဲ။ အဆောင်မှာနေလို့ရသလား။ ဒါမှမဟုတ် အပြင်ဘော်ဒါဆောင်မှာ ငှားနေမလား၊ အိမ်ငှားနေမလား"

"သားတို့ Posting စောင့်ရင်း အပြင်ဆေးခန်းမှာ အလုပ်ဝင်လုပ်မယ်လို့ စိတ်ကူးထားတယ်။ နယ်က သားသူငယ်ချင်းသုံးယောက်လည်းရှိတော့ သူတို့နဲ့တိုင်ပင်ပြီး မေမေ့ကို အကြောင်းပြန်ပါ့မယ်"

"အေး . . . အေး၊ မေမေပြောမယ် သားအဆင်မပြေရင် ချက်ချင်းဖုန်းဆက်။ ဟိုဟိုဒီဒီနေဖို့ စိတ်မကူးနဲ့။ ဒီက ဆရာဝန်ကြီးကိုလည်း တစ်ဆက်တည်းပြောခဲ့မယ်။ ကြာညိုတို့ကို လာတွေ့ခြင်းဟာ ဒါနောက်ဆုံးဖြစ်ပါစေ။ ပြတ်နေတဲ့ကြိုးကို ပြန်မဆက်ချင်ပါနဲ့။ ပြီးတော့ ကျွန်မသားကိုလည်း ခေါ်ထားဖို့ စိတ်မကူးပါနဲ့။ မနေ့ကနဲ့ ဒီနေ့လာတွေ့တာ ကားငှားပေးလိုက်တာတွေ အကြောင်းကြောင်းတွေကိုထောက်ပြီးလက်ခံလိုက်တာ။ ရှင့်အမျိုးသမီးသိလို့ပြဿနာဖြစ်ရင် ကြာညို့ကို အဆိုးမဆိုနဲ့ ဒါပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကားထွက်၍ဆယ်မိနစ်ခန့်အထိ သမီးက ငိုရှိုက်တုန်း၊ ကားက ဝင်တားဖြစ်၍ ဦးကျောက်ဒိုးက ပစ္စည်းများနှင့်နောက်ဖုံးခန်းထဲတွင် ထိုင်လာရသည်။ ကြာညိုနှင့်သမီးက ကား၏နောက်ခန်းတွင်ထိုင်ပြီး ရှေ့ခန်းတွင် ချစ်ထွေးနှင့်ယာဉ်မောင်းကောင်လေးထိုင်သည်။

"ဦးဒိုး . . . နောက်မှာထိုင်ရခက်ရင် ကြာညိုတို့နား လာထိုင်ပါလား"

"တော်ပါပြီ နောက်မှာထိုင်ရတာ အိပ်လို့တောင်ရတယ်။ ကောင်းမှကောင်း"

ကြာညိုတို့ ကျိုက်ထိုတွင် နံနက်စာစားကြသည်။ ကြာညိုနှင့် သမီးက ဝေဒနာကိုယ်စီမို့ ထမင်းသိပ်မစားနိုင်။ သမီးကလည်း ဝေဒနာနှစ်မျိုးနှုတ်မှ အသက်နှစ်ဆယ်ကျော်သာရှိသေးသည့် နှလုံးသား နုနုလေးများကို ဝေဒနာက ပြင်းထန်စွာရိုက်ခတ်ထားပြီဖြစ်၍ တစ်လမ်းလုံး မလန်းဆန်း၊ ကြာညိုပခုံးကိုမှီပြီး အိပ်လိုက်၊ အပြင်ဘက် ငေးလိုက်နှင့် သနားစဖွယ်ပါ။

"ချစ်ထွေး . . . ငါ ပေါ်တော်မူခြံဝင်မယ်။ သမီးကိုတော့ ကံ့ကော်ရိပ်ပို့ပေးလိုက်ပါ။ နင်လည်း လိုက်သွားဦးနော်။ ကားဆရာလေးလိုတာ လုပ်ပေးပါဦး"

"အေး . . . ကောင်းပြီ။ ငါ ညနေမှလာမယ်လို့ ဒေါ်ငယ်ကို ပြောလိုက်"

သထုံမြို့ထဲ ဝင်လာလေပြီ။



"သမီး . . . ထပါဦး။ မေမေ ပေါ်တော်မူမှာ ဆင်းခဲ့မယ်။ သမီးတို့ ကံ့ကော်ရိပ်သွားနှင့်နော်၊ ညနေ မေမေ့ကို လာကြိုခိုင်းလိုက်"

"တစ်ခါတည်း ပြန်လိုက်ပါလား မေမေ၊ ဘွားဘွားမျှော်နေဦးမယ်"

"ခဏလေးပါ၊ ငွေလေးဘာလေး ဝင်ရှင်းလိုက်ဦးမယ်။ ဟော . . . သမီးကြည့်စမ်း၊ ငါးပိဆိုင်ပိတ်ထားတယ်ထင်တယ်"

ကြာညိုက ခပ်ဝေးဝေးကပင် အကဲခတ်လိုက်သည်။

"ဟုတ်တယ်မေမေ . . . . ဆိုင်ပိတ်ထားတယ်"

"ကြာညို . . . နင်ကြည့်စမ်း။ အိမ်ထဲကထွက်လာတဲ့လူတွေနဲ့"

"အေး . . . ဘာများဖြစ်လဲမသိဘူး။ ငါ ရင်ထိတ်လိုက်တာ"

ကြာညိုတို့ကား ခြံစပ်ရောက်တော့ ခြံထဲကိုကြည့်လိုက်သည်တွင် . . .

"ကြာညို . . . အိမ်ရှေ့မှာ မဏ္ဍပ်ကြီးထိုးလို့ပါလား"

ကြာညိုတို့ကား ခြံထဲကွေ့ဝင်ရန် ကားဆရာကိုပြောသဖြင့် ကားကွေ့ဝင်လိုက်သည်။

"အမလေး . . . ကိုဖိုးမောင်ရေ တော့်တူနဲ့တူမတွေပြန်လာပြီ၊ ထကြည့်ပါဦးနော့ . . . ဟီး . . . ဟီး"

"ဘယ်လိုဖြစ်ရတာလဲ ဒေါ်ငယ်ရယ်"

ကြာညို အိမ်ရှေ့ဧည့်ခန်းထဲတွင် ပြင်ဆင်ထားသောဦးလေး ဖိုးမောင်၏သက်မဲ့ရုပ်ကလာပ်ကိုကြည့်ပြီး အံ့ဩနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးဖိုးမောင်ရယ် ဘယ်လိုများဖြစ်သွားတာလဲ။ ကြာညိုတို့သွားတဲ့နေ့မှာ အကောင်းချည်းရှိသေးတယ်၊ ကြာညို့ကို ထားခဲ့ပြီလား"

ကြာညို ဖြေမဆည်နိုင်အောင် ငိုမိသည်။

"ဘယ်လိုဖြစ်တာလဲဒေါ်ငယ်ရယ်၊ ကျွန်တော့်ကို ပြောပါဦး"

ချစ်ထွေးက အကြောင်းရင်းကို မေးလိုက်သည်။

"ကြာညိုထွက်သွားတဲ့နေ့က ရောက်လာတယ်လေ၊ တိုးတိုးမိန်းမခိုးလာလို့တဲ့။ နောင်ကုလားရွာက မိဘတွေဆီ လူကြီးတွေကို ခေါ်ပြီးသွားတယ်။ ပြီးတော့ ကြာညိုတို့ပြန်လာရင် ပြန်အပ်ပေးမယ်ဆိုပြီးပြောဆိုခဲ့တယ်။ အဲဒါ မနေ့ကတစ်ခါသွားပြန်ရော၊ ရက်တွေဘာတွေ သွားညှိတာပေါ့။ ပြန်လာတော့ နေပူကြီးထဲမှာ ပူတယ်ဆိုပြီး ရေချိုးတယ်၊ ညကျတော့ ဖျားချင်သလိုလိုဖြစ်တယ်ဆိုပြီး ချွေးထုတ်ဆေးသောက်တယ်။ နံနက်အိပ်ရာထတော့လည်းအကောင်းပဲ။ ထမင်းကြမ်းစားပြီး မူးတယ်ဆိုပြီးအန်တယ်။ ပြီးတော့ မူးတယ်ဆိုပြီး ပြန်အိပ်လိုက်တာ ဆရာဝန်ရောက်တော့ အသက်မရှိတော့ဘူး။ ဦးနှောက်သွေးကြောပြတ်တယ်ဆိုလား"

ဦးလေးဖိုးမောင်အသက်က အခုမှ ငါးဆယ့်ငါးနှစ်သာရှိသေးသည်။ အလွန်ကျန်းမာသူဖြစ်သည်။ ဒေါ်သန်းရီ ဖျားနာရင်တောင် ရောဂါမွေးတဲ့သူဆိုပြီး ပြောဆိုသူပါ။ ခုတော့ ကြာညို အားကိုးရသော လူတစ်ယောက် ကြာညို့ကို ပစ်သွားခဲ့လေပြီ။ ချစ်ထွေးက



ဦးလေးရက်လည်ပြီးသည်အထိ ခွင့်ဆက်ယူလိုက်သည်။ တိုးတိုးကလည်း အသက်သုံးဆယ်ကျော်လာပြီဖြစ်တော့ အိမ်ထောင်ဘက်ရှာတာဖြစ်နိုင်သည်။ ဦးလေး တစ်လပြည့်ချိန်မှာ တိုးတိုးမင်္ဂလာပွဲကို ကြာညိုကပဲ ဦးဆောင်လုပ်ပေးခဲ့သည်။ တိုးတိုးတို့လင်မယားကို စပါးရိတ်သိမ်းချိန်အထိ လယ်ကွင်းထဲမှာထားဖို့လုပ်သည်။ ချစ်ထွေးက သူ အလုပ်ထွက်ပြီးလာခဲ့မည်ဆိုသဖြင့် အတန်တန်တားရသည်။ နေရိပ်ထဲတွင် သက်သောင့်သက်သာနေရသည့်ဘဝကို မစွန့်လွှတ်စေချင်တော့။

ကြာညို စပါးပေါ်ချိန်ငွေကြေးစုဆောင်းကာ ကုန်ကားကိုပါ ရောင်းလိုက်ပြီး ရသမျှငွေကြေးနှင့်ဒေါ်ငယ်တို့ကို အိမ်ဆောက်ပေးလိုက်သည်။ ထိုအိမ်တွင် တိုးတိုးတို့လင်မယားနေထိုင်ကြသည်။ လယ်လုပ်ငန်းကို မလုပ်စေတော့ဘဲ တိုးတိုးကိုလည်း ရေကျိုငါးပိလုပ်ငန်းကိုသာ ဒေါ်ငယ်နှင့်ဦးစီးပြီး လုပ်ခိုင်းရသည်။

လက်ရှိအခြေအနေတွင် ကြာညို့ကို မှီခိုနေကြသောသူများက ဦးဖိုးမောင်အစ်ကို ခြံစောင့်အဘချစ်၊ ဒေါ်သန်းရီတို့သားအမိ၊ ဦးကျောက်ဒိုးနှင့်မမကြူးတို့မောင်နှမ၊ ရွာထဲတွင် ကြာညိုနှင့်နှစ်ပေါင်းများစွာအတူလုပ်ကိုင်ကြသော အလုပ်သမားများသည် ငါးပိလုပ်ငန်းမှရသည့်ဝင်ငွေနှင့် စားဝတ်နေရေးဖြေရှင်းရသည်ဖြစ်ရာ၊ ရေကျိုငါးပိလုပ်ငန်းကို ဖျက်လိုက်ပါက ဇာတ်ခေါင်းကွဲသလိုဖြစ်ချေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ကြာညို စီမံခန့်ခွဲရပြန်သည်။ တိုးတိုးတို့လင်မယားကို ငါး အဝယ်ဒိုင်မှာထားပြီး၊ ငါးခွဲသည့်အလုပ်သမားများကို ကျော်ကျော် အား ကြီးကြပ်စေသည်။ ပင်ရင်းဆိုင်တွင် ဒေါ်သန်းရီကိုထိုင်ခိုင်းပြီး ဈေးကဆိုင်ကိုတော့ မမကြူးပဲ ဆက်ထိုင်သည်။ မမကြူးနှင့် ဦးကျောက်ဒိုးက ကြာညိုတို့နှင့်အတူနေလိုက်သည်။ ဒေါ်သန်းရီတို့ အရင်နေခဲ့သည့်အိမ်တွင် ခြံစောင့်ဘကြီးနှင့် အလုပ်သမား နှစ်ယောက်ထားသည်။ စပါးကျီများက ဟောင်းလောင်းဖြစ်နေပြီ။ အဖေ့လက်ငုတ်လက်ရင်းကို ကြာညိုဆက်ပြီးအမွေဆက်မခံနိုင် တော့သည့်အတွက် တမလွန်က အဖေ ခွင့်လွှတ်ပါဟု ကြာညို တောင်းပန်မိသည်။

ကြာညိုတို့ပြန်လာပြီးသည့်အခါ သမီးလေးက သက်လွင်ဦးထံ မှ ဖုန်းအဆက်အသွယ်ရသေးသည်။ သားကြီးကတော့ အိမ်ငှားနေ သည်ဟု ဖုန်းဆက်သည်။ သင်္ကြန်ပိတ်ရက်တွင် ပြန်လာဖို့ပြောတော့ သူ ခေတ္တ လုပ်ကိုင်နေသော အထူးကုဆေးခန်းက ဂျူတီများ အလှည့်ကျဝင်ပေးနေ၍ မပြန်တော့ဟုဆိုလာ၍ ကြာညို ဘဝင် မကျပါ။ သားအတွက် တွေးမိတိုင်း အလိုလိုစိတ်ပူနေမိသည်။

သင်္ကြန်တွင် သားကိုမျှော်သော်လည်း ရောက်လာသူက ချစ်ထွေးဖြစ်သည်။

"မန္တလေးသင်္ကြန် အရမ်းစည်တာ၊ နင် ဘာလို့ပြန်လာတာလဲ။ ဟိုမှာပျော်ပါလားချစ်ထွေးရယ်"



"ငါ့အရွယ်က ပျော်ရမယ့်အရွယ်လည်းမဟုတ်တော့ပါဘူး။ ငါ့ အတွက် ပျော်စရာက ဒီမှာပဲရှိတာလေ"

ချစ်ထွေးအတွက်နှင့် ကြာညိုအခက်ကြီး ခက်ရပါသည်။ သင်္ကြန်တွင် သမီးက ရိပ်သာဝင်မည်ဖြစ်သဖြင့် ကြာညို စိတ်အေး သွားရသည်။ ပေါ်တော်မူအိမ်တွင် အလှူလုပ်ခြင်းအလေ့အထ အခြေအနေအရ ပျောက်သွားပေပြီ။ သည်တစ်ခေါက် ချစ်ထွေးက အိမ်မှာတစ်လှည့်၊ ဒေါ်ငယ့်ထံတွင်တစ်လှည့်နေသည်။ သမီး တရား စခန်းထွက်တော့ ချစ်ထွေးမပြန်သေး၊ ချစ်ထွေးက သမီးကို အလုပ် လုပ်ဖို့တိုက်တွန်းသည်။ သမီးက မဝေခွဲနိုင်သေးဘဲရှိနေသည်။

"လေးချစ် . . . မမေ အရမ်းပင်ပန်းတယ်လေးချစ်ရယ်။ ငါးပိလုပ်ငန်းကိုဖျက်ပြီး ရွှေဆိုင်ဖွင့်ရင် မကောင်းဘူးလား"

ကြာညို သမီးစကားကြောင့် အံ့သြရသည်။

"ဘာလဲ သမီးက ရွှေဆိုင်ထိုင်ချင်လို့လား . . . ငါးပိနဲ့ရွှေဆို တော့ အဆင့်အတန်းအများကြီးကွာတာပေါ့လေ။ သမီးတောင် ရေကျိုငါးပိလုပ်ငန်းကို ရှက်တတ်လာပြီလား။ ကိုယ် မကျွမ်းကျင်တဲ့ အလုပ်ကို မေမေ မလုပ်ရဲသေးဘူး။ တစ်နေ့ ဖြစ်ချင်ဖြစ်လာမှာပေါ့ သမီးရယ်။ ငါးပိက နံတယ်၊ ညှီတယ်၊ အမြင်မကောင်းပေမယ့် လူတွေရဲ့အာဟာရတစ်ခုပဲလေ။ စေတနာထားတတ်ရင် ဖြတ်ပါ တယ် သမီးရယ်၊ အကျိုးအမြတ်လည်းရှိ၊ မှီခိုနေတဲ့လူတွေလည်း အလုပ်ရဆိုတော့ ဘယ်လောက်ကောင်းသလဲ"

www.burmeseclassic.com

www.burmeseclassic.com



သမီးက မအေ့စကားကြောင့် မျက်နှာလေးညှိုးရော်သွားရသည်။

ချစ်ထွေးပြန်မည်ဆိုသဖြင့် အကြော်အလှော်၊ စားစရာများ၊ မန္တလေးရောက်လျှင် လက်ဆောင်ပေးရန်အတွက် ပစ္စည်းများထည့်ပေးလိုက်သည်။ ခုချိန်တွင် ချစ်ထွေးသည်သာလျှင် ကြာညို့အတွက် အားကိုးရာတစ်ခုပင် ဖြစ်နေသည်မဟုတ်ပါလား။

"သမီး . . . ကိစ္စရှိရင် လေးချစ်ကို ဖုန်းဆက်နော်။ မန္တလေးလာချင်ရင်လည်းပြော။ ဪ . . . ငါ ခုမှ စဉ်းစားမိတယ်။ ဒေါ်ကြီးအပါအဝင် နင်တို့သားအမိရယ်၊ ဒေါ်ငယ်ရယ် မန္တလေးလာကြပါလား။ ဘုရားဖူးရတာပေါ့"

"ငါလည်း အမြဲတမ်း စိတ်ကူးမိပါတယ်ချစ်ထွေးရယ်။ မဟာမြတ်မုနိဘုရားကြီး ဖူးချင်နေတာဟ . . . ဒါပေမဲ့ ဒီမှာ အလုပ်တွေနဲ့ဆိုတော့ . . ."

"အဲဒီအလုပ်တွေစဉ်းစားနေရင် နင် ဘယ်တော့မှရောက်ဖူးမှာမဟုတ်ဘူး။ ကဲ . . . အသေအချာစဉ်းစားပါ။ ငါ အလုပ်မထွက်ခင်"

"ဟင် . . . နင်က အလုပ်ထွက်တော့မလို့လား၊ မထွက်နဲ့ဟာ"

"စကားအဖြစ်ပြောတာပါ။ ခု ကုန်သွယ်ရေးတွေက လုပ်ငန်းကို ချုံ့ပြီး ကော်ပိုရေးရှင်းတွေဖျက်သိမ်းရင် ငါက တခြားနေရာကို မရွှေ့တော့ဘူးလို့ စဉ်းစားထားတယ်။ ရန်ကုန်ပြန်လာရမယ်ဆိုရင်တော့ ဆက်လုပ်မယ်လေ"



"ကလောင်ကိုင်တဲ့လက်နုနုလေးဟာ တံစဉ်ကိုင်တဲ့လက်ဖြစ်နေပါဦးမယ်ဟာ၊ တစ်ခုမဟုတ်တစ်ခု လုပ်ပါ။ နင့်ဘွဲ့ကို ဒီနေရာမှာ အသုံးချစမ်းပါဟာ။ ငွေရေးကြေးရေးအတွက်တော့ မပူပါနဲ့ ငါ ရှိတယ်။ ခုလည်း ယူဦးမလား"

"ငါ့မှာ ရှိပါသေးတယ်၊ လိုရင်ပြောမှာပေါ့"

"လေးချစ် . . . သမီးဆီက ယူနော်"

"သမီးဆီက မယူရက်ပါဘူးသမီးရယ် . . . စိုးစိုး လစာရရင် စိုးစိုးဆီက ယူမယ်"

"ကောင်းတယ်လေးချစ်။ ကိုကို့ဆီက တောင်းသာတောင်း"

သမီးသည် တစ်နှစ်အရွယ် ဖခင်မဲ့သည့်အချိန်မှစ၍ အလိုလိုက်ထိန်းကျောင်းပေးသည့် ချစ်ထွေးကို ဖခင်တစ်ဦး၏မေတ္တာများဖြင့် အစားထိုးခဲ့ပုံရသည်။ သားကြီးထက်စာလျှင် သမီးက ချစ်ထွေးကို ပို၍ခင်တွယ်သည်။ ချစ်ထွေးနှင့်လက်ဖက်ရည်ဆိုင်ထိုင်၊ ချစ်ထွေးထိန်းကျောင်းသည့်အချိန်များ ပိုများသည့်အတွက် ချစ်ထွေးအပြင်ထွက်မည်ဆိုလျှင် ငိုတတ်သည့်ကလေးပါ။

** ** ** ** **

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ကြာညို ရေမိုးချိုးပြီး ပေါ်တော်မူအိမ်သွားရန်ပြင်ဆင်နေချိန်မှာ အောက်ထပ်မှတယ်လီဖုန်းသံကြားပြီး ခဏအကြာ သမီးငို၍ ပြေးတက်လာသည်။ ကြာညို့ရင်ထဲဝယ် စိုးရိမ်စိတ်များဖြင့် ဗျာယာခတ်သွားရသည်။

"သမီး . . . ဘာဖြစ်လို့လဲ။ မေမေ့ကိုပြောစမ်း . . . ဘယ်သူဖုန်းဆက်တာလဲ"

သမီးကမဖြေဘဲ အခန်းထဲပြေးဝင်သွားတော့သည်။ ကြာညိုနှင့်အမေက စိုးရိမ်စိတ်ဖြင့် လိုက်တက်လာသည်။ သမီးက သည်းထန်စွာငိုကြွေးနေတော့သဖြင့် ကြာညိုမနည်းချော့မေးရသည်။

"သမီး . . . မေမေ့ကိုပြောဦး။ ခုနက ဘယ်သူဖုန်းဆက်တာလဲ"

သမီးက ငိုရှိုက်ရာမှ . . .

"ကိုကိုဆက်တာ မေမေ။ ကိုသက်လွင်ဦး စေ့စပ်လိုက်ပြီတဲ့၊ ဒီနေ့သတင်းစာမှာပါမယ်၊ ကိုကိုက အရမ်းစိတ်ဆိုးနေတယ်၊ သမီး ရှက်တယ်မေမေရယ် . . . ဟီး . . . ဟီး"



သမီးက ငို၍ မပြီးနိုင်သေး . . .

"မေမေ အစကတည်းက မျှော်လင့်ပြီးသားပါ သမီးရယ်၊ ကံအကြောင်းတွေပေါ့"

"တိတ်ပါမြေးလေးရယ် . . . သူတို့ဘက်က အလွှာနှစ်ခုမတူလို့ ခွဲလိုက်ကြတာနေမှာ၊ ဂျင်းစိမ်းနဲ့မိဿလင် သူကြင်မှ ကိုယ်ကြင်ပေါ့ သမီးရယ်။ တိတ် . . . တိတ် . . . မြေးလေး"

ကြာညို သမီးကို သနားမိသည်။ ချစ်ဦးသူနှင့်ကွဲကွာရသည့် ဒုက္ခကို ကြာညို ကောင်းကောင်းကြီးသိသည်။ သမီးက ကြာညို့ထက် ဆိုးမည်ထင်၏။ ကြာညိုက ချစ်ဦးသူနှင့်ငါးနှစ်မျှပေါင်းခဲ့ရသေးသည်မဟုတ်ပါလား။ ကြာညို သမီးကို စိတ်မချ၍ ဘယ်မှ မသွားဖြစ်တော့။ သားကြီးကိုလည်း စိတ်ပူသည်။ သားကြီးများ သက်လွင်ဦးနှင့် တစ်ခုခုဖြစ်လေမလား။ "နှမထိ ဓားကြည့်"ဆိုသည့် စကားကလည်း ရှိခဲ့သည်မဟုတ်ပါလား။ နေ့ခင်းဘက်တွင် ဖုန်းလာသည်။

"ချစ်ထွေး . . . ငါပါ။ အေး . . . ဟုတ်တယ်။ သားကြီးဖုန်းဆက်လို့တဲ့၊ ငါ သားကြီးနဲ့ စကားမပြောလိုက်ရဘူး။ အဲဒါ အရမ်းစိတ်ပူတယ်ဟာ။ နင် သားကြီးကိုဆက်သွယ်ပြီး ဖျောင်းဖျပေးပါဦး"

ချစ်ထွေးက သားကြီးထံဆက်သွယ်မည်ဟုပြော၍ စိတ်အေးရသော်လည်း သမီးအတွက်မူ စိတ်မအေးနိုင်ပါ။ သမီးက တစ်နေ့လုံး အိပ်ရာထဲမှာ ငိုလိုက်၊ မောလိုက်၊ အိပ်လိုက်နှင့် ဘာမှ မစား

www.burmeseclassic.com

www.burmeseclassic.com



မသောတ်၊ အမေက သူ့မြေးနားက မခွာတော့။ ညနေသတင်းစာရောက်လျှင် သမီးမကြည့်မိအောင် ဝှက်ရမည်။ ကြာညို စတိုးဆိုင်ထဲတွင် သတင်းစာစောင့်နေမိသည်။ သတင်းစာကိုကြည့်လိုက်ရာ ဓေ့စပ်ကြောင်းလမ်းခြင်းသတင်းသည် ခမ်းနားထည်ဝါစွာ ပါလာခဲ့သည်။ နှစ်ဖက်မိဘများ၏ဂုဏ်ဒြပ်များသည် မြင်းမိုရ်တောင်မကကြီးကျယ်နေပါပေ့လား။ ဒါကြောင့်လည်း သမီးနဲ့သဘောမကျတာနေမှာဟု ကြာညိုထင်မိသည်။ သတင်းစာကို ကြာညိုဝှက်ထားလိုက်သည်။ ဖခင်ဖြစ်သူက ဂုဏ်နောက်လိုက်သွားသလို၊ သမီးဖြစ်သူကဂုဏ်ဒြပ်တစ်ခုကြောင့် ပစ်ပယ်ခံလိုက်ရလေပြီ။ သမီးကို သနားလွန်း၍ ကြာညို ငိုမိသည်။ ညကျတော့ သက်လွင်ဦးထံမှ ဖုန်းလာသည်။ သူမသိရဘဲ ဖွတ်အတင်းစီစဉ်သည့်အကြောင်း၊ ဓေ့စပ်တာနှင့်လက်ထပ်တာ တခြားစီဖြစ်ကြောင်း၊ သူကတော့ စန္ဒာနှင့် မရရအောင်ယူမည်ဟုပြောသည်။

“တော်ပါတော့သားရယ်၊ မိဘစကားပဲ နားထောင်လိုက်ပါ။ တစ်ရှက်ကနှစ်ရှက် မဖြစ်ပါရစေနဲ့တော့။ သမီးလည်း အရမ်းငိုနေလို့ ချော့သိပ်ထားရတယ်။ သမီးနဲ့စကားမပြောပါနဲ့တော့ သူ့ကံနဲ့သူရှိပါစေတော့”

သမီးနှင့်စကားပြောပါရစေဟု အကြိမ်ကြိမ်တောင်းပန်သော်လည်း ကြာညို လက်မခံတော့ပါ။ သမီး၏နှလုံးသားကိုထပ်၍ဒဏ်ရာမပေးလိုတော့ပါ။ သမီးမတည်ငြိမ်သေးသမျှ ကြာညို သမီး



နားက မခွာတော့ပါ။ လိမ္မာလှသည့်သမီးလေး တစ်ခုခုဖြစ်သွားမှာကြာညိုစိုးရိမ်ပိုခဲ့သည်။ ကြာညို့စိတ်ထဲမှာ . . .

“တစ်ယောက်တော့ ငါ ကြိုတင်တွက်ဆထားတဲ့အတိုင်းဖြစ်သွားပြီ။ နောက်တစ်ယောက်ရော ဘယ်လိုပုံစံလာမလဲ” ဟူသောစိုးရိမ်စိတ်များဖြစ်ပေါ်ပြန်သည်။ ကြာညို့ဘဝတွင် ဒဏ်ရာများကတစ်ခုပြီးတစ်ခု ရစ်ပတ်နေတော့သည်။ တစ်ချက်တစ်ချက်ဘယ်ဘက်ရင်အုံက စူးခနဲအောင့်တက်လာသည်ကိုပင် ကြာညိုမမှုနိုင်တော့၊ ဒဏ်ရာဒဏ်ချက်များသည် မိန်းမသားတစ်ဦးနှင့်မမျှအောင် ခံစားရတော့သည်။ စီးပွားရေးကိစ္စ၊ သားသမီးကိစ္စများနှင့်လုံးပန်းနေရသောကြာညိုသည် ကျန်းမာရေးကိုလည်း ဂရုမစိုက်နိုင်တော့၊ သမီးကိစ္စအဆင်မပြေရင်တောင်မှ သားကြီးကိစ္စအဆင်ပြေပါစေဟု ဆုတောင်းရုံမှတစ်ပါး . . .

အချစ်၏ဒဏ်ရာဒဏ်ချက်များကြောင့် သမီးလေးသည် အလူးအလဲခံလိုက်ရသည်။ အိမ်ထဲမှ အိမ်ပြင်မထွက်ဘဲ အမြဲတမ်းငေးငိုင်နေတတ်သည်။ ကြာညိုက သမီးလေးစိတ်ပြောင်းစေရန် မော်လမြိုင်၊ သာမည စသည့်နေရာများကို သမီးသူငယ်ချင်းများနှင့်သွားရောက်စေခဲ့သည့် ခြောက်လအချိန်အတွင်း အနာမကျက်သေးပေမယ့်သမီးပုံမှန်ပြန်ဖြစ်လာသည်။ သမီးစိတ်အာရုံပြောင်းစေရန် စတိုးဆိုင်လေးကို ခွဲထွင်ပေးသည်။ ကြာညိုက ရထားခေါင်းတွဲလိုရှေ့က ရုန်းကန်ပေးနေရသည်။ သားကြီးက အချိန်မရှိတော့သည့်

www.burmeseclassic.com

www.burmeseclassic.com



အတွက် အိမ်အပြန်ကျဲသွားသည်။ အမေက ရန်ကုန်လိုက်သွားဖို့ ပြောသော်လည်း ကြာညို မလိုက်နိုင်တော့ပါ။ ဦးလေးဖိုးမောင် မရှိသည့်အတွက် အလုပ်ဟူသမျှ ကြာညိုသာ ဒိုင်ခံလုပ်ပေးရသည်။ သည်ကြားထဲ သမီးကို စပ်ဟပ်သူများကလည်း တစ်ဦးပြီးတစ်ဦး ပေါ်လာသည်။ ကြာညို သမီးကို အိမ်ထောင်ချပေးချင်ပါသည်။ တစ်နှစ်အကြာ သမီးလေးစိတ်အနည်ထိုင်သည့်အချိန်တွင် "ကျွန်းရွှေဝါ" သစ်ခွဲစက်ပိုင်ရှင် ဦးတင်အောင်နှင့်ဒေါ်မြမြဝင်းတို့၏သားမောင်စည်သူမောင်နှင့်သမီးကို နားချရသည်။ ဒေါ်မြမြဝင်းသည် အထွန်းသူငယ်ချင်း ရီရီဝင်း၏အစ်မဖြစ်သလို အတွင်းသိတွေဖြစ်၍ ကြာညိုနှင့်အမေက သဘောတူလေသည်။ စည်သူမောင်က သမီးထက် တစ်နှစ်စောပြီး ဘွဲ့ရသည်။ သစ်ခွဲစက်မှာဦးဆောင်ကာ ကုန်ကားများလည်းထောင်ထားသူဖြစ်သည်။ သည်ကလေးက ကြာညိုတို့၏မျက်စိအောက်တွင်ကြီးပြင်းပြီး အသောက်အစားမရှိ အလုပ်ကိုလည်း ကြိုးစားလုပ်ကိုင်သူဖြစ်သည်။ ဒေါ်မြမြဝင်းက ရွှေဆိုင်လည်းဖွင့်ထားရာ စီးပွားရေးတောင့်တင်းကြသည်။ သမီးသာ သဘောကျလျှင် တောင်းရမ်းလက်ထပ်မည်ဟု ကမ်းလှမ်းသည်။ သမီးကို သည်အကြောင်းပြောပြတော့ ခါးခါးသီးသီးငြင်းသည်။ အမေတစ်လှည့် ကြာညိုတစ်လှည့် အမျိုးမျိုးနားချမှ သမီးက ခေါင်းညိတ်ရှာသည်။ ကတိတစ်ခုလည်းတောင်းသည်။ သက်လွင်ဦးနှင့်



ကြိုက်ခဲ့ဖူးသည့်အကြောင်းပြောပြထားချင်သည်ဟု ဆိုပါသည်။ ကြာညိုက သမီးစိတ်ဓာတ်ကို ချီးကျူးမိသည်။ တစ်နေ့ . . . စည်သူမောင်အိမ်ကိုရောက်လာတော့ သမီးက အကုန်လုံးပြောပြသည်။ စည်သူမောင်ကလည်း သူလည်း ရည်းစားထားခဲ့ဖူးပါသည်။ အားလုံးကို မေ့ပစ်လိုက်ပါဟုဆိုသဖြင့် မင်္ဂလာပွဲကျင်းပရန် နှစ်ဖက်မိဘများနှင့်တိုင်ပင်ရသည်။ သမီးမင်္ဂလာပွဲတွင် ချစ်ထွေးနှင့်သားကြီး ရောက်လာသည်။ သူကိုယ်တိုင် သဘောတူကြည်ဖြူထားသော ယောက်ဖ မဟုတ်သော်ငြားလည်း လူရည်မွန်ဖြစ်သည်က တစ်ကြောင်း၊ အမေတို့နှင့် အိုးမကွာ၊ အိမ်မကွာနေနိုင်သည်မို့ ယောက်ဖကို သဘောကျသည်ဟုဆိုသည်။ ကြာညိုတို့မိသားစု အားလုံး၏ဆန္ဒကို ကြာညို တစ်စုံတစ်ခုတော့ လိုက်လျောပေးရသည်။ ဤကားအခြားမဟုတ် ကြာညိုမလုပ်ချင်သောအလုပ်တစ်ခု ဖြစ်ပေမယ့် အနာဂတရဖြစ်ခဲ့ရသောသမီးလေးကြောင့် သတို့သမီးနေရာတွင် အထူးကုသမားတော်ကြီးဦးထွန်းနိုင်ဟု ထည့်သွင်းဖော်ပြခွင့်ကို ပေးလိုက်ရခြင်းပင်ဖြစ်သည်။ ချစ်ထွေးက အထွန်းကို အသိပေးပြီး ဖိတ်စာပို့ပေးဖို့ပြောသည်။

"တော်ပါပြီချစ်ထွေးရယ် . . . မခေါ်ရင်ရပေမယ့် မတော်နိုင်မရတဲ့အတွက် သမီးနေရာက သူ့နာမည်ထည့်ပေးတာလွန်လှပြီ။ ငါ့သဘောက ထွန်းထွန်းနာမည်မှာ ကွင်းစ၊ ကွင်းပိတ်ဘောင် ထည့်ချင်တာ"

www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ကြာညိုရယ် . . . အသိပေးပြီးဖိတ်လိုက်ရင် သူလာတော့ သမီးလည်းပြည့်စုံသွားမှာပေါ့။ စဉ်းစားဦးဟာ"

ကြာညို သက်ပြင်းချမိသည်။

"ချစ်ထွေးရယ် . . . သူ့သမီးနဲ့သမက်ကိုတွေ့ချင်ရင် သူ ခေါ်တွေ့ပေါ့ဟယ်။ ငါလည်း တရားသဘောတွေ နားလည်လာပါပြီ။ သူ လာဖို့ဆိုတာကတော့ ကွဲနေပြီးသားကိစ္စလေ၊ သူရော ဘယ်မျက်နှာနဲ့လာမှာလဲ၊ လာရဲမှာမဟုတ်ပါဘူး။ ဒီလိုစကားတွေ သမီးကို ပြောပြမနေနဲ့တော့၊ ခုလောက်ဆိုရင် သူ့အဖေကို သားက ပြောပြီးရောပေါ့။ ရင်ထဲမှာ အလိုလို သိနေပါတယ်ဟယ်"

ကံအားလျော်စွာ သမီးမင်္ဂလာပွဲမကျင်းပမီ နှစ်ရက်ခန့်တွင် ထွန်းထွန်း ဆရာဝန်အဖွဲ့နှင့် ရက်တိုဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများ သွားရသည့်သတင်းက သတင်းစာတွင် ပါလာသည်။

သမီးတို့မင်္ဂလာပွဲသည် မင်္ဂလာဆွမ်းကျွေးခြင်း၊ ဧည့်ခံပွဲကျင်းပခြင်း၊ ခေတ်နှင့်အညီ ညစာစားပွဲများပါ ကျင်းပသည်။ တစ်ဖက်ကလည်း မြို့မျက်နှာဖုံးဖြစ်သလို ကြာညိုတို့ကလည်း လူသိများသဖြင့် စည်ကားလွန်းသည်။ ရလိုက်သည့်လက်ဖွဲ့များကလည်း မနည်းပေ။ ထိုနေ့ညက ကြာညိုတို့အိမ်တွင် သမီးတို့ သားတို့ လက်ဖွဲ့တွေ ဖောက်စစ်ကြည့်တော့ ထွန်းထွန်း၏လက်ဖွဲ့က စိန်ဆွဲကြိုးတစ်ကုံးနှင့် ငွေ သိန်းနှစ်ဆယ်တိတိ ပါဝင်သည်။

"ဒါ ဘယ်သူ့လက်ချက်လဲ။ သားကြီးလား၊ ချစ်ထွေးလား မှန်မှန်ပြော"



ကြာညို စစ်ပေမယ့် တစ်ယောက်မှဝန်မခံ၊ အားလုံး ဘူးတွယ်ကြသည်။ အမေက တပြုံးပြုံးနှင့် . . .

"ဘယ်သူ့လက်ချက်ပဲဖြစ်ဖြစ် လက်ဖွဲ့တယ်ဆိုတည်းက သူ့သားသမီးတွေကို သူ့ရင်ထဲမှာရှိလို့ သံယောဇဉ်ကြီးလို့ပေါ့။ အမေ ကျေနပ်တယ်"

"အမေ . . . အမေက၊ အခုထိ အမေ့သားကို မမေ့သေးဘူးပေါ့ ဟုတ်လား။ သားကြီး နှင့်အဘွားအတွက် ပို့ပေးနေတဲ့ဆေးတွေ၊ အားဆေးတွေဟာ မင်းဝယ်လာတာ ဟုတ်ရဲ့လားကွာ။ ပြောစမ်း"

"မေမေ မသိအောင် မင်းအဖေက လက်သိပ်ထိုးပေးနေတာလား ပြော . . . . ပြော"

" No ...No သားမသိဘူး"

သားကြီးက ရှူးကြောင်မူးကြောင်လုပ်သလိုပြောပြီး ပတ်ပြေးနေသည်။

"အမေက ကိုယ့်သမီးဘက်ကတော့ မနာဘဲ၊ သူ့သမက်ကို ခုချိန်ထိ ရင်ထဲမှာ သိမ်းထားတုန်းပဲ"

ကြာညိုဒေါ်ပွလေ အားလုံးဝိုင်းရယ်ကြလေဖြစ်သည်။

"သမီးသိပါတယ်။ တစ်ခါက အမေ အိပ်နေရင်း အထွန်းဆိုပြီး ယောင်ပြီးခေါ်လိုက်တာ သမီးကြားတယ်။ အဲဒီတုန်းကလည်း အမှတ်မထင်ဘဲလို့ထင်ခဲ့တာ ခုမှသဘောပေါက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အန်တီကလည်း . . . သမက်ဆိုတာလည်း သားပဲပေါ့။ အန်တီတောင် ကျွန်တော်တို့စေ့စပ်ပြီးကတည်းက 'သား' ဆိုတဲ့ ခေါ်သံ အမြဲကြားနေရတာပဲ။ ကျွန်တော်ကတော့ အမေတစ်ယောက် ထပ်ရလို့ အန်တီက ကျွန်တော့်အမေပဲ။ လိမ္မာတဲ့ဇနီးလေးရလို့လည်း အမေ့ကို ပိုလို့တောင် ချစ်သေးတယ်"

စည်သူမောင်ကပါ ဝင်ပြောတော့ ကြာညို့အိမ်လေး သောသော ညံအောင် စည်ကားနေပါတော့သည်။ ကြာညိုက သားကြီးနှင့် ချစ်ထွေးကို မျက်စောင်းလှည့်ထိုးတော့ ချစ်ထွေးက . . .

"အထွန်းမှာလည်း သူမှာ ချစ်ရမယ့်သွေးသားဆိုလို့ ဒီ နှစ်ယောက် ပဲ ရှိတာဟယ်။ ပြီးတော့ ခုဆို သားသမက်လေးလည်းတိုးပြီ။ ဘယ်လောက်ချစ်မလဲ"

"ဘာပြောတယ် . . . လာဦး . . . လာဦး၊ ချစ်ထွေး ခြံထဲမှာ နင်နဲ့စကားသွားပြောမယ်"

ကြာညိုက လရောင်များဖြာကျနေသော ပန်းရုံအနီးခုံတန်း လေးမှာ ထိုင်လိုက်သလို ချစ်ထွေးကလည်း ကြာညို့အနီး ဝင်ထိုင် လိုက်သည်။

"ပြောစမ်း . . . ပြောစမ်း။ နင် ခုနက ဘာပြောလိုက်တယ်။ ထွန်းထွန်းမှာ ချစ်စရာ ဒီသားသမီးတွေပဲရှိတယ် ဟုတ်လား။ ဒါဆို အထွန်းတို့အကြောင်းတွေကို နင် အကုန်သိနေတယ်ပေါ့ . . . ဟုတ်လား"



လွှတ်ခနဲပြောလိုက်သောစကားတစ်ခွန်းကြောင့် ကြာညို့ကို ချစ်ထွေး ဘယ်လိုဆင်ခြေပေးရမှန်းမသိသောပုံစံလေး ဖြစ်သွားခဲ့သည်။

"ဟို . . . ဟိုလေ"

"ပြောပါ . . . စကားလုံးရွေးမနေနဲ့။ နင်လည်း ငါ့အပေါ် သစ္စာမရှိဘူး"

ချစ်ထွေးက ရယ်ကျဲကျဲဖြင့် . . .

"အေး . . . ဟုတ်တယ်ဟ။ အထွန်းမိန်းမ မဉ္ဇူက သားသမီး မမွေးဘူး။ သားအိမ်ရောဂါတစ်ခုရှိတယ် ပြောတာပဲ"

"ကောင်းတယ် . . . အဲဒါ ကံငါးပါးမလုံလို့ ဒဏ်ခတ်ခံလိုက်ရ တာ။ သူ့ကုသိုလ်နဲ့သူတို့ပဲ ခံပစေ"

"ကြာညိုကလည်းကွာ . . . သမက်တောင်ရနေပြီ၊ စိတ်လေး ဘာလေးလျှော့မှပေါ့။ ကြာပြီပဲဟာ"

"မကြာဘူးချစ်ထွေး . . . မကြာဘူး။ ငါ့ရင်ထဲမှာ မနေ့တစ်နေ့ ကလိုပဲ၊ နင် ငါ့ခံစားချက်ကို မသိပါဘူး"

"သိပါတယ်ဟာ . . . ရေသာခုတ်လို့ပြတ်မယ်။ သားသမီး ဆိုတာ ဘယ်တော့မှ ပြတ်နိုင်တာမှမဟုတ်တာ။ သူ့သံယောဇဉ်ကို လည်း ထည့်တွက်ပေးပါဟာ။ နင်ကတော့ သံယောဇဉ်မထားနဲ့ တော့။ နင် သံယောဇဉ်ထားရမှာက ဟောဒီကောင်ပဲ"

"တော်စမ်းပါချစ်ထွေးရယ် . . . အဘိုးကြီးဖြစ်နေပြီ။ ခုထိ ငါ့ပေါ်ထားတဲ့သဘောထား မပြောင်းသေးဘူးလား။ အေးလေ နင်နဲ့ငါနဲ့ အတွေ့စောပေမယ့် ဖူးစာရေးနတ်က ဘယ်သွားအိပ် နေမှန်းမှ မသိဘဲ။ ဒါလည်း နင့်ကံ၊ ငါ့ကုသိုလ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကြာညို့မျက်ရည်များ စီးကျလာတော့ ချစ်ထွေးက မျက်ရည် သုတ်ပေးနေသည်။ ချစ်နိုင်လွန်းသည့် ချစ်ထွေးကိုလည်း သနား နေမိသည်။

“ဟေး . . . ဟိုနှစ်ယောက်၊ ဘာလုပ်နေကြတာလဲဟျို့”

သားကြီးက ပြတင်းပေါက်မှလှမ်းကြည့်ပြီးအော်မှ ကြာညိုတို့ အိမ်ထဲဝင်လာကြသည်။ အိမ်ထဲတွင် ညဘက်စားရန် ကော်ဖီနှင့် မုန့်မျိုးစုံလုပ်ထားကြသည်။

“သား စည်သူ . . . အန်တီတို့က မိန်းကလေးအိမ်မှာ အခန်း ပြင်ထားပေမယ့် သားအိမ်မှာလည်း ပြေးကြည့်မှ ဒီသားတစ်ယောက် ပဲ ရှိတာ၊ ဘယ်မှာနေနေ အန်တီခွင့်ပြုတယ်နော်”

“ရပါတယ် အန်တီရဲ့၊ အိမ်မှာလည်း အမေ့တူမတွေနဲ့ သိုက် သိုက်ဝန်းဝန်း အဆင်ပြေပါတယ်။ ကျွန်တော်ကတော့ သစ်ခွဲစက် မှာပဲလုပ်မှာလေ။ စန္ဒာက အားရင် အမေ့ရွှေဆိုင်ထိုင်ပေးလည်း ရတာပဲ။ စန္ဒာတတ်သွားရင် အမေက နားတော့မယ်တဲ့”

စည်သူ့စကားကြားရတော့ ကြာညိုအတိုင်းထက်အလွန် ဝမ်းသာသွားသည်။ သမီးလည်း ရွှေဆိုင်ဖွင့်ချင်တယ်ဆို၍ အဆင် သင့်ဖြစ်သွားသည်။

“နောက်ဆို အန်တီ အလုပ်မလုပ်ပါနဲ့တော့လား။ ကျွန်တော် တို့ ရှာကျွေးမှာပေါ့။ ဘာမှလည်း ပူစရာမရှိတော့ဘူးလေ”



“ဟော့ကောင်စည်သူ . . . ငါရှိသေးတယ်လေ။ ငါက လူပျို နုနုထွတ်ထွတ်လေး၊ ငါ့ကို မင်္ဂလာဆောင်ပေးဖို့ ကျန်သေးတယ်”

သားကြီးစကားကြောင့် အားလုံး ဝိုင်းရယ်ကြပြန်သည်။ ထိုနေ့က ကြာညိုတို့ အပျော်လွန်ကာ ည ဆယ့်တစ်နာရီကျော်မှ အိပ်စက်ကြသည်။

နောက်နေ့များတွင် ချစ်ထွေးနှင့်သားကြီး ပြန်ဖို့ ပြင်ဆင် ကြသည်။

“ကြာညို . . . ငါ ခုပြန်ပြီးရင် ရန်ကုန်ရုံးချုပ်ကို ပြန်ပြောင်း ရပြီ။ နင် စိတ်ပြောင်းရင် အချိန်မရွေး မန္တလေးကို လာလည်နော်”

“အေးပါဟယ်။ အဆင်ပြေရင် လာခဲ့ပါ့မယ်။ ဪ . . . သားကြီးရော ဘယ်တော့လဲ”

“အင်း . . . နီးတော့ နီးပါပြီ။ ညှိတုန်းပဲ”

“မင်းကလည်း ညှိလို့ပဲမပြီးနိုင်ဘူး။ ဆောင်ရင်လည်း မြန်မြန် ဆောင်။ ဒါမှ အမေ စိတ်အေးရမှာ”

“စိတ်ချပါမေမေရဲ့”

** ** ** ** **

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

နေသည် ချစ်ချစ်တောက်ပူနေသည်။ ဦးကျောက်ဒိုးနှင့်ဈေးထဲသို့ ငါးပိပို့ရန် တင်ပေးပြီး ကြာညိုဆိုင်တွင် ထိုင်နေသည်။ အပူရှိန်များကြောင့် ကြာညို့တစ်ကိုယ်လုံး ချွေးစေးများရွှဲနစ်နေသလို မွန်းနောက်နောက်ဖြစ်နေသည်။ ထိုစဉ် ရင်ညွန့်ထဲမှ ထိုးအောင့်လာသဖြင့် ကျော်ကျော်ကို လှမ်းခေါ်လိုက်သည်။ ကျော်ကျော်သည် လူပျိုသိုးကြီးဖြစ်နေသည်။ ခုထိ ရည်းစားမရှိသေးဘဲ ဦးကျောက်ဒိုးလို လူပျိုကြီးလုပ်မည်ဆိုသည်။

"မကြီး . . . ဘာဖြစ်လို့လဲ"

"ငါ့လက်တွေ အရမ်းအောင့်ပြီး ကျင်တယ်။ လက်မောင်းရင်းကစပြီး နှိပ်ပေးစမ်း"

ကျော်ကျော် ငါးပိနံ့နံ့နေသော သူ့လက်များဖြင့် နှိပ်ပေးနေသည်။ ခဏအကြာ ဒေါ်သန်းရီ ငါးပိထောင်းသည့်နေရာမှ ရောက်လာသည်။

"အဲ . . . ငါ့တူမ ဘာဖြစ်လို့လဲ။ နင့်ကြည့်ရတာ မလန်းပါဘူးဟယ်"



"ကြာညို့ ရင်ဘတ်ထဲက အောင့်လို့ဒေါ်ငယ်"

ဒေါ်သန်းရီက ကွမ်းတံတွေးကို ပျစ်ခနဲထွေးလိုက်ရင်း . . .

"နင် ခဏ ခဏ အောင့်နေတာ ငါကြားရတယ်။ မြန်တော့။ ကျောက်ဒိုးလာရင်ပြန်။ မနက်ဖြန်လည်း မလာနဲ့။ ဆေးခန်းပြဦး"

ဒေါ်သန်းရီသည် ပိန်ပြီးအိုစာသွားသော်လည်း ကျန်းမာရေးကောင်းနေသည်။

"မနက်ဖြန် ငါးဖိုး ငွေချေရမယ်လေ။ ပြီးတော့လည်း ဖောက်သည်တွေနဲ့လည်း ချိန်းထားတော့ လာရမှာပဲ"

"အို . . . ဟယ်။ ကြာညိုရယ် . . . နင့်သားမင်းလာစရိတ်အတွက် ကြိုးစားနေတာ ငါသိပါတယ် သောက်ကောင်မရယ်၊ နင့်ကျန်းမာရေးလည်း ဂရုစိုက်ဦး။ မမလေးကြည်ကမှ ခုဆိုရင် ကျန်းမာရေးကောင်းလာသေးတယ်။ အသက်က မငယ်တော့ဘူး။ စန္ဒာလည်း အဆင်ပြေနေပြီဟုတ်"

"တိုးတိုးမိန်းမက မွေးတော့မယ်မဟုတ်လား။ မွေးရင် တိုးတိုးနဲ့ ဒေါ်ငယ် အလုပ်ရှုပ်ကြဦးမယ်လေ။ ကျော်ကျော့်ကိုတောင် မိန်းမပေးစားချင်လှပြီ"

"ဟာ . . . မမကြီးကလည်း အေးအေးပဲနေပါရစေ။ ဟော . . . ဦးဒိုး ပြန်လာပြီ"

"ကြာညို ဘာဖြစ်လို့လဲ"

"ရင်ဘတ်အောင့်လို့ဦးဒိုးရယ် . . . ပြန်ကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"မကြီး . . . သား လိုက်ခဲ့မယ်"

"ဘာလို့လိုက်ရမှာလဲ ကျော်ကျော်ရယ်၊ နင် ဒီမှာ လုပ်စရာတွေအများကြီး။ ယင်ကောင်တွေလည်း တအားလာတယ်။ ထုံးဖျူးဦးနော်။ ဒေါ်ငယ့်မှာ အလုပ်သမားခရှင်းဖို့ ငွေရှိတယ်နော်"

"အေးပါ . . . ငါ့တူမရယ်။ သွားသာ သွားပါဟယ်။ နင်ကျန်းမာမှ ဖြစ်မယ်။ ဟုတ်တယ်ဟုတ်"

ညဘက် ဆေးခန်းပြတော့ ဆရာဝန်က စမ်းသပ်မှုများပြုလုပ်သည်။ နောက်တစ်နေ့ ဆေးရုံကြီးသို့ပြန်ချိန်းသဖြင့် သွားရောက်စစ်ဆေးခံရပြန်သည်။

"တဲ . . . ဒေါ်ကြာညိုကြည် နှလုံးရောဂါ စချင်ပြီ။ သွေးကြောလည်း ကျဉ်းနေတယ်။ ကျွန်တော် ဆေးပေးမယ်။ တအားအောင့်ရင် ငုံဖို့ ငုံဆေးလည်းပေးမယ်။ အဆီအအိမ့်တွေရှောင်၊ စိတ်ညစ်စရာမတွေးနဲ့။ ဘယ်လိုလဲ . . . မြေး မချီရသေးဘူးလား။ မြေးထိန်းရဦးမှာနော်။ ကျန်းမာရေးကိုဂရုစိုက်"

နှလုံးဆေးများသောက်ရတော့ ကြာညို ခေါင်းကိုက်ပြီးမလှုပ်ချင်တော့၊ မူးလိုက်သည်မှာလည်း ပြောမပြတတ်အောင်ပင်။ ကြာညို အလုပ်ပင်မသွားနိုင်ဘဲ ဆယ်ရက်ခန့် နားလိုက်ရသည်။ ကြာညို နည်းနည်းသက်သာ၍ ပေါ်တော်မူဆိုင်ကို ထွက်သည်။ ကြာညိုဆိုင်ပြန်ထိုင်သည့်နေ့တွင် တိုးတိုး၏မိန်းမ သားလေးမွေးသည်။ ဒေါ်သန်းရီတို့ အလုပ်ရှုပ်ကြတော့သည်။ ကြာညိုထိုင်သည့်



နေ့မှာပင် ဖောက်သည်များကို အချိန်တစ်ရာလောက်နီးနီးရောင်းရသည်။ သိမ်ဆိပ်နှင့် ကျိုက်ထိုဖောက်သည်များက အမာခံလူများဖြစ်၍ မြိုးမြိုးမြက်မြက်ရောင်းရသည်။

"မေမေ"

"ဟယ် . . . သား။ ဘာမပြော ညာမပြောနဲ့ ရောက်လာတယ်။ မေမေတောင် ဆိုင်သိမ်းတော့မလို့၊ တိုးတိုးမိန်းမလည်း ဒီနေ့ပဲမွေးတယ်"

"ဟုတ်လား . . . ကိုတိုးရေ ဘာကလေးမှာလဲ"

သားကလှမ်းအော်တော့ ဒေါ်ငယ်တို့ပါ ထွက်လာသည်။

"စိုးစိုး . . . ဘယ်တုန်းက ရောက်လဲ၊ ကြီးငယ်အတွက် ဘာဝယ်လာသလဲဟေ့"

"ဘာမှမဝယ်ရပါဘူး၊ ကမန်းကတန်းနဲ့။ ကိတ်မုန့်တွေတော့ပါတယ်။ ရော့ . . . ကိုတိုး တစ်ဘူးယူထားလိုက်"

"အေး . . . ဟုတ်ပြီ။ ငါ့သားကိုလည်း မင်းလို ဆရာဝန်ဖြစ်အောင် သင်ပေးမယ်"

မိဘမေတ္တာတရားများက ဆန်းကြယ်လှသည်။ ယနေ့မှ လူ့လောကထဲရောက်လာသည့်သား၏အနာဂတ်ကို စိတ်ကူးဖြင့်ပုံဖော်နေတော့သည်။

"တိုးတိုး . . . ရော့ . . . ငွေသုံးသောင်းယူထား။ ဆိုရင်ပြော ကလေးကို ဂရုစိုက်"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် မကြီး။ ကျွန်တော့်မှာ ရှိပါသေးတယ်"

"ယူဆိုယူကွာ။ ရော့ . . . ရော့ . . . မကြီး သွားမယ်"

သားပြန်လာ၍ ကြာညို အိမ်ပြန်ရောက်ချင်လှပြီ။ ဦးဗိုးကိုတော့ ဆိုင်ပိတ်ပြီးမှ ပြန်လာခိုင်းပြီး သားကားနှင့်အိမ်ပြန်လာသည်။ သည်တစ်ခေါက် သားပြန်လာတော့ Hand Phone နှင့်ဖြစ်နေသည်။

"သား . . . Hand Phone တွေ ဘာတွေနဲ့ ဘယ်သူဝယ်ပေးတာလဲ"

"သားသူငယ်ချင်းဖုန်း ခဏယူလာတာပါ မေမေ။ တော်တော်ကြာ လမ်းမှာကားပျက်နေရင် ဆက်သွယ်လို့ရအောင်ပေါ့"

ကြာညို့စိတ်ထဲတွင် သား၏အဖြေကို ဘဝင်မကျဖြစ်နေသည်။

"သား . . . ဒီဖုန်းကို ဖေဖေ ဝယ်ပေးတာလား"

"ဟာ . . . မေမေကလည်း သူငယ်ချင်းဖုန်းပါ"

"ဒါဆို နောက်ကို မေမေ အဲဒီဖုန်းနံပါတ်ကိုပဲ ဆက်မယ်။ မေမေ့ကို ဖုန်းနံပါတ်ရေးပေးခဲ့"

အိမ်သို့ရောက်သည်နှင့် ကားကို ဂိုဒေါင်ထဲမသွင်းသေးဘဲ သားကြီးက အိမ်ထဲသို့ အပြေးဝင်လိုက်သည်။

"ဘွားဘွားရေ . . ."

"ဟဲ့ . . . သားလေး။ ဆိုင်းမဆင့် ဗုံမဆင့် လာ . . . လာ"

"ညီမလေးရော"

"ဆိုင်သိမ်းပြီး ပြန်လာမှာလေ။ ခုတော့ သူ့ယောက္ခမရွှေဆိုင်မှာ အဆင်ပြေနေတယ်"



သားကြီးက ပူအိုက်သည်ဆိုကာ ရေမိုးချိုးပြီးမှ စကားပြောရသည်။

"မေမေရော . . . နေမကောင်းတာ သက်သာလား။ သား မေမေ့ဖို့ ဆေးတွေယူလာတယ်။ ရန်ကုန်လာပြီးစစ်ရင်တောင် ကောင်းမယ်နော်"

"ခုမှပဲ မေးဖော်ရတော့တယ်၊ သက်သာသွားပါပြီ။ ကဲ . . . ပြောပါဦး"

"ဒီလိုမေမေရဲ့ . . . သားနဲ့ရတနာ လက်ထပ်ဖို့ညှိနှိုင်းပြီးပြီ။ အဲဒါ . . ."

"မပူပါနဲ့ ကုန်ကျစရိတ် မေမေပေးမယ်၊ သား မျက်နှာမငယ်စေရဘူး"

"ဒီအတွက်တော့ မပူရပါဘူး။ ဒါပေမယ့် ရတနာတို့ဘက်က တောင်းဆိုတာတစ်ခုရှိတယ်။ အဲဒါဖိတ်စာရိုက်ရင် ဖေဖေ့နာမည်နဲ့ အန်တီမဥ္ဇူနာမည်ပဲထည့်ပါတဲ့"

"ဘာ . . . ဘာပြောတယ်"

ကြာညို မိုက်ခနဲဖြစ်သွားသည်။

"ဘာလဲ မင်းက မေမေ့နာမည် မထည့်ချင်တော့ဘူးပေါ့ ဘုတ်လား။ မေမေ့နာမည်ဘေးက ရေကျိုင်းပေါ်ပြာရည်ပိုင်နေလို့ ဝါမှာစိုးလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးမေမေ။ ရတနာက နားလည်ပါတယ်။ သူတို့ အသိုင်းအဝိုင်းနဲ့ တန်းညှိတာပေါ့မေမေရယ်။ အဲဒါကြောင့် . . ."

"တော်တော့ သားကြီး။ မင်းစကား ရှေ့မဆက်နဲ့၊ မင်းလည်း မင်းအဖေစိတ်ဓာတ်နဲ့ တစ်ထပ်တည်းပဲ။ ဘယ့်နှယ့်ကွာ ကိုယ်က မွေးပြီး သူများသားအဖြစ် မင်္ဂလာဆောင်ရတယ်လို့၊ လုံးဝ ခွင့်မပြုဘူး။ မင်းစိတ်ကြိုက်လုပ်ရင် မင်းမင်္ဂလာပွဲကိုလည်း မလာဘူး"

"မေမေရယ် . . . သားဟာ မေမေ့သားပါ။ ဒီတစ်ခုပဲ လိုက်လျှောပါ။ သားတို့ချစ်ခြင်းကို မခွဲချင်ပါနဲ့မေမေရယ်"

"တော်ပြီသား ဘာမှ ရှေ့မဆက်နဲ့။ ဒီမိန်းကလေးကိုမှမရရင် မင်း သေသွားနိုင်လား၊ မင်းတို့လုပ်ရပ်တွေ သိပ်လွန်နေပြီ"

သားက ငိုနေပြီး၊ ကြာညိုက ငိုရမည့်အစား ဒေါသဖြင့် တဆတ်ဆတ် တုန်နေလျက်ရှိသည်။

"ဘွားဘွား . . . မေမေ့ကို ကူပြောပေးပါဦး"

"ဒါတော့ ဘွားဘွားလည်း မပြောပေးနိုင်ဘူး။ တကယ်ဆို ဘွားဘွားတို့နာမည်တောင် ထည့်ဖို့ကောင်းတာ။ စန္ဒာမင်္ဂလာဆောင်တုန်းက ဘွားဘွားနာမည်လည်းပါတယ်။ ခုတော့ အဘွားမပြောနဲ့ မအေနာမည်တောင်မထည့်ဘူးဆိုတော့"

"ဒါကတော့ ဘွားဘွားရယ် . . . အန်တီမဈူကလည်း အသိုင်းအဝိုင်းတစ်ခုနဲ့နေလာရတယ်ဆိုတော့ သူ့ဘက်ကလည်း ပြန်တွေးရသေးတယ်လေ။ စဉ်းစားပါဦး ဘွားဘွားရယ်"



"သားကြီး ဒီကိစ္စအတွက် လုံးဝသဘောမတူဘူး။ ငါ နင်တို့သားအဖအောင်ပွဲခံဖို့ နေပူမိုးရွာမရှောင်၊ နံနံစော်စော်နဲ့အလုပ်တို ကြိုးစားခဲ့တယ်။ ခုတော့ မအေကို စုံကန်တဲ့အကောင်၊ မင်း ငါ့ဝိသည်မသားပဲ ဆရာဝန်မသား ဖြစ်ချင်သေးလား"

"ဆရာဝန်မသားဖြစ်ချင်တာမဟုတ်ပါဘူး မေမေရယ်။ သားဟာ မေမေ့သားပါ။ ခုကိစ္စက ရန်ကုန်မှာ မင်္ဂလာဆောင်မယ်ဆိုတော့ အမေ့နာမည်နဲ့အန်တီမဈူနာမည် တွဲထည့်လို့ကောင်းပါ့မလား။ အသိုင်းအဝိုင်းတစ်ခုထဲမှာနေရတော့ အန်တီလည်းရှက်မှာပေါ့။ ရတနာတို့ဘက်ကလည်း ဘာပြောကြမလဲ။ သိသာသိစေ မမြင်စေနဲ့ပေါ့။ ပြီးတော့ မေမေတို့လည်း သား မင်္ဂလာပွဲကို လာလို့ရတာပဲ"

"မလာဘူး။ ဘယ်တော့မှမလာဘူး။ အသိအမှတ်လည်း မပြုဘူး။ ဘယ့်နှယ့်ကွာ ကိုယ့်အပေါ်မှာ ဘာတစ်ခုမှ တာဝန်မကျေတဲ့ အဖေနဲ့ ကိုယ့်မိထွေးကို . . ."

"မေမေ အဲဒီလိုမပြောပါနဲ့။ သား ရန်ကုန်ရောက်ကတည်းက သားကို ဖေဖေရော အန်တီမဈူပါ ဂရုစိုက်တာ။ သား အခု ခွဲစိတ်ဝင်လုပ်နေတဲ့ဆေးခန်းကလည်း ဖေဖေတို့ရှယ်ယာပါထားတဲ့ ဆေးခန်းပဲ။ သားကိုလည်း အပေါင်းအသင်းအားလုံးက သမားတော်ကြီး ဦးထွန်းနိုင်ရဲ့သားဆိုပြီး သိထားကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . လက်စသတ်တော့ မင်းက ငါမသိအောင် ခိုးကြောင်ခိုးဝှက် ဖအေနဲ့ဆက်သွယ်ပြီး စည်းစိမ်တွေတိုးနေတာပေါ့ ဟုတ်လား။ မင်း သတ္တိရှိရင် အဲဒီလင်ခိုးမနာမည်ထည့်ကြည့်၊ မင်းကို သတင်းစာထဲက သားအဖြစ် စွန့်လွှတ်ကြောင်း ကြေညာမယ် . . . ဟင်း . . ."

ကြာညိုပေါက်ကွဲသံကြားရတော့ သားက စိတ်ရှုပ်သွားပုံရသည်။

"မေမေ . . . ဒီလိုမလုပ်ပါနဲ့၊ ဟိုးတုန်းကလည်း ဖေဖေ့ကို အရှက်ခွဲပြီးပြီ၊ ဒီတစ်ခါအရှက်ကွဲရင် ဖေဖေ သေလိမ့်မယ်"

"ဟ . . . တယ်လည်းချစ်နေကြပါလား။ စိုးစိုး . . . မင်း ငါသေမှာတော့မပူဘဲ၊ ဂုဏ်ကြီးရှင်သေမှာတော့ ပူတာပေါ့လေ ဟုတ်လား။ အမလေး မွေးရကျိုးနပ်လှတဲ့သား ခုတော့ ငါးပိသည်မကို ခြေစုံကန်ပြီပေါ့ ဟုတ်လား"

ကြာညို စကားဆက်ပြောနိုင်စွမ်းမရှိတော့ပါ။ အခန်းထဲဝင်ပြီး ငိုနေမိသည်။ သားကြီးနှင့်လည်း စကားမပြော၊ ပြောစရာလည်း မရှိတော့။ တစ်ညလုံးမအိပ်နိုင်အောင် ခံစားရသည့်အတွက် ရင်ဘတ်က အောင့်လာသဖြင့် ဆေးသောက်ပြီးအိပ်လိုက်ရာ နံနက်ခုနစ်နာရီမှ နိုးတော့သည်။ ကြာညို အောက်ထပ်ဆင်းလာတော့ မေမေက ဧည့်ခန်းထဲမှာ ငူငူကြီးထိုင်နေသည်။

"သမီး . . . မြေးကြီးပြန်သွားပြီ။ မင်းအမေနိုးမှပြန်ပါဆိုတာ ဘယ်လိုမှ တားလို့မရဘူး"



"ပြန်ပစေ။ မင်္ဂလာစရိတ်လည်း မပေးနိုင်ဘူး။ ခေါင်းပေါ်တက်ပြီး အမြင့်မှန်းတာကိုတော့ သမီးလက်မခံနိုင်ဘူး"

"အမေလည်း အဲဒီကိစ္စကို သဘောမတူဘူး"

သမီးနှင့်သမက်ကလည်း စိတ်မကောင်းဖြစ်ကြရသည်။

"သမီး မသိအောင်လုပ်လို့ကတော့ သူ့အဖေထက် အရှက်ကွဲစေရမယ်"

"စိတ်ထိန်းပါသမီးရယ် . . . ငါ့မြေး ဒီလောက်မမိုက်ပါဘူး"

ခုတစ်လော ကြာညို နေမကောင်းသည့်ကြားက စိတ်တွေ သားကြီးထံမှာရောက်နေသော်လည်း ချစ်ထွေး ရန်ကုန်ပြောင်းရသည်ဆိုသည့်အတွက် ကြာညို ဝမ်းသာရသည်။ သားအတွက် စိတ်မချနိုင်၍ ချစ်ထွေးပြောင်းလာသည်ဆိုသဖြင့် သားကြီးကို ကြည့်ရှုဖို့ အထပ်ထပ်မှာကြားသည်။ သည်တစ်ခါမှာတော့ ဝန်ထမ်းအိမ်ရာမှာ မရ၍ နယ်သို့ပြောင်းရွှေ့သွားရသော သူ့သူငယ်ချင်းတိုက်ခန်းမှာ နေရသဖြင့် အဆင်ပြေကြောင်းပြောသည်။

ကြာညိုက သားကြီးလက်ထပ်မည့်ကိစ္စ အဆင်မပြေကြောင်း ဖုန်းဖြင့်ပြောပြ၍ ချစ်ထွေးက သူ နားချမည်ဟုပြောသော်လည်း သားကြီးပြန်သွားပြီး သုံးလအထိ အဆက်အသွယ်မလုပ်။ ကြာညိုက မနေနိုင်သဖြင့် သားကြီးပေးခဲ့သောဖုန်းကို ဆက်သွယ်သော်လည်း သူ့သူငယ်ချင်းနှင့်သာ တွေ့ရသည်။ သားကြီးများ စိတ်ထိခိုက်နေပြီလားဟု တွေးမိတော့၊ တင်းထားသည့်စိတ်များပြေလျော့ကာ ရှူးရှူး

www.burmeseclassic.com



ရှုရှု နာကျင်ခံစားရသည်။ သားကြီးဆန္ဒလိုက်လျှောဖို့က ဘယ်နည်းနှင့်မှ မဖြစ်နိုင်။ ချစ်တွေးထံဖုန်းဆက်ပြီး စုံစမ်းခိုင်းရသည်။

တစ်နေ့ . . . ချစ်တွေးထံမှ စာတစ်စောင် ရောက်လာသည်။

သို့ . . .

ကြာညို

နင် စုံစမ်းခိုင်းလို့ ငါ အထွန်းနဲ့ရော၊ သားကြီးနဲ့ပါ တွေ့ပြီးပြီ။ သားကြီးက နင့်အပေါ် စိတ်ခုနေသလိုပဲ။ ငါ ဆုံးမနားချတာကိုတောင် လက်မခံချင်ဘူး။ အထွန်းလည်း ဒီကိစ္စအတွက် အခက်ကြုံနေပုံရတယ်။ သားကြီးက ခုဆိုရင် သူ့အဖေနဲ့ တစ်တွဲတွဲပဲ၊ ဘွဲ့ယူပြီး နင်ပြန်ကတည်းက သူ့သူငယ်ချင်းနဲ့အိမ်ငှားနေတယ်ဆိုတာ မဟုတ်ဘူး။ ဝင်ဒါမီယာက မဒူအမွေရတဲ့တိုက်မှာ သူ့အဖေနဲ့ လိုက်နေတာလေ။ ငါ့ကို ဖုံးကွယ်ထားဖို့ပြောတဲ့အတွက် ငါ နင်တို့ သားအမိကြားမှာ ဝင်မပါချင်လို့ မပြောခဲ့တာ။ မဒူကလည်း သားသမီးမရှိတော့ သားကြီးကို ခင်ရှာတယ်လို့ပြောတယ်။ အထွန်းကလည်း သူ့သားကို သူ့မျက်စိအောက်မှာပဲ ထားပါရစေဆိုလို့ ငါဘာမှ မပြောသာဘူး။ သားကြီးဟာ အဆင့်အတန်းမြင့်မြင့်နေရတော့ ကျေနပ်နေပုံပဲ။ Hand Phone လည်း အထွန်းက ဝယ်ပေးထားတာ။ နင်ဝယ်ပေးထားတဲ့ကားကိုတော့ သထုံလာမှပဲစီးတာ။ ရန်ကုန်မှာ သည့်ထက်ကောင်းတဲ့ကားကို စီးနေတာပေါ့။ ဒါတင်မကဘူး ရန်ကုန်မှာ ဆေးကျောင်းလာတက်ကတည်းက သူ့အဖေ



ကို စုံစမ်းပြီး ဆက်သွယ်နေတာ။ အဲဒီထဲက အထွန်း သူ့အိမ်မှာ ခေါ်ထားချင်ပေမယ့် ငါပြန်ပြောမှာစိုးရိမ်လို့ အဆောင်မှာပဲနေခဲ့တာ။ နင် စိတ်အေးအေးထားပါ။ ဒီကိစ္စတွေ ငါ မပြောပြချင်ပါဘူး။ နင်လည်း ခေါင်းထဲက ထုတ်ထားပါ။ မင်္ဂလာကိစ္စကိုတော့ ငါ အထွန်းနဲ့တိုင်ပင်တုန်းပါပဲ . . .။

"တောက် . . . မိုက်လိုက်တဲ့ ခွေးသား။ ဖအေလို လူစားမျိုး"

ကြာညို စာဆက်မဖတ်တော့ပါ။ ဒေါသများ အလိပ်လိပ် တက်လာပြီး ရင်ဘတ်ထဲ စူးခနဲအောင့်လာသည်။ မိခင်တစ်ယောက်လုံးကို ခြေစုံကန်ထွက်ရက်သည့်သားကို ကြာညို စိတ်နာနေမိသည်။ သည်အကြောင်းတွေ အမေ့ကိုပြောပြဖို့စဉ်းစားတော့ အမေစိတ်ဆင်းရဲမှာစိုးရိမ်သဖြင့် မပြောတော့ဟု ဆုံးဖြတ်လိုက်သည်။ ချစ်တွေးစာ ဖတ်ပြီးကတည်းက သားကြီး၏လုပ်ရပ်များကို အသေးစိတ်သိလိုက်ရသည်မို့ ရင်ညွန့်ထဲက စူးအောင့်နေသောဝေဒနာ ခံစားရပြန်သည်။ လက်ထပ်ဖို့ကိစ္စမကျေလည်ဘဲ ပြန်သွားသည့်အချိန်ကစ၍ မအေကို အဆက်အသွယ်မလုပ်။ ဆန္ဒပြနေသည်မှာ သုံးလကျော်တော့မည်။ မိုက်လိုက်တဲ့ သား . . .။ မျက်ရည်လွယ်လွန်းသော ကြာညို မငိုနိုင်ဘဲ ရင်ထဲ တင်းကျပ်နေသည်။

** ** ** ** **

www.burmeseclassic.com

## အခန်း (၁၂)

ဖုန်းမဆက်ဘဲ သူတောင်နေနိုင်တာ၊ ကြာညိုက မအေပဲ။ တင်းခံလိုက်မည်ဟု ဆုံးဖြတ်လိုက်သည်။ ယနေ့ ကြာညို ဆိုင်က ပြန်ရောက်တော့ ဘုတိုက ထမင်းစားဖို့ ပြင်နေပြီ။

"မမ . . . ထမင်းစားလို့ရပြီနော်။ အဘွားက စားပြီးပြီ"

"အေး . . . ငါ သမီးကိုစောင့်လိုက်ဦးမယ်။ သိပ်လည်း မဆာသေးဘူး"

"သမီးရေ . . . မြန်မြန်လာဦး။ ဒီမှာ သတင်းစာဖတ်ကြည့်ပါဦး။ နင့်သား မနေ့က မင်္ဂလာဆောင်ပြီးပြီတဲ့"

ကြာညို ကမန်းကတန်း သတင်းစာဆွဲယူဖတ်လိုက်သည်။ သတင်းစာထဲတွင် အထူးကုသမားတော်ကြီး ဦးထွန်းနိုင်၊ အထူးကုဆရာဝန်ကြီး ဒေါက်တာမဥ္ဇူတို့၏ တစ်ဦးတည်းသောသားတဲ့။ ရက်စက်လိုက်တာ၊ ကြာညို့နာမည်ကို အမှောင်ချထားပါလား။ ရှက်လိုက်သည့်ဖြစ်ခြင်း၊ ရာဇဝင်ရိုင်းလိုက်သည့်သား . . .

"ခွေးသား . . . ခွေးဇာတ်ခင်းသွားပြီပေါ့။ အမေရယ် . . . ကျွန်မတို့ အရှက်ကွဲပြန်ပြီပေါ့နော်"





"ဟုတ်ပါရဲ့သမီးရယ်။ ဟဲ့ . . . ဟဲ့ သမီး။ မကြူးတို့ ကျော်ဒိုးတို့ လာကြပါဦး၊ ဒီမှာ သမီး လဲကျသွားပြီ။ သမီး . . . သမီးရေ"

အမေ့ခေါ်သံကို ကြာညိုနောက်ဆုံးကြားလိုက်ခြင်းပါ။ ကြာညို မှောင်အတိ ကျသွားတော့သည်။

"မေမေ . . . သတိရပါဦးမေမေရယ်"

"အန့်တီ သတိရပြီလားဟင်"

ကြာညိုသတိရသည်ဆိုသော်လည်း တစ်ကိုယ်လုံး ပိုက်များ၊ အပ်များဖြင့်ပြည့်နေသည်။ ကြာညို မောလှသည်။ အသက်ရှူ၍မဝ၊ ကြာညို ပြန်အိပ်ပျော်သွားပြန်သည်။ ကြာညို သတိပြန်ရလာသည့် အချိန်တွင် ကြာညိုမျက်လုံးအားလုံးဖွင့်လိုက်သည်။

"မေမေ . . . သတိရရင် သားကိုရိုက်ပါမေမေ"

ကြာညို့အနားတွင် ဝိုင်းနေသောလူများကို ကြည့်လိုက်သည်။

"ဟော . . . မောင်ပါလား"

"ကြာညို သတိရလားဟင်၊ ကြာညို အခု ရန်ကုန်ရောက်နေပြီလေ။ မောင်တို့ အစွမ်းကုန်ကုနေတယ်။ မကြာခင် ပြန်ကောင်းမှာပါ"

ကြာညိုပြုံးလိုက်မိသည်။ ချစ်တွေးတို့ အမေတို့ကလည်း မျက်ရည်တွေနှင့် သမီးက ကြာညိုခြေရင်းမှာ သူလည်း ငိုလို့ပါလား။

"သား" သားကိုကြည့်ပြီး ကြာညိုခေါ်လိုက်ပေမယ့် အသံတထွက်မလာ။

"မေမေ . . . သား . . . သားကို သိတယ်နော်"

www.burmeseclassic.com



"ကြာညို . . . အမေလည်းရှိတယ်၊ သမီးတို့လည်းရှိတယ်။ မောင် ကြာညို့ကို အစွမ်းကုန် ကုပေးနေတယ်နော်"

အေးစက်နေသည့် ကြာညို့လက်ကလေးကို ထွန်းထွန်းက ဆုပ်ကိုင်လိုက်သည်။ ကြာညို မောင့်ကို အကြာကြီးစိုက်ကြည့်နေမိသည်။ ပြီးမှ အားအင်များကို စုစည်းလျက် မောင့်လက်များကို ကြာညိုကိုင်လိုက်ရာ မောင်က အားတက်သလိုဖြစ်နေသည်။ ပြီးမှ သားနှင့်သမီးကို ကြည့်လိုက်သည်။ စည်သူကို ရှာဖွေကြည့်တော့ စည်သူ အနားရောက်လာသည်။ ကြာညို စကားပြောရန် ကြိုးစားသည်။ အသံကတိုးလွန်း၍ မောင် ကြားပုံမလားမသိ။

"ကြာညို . . . ဘာပြောမလဲ၊ ပြောလေ"

သားက ပါးနားကပ်လာသည်။

"မောင့်ကို . . . မမုန်းပါဘူး"

"ဖေဖေ . . . မေမေက ဖေဖေ့ကို မမုန်းပါဘူးတဲ့"

"ကြာညိုရယ် . . . မောင်လည်းအတူတူပါ။ ယုံပါနော်"

ကြာညို ခေါင်းညိတ်ပြလိုက်သည်။

"သားနဲ့သမီးကို စောင့် . . . ရှောက်"

"ကြာညို . . . မောနေမယ်။ စကားသိပ်မပြောနဲ့နော်"

ကြာညိုအကြည့်က ချစ်ထွေးဆီရောက်သွားပြန်သည်။

ကြာညိုအားယူ၍ ပြောပြန်သည်။

"ခွင့် . . . လွှတ် . . . ပါ . . . နော်။ သမီးတို့နဲ့အတူ လယ်တွေ လုပ်ပါနော်"



ကြာညိုအသံတွေက မပီသချင်။

"အမေ . . . အမေ . . . အမေ"

ကြာညိုသည် မွေးသမိခင်ကြီးကို တမ်းတမ်းတတခေါ်ကာ အမေ့ကို စိတ်ဖြင့် ကန်တော့နေမိသည်။

သားက တရားခွေကို ကြာညိုနားကပ်ပေးသည်။ ကြာညို တရားနာနေလိုက်ပြန်သည်။ ပြီးလျှင် ကြာညို့မျက်လုံးများ ချစ်ထွေးကိုတစ်လှည့်၊ ထွန်းထွန်းကိုတစ်လှည့် ကြည့်မိပြန်သည်။

"ချစ်ထွေး . . . သထုံ . . . ပြန် . . . မယ်။ စမ်းချောင်းတွေထဲမှာ အထွန်းရယ်၊ နင်ရယ်၊ ငါရယ် ကုံကော်ပန်းလေးတွေ မျှောကြမယ် . . . နော်"

"ကိုထွန်း . . . ကြာညိုတို့ ပြန်ကြမယ်နော်။ ကိုထွန်းက **"အလွမ်းနွေကို စမ်းရေထဲမျှောလိုက်မည်"** ဆိုနော်"

"ကြာညို ကယောင်ကတမ်းတွေ မပြောပါနဲ့နော်။ တရားခွေဖွင့်ပေးမယ်"

ကြာညို ခေါင်းညိတ်ပြလိုက်သည်။ ကြာညို့မှာ အင်အားတွေ ကုန်နေပြီ။

"အားလုံး ခဏထွက်ပေးကြပါလား။ ချစ်ထွေး အမေ့ကို ခေါ်သွားနော်"

အားလုံးအပြင်ထွက်သွားတော့ ထွန်းထွန်းက ကြာညို့ကို ပရက်ရှာတိုင်းသည်။ လိုအပ်သည်များကို အခြားသူ ရာဝန်များနှင့်

www.burmeseclassic.com

www.burmeseclassic.com



အတူ ကုသပေးပြန်သည်။ စစ်ဆေးမှုများပြီးသွားသဖြင့် ကြာညို အမောသက်သာသွားပြန်သည်။

"မောင် . . . သီချင်းဆိုပြရမလား"

ကြာညို ခေါင်းညိတ်ပြသည်။ မောင်က မျက်ရည်စက်လက်ဖြင့် . . .

**"အလွမ်းနွေကို စမ်းရေထဲမျှောလိုက်မည် . . . ချစ်ကြမ္ဘာ . . . အကျိုးပေးက ဆိုးလှပါသည် . . ."**

ထွန်းထွန်းသီချင်းသံသည် တဖြည်းဖြည်းတိမ်ဝင်ကာ တိုးတိုးလေးကြားရပြီး ကြာညို မှောင်အတိကျသွားရသည့်အချိန်တွင် ကြာညို့တစ်ကိုယ်လုံး ပေါ့ပါးနေသည်။ ထွန်းထွန်းက ကြာညို့လက်တွင် တပ်ဆင်ထားသောပိုက်များကို ဆရာမလေးများအကူအညီဖြင့် ဖြုတ်နေသည်။

"ကောင်းလိုက်တာမောင်ရယ် . . . ကြာညို ဒီပိုက်ကြီးတွေ ဖြုတ်မှ နေလို့ကောင်းမှာ"

"အမေက ဘာလို့ ငိုနေရတာလဲ"

"ဟော . . . သားကြီးက နံရံနဲ့ခေါင်းကိုဆောင့်ပြီး ငိုနေပါလား"

"သမီးကလည်း ကြာညို့ကိုဖက်ပြီး ငိုနေပြန်တယ်"

"ချစ်ထွေးကလည်း ငိုလို့ပါလား"

"ထွန်းထွန်းကလည်း ငိုလို့၊ သားနဲ့သမီးကလည်း မိခင်ကို ဖက်တွယ်ပြီး ငိုလိုက်ကြတာ။ ဘာဖြစ်ပါလိမ့်"



ဟော . . . ကြာညို့ကို အဝတ်ဖြူကြီးနဲ့အုပ်လိုက်ပြီ။

"သမီးရေ . . . အမေ့ကို ထားခဲ့ပြီလား သမီးရယ်"

အမေက ငိုရင်း အရုပ်ကြိုးပြတ်လဲကျသွားပြန်သည်။ ခဏကြာတော့ အမေ သတိရလာသည်။

"အထွန်း . . . ငါတို့ကြာညို့ကို သထုံပြန်ခေါ်မယ်။ မင်း စီစဉ်ပေးပါ"

ချစ်ထွေးအသံကြားတော့ ကြာညို ပျော်လိုက်တာ။ ချစ်ထွေးရယ် နင်ဟာ အခုချိန်ထိ ငါ့ကို အလိုလိုက်အကြိုက်ဆောင်တုန်းပါလား။ ပြီးတော့ အမေအပါအဝင်အားလုံး အခန်းထဲကထွက်သွားကြသည်။ ကြာညို သားနဲ့သမီးနောက်ပြေးလိုက်သည်။ သားတို့ကို ခေါ်သော်လည်း ကြာညို့ကို လှည့်မကြည့်၊ အမေ့ကိုခေါ်သည်၊ အမေက လှည့်မကြည့်။

"မောင်ရေ . . . မောင်ရေ . . . မောင်ရေ၊ ချစ်ထွေး၊ သား၊ သမီး၊ အမေ . . ."

အို . . . နောက်ပြန်ကြည့်တော့ ကြာညို့ခန္ဓာကိုယ်၊ ဒါဆို . . . ကြာညို သေပြီပေါ့"

"မောင်ရေ၊ သားရေ၊ သမီးရေ . . . အမေ့ကို ထားခဲ့ပြီလား"

ကြာညို လွတ်လပ်စွာပြေးလွှားနေသည်။ မောင့်နားကိုရောက်တော့ မောင့်လက်ကို ကြာညိုလှမ်းကိုင်လိုက်သည်။ မောင်က ကြာညို့ကို မကြည့် . . .။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရယ် . . . ဘာလို့ ငိုနေတာလဲ။ ကြာညို့ကိုချစ်ရင် ကြာညို့လက်ကို တွဲပါလား"

ကြာညို့စိတ်တွေ လေထဲလွင့်မျောနေသည်။ အသက်ရှူ ချောင်လိုက်တာ။ ဟော . . . ပြောရင်းဆိုရင်း မြသပိတ်တောင်တော်ကြီးကို မြင်ရပြီ။ ကြာညို သထုံပြန်ရောက်ပြီလေ။

ဒီတော့ ကျွန်မ မိကြာညိုတစ်ယောက် မြသပိတ်တောင်ဘုရားကြီးကို ဦးချကန်တော့လိုက်မိချိန် ပေါ့ပါးလန်းဆန်းသွားပါတော့သတည်း . . .။

** ** ** ** **

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၈ ခုနှစ်၊ စာပေဗိမာန်စာမူဆု

ဝတ္ထုရှည် တတိယဆုရ

' လှိုင်းလေကြားက ပန်းရွှေကြာ '

ရေးသူ - နီနီနိုင် (သထုံ)

အဖ ဦးလှဖေ၊ အမိ ဒေါ်အေးဖြူ တို့မှ မွန်ပြည်နယ်၊ သထုံမြို့တွင် မွေးဖွားသည်။

၁၉၆၈ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး၊ ၁၉၇၅ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာ (သမိုင်း) ဘွဲ့ရရှိသည်။ ကုန်သွယ်ရေးဝန်ကြီးဌာန ယာဉ်နှင့်စက်ကိရိယာရောင်းဝယ်ရေးကော်ပိုရေးရှင်းတွင် စာရင်းကိုင် (၂) အဖြစ် ၁၉၉၉ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၆၂ ခုနှစ် ပြည်ထောင်စုသတင်းစာတွင် "စည်းကမ်း" ဟူသော ဆောင်းပါးဖြင့် စာပေနယ်သို့ဝင်ရောက်ခဲ့သည်။ ယခုအခါ မဂ္ဂဇင်း ၊ ဂျာနယ်များတွင် ဝတ္ထု၊ ဆောင်းပါး၊ ဘာသာရေးစာပေများ စာမူပုဒ်ရေ ၂၀၀ ကျော်ခန့်ကို ရေးသားလျက်ရှိပြီး ခင်ပွန်း ရဲမှူးကြီးစိန်ဝင်း (ငြိမ်း) မိသားစုနှင့် နေထိုင်လျက်ရှိပါသည်။

အမည်ရင်း - ဒေါ်သန်းသန်းနွဲ့

နေရပ်လိပ်စာ - တိုက် (၁) အခန်း - ၂၅၊
မြို့ပြအိမ်ရာ မြောက်ဘက်ရပ်ကွက်၊

BURMESE CLASSIC .com

www.burmeseclassic.com